www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

# ဝင် ဆင် ကျေး ဇာ


ညွှဝေး

the way

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့အကြောင်းအရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com


သားသား စီစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ်-၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ် ၊ စက်တင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သုဝေး [illegible]
(ဝတ်မှုန်ကျေးရွာ) / သုဝေး ၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၂
၂၃၀ - စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။ (၁) ဝတ်မှုန်ကျေးရွာ။


www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အမှာစာ

အချိန်များကို သမင်လည်ပြန်လှည့်ကြည့်တော့ ဒီ 'ဝတ်မှုန့် ကျေးရွာ' အမည်ရှိ (story)လေးကို ရေးသားပြီးစီးခဲ့တာ ငါးနှစ်လောက် ရှိခဲ့ပြီပဲလို့ ကျွန်တော် အံ့ဩမှုတစ်ဝက်နဲ့ တွေးမိတယ်။ အဲဒီ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကျွန်တော်ဟာ ဆေးကျောင်းသားလည်းမဟုတ်ဘဲနှင့် မန္တလေးဆေးကျောင်းဝန်းကျင်မှာ ရောက်ရောက်နေတတ်တဲ့ ချာတိတ် လေးတစ်ယောက်ပါ။

ဆေးကျောင်းကို ရောက်ရောက်နေရတာ ကဗျာစာအုပ်တွေ ကြောင့်ပါ။ ကိုယ့်ကျောင်းမှာ ကဗျာရေးဖော်နည်းတာကြောင့် ကဗျာရေး ဖော်တွေရှိတဲ့ကျောင်းမှာ ကျွန်တော် ရောက်ရောက်နေရတာပါ။ ဝါသနာ တူရာ လူငယ်လေးတွေပေါင်းပြီး ကဗျာစာအုပ် စုထုတ်ကြတယ်လေ။

ကျွန်တော်တို့ထုတ်ကြတဲ့ ကဗျာစာအုပ်လေးတွေက (A 4)လေး ခေါက်ချိုးဆိုဒ်၊ ခွင့်ပြုမိန့်မပါ။ မာတိကာမဲ့၊ တစ်ခါတလေ စာမျက်နှာ တောင် ထည့်ချင်မှထည့်မိတဲ့ စာအုပ်လေးတွေပါ။ အဲဒီတုန်းက ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့် နာမည်က အခုအမည်မဟုတ်သေး။ မင်းတိမ်ညို (ဝင်ရိုးစွန်းတန်းလိပ်ပြာ) တဲ့။ (အဲဒီနာမည်နဲ့ မဂ္ဂဇင်းတချို့မှာ ဝတ္ထုတိုလေး၊ ကဗျာလေးတစ်ပုဒ်စ၊ နှစ်ပုဒ်စတော့ ပါခဲ့ပါသေးတယ်။) ကဗျာစာအုပ်တွေ ထုတ်ဝန်များတော့ အဲဒီဆေးကျောင်းဝန်းကျင်မှာ တချို့က ကျွန်တော်တို့အမည်တွေကို သတိပြုမိနေကြပါတယ်။ အဲဒီတုန်းက ထုတ်ခဲ့တဲ့ ကဗျာစာအုပ်တွေက အခုထိ ကျွန်တော့်အတွက် အသုံးဝင်နေဆဲပါ။ (ဥပမာ – 'စုန်းသောက်ဝိုင်' ဆိုတဲ့ အမည်ဆိုလျှင် အဲဒီတုန်းက ဆေးကျောင်းမှာ ထုတ်ခဲ့တဲ့ ကဗျာစာအုပ်တစ်အုပ်ရဲ့ အမည်ပါပဲ။)

ကဗျာတင်မကဘဲ စကားပြေတွေ၊ ဝတ္ထုရှည်တွေပါ လက်တည့်စမ်းနေတတ်တဲ့ ကျွန်တော်တော်ဟာ တစ်နေ့မှာ ဒီ (story) ကိုရေးမိပါတော့တယ်။ ရေးပြီးတော့ ကျွန်တော်နဲ့ ရေးဖော်ရေးဖက် သူငယ်ချင်းပြည့်ဖြိုးကျော်လွင် (ယခု online ကဗျာသမား မှူးနေဝန်း) ကို ထိုးပေးကာ 'မင်းတို့ ဆေးကျောင်းမှာ ဖြန့်ကြည့်ကွာ၊ ဘယ်လိုအသံတွေထွက်မလဲ' လို့ ဆိုပြီး ပေးလွှတ်လိုက်တယ်။ ဟိုကောင်ကလည်း အဲဒီလက်ရေးအုပ်လိုက် စာမူကြီးကို တစ်ဆောင်တက်ဆင်း ဆေးကျောင်းဝန်းကျင်မှာ ဖြန့်ပစ်လိုက်ပါတယ်။

ကျွန်တော့်ဆီ (၂) လလောက်ကြာမှ စာအုပ်ပြန်ရောက်လာတယ်။ ဝေဖန်စာ၊ အားပေးစာတွေလည်း ပါလာတယ်။ ကျွန်တော်ကလည်း ဝတ္ထုအဆုံးမှာ လွတ်လပ်စွာ ဝေဖန်ပေးနိုင်ပါတယ်လို့ ရေးထားသေးတာကိုး။ ဒီတော့လည်း ဝေဖန်ကြတာပေါ့။ တကယ်တော့ ဝေဖန်တယ်ဆိုတာထက် ဒီလို စာရေးပေရေး ဝါသနာလေးကို ကျောင်းသားလူငယ်အရွယ် အချင်းချင်း အားပေးချင်ကြတာပဲ ဖြစ်နိုင်ပါတယ်။

ဒီလို စာရေးပေရေး ဝါသနာရှင်လေးများကို အားပေးအားမြှောက်လုပ်ကြတာဟာ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေရဲ့ ချစ်စရာကောင်းတဲ့ မွန်မြတ်တဲ့ အလေ့အထလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဝေဖန်စာတွေ အားပေးစာတွေ ရေးတဲ့အထဲမှာ (ကဗျာရေးဖော် 'မိုးစဲနေ' နှင့် တခြားကောင်မလေးတစ်ယောက်မှလွဲ၍ ကျန်တဲ့သူတွေကို ကျွန်တော် မမြင်ဖူးပါ။ သိလည်း မသိပါ။ ဘာပဲဖြစ်ဖြစ် သူတို့ဝေဖန်အားပေးကြလို့ ကျွန်တော် ကျေနပ်ခဲ့ရတယ်။

သည်လိုနဲ့ ကျွန်တော် ကျောင်းတွေပြီးခဲ့တယ်။ လုပ်ချင်တာတခြား၊ လုပ်ဖြစ်မှာ တခြားဖြစ်မှာကို ကြောက်ရွံ့စိတ်နဲ့ အခြားအတွေးမျိုးစုံကို တွေးမိပြီးချိန်မှာတော့ အကြောင်းကြောင်းကြောင့် ကျွန်တော်ဟာ လုံးချင်းလိုင်းကို လိုက်ရန် ဆုံးဖြတ်လိုက်တယ်။

ဒီတော့ ရန်ကုန်ဆင်းခဲ့တယ်ပေါ့။

ရန်ကုန်မြို့တော်ဟာ ယုံကြည်ချက်အပြင် ဘာမှမပါတဲ့ လူငယ်တစ်ယောက်ကို ခပ်တန်းတန်းပဲ ဆက်ဆံပါတယ်။ (တကယ်တော့ ရန်ကုန်မြို့က သူ့ဘာသာသူ နေမြဲအတိုင်းပါပဲ။ ကျွန်တော်ကသာ ရှန်းကန်မှုတွေနဲ့ နစ်မွန်းရင်း 'ဆိုက်ကို' ဝင်နေတာပါ။ ကျွန်တော် အဆင်မပြေမှုတွေနဲ့ ကြုံပါတယ်။ လမ်းမပျောက်သွားဖို့ အရမ်းအားခဲခဲ့ရတယ်။ ထားပါတော့။

အဲဒီလိုတွေ ကျွန်တော် နာကျင်ရတဲ့ အခိုက်အတန့်တွေမှာ ကျွန်တော်ဟာ ဒီ (story) လေးကို ပြန်ဖတ်မိတယ်။ ဒီအနောက်မှာရေးပေးထားတဲ့ ဝေဖန်စာ၊ အားပေးစာလေးတွေကိုပါ ကျွန်တော် ပြန်ဖတ်မိတယ်။ ကျွန်တော်အားတွေ အကြိမ်ကြိမ်ပြန်ရလာခဲ့တယ်။ သူတို့အားပေးခဲ့တဲ့ စာလေးတွေဟာ ကျွန်တော်အားနည်းနေချိန်မှာ ထူမတ်ပေးနိုင်ခဲ့တယ်။ ကျွန်တော် အခုအမှာစာရေးတာ အဲဒါကို အဓိက ပြောချင်လို့ပါပဲ။

အခု ကျွန်တော့်စာအုပ်လေးတွေ ထုတ်ဝေနိုင်လာပြီ။ ဒီ (story) ကို ကျွန်တော့်ထုတ်ဝေသူ ကိုသားသားကို စပြကတည်းက 'ကိုသား' ကလည်း စာအုပ်အနောက်မှာ ရေးပေးထားကြတဲ့ အားပေးစာလေးတွေကို သတိပြုမိတယ်။ 'ဒီစာအုပ်ထုတ်ရင် အမှတ်တရထည့်ရမယ်' လို့ ဆိုလာတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲ . . . အခု ဒီစာအုပ်ထွက်လာပါပြီ။ ကျွန်တော်ရဲ့ အစောပိုင်းလက်ရာလေးပါ။ ကျွန်တော်မသိတဲ့သူတွေက အားပေးထားတဲ့ (လွန်ခဲ့တဲ့ ငါးနှစ်လောက်က) စာတွေကိုလည်း ဖော်ပြလိုက်ပါတယ်။ ဒီအမှာစာလေးကို ရေးရင်းနဲ့ပဲ လွမ်းဆွတ်ရီဝေ အားဖြစ်နေမိပါတယ်။ အမှတ်တရပါပဲ။

ᨏᨏᨏ

လေးစားခြင်းအားဖြင့် . . . သူဝေး
July, 2012
04:50PM



သို့ /

သူငယ်ချင်း

ဒီဝတ္ထုလေးကို ကြိုက်တယ်ကွာ။ အဓိကကတော့ မင်းရဲ့ဇာတ်ကောင်နဲ့ ဇာတ်လမ်းဆင်ထားတဲ့ ပုံစံကိုပါပဲ။ ရိုးရှင်းတယ်၊ လှပတယ်။ ပြီးတော့ ကောင်လေးရဲ့နာမည်နဲ့ ကောင်မလေးရဲ့နာမည်။ မင်းပေးထားတဲ့နာမည်တွေက တကယ့်ကိုပဲ ဆန့်ကျင်ဘက်ဖြစ်နေပေမယ့် လှတယ်။ ရိုးရိုးရှင်းရှင်းလေးနဲ့ သဘာဝဆန်ဆန်မဟုတ်ပေမယ့် သိပ်တော့ မဝေးကွာသွားပါဘူး။ နည်းနည်းလေးပါ။

ဒါနဲ့ သူငယ်ချင်း . . .

စာမျက်နှာ (၃၈) မှာရှိတဲ့ 'ထို တောင်တက်လမ်းကာ မြေနီလမ်းကလေးဖြစ်သည်။ လေးဘက်ဝဲယာတစ်ယောက်တွင် သိုးဆောင်းတို့ပြည်မှ (Hawthorn) ဟော်သွန် (န်)ပန်းများ အိုအိုပျိုပျို ပွင့်ဆိုကြသည်' ဆိုတဲ့ စာပိုဒ်ဟာ မလိုဘူးထင်တာပဲ။ အဲဒီအကြောင်းကို (အဲဒီတောင်တက်လမ်းရဲ့အကြောင်းကို) စာမျက်နှာ (၁၅)မှာလည်း ရှင်းလင်းဖွင့်ဆိုပြီးသားမို့ပါ။

ပြီးတော့ စာထဲမှာ ပန်းတွေအကြောင်း တော်တော်များများပါတယ်။ ဘာလဲ . . . သူငယ်ချင်းကတော့ ပန်းကလေးတွေရဲ့ သဘာဝကို စိတ်ဝင်စားလို့လား။ တော်တော့်ကို စုံတယ်။



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၁၀) နှင့် (၁၀၁) က မိုးနေ့ရဲ့ တစ်ကိုယ်တော် ပြောနေတဲ့ စကားလုံးတွေက ဘာမှမဟုတ်ပေမဲ့ အသက်ဝင်တယ်။ Heart ထိတယ်ပေါ့ကွာ။ သူပြောနေတာ ဖတ်ပြီး ကိုယ်ဖြစ်နေသလိုတောင် ခံစားရတယ်။

သူငယ်ချင်း . . . ငါတော့ ဒီလောက်ပါပဲ။ သိပ်အများကြီးမရှိပါဘူး။ ငါ့ဘဝမှာ လက်ရေးဝတ္ထုဖတ်ရတာ ဒါ ပထမဆုံးပါပဲ။

ဆက်ကြိုးစားပါ။ ဒီဝတ္ထု 'ဝတ်မှုံကျေးရွာ' ကိုတော့ ကြိုက်တယ်။

- ဝေဖန်ချက်ရေးရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

မှ /

မိုးစဲနေ*

6th August, 2008



8-8-08 (Fri)

Hi Fri,

မင်းတိမ်ညို

သူငယ်ချင်းရဲ့ ဝတ်မှုံကျေးရွာ ရေစီးကြောင်းမှာ စိတ်ခံစားချက်တွေ့ အချိန်အတော်ကြာကြာ မျောပါသွားလို့ မနည်းမကဲ လိုက်ဆယ်ထားရပါတယ်။ အဲသလောက် အဲသလောက် ခိုက်မိ ကြိုက်မိပါတယ်။

- နွေဦး တတိယနှစ်ရောက်ချိန်မှာ မို့မို့နဲ့ နေ့သစ်က G.T.C နောက်ဆုံးနှစ်ဆိုတာ မှားနေသလိုပဲ။ (pg-150) G.T.C uni က ဂုဏ်ထူးတန်းမဝင်ရင် 2nd ဆိုပြီး၊ ဂုဏ်ထူးတန်းဝင်ခဲ့ရင် နောက်ထပ် 4နှစ် ဆက်တက်ရတာ။ ကဗျာတွေက ဝတ္ထုအကြောင်းအရာနဲ့ သိပ်မလိုက်ဘူး။

Fz : တစ်ခုမေးချင်လို့။

Q : မိုးနေ့က နွေဦးကိုပေးတဲ့ ခမောက်လေးနဲ့ ဒီစာအုပ်က ခမောက်လေးက တူလား?

မြနှင်းကြွေ (U.M.T)



www.burmeseclassic.com

www.burmeseclassic.com

8-8-08

Hello . . . သူငယ်ချင်း

သူငယ်ချင်းရဲ့ ဝတ္ထုလေး အရမ်းအရမ်းကို ကောင်းပါတယ်။ တော်တော်ကြိုက်တယ်။ သူငယ်ချင်းကိုတော့ တကယ့်ကို လေးစားတယ်။ ကဗျာလေးတွေ ထည့်ထည့်ရေးထားတာကို လည်း အသေသဘောကျတယ်။ တော်တော်လှတဲ့ ဇာတ်လမ်း ပေမဲ့ ဒီထက်ကြိုးစားပါ သူငယ်ချင်း။ မင်းမှာ အရည်အချင်း တွေ အများကြီးရှိပါတယ်။ ဆက်ကြိုးစားပါ။

မှ / C.S.W ($2^{nd}$ MB)



သူငယ်ချင်း

မင်းရဲ့ဝတ္ထုလေးက ဖတ်လို့ကောင်းတယ်။ Story က talent ရှိတဲ့လူမှ ရေးနိုင်တော့တဲ့ story ပဲ။

Story ရဲ့ ဇာတ်အိမ်ဖွဲ့စည်းမှု ဆန်းတယ်။ ဇာတ်လမ်းကို ကွင်းဆက်မိအောင် ရေးနိုင်တယ်။

မင်းက ပန်းတွေအကြောင်း တော်တော်သိထားတာပဲ။ အဲဒီလို ဗဟုသုတစုံတာ ကောင်းပါတယ်။

မင်းမှာ knowledge များများရှိတော့ သူများနဲ့မတူတဲ့ ဇာတ်လမ်းလေးတွေ ရေးနိုင်တာပေါ့။

အခုခေတ် ဝတ္ထုတွေက 'မင်းသားက ဘယ်လောက်ချောတယ်၊ ချမ်းသာတယ်၊ မာနကြီးတယ်။ မင်းသမီးကလည်း ဒီလိုပဲ။ မာနတွေပြိုင် နောက်ဆုံးတော့ ချစ်သွားကြတယ်' ဒါတွေပဲ များတယ်။

မင်းက အဲဒီလိုမဟုတ်ဘဲ သဘာဝကျကျ အဓိပ္ပာယ်ရှိတဲ့ ဇာတ်လမ်းလေးတွေကို ရေးသားနိုင်တဲ့သူတစ်ယောက် ဖြစ်ပါစေလို့ . .

Ur fri

Empty ($2^{nd}$ MB)

9-8-08- (sat)

11:00 PM



www.burmeseclassic.com

www.burmeseclassic.com

13-8-08 (Wed)

10:00 PM

မင်းတိမ်ညို (ဝင်ရိုးစွန်းတန်းလိပ်ပြာ)

သူငယ်ချင်းကိုတော့ လေးစားသွားပြီ ဆွဲဆောင်မှုကောင်းတဲ့ ဝတ္ထုပဲ။ ဒီလိုခံစားချက်တွေနဲ့ ပြည့်နေတဲ့ အဖွဲ့အနွဲ့တွေကို မိုးစက်တွေ တစ်ဖွဲဖွဲနှစ်ဖွဲ ရွာနေချိန်မှာ ဖတ်ရတာ မျက်ရည်တောင်ဝဲတယ်ကွာ။ ပန်းမျိုးစုံတွေက စုံတယ်နော်။

မိုးနေ့က သူ့သူငယ်ချင်းတွေကို ရှောင်ဖယ်ရှောင်ဖယ်လုပ်တဲ့ ဇာတ်ကွက်မှာ တကယ်ခံစားလိုက်ရတယ်။

တစ်ခုတော့ရှိတယ်။ နိဂုံးအဆုံးသတ်မှာ သူငယ်ချင်းတွေအားလုံး တွေ့ကြ၊ စကားပြောကြ၊ ခံစားချက်တွေဖလှယ်ကြ၊ မျက်ရည်စို့နင့်ကြတဲ့ အခန်းလေးထည့်ရင် ပိုပြီးမြိုင်ဆိုင်မယ်လို့ ထင်တယ် (ဝေဖန်ချက်)

ကြိုးစားပါ သူငယ်ချင်း။ ဇာတ်လမ်းဆင်တာ ကောင်းတယ်။ ဒီထက်မက တွေးနိုင် ရေးနိုင်ပါစေလို့ ဆုတောင်းလိုက်တယ်။ နောင်ထွက်မည့် သူငယ်ချင်းရဲ့ ဝတ္ထုတွေကိုလည်း အားပေးဝေဖန်ဖို့ စောင့်မျှော်လျက် . . .

လင်းရောင်ခြည်



14-8-08

သူငယ်ချင်း

ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုဝတ္ထုကောင်းကောင်းတစ်ပုဒ် ရေးနိုင်တဲ့အတွက် သူငယ်ချင်းကို မမြင်ဖူးပေမဲ့ အထင်ကြီးတယ်ကွာ။

မင်းရဲ့ စာသားတွေက စာဖတ်သူရဲ့ စိတ်နှလုံးကို တကယ်ဆွဲဆောင်နိုင်တယ်။

နောက်ရေးမယ့် ဝတ္ထုတွေကိုလည်း ငါဖတ်ချင်သေးတယ်။

မင်းအောင်မြင်မှာပါ။

ဆက်ကြိုးစားပါ။

ရဲထွဋ်အောင်

2nd MB

:Thanz



www.burmeseclassic.com

www.burmeseclassic.com

Hi

သူငယ်ချင်း . . .

အတော်လေးကိုကောင်းတဲ့ ဝတ္ထုလေးပါပဲ။ ဒီဝတ္ထုကိုဖတ်ရတာ ရသမြောက်တယ်လို့ ခံစားရတယ်။ ဇာတ်လမ်း၊ ဇာတ်ကွက်ကလည်း အရမ်းကောင်းတယ်။ ရိုးရိုးလေးနဲ့ ကောင်းတာပါ။ ဆက်ကြိုးစားပါ သူငယ်ချင်း။ မင်း အကောင်းဆုံးဖြစ်အောင် လုပ်နိုင်မှာပါ။

လင်းထက်မြမျိုး

2nd MB



သို့ /

ဒီဝတ္ထုလေးကို သဘောကျပါတယ်။

Romantic လေးမို့ ဝတ္ထုထဲမှာပါတဲ့ လိပ်ပြာတောင်နဲ့ ပန်းတွေ အကြောင်းဖွဲ့ထားတာ ပီပြင်တယ်။ အပြင်မှာတောင် ရောက်ဖူးချင်စိတ် ဖြစ်သွားတယ်။ သူငယ်ချင်းတွေ့ဆုံတဲ့ အခန်းတွေကို ကြိုက်တယ်။ အထူး သဖြင့် ကျော်ထူးလင်းနှင့် မဆင့်ဆုံတဲ့အခန်း။

နွေဦးနှင့်မိုးနေ သံယောဇဉ်ကို အဖြူသက်သက်လေးရေးထား တာ မိုက်တယ်။ ဝတ်မှုံကျေးရွာကို ဥယျာဉ်လုပ်လိုက်တာတော့ သဘော မကျဘူး။ နမြောစရာကောင်းတယ်။ အဆုံးသတ်က နည်းနည်းဆင်ထား သလို ဖြစ်နေတယ်။ နွေဦးနှင့်မိုးနေ့ကို မဆုံဆုံအောင် ဖန်တီးပေးထား သလိုပဲ။ နိဂုံးလေး နည်းနည်းသဘာဝကျအောင် ပြင်လိုက်ရင် ဒီထက် ပိုကောင်းသွားမယ်လို့ ထင်တယ်။

အဆုံးသတ်ပြောရရင်တော့ ငါ တကယ်ကြိုက်တဲ့ ဝတ္ထုတစ်ပုဒ် ပါ။

အများကြီးဆက်ရေးနိုင်ဖို့ ငါ တိုက်တွန်းပါတယ်။

ကြိုးစားသလောက် အရာထင်မှာပါ။

Ei Ei Chan Thar

9-1-2010



www.burmeseclassic.com

www.burmeseclassic.com

ချောက် (သို့)

ဝတ္ထုလေးက ဆန်းတယ်။ ပြီးတော့ ကောင်းလည်းကောင်းတယ်။ နင်ရေးတာလို့တောင် မထင်ရဘူး (:P) ဆက်ကြိုးစားပါ။ နင့်မှာ talent ရှိတယ်။ နင်အောင်မြင်ပါစေလို့ ငါဆုတောင်းပါတယ်။ ဒီဝတ္ထုထဲက ဇာတ်ကောင်တွေက အပြင်မှာရှိတဲ့ တချို့တွေရဲ့ အကျင့်တွေနဲ့ တော်တော်တူတယ်နော်။ နင့်ဝတ္ထုထဲက နွေဦးဇာတ်ကောင်က အပြင်က ဘယ်ကောင်မလေးကိုကြည့်ပြီး ရေးထားတာလဲ။ ပြော . . . ။ သေမယ်နော်။

နင် များများတွေး၊ များများခံစားပြီး များများရေးနိုင်ပါစေလို့။

Ei လေး

11-1-2010



**(Introduction)**

- အဖြူရောင်ဖွေးဖွေးလှုပ်နေသော ပန်းများဖြစ်သည်။ ပန်းများမှာ အပွင့်ကြီးသည်။ ရနံ့ထုံမွှမ်းသည်။ ပန်းအိုးထဲတွင် ပြည့်နှက်နေအောင် ထိုးစိုက်ထားသည်။ လုံးပတ်ကြီးမားသော ပန်းအိုးကြီးက နွေဦးကောင်းကင်သို့ ကြည်လင်ပြာသန်းနေသည်။ ဤသည်က ပန်းများကို ပိုမိုဖွေးလင်းသွားစေ သည်။ ပြကွက်အမည်က (The last Cloud) 'နောက်ဆုံးတိမ်တိုက်'။

- ဒန်းကလေးက လေတိုက်ခတ်တိုင်းလွှဲနေသည်။ လူစီးဒန်းကလေးတော့ မဟုတ်။ ပန်းစီးဒန်းကလေးဖြစ်မည်။ တစ်ပေခွဲခန့်သာရှိသော သစ်သားဒန်းကလေးဖြစ်သည်။ ဒန်းပေါ်တွင် ပန်းတွေကို တင်ထားသည်။ အဝါရောင်မြေကပ်ပန်းကလေးများဖြစ်သည်။ မြေခွဲဆီလွှာအလိုက် ဖြတ်ယူကာ လွှဲဒန်းကလေးပေါ်တင်ကာ ပြသထားသည်။
ပြကွက်အမည်က (The Yellow) (အဝါရောင်)

www.burmeseclassic.com

ခရမ်းရောင် ပန်းပွင့်သေးသေးလေးများဖြစ်သည်။ ပန်းကလေးများကသေးသလို ပန်းရွက်ကလေးများမှာလည်း စိမ်းစို၍ သေးငယ်နေသည်။ ခရမ်းရောင်ပန်းများတစ်ပွင့်နှင့်တစ်ပွင့်ကြား သစ်ရွက်စိမ်းကလေးများ ခြားနေခြင်းက ဂရုတစိုက်ကြည့်နေသူကို ရသတစ်မျိုး ပေးနိုင်လိမ့်မည်။ ၎င်းမှာ နွယ်ပန်းကလေးများဖြစ်သည်။ ထူးခြားသည်မှာ ထိုသို့ ပန်းနွယ်တက်သည့်တိုင်မှာ သာမန်တိုင်လုံးတစ်ခု မဟုတ်ဘဲ တယောတစ်လက် ဖြစ်နေခြင်းပင်။ တယော၏ အတွင်းထဲမှ စတင်ထိုးထွက်လာသော ခရမ်းရောင်ပန်းပွင့်များသည် တလိပ်လိပ်ရစ်ပတ်တက်သွားရာ တယော၏ ဖလက်တံကို ရစ်ပတ်ကာ ကီးတံများအထိ လိမ်ယှက်လျက်ရှိနေတော့သည်။

ထိုပြကွက်အမည်ကလည်း ဖမ်းစားမှုကောင်းသည်။

(Violet Violan)'ခရမ်းရောင်တယော'



## (၁)

လှမ်းမြင်ရသည်။ အရောင်မဲ့သည့် လေပြည်ကိုတောင် အပြာရောင်ဆိုးပြီး သူမြင်သည်။ သစ်ခုတ်သမား၏ တောင်စောင်းက သစ်လုံးအိမ်လေးကိုလည်း သူမြင်သည်။ ကြည်လင်ရှင်းဝင်းသည့် တောင်ပတ်စမ်းချောင်းကလေးကိုလည်း ဂီတသံလေးနှင့်တွဲ၍ သူမြင်သည်။

တောင်စောင်းတစ်လျှောက် လှချင်တိုင်းလှ၊ ပွင့်ချင်တိုင်းပွင့်နေကြသော နှင်းဆီရိုင်း (Howthorn)ပန်းကလေးများကို သူမြင်သည်။ မိုးရွာစမို့ ရေငွေ့ဓာတ်ကလေးတွေကို သူမြင်သည်။ မိုးရွာပြီးနောက်တော့ တောင်ကျရေတံခွန်လေးပေါ်မှာ ပွင့်ကွေးစွာပေါ်လာသည့် သက်တံရောင်တန်းကိုလည်း သူမြင်သည်။

သူမမြင်တာဆို၍ သူ့နောက်မှ တဖြည်းဖြည်း ရွေ့လာသော ကောင်မလေးကိုသာ။

ကောင်မလေးက သူ့အနား ခြေသံလုံလုံနှင့် ချဉ်းကပ်လာပြီး–

"ဟော့ . . . မိုးနေ့"

"ဟ . . . အာ . . ."



www.burmeseclassic.com

www.burmeseclassic.com

မိုးနေ့ ရုတ်တရက်မို့ လန့်သွားသည်။ သူ လန့်သွားပုံကို ကြည့်၍ ကောင်မလေးဦးမော့ကာ တခစ်ခစ်ရယ်၏။

"ဘာလဲ . . . တော်တော်လန့်သွားသလား"

"လန့်တော့ လန့်တာပေါ့။ နင်က အသံပြဲကြီးနဲ့ အော်တာကိုးဟ။ ဘယ်လိုလဲ၊ ဖြေနိုင်တယ်မို့လား"

သူ့အမေးကို ပြန်ဖြေပြီး သူ့ကိုပါ မေးခွန်းထပ်မေးလိုက်သည်။

"အင်း . . . မဆိုးပါဘူး"

"ဘာတွေ မဆိုးတာလဲဟ"

ခပ်လှမ်းလှမ်းမှ အော်လိုက်သံနှင့်အတူ ကျော်ထူးလင်းတို့ရောက်လာကြပါတော့သည်။ ကျော်ထူးလင်းနောက်တွင် မို့မို့၊ နေသစ်၊ ဝေဝေနှင့် မြင့်တိုးတို့ပါ တန်းစီလျက် ချီတက်လာကြသည်။

"ဟေ့ . . . နွေဦး နင်က မိုးနေ့ရှိမယ့်နေရာကို မှန်းတတ်သားပဲ"

"သူက ဘယ်သွားစရာရှိလို့လဲ။ အားရှိ ဒီတောင်ပေါ်ပဲလာ၊ ပြီးရင် သူ့ကိုယ်သူ အဆွေးမင်းသားလုပ်ပြီး အဝေးကိုငေးပြီး လျှောက်တွေးနေတာ။ ငါတောင် ခုနက သူ့ကို နာမည်လေး အော်လိုက်တာတောင် လန့်နေတာလေ"

"ဟုတ်လား . . . မိုးနေ့က လန့်ပြီး နင့်အမြီးကို မဆွဲထားဘူးလား"

"ကောင်စုတ် . . . ငတိုး၊ စကားအကောင်း ပြောလို့မရဘူး"

မြင့်တိုးက 'နောက်' လိုက်သဖြင့် နွေဦးက မျက်စောင်းတစ်ဝက်နှင့် ပြန်အော်လိုက်ခြင်းဖြစ်သည်။ မြင့်တိုးက ထိုသို့ပင် သူများစကားအကောင်းပြောလျှင် ကဖျက်ယဖျက် ဝင်လုပ်တတ်သူဖြစ်သည်။

"ကဲ . . . ကဲ . . . စကားအကောင်းတွေ ဘေးချိတ်၊ အခုလိုစာမေးပွဲပြီးလို့ ပေါ့ပါးသွားတဲ့အချိန်မှာ အစားကောင်းတွေစားဖို့ သွားကြစို့"



နေသစ်၏ ဆော်ဩသံအဆုံးတွင် ဟေး . . . ခနဲ ပျော်ရွှင်ခုန်မြူးသံတို့ကို ကြားလိုက်ရသည်။ ထို့နောက် သူတို့ ထိုတောင်ပေါ်မှဆင်း၍ တစ်နေရာသို့ ဦးလှည့်ခဲ့တော့သည်။

သူတို့ (၁၀) တန်း လစစ်စာမေးပွဲတစ်ခု ဖြေဆိုပြီး၍ ပျော်နေကြခြင်းဖြစ်သည်။ သို့သော် ကြာကြာပျော်နိုင်မည် မဟုတ်ပါ။ သိပ်မကြာတော့မည့်အချိန်တွင် သူတို့ဘဝတစ်ဆစ်ချိုးမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး ဖြေရဦးတော့မည် မဟုတ်ပါလား။

ဆိုင်ရောက်တော့ . . .

"လက်ဖက်သုတ်တစ်ပွဲ အရင် . . ."

"ငါက ခေါက်ဆွဲပြုတ်"

"တို့က မြီးရှည် "

"သိသားပဲ။ နင် အမြီးရှည်တာ"

"မသာ'က"

မြင့်တိုးက စ'လိုက်သဖြင့် မို့မို့က ပြန်ဆဲလိုက်ခြင်းဖြစ်သည်။ မြင့်တိုးက အမှတ်မရှိပါ။ ထိုသို့ ဆဲခံရမှ အိပ်ပျော်စားဝင်တဲ့ကောင်။

"ဟဲ့ . . . မိုးနေ့၊ နင်ကလည်း တစ်ခုခုမှာလေဟာ"

စာအုပ်ဖတ်နေသော မိုးနေ့ကို နွေဦးက လှမ်းပြောလိုက်ခြင်းဖြစ်သည်။

"ရပါတယ်၊ တစ်ခုခုသာမှာလိုက်"

"နင်ကတော့လေ"

မိုးနေ့က ဒီအတိုင်းပဲ ဖြစ်သည်။ အဲဒီလို စာအုပ်ကောင်းတစ်အုပ်များ ဖတ်နေရလျှင် အရာရာမေ့နေတတ်သည်။ နွေဦးက ဒါကို မကြိုက်ပါ။

"အဲဒါဆိုလည်း ဘာမှစားမနေနဲ့တော့။ အဲဒီစာအုပ်ပဲ မျိုချလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com

နွေဦးက ထိုသို့ ရွဲ့တဲ့တဲ့ပြောမှ ကိုယ်တော်ချောက စာအုပ်ကို ပိတ်လိုက်ပြီး ခပ်ပြုံးပြုံးနှင့် ကြည့်သည်။ သူက နွေဦးစကားကိုတော့ နားထောင်ချင်တတ်သည်။

"ကဲပါ . . . ပြုံးမနေနဲ့ စားဖို့သာ မှာစမ်းပါ။ ဒီလို စာမေးပွဲရက်တွေ ပြီးတဲ့အချိန်လေးတော့ ပေါ့ပေါ့ပါးပါးလေး နေဦးမှပေါ့"

"ဒါဆို နင်က ကျန်တဲ့အချိန် မပေါ့မပါးကြီးနဲ့ နေရတာပေါ့"

"ဒီကောင်စုတ်က တစ်မျိုး"

မြင့်တိုးက ထုံးစံအတိုင်း ဝင်နှောက်သဖြင့် နွေဦး အံကြိတ်ပြီး မျက်စောင်းထိုးပစ်လိုက်သည်။

နွေဦး မျက်နှာရှေ့သို့ ပြန်လှည့်လာမှမိုးနေ့က သူ့ဖတ်လက်စ စာအုပ်ကို သူမရှေ့သို့ ထိုးပြသည်။ နွေဦး ငုံ့ကြည့်လိုက်သည်။ ပန်းချီကားပုံတစ်ခု တွေ့ရသည်။ ပုံထဲတွင် အဖြူရောင် ဂါဝန်အင်္ကျီဝတ်ဆင်ထားသော ကလေးမငယ်လေးနှစ်ယောက်က လက်ထဲတွင် ကိုယ်စီကိုင်ထားသော မီးပုံးဖြူလေးများကို ထွန်းညှိထားကြသည်။

သူတို့ဘေးပတ်ချာလည်တွင် ပန်းပွင့်တွေ၊ သူတို့နင်းထားသော မြက်ပင်ရှည်တွေမှာလည်း ပန်းပွင့်တွေ ဖြူဖြူပွင့်နေသည်။ 'ဂျွန်ဆင်းဂါးဆားဂျင့်'၏ ဇော်မွှား၊ နှင်းပန်း၊ နှင်းဆီ'အမည်ရှိ ပန်းချီကားဖြစ်ကြောင်း ပန်းချီကားပုံ၏ အောက်တွင်ရေးထားသည်။ ထိုပန်းချီကားကိုကြည့်၍ ပြောမပြတတ်သော ငြိမ်းအေးမှုတစ်မျိုးကို နွေဦး ခံစားရပါသည်။

"နင်တို့အတွက် စကားတွေ အာလာပသလ္လာပ ပြော၊ အစားအသောက်တွေစားရတာ စိတ်လက်ပေါ့ပါးစေသလို ငါ့အတွက်လည်း ဒီလိုပန်းပွင့်လေးတွေကို ကြည့်နေရတာ စိတ်အေးချမ်းစေတယ် . . . နွေဦးရ"

နွေဦးက နှုတ်ခမ်းလေး ပြိတီတီမဲ့ရင်း သူ့ကိုကြည့်သည်။

"အေးပါ . . . နင်စိတ်သင့်သလိုနေပါ။ ဒါပေမဲ့ အစာစားချိန်ဆိုတော့ တစ်ခုခုတော့ စားလိုက်ပါဦး . . . နော် . . ."



သည်တော့မှ သူလည်း ပြုံးရင်း တစ်ခုခုမှာ စားလေသည်။

ကျော်ထူးလင်းကလည်း စားပါသည်။ တရွတ်ရွတ်နှင့် ခေါက်ဆွဲပြုတ်ကို တစ်ပွဲနှင့်ဝတာတတ်သူ မဟုတ်တတ်သဖြင့် နှစ်ပွဲကြိုမှာထားသည်။ နောက်တစ်ပွဲပါ တရွတ်ရွတ်စား၍ ကုန်သွားပြန်သည်။ ဒါတောင် သူ့ ဘေးနားမှာစားနေသည့် ဝေဝေ့ပန်းကန်ထဲက မြီးရှည်ပါ နှိုက်စားလိုက်သေးသည်။

"နင် တော်တော့ဟာ . . . လွန်လာပြီ။ လူလိုစား"

"ဟာ . . . ကျော်ထူးလင်း၊ မင်း အဲဒီလိုပြောတာ ခံသလား။ ဒါ မင်းကို ခွေးလိုစားတယ်လို့ပြောတာ"

နေ့သစ်က မြှောက်ပေး၏။ ကျော်ထူးလင်းကလည်း မြှောက်ပေးရင် အင်္ကျီပြုတ်အထိတက်ပြီး အတွင်းခံဘောင်းဘီရောင်းမဲ့ ကောင်းမျိုး။

"ဒီမှာ . . . ဝေဝေ၊ ငါက မရှုံ့မရှာနဲ့ နင့်ပန်းကန်ထဲကဟာကို စားချင်လို့ စားတယ်မှတ်နေလား။ နင်က ပဲများပြီးစားနေတာ မကုန်ရင် နမြောစရာ"

"ဟာ . . . ဝေဝေ၊ နင်အဲ့ဒီလို ပြောတာ ခံလား။ ဒါ နင့်ကို တမင်သက်သက် သူငယ်ချင်းတွေဆုံတုန်း အရှက်ခွဲတာ"

နေသစ်က ဝေဝေ့ဘက်မှ ဝင်ညှောင့်ပြန်၏။ နေသစ်ကမြှောက်တော့ ဝေဝေလည်း မြှောက်သွားကာ ကျော်ထူးလင်းကို ပြန်'ခွပ်'တော့၏။

"နင်ကလည်း အရှက်မရှိ စားသေးတယ်။ ကျေးဇူးတင်ရကောင်းမှန်းမသိတဲ့အပြင် လူကိုများ ပဲများသလေး ဘာလေးနဲ့။ နင်က မှ ဝက်မျိုး၊ ဝက်တောင်မှ ရိုးရိုးဝက်မဟုတ်ဘူး။ ဝက်စုတ်၊ ဝက်နာ၊ ဝက်ပွဲ၊ ဝက်ရွဲ့"

ကျော်ထူးလင်းမှာ ဝေဝေဆဲသမျှ ခေါင်းလေးပုပုပြီး ခံနေရသည်။

"ဟာ . . . ကျော်ထူးလင်း သူငယ်ချင်း၊ မင်းကို ဒီလို ဝက်စုတ်၊ ဝက်ပွဲ၊ ဝက်ရွဲ့၊ ဝက်သိုး၊ ဝက်ပုတ်လို့ပြောတာ မင်းခံသလား"



www.burmeseclassic.com

www.burmeseclassic.com

"မင်းပြောတာ နည်းနည်းပိုများနေသလားလို့"

"မဟုတ်ပါဘူးကွာ၊ မင်းကို ဒီလိုပြောတာ ငါမခံနိုင်လို့ပါ"

"နေ . . . သစ် . . ."

တစ်လုံးချင်းအော်သံနှင့်အတူ ဝေဝေ အတောင့်လိုက် မတ်တတ်ထရပ်လိုက်သည်။ စားတော့ ဝါးတော့မည့်မျက်လုံးတွေနှင့်ကြည့်ပြီး . .

"နေသစ် . . . နင်က ဟိုဘက်ကပါလိုက်၊ သည်ဘက်က ပါလိုက်နဲ့"

"နင်က တပါ'ပါ' နဲ့ ရှုံစရာကြီးဟာ"

မြင့်တိုး ဆီချက်စားနေရာမှ ရှုံ့မွှမွှမျက်နှာနှင့် ဝင်ပြောသေးသည်။

"နင် အသာနေစမ်းပါ . . . မြင့်တိုး။ နေသစ် . . . နင် ဒီလိုရန်တိုက်တိုင်း ငါတို့က ကိုက်ရမှာလား။ ရှောင်နိုင်ရင် ရှောင်စမ်း"

"အွန်း . . ."

ဝေဝေ့လက်က ရွယ်လိုက်ရုံရှိသေး၊ နေသစ်နောက်ကျောမှ အုန်းခနဲ ဗြောသံက ထွက်လာသည်။ နေသစ်ကို ဗြောတီးလိုက်သူက တခြားမဟုတ်။ ဒေါ်မေသစ်။ နေသစ်၏ အမေအရင်းခေါက်ခေါက်ဖြစ်သည်။

"သူတောင်းစား . . . နင် မနက်က ဖျာအောက်က ပိုက်ဆံယူသွားတာမို့လား။ အမေက ချွေတာရတဲ့အထဲ သားက ခိုးနေတာ ကောင်းဦးမလား။ ကဲဟယ် . . ."

ဒေါ်မေသစ်မှာ နေသစ်ကို ဗြောလိုက်နက်လိုက်နှင့်။

"အ . . . အမေ . . . ဖြည်းဖြည်း လုပ်ပါ။ သားမယူပါဘူးဗျ"

"နင်မယူလို့ ဘယ်သူယူမှာလဲဟဲ့ . . . မသာရဲ့။ ငါးရာတန်လေးနှစ်ရွက် ညှပ်ထားတာ နင် မ,သွားတာလေ။ ကဲဟာ . . ."

ဝေဝေက အကွက်ဆိုက်တော့ ဝင်နက်တော့သည်။

"အန်တီမေ . . . ငါးရာတန်လေးနှစ်ရွက်မို့လား"

ငါးရာတန်နှစ်ရွက်ပါဆို ငါးရာတန်နှစ်ရွက်လားဟု မေးသည်။



"ဟုတ်တယ် သမီးရဲ့"

"ဒါဆို သေချာတယ် အန်တီမေ။ သူယူတာပဲ။ ငါးရာတန်မှာ ငါးရာလို့တောင် ရေးသားသေးတယ်လေ"

"ဟာမ် . . ."

နေသစ် ကြောင်သွားသည်။ ဝေဝေချောက်ချပုံက လွန်လွန်းသည်။ ငါးရာတန်မှာ ငါးရာဟု ရေးထားသည်တဲ့။

"ဟုတ်တယ် . . . အန်တီမေ။ အဲဒီငါးရာတန်နှစ်ရွက်နဲ့ပဲ အတန်းထဲက ကောင်မလေးတွေကို သူဖွန်ကြောင်ပြီး မုန့်လိုက်ဝယ်ကျွေးနေတာ မနက်က တွေ့လိုက်တယ်"

"ဝေဝေ . . . နင် ယုတ်မာလှချည်လား"

နေသစ်မှာ လှလှပပ ခံနေရသည်။ ဒေါ်မေသစ်မှာ နေသစ်ကို တစ်ချက်ဆော်ရင်း . . .

"ကောင်မလေးတွေကို မုန့်ဝယ်ကျွေးတယ်။ ဟုတ်မှာ . . . ဒီကောင် အခုတလော နှာထနေတာ"

"ဟာ . . . ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင် အိမ်ရောက်မှ ရှင်း။ လာ . . ."

နေသစ် ယက်ကန်ယက်ကန်ဖြင့် လိုက်ပါသွား၏။ ဝေဝေကား ရဝမ်းသာစွာ လျှာထုတ်ပြလျက် ကျန်ခဲ့၏။

"အွန်း . . ."

နေသစ်၏ ကျောပြောသံကြီးကို ဝေးသွားသည်အထိ လှမ်းကြားမိသေးသည်။ အားလုံး ရယ်မိကြသည်။

မိုးနေ့ ဆိုင်နံရံက နာရီကို တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ–

"ငါလည်း ပြန်ဦးမယ်။ အိမ်မှာ လုပ်စရာလေးရှိလို့"

ပန်းကန်နှုတ်ဖျားများဖြင့် ပိုက်ဆံကို ဖိကာထားခဲ့ပြီး သူ လှည့်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ချက်မှ သူပြန်လှည့်မကြည့်ပါ။ သူ့နောက်ကိုတော့ နွေဦး တစ်ချက်မကကြည့်ရင်း သက်ပြင်းချမိသည်။

"နင့်ကောင်တော့ သွားပြီ"

မို့မို့ကပြောတော့ နွေဦးရုက်သွေးဖြာလျက် ငြင်းသည်။

"ဘာ . . . ငါ့ကောင်လဲ"

"အယ် . . ."

'အယ်' ဆိုသည့်အသံနှင့် မြင့်တိုးက ပါးစပ်ကိုဖြဲ မျက်လုံးကို ပြူးလိုက်သည်။

"ဘာ . . . အယ်တာလဲ"

"နင်က မိုးနေ့ကို အယ် . . ."

မြင့်တိုး၏ 'အယ်'သံကြီးက မထီတရီနှင့်။ အမှန်က နွေဦးကို စနေခြင်းဖြစ်သည်။ သူနဲ့ မိုးနေ့က ဘာလိုလိုဆိုသည့် သဘောမျိုးနှင့်။

"မြင့်တိုး . . . နင့်အသံက မရိုးဘူးနော်"

"အယ် . . ."

"တော်တော့်ဟာ"

"အယ် . . ."

"ပြောနေတာ မရဘူးလား။ ငါ ခေါက်ဆွဲပန်းကန်နဲ့ ကောက်ထုမှာနော်"

"အယ် . . ."

"ကဲ ဟယ် . . ."

ပြောပြောဆိုဆိုနှင့်ပင် ခေါက်ဆွဲပန်းကန်နှင့် ကောက်ထုလိုက်သည်။

"အယ် . . ."

ပြောပြောဆိုဆိုနှင့်ပင် ခေါက်ဆွဲပန်းကန်နှင့် ကောက်ထုလိုက်သည်။

"အယ် . . ."



ထိုအခါမှ တကယ် 'အယ်'ရတော့သည်။ ခေါက်ဆွဲပန်းကန်က မြင့်တိုးလက်ထဲရောက်၊ ခေါက်ဆွဲဖတ်တွေက . . .

အခုမှ ဆိုင်ထဲဝင်လာသော ဗလကောင်းကောင်းနှင့် သပ်သပ်ချုပ်ရပ်ဝတ်ထားသော လူကြီးကို စင်ကုန်သည်။ ဖြစ်ချင်တော့ မျက်နှာခေါ်ကို တည့်တည့်ထိသွားသည်။ လူကြီးက နှုတ်ခမ်းကြီးဆူလျက်။ ခေါက်ဆွဲဖတ်တွေကို လက်တစ်ဖက်နှင့် ဖယ်ရင်းကြည့်လိုက်တော့ ခေါက်ဆွဲပန်းကန်ကို ကိုင်လျက်သားဖြစ်နေသည့် မြင့်တိုးကို တွေ့သွားတော့သည်။

"အယ် . . ."

မြင့်တိုးခမျာ အားကိုးရာမဲ့ မျက်ဝန်းလေးနှင့် သနားစဖွယ်ကြည့်နေသည်။

လူကြီးက အတော် ဒေါဖောင်းနေပုံရသည်။ မြင့်တိုးနားရွက်ပြည်းဖြည်းကပ်သွားသည်။ အနားရောက်တော့ သူ့လက်တစ်ဖက်နှင့် မြင့်တိုးကို ကုပ်မှဆွဲကိုင်လိုက်ရာ ဆွေ့ခနဲပါလာသည်။

"မင်းလုပ်တာမို့လား"

မြင့်တိုး ကြောက်ကြောင်ကြောင်နှင့် တော်တော်ကြာသည်အထိ အသံမထွက်နိုင်။ တံတွေးဆယ်ခါလောက် မျိုချပြီးမှ . . .

"ကျွန်တော် . . . 'အယ်' တာ မဟုတ်။ အဲ . . . မှားလို့။ ကျွန်တော်လုပ်တာ . . . မ . . . အယ် . . . အဲ . . . မဟုတ် . . . ပါ . . ဘူး"

"အကြောင်ကြောင်ကောင်။ ကဲကွာ . . ."

"ခွပ်"

ဟူသော အသံနှင့်အတူ မြင့်တိုး သူ့ရပ်နှင့်နာမ် ခဏကင်းကွာသွားတော့သည်။ သူအိပ်မက်ထဲမှာ 'အယ်' နေမလားမသိ။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

သူတို့မြို့သည် တောင်ဆင်းတောင်တက်များနှင့် လှပသာယာသော ကုန်းမြင့်မြို့ကလေးဖြစ်သည်။ ရာသီဥတု မျှတကောင်းမွန်သဖြင့် စိုက်ပျိုးလုပ်ငန်းများသည်လည်း အဆင်ပြေလှသည်။

ပန်းများသည်လည်း လှပလွတ်လပ်စွာ ပွင့်လန်းတတ်ကြသည်။ ရှားပါးလှသော ပန်းမျိုးစိတ်တွေပင် ထိုမြို့ကလေးတွင် တွေ့နိုင်သည်။

အထူးသဖြင့် 'လိပ်ပြာ'တောင်ပေါ်တွင် ပို၍ အရောင်အသွေးစုံသော ပန်းများကို တွေ့ရသည်။ လိပ်ပြာတောင်ဆိုသည့် အမည်ကို မြို့ခံရှေးလူကြီးများပေးခဲ့သည် မဟုတ်ပါ။ ထိုတောင်ပေါ်သို့ မကြာခဏလာတတ်သော ကောင်လေးတစ်ယောက်ပေးခဲ့ခြင်းဖြစ်သည်။ ထိုကောင်လေးက 'မိုးနေ့'။

ယခုလည်း မိုးနေ့ ထိုတောင်ကလေးပေါ်သို့ ရောက်လာခဲ့ပြန်သည်။ သူထိုင်နေကျနေရာဖြစ်သော တောင်အစွန်းနားက ချယ်ရီပင်အိုအောက်သို့ သွားသည်။ ပြီးလျှင် ဒူးပိုက်ထိုင်လိုက်သည်။ ပြီးလျှင် အသက်ပြင်းပြင်းကလေး ရှူလိုက်သည်။ ပန်းရနံ့များ ယှက်သွယ်နေသော



ပြည်တချို့ သူ့သွေးကြောထဲ စီးဝင်သွားသည်။ သူ့တစ်ကိုယ်လုံး ဆန်းပေါ့ပါးသွားသည်ဟု ထင်မိသည်။

တောင်တက်မြေနီလမ်းကလေးသည် သွင်သွင်မြဲမြဲ လှပစွာ ကွေ့ကောက်နေသည်။ မြေနီလမ်းတစ်လျှောက်တွင် နှင်းဆီရိုင်းပင် များ ဖြိုင်ဖြိုင် ရဲရဲပွင့်လျက် ဝေဆာကြသည်။ အနောက်တိုင်းသားတို့ (Hawthorn)ဟုလည်း နှင်းဆီရိုင်းပင်များကို အခေါ်ပြုကြသေးသည်။

"ကောင်လေး . . . ရောက်လာပြန်ပြီလား"

ထိုသို့ အသံပြုသံနှင့်အတူ သူ့အနားသို့ လူကြီးတစ်ယောက် ရောက်လာသည်။ ထိုလူကြီးမှာ ညာဘက်ခြေထောက်မရှိရှာတော့သဖြင့် ချိုင်းထောက်ကြီးတစ်ဖက်ဖြင့် ရပ်နေရသည်။ မိုးနေ့က ကူညီ၍ ဖေးထူကာ ထိုလူကြီးကို ထိုင်စေသည်။ ထိုလူကြီးသည် ထိုတောင်ပေါ်တွင် ဝါးတဲကလေးထိုး၍ နေသူဖြစ်သည်။ သူ့အလုပ်က တောင်ပေါ်ရှိ ပန်းပွင့်ကလေးများကို ဂရုတစိုက် ပေါင်းသင်းပျိုးထောင်ခြင်းဖြစ်သည်။ ဥယျာဉ်တစ်ခု မဟုတ်သည့်တိုင် ထိုသူက ဥယျာဉ်မှူးတစ်ယောက်ကဲ့သို့ သစ္စာရှိ၍ ကြေကြကွဲကွဲနေတတ်သည်။

သူသည် ထိုတောင်ပေါ်သို့မကြာခဏရောက်လာတတ်ကြသော သူတေသန စာတမ်းပြုစုသူများ အပန်းဖြေလာကြသူများကိုလည်း ဧည့်ဝတ်ပြုတတ်သည်။ ပန်းကလေးတွေ အကြောင်းလည်း ရှင်းပြသည်။ လိပ်ပြာတွေအကြောင်းလည်း ပြောပြသည်။ ဧည့်သည်များ ပြန်သွားလျှင် သူ့ကို လက်ဆောင်၊ ပစ္စည်း၊ စားစရာ ဒါမှမဟုတ် ငွေအချို့ပေးခဲ့တတ်သည်။ သူကလည်း ဤမျှနှင့်သာ သူ့ဝမ်းစာရေးကို ကျေနပ်နေတတ်သည်။

သူ့အမည်ကို ဘယ်သူမှမသိ။ ဘယ်အခါမှလည်း မြို့ထဲဆင်းတာ မတွေ့။ ထိုတောင်ကလေးပေါ်တွင်သာ ကိုယ့်ဘဝကိုယ် ဒုက္ခဆိုဆန့်စွာ တိမ်မြုပ်ဖုံးကွယ်နေတတ်သည်။ မြို့သူမြို့သားများ တောင်ပေါ်တက်လာလျှင်တော့ ပြုံးခေါ်နှုတ်ဆက်တတ်ပါသည်။ ထို့ထက်ပို၍ ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com

သော အမှုအရာမရှိ။ သူနှင့် ဟက်ဟက်ပက်ပက် ရင်းနှီးသူဆို၍ သစ်ခုတ်သမားကြီး ဦးဘတောနှင့် မိုးနေ့သာ ဖြစ်သည်။ အခုလည်း သူ မိုးနေ့ကို တွေ့၍ နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"ကောင်လေး . . . ကျောင်းမသွားဘဲ ဒီမှာလာထိုင်နေတာလား"

"ကျောင်းသွားမှာပါ . . . အဘ။ အခု စောနေသေးလို့ တောင်ပေါ်တက်လာတာ"

"ဪ . . . အေး . . . အေး . . . ။ ရော့ . . . ရော့ . . . ဒါလေးစားလိုက်ဦး။ ဟိုတစ်နေ့က ပြန်သွားတဲ့ ဧည့်သည်တွေပေးခဲ့တာကွ"

ဥယျာဉ်မှူးကြီးက မိုးနေ့ကို ချောကလက်တွေပေးသည်။ သူ ထိုသို့ပင် မိုးနေ့ကို အမြဲကျွေးနေကျ။ မိုးနေ့က ချောကလက်တစ်ခုကို စားရင်း . . .

"အဘ . . . ကျွန်တော့်ကို ဆောင်တော်ကူးပန်းအကြောင်း ပြောပြပါလား"

"ဆောင်တော်ကူးပန်း . . . ဟုတ်လား"

ဥယျာဉ်မှူးကြီးက တစ်ချက်သံယောင်လိုက်မေးရင်း မိုးနေ့ကို ကြည့်လိုက်သည်။ ပြီးလျှင် သူက ကောင်းကင်ပေါ်သို့ မျက်ဝန်းအစုံဖြန့်၍ ကြည့်လိုက်သည်။ သူ့မျက်နှာက ရင့်ကျက်တည်ငြိမ်ကာ အေးစက်သွားသလိုမျိုး။ သူက ထိုသို့ အကျင့်ရှိသည်။ ပန်းကလေးတစ်ပွင့်အကြောင်း ပြောဖို့အတွက် ရှိသမျှအားတွေ အကုန်သုံးလိုက်ရလိုမျိုး။

သူ ကောင်းကင်ကိုကြည့်၍ ပြောတော့မည်။

တကယ်တော့ ကောင်းကင်နှင့်ဆောင်တော်ကူးပန်းက ဘာမျှ မဆိုင်ပါ။

သို့သော် သူကတော့ ကောင်းကင်ကိုကြည့်၍ ဆောင်တော်ကူးအကြောင်း ပြောပါတော့သည်။ ငြိမ်သက်အေးစက်သော အသံများနှင့်။



"သူ့မှာ ဖြူဖွေးလွန်းတဲ့အရောင် ရှိတယ်။ အဖြူရောင်ရှိပေမဲ့ အက်ကွဲတတ်တဲ့ သူ့အသီးက စိတ်ဓာတ်မာကြောင်းကို ပြတယ် . . . ကောင်လေးရဲ့"

ဥယျာဉ်မှူးကြီးက စကားကို ခဏနားလိုက်သည်။ ရီဝေသည့် မျက်ဝန်းတွေက ပြုံးနေသလို။ ပန်းအကြောင်းပြောနေပေမဲ့ မိတ်ဆွေဟောင်းတစ်ဦးအကြောင်းကို ပြောနေသလိုပင်။ သူက သူ့အသံအက်အက်နှင့် စကားဆက်ပြောသည်။

"သူ့ကို သိပ္ပံလို 'ပိုရာနာပန်နီကျူလေးတား' လို့ခေါ်တယ်။ 'ထွန်ဖော်ဇူလေစီအီး'မျိုးရင်းမှာ ပါဝင်ကြတယ်ကွ။ မင်းမြင်တဲ့အတိုင်း ဆဲ ဟိုမှာကြည့်လိုက်"

သူက ပြောပြောဆိုဆိုနှင့် ဘေးဘက်ဆီမှ သစ်ပင်တစ်ပင်ကို ညွှန်ပြလိုက်သည်။ ထိုသစ်ပင်ကိုကပ်၍ နွယ်တက်နေသော ဆောင်တော်ကူးပင်ကို ညွှန်ပြခြင်းဖြစ်သည်။ မိုးနေ့ ကြည့်လိုက်သည်။ အပွင့်တော့ မပွင့်သေးပါ။ ညောင်ရွက်နှင့် သဏ္ဍာန်တူသော ဆောင်တော်ကူးအရွက်များကိုသာ ဖားဖားစိုစို တွေ့လိုက်ပါသည်။

"သူက သစ်ပင်ကြီးတွေပေါ်မှာ နွယ်တက်တဲ့ ချုံပင်အမျိုးအစားပေါ့။ မြန်မာနိုင်ငံ အထက်ပိုင်း၊ အိန္ဒိယအလယ်ပိုင်း၊ နာဂတောင်ဘက်တွေ၊ ဗီဟားနယ်နဲ့ ယမုံနာမြစ် အရှေ့ဘက် ပေ ၄၅၀၀ ထိမြင့်တဲ့ ဒေသတွေမှာ တွေ့ရတတ်တယ်။

ဖေဖော်ဝါရီလနဲ့ အောက်တိုဘာကြားမှာ သူဟာ ပွင့်တယ်။ သူ ပွင့်တဲ့အချိန်မှာ သစ်ပင်ထိပ်မှ ပန်းကလေးတွေ အခိုင်လိုက်၊ အစုလိုက် ဆနေကြတယ်။ အဝေးက ကြည့်လိုက်ရင် တိမ်ခဲမောက်ကလေး ဆောင်းထားသလိုပဲ"

သူက ချိုင်းထောက်နှင့် အားယူကာ ထလိုက်သည်။ မိုးနေ့က အလိုက်တသိ ဝင်ဖေးကူပေးသည်။ သူက ကောင်းကင်ကို နောက်ဆုံးအနေနှင့်ကြည့်၍ . . .



www.burmeseclassic.com

www.burmeseclassic.com

"သူက နန်းသုံးပန်းလည်း ဖြစ်တယ်။ ဘုရင်တွေ ညစက်တော်မယ် အဆောင်ကူးပြောင်းရင် မိဖုရားတွေအတွက် ပေးဖို့ယူတဲ့ ပန်းမို့လို့ ဆောင်တော်ကူးပန်းလို့ ခေါ်တယ်လို့လည်း ကြားဖူးတယ်။ ဒါ ငါသိသလောက်ပေါ့"

"သူက သူ့စကားကို အဆုံးသတ်လိုက်သည်။ နောက် ကောင်းကင်ကိုလည်း မကြည့်တော့။ မိုးနေ့ကိုလည်း မနှုတ်ဆက်၊ ချိုင်းထောက်တစ်ဖက်နှင့်သာ ဂေါက် 'ဂွက်' ဂေါက် 'ဂွက်' လျှောက်သွားတော့သည်။

ပန်းရုံလမ်းကြားကလေးမှနေ သူ့ဝါးတဲကလေးဆီသို့ ပြန်ခြင်းဖြစ်သည်။ မိုးနေ့တစ်ယောက်က ချယ်ရီပင် အောက်တောင်စွန်းကလေးတွင် ကျန်ခဲ့သည်။ မိုးနေ့လည်း ဥယျာဉ်မှူးကြီး၏ နောက်ကျောကို သုန်သုန်မှုန်မှုန်ကြည့်ပြီးမှ ကျောင်းသွားဖို့ ပြင်လိုက်တော့သည်။

သူ့လက်တွင် နာရီမပတ်ထားပါ။ သို့သော် သူကျောင်းနောက်ကျနေမှန်း သိနေပါသည်။

ᛉ ᛉ ᛉ



"ဆရာမ . . . ဝင်ခွင့်ပြုပါ"

တစ်ခန်းလုံးက အသံပိုင်ရှင်ကို ကြည့်လိုက်ကြသည်။ အသံပိုင်ရှင်မှာ မိုးနေ့ဖြစ်သည်။ ဆရာမက သဘောကောင်းသူဖြစ်၍ မိုးနေ့သက်သာသွားသည်။

"အေး . . . ဝင်ခဲ့ပါ"

မိုးနေ့ဝင်လာတော့ နေသစ်က နေရာ ရွှေ့ပေးလိုက်သည်။ နှစ်ယောက်စာသင်ခုံများတွင် ထိုင်ရပြီး မိုးနေ့နှင့်နေသစ်က အတူထိုင်ကြသူများဖြစ်သည်။ ဆရာမက သူ့ဘာသာသူ စာဆက်သင်ပါသည်။

"မိုးနေ့ . . . မင်း နောက်ကျပြန်ပြီ"

နေသစ်က လေသံတိုးတိုးဖြင့် ကပ်ပြောသည်။

မိုးနေ့က လွယ်အိတ်ထဲက သချ်ာစာအုပ်ထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။ ပြီးမှ . . .

"အေး . . . ဆော်ရီးပဲ"

"မင်း ငါ့ မတောင်းပန်နဲ့။ နွေဦးသာ သွားတောင်းပန်လိုက်"

"ဘာဆိုင်လို့လဲ။ ငါ့ဘာသာ ကျောင်းနောက်ကျတာ သူ့ ဘာလို့တောင်းပန်ရမှာလဲ"

"ဟာကွာ . . ."



www.burmeseclassic.com

www.burmeseclassic.com

နေသစ်က ရုတ်တရက် စကားပြန်မထွက်ဘဲ ခေါင်းသာ တဗျင်းဗျင်း ကုတ်နေတော့၏။

"အား . . ."

စူးစူးရှရှ အော်သံကြီးနေသစ်နောက်မှ ထွက်လာသည်။

အသံပိုင်ရှင်က မြင့်တိုး။

သူ့အသံကြောင့် တစ်ခန်းလုံး နောက်လှည့်ကြည့်ကြသည်။

နိုးအိပ်နေသော ကျော်ထူးလင်းလည်း မျက်လုံးပွင့်လာသည်။

မြင့်တိုးက သူ့မျက်နှာကြီးကို လက်နှင့်အုပ်လျက်သား။

"ဟိုကျောင်းသား ဘာအသံထွက်တာလဲ။ ဘာဖြစ်လို့လဲ"

"သူ . . . ဆရာမ၊ သူ . . . "

မြင့်တိုးက ဆရာမအမေးကို နေသစ်အား လက်ညှိုးထိုး၍ ဖြေသည်။ နေသစ်က မြင့်တိုးကို ကြောင့်ကြည့်ရင်း . . .

"ငါ ဘာလုပ်လို့လဲဟ"

"မင်း ခေါင်းကုတ်တော့ ငါ့မျက်နှာ မင်းတံတောင်ဆစ်နဲ့ ထောင်းမိတာပေါ့ကွ။ ဒီမှာ နဂိုကတည်းက ယောင်ကိုင်းနေရတဲ့အထဲ"

မိုးနေ့ မြင့်တိုးကိုကြည့်လိုက်သည်။ မှန်သည်။ မြင့်တိုးမျက်နှာမှာ ညိုမည်းလျက် ယောင်ကိုင်းနေသည်။

"ဟာ . . . ဟုတ်ပ၊ မြင့်တိုး မင်းမျက်နှာကြီး အယ်နေပါလား"

"ဟာ 'အယ်' တယ်ဆိုတဲ့ စကားလုံး ရှောင်ပြောစမ်းပါကွာ"

မြင့်တိုး သူ့အဖြစ်သူ အသိဆုံးပင်။ 'အယ်' ဆိုသည့် စကားလုံးကို ခေါက်ဆွဲပြုတ်နှင့်ရော၍ သူမုန်းသွားလေပြီ။

ဆရာမက သူတို့ပြဿနာကို ဝင်ရှင်းရချေသည်။

"ကဲ . . . ကဲ . . . မြင့်တိုးဆိုတာလား။ ဒီရှေ့ခုံမှာ နေရာလွတ်နေတယ်။ ထိုင် . . . "

ဆရာမ ဖိတ်ခေါ်သည့် ခုံကိုကြည့်ပြီး မြင့်တိုး လန့်သွားသည်။ ခုံလွတ်သည်ကတော့ မှန်၏။ သို့သော် ထိုခုံဘေးတွင်က . . .



ထိုခုံဘေးတွင်က အမီနာချောစုရှိ၏။

အမီနာချောစုဆိုသည်မှာ ကောင်မလေးတစ်ဦးဖြစ်၏။ သာမန်ကောင်မလေးဆိုရင်တော့ မြင့်တိုး လန့်စရာအကြောင်း မရှိပါ။ သာမန်ထက်တော့ နည်းနည်းထူးမှာ သေချာပါသည်။ ထူးပါသည်။ သူမသည် နာမည်အတိုင်း ကုလားမလေးဖြစ်ပါသည်။ ကုလားမလေးပီပီ စကားပြောမြန်ပါသည်။ သို့သော် မပီပါ။ မပီတာမှ တော်တော်လေးကို လွဲလွဲချော်ချော် မပီတာပါ။

မြင့်တိုး သူနှင့်ပတ်သက်လျှင် ရင်နာအောင် အခေါ်ခံရသည်။ 'မြင့်တိုး' ကို ခေါ်ပုံက 'မြင်းသိုး' တဲ့။ အလိုလိုနေရင်း မြင့်တိုးမှာ ခွာခေါက်နေသည့် သတ္တဝါဖြစ်ခဲ့ဖူးသည်။

နောက်ထပ် ရှိသေးသည်။ အထက်တန်း ပညာရေးတစ်ခု၏ အမြင့်ဆုံး (၁၀)တန်းသို့ ရောက်သည့်အတိုင် သူမသည် ဟိုဟာပြုတတ်သည်။ တစ်ခါကလည်း မြင့်တိုးပဲဖြစ်သည်။ မနက်စောစော ကျောင်းဆက်ခါစအချိန် ဘုရားရှိခိုးရင်းဖြစ်သည်။ ဘုရားရှိခိုးနေတုန်း မြင့်တိုး အောက်နားက နွေးလာသလို ခံစားလိုက်ရသည်။ ငုံ့ကြည့်လိုက်တော့။

ရနံ့သင်းသင်းနှင့် 'ရှူး . . . ရှူး'တွေမြင့်တိုးထံ ဒလဟော စီးဆင်းချီတက်လာသည်။ 'ရှူး . . . ရှူး'ပေါက်တာက တစ်ခါတလေမှ။ အမြဲတမ်းလုပ်လေ့ရှိသော အကျင့်တစ်ခု ရှိသေးသည်။ ထိုအကျင့်က အဆိုးဆုံး။ သူမသည် သူ့လက်ညှိုးကို အမြဲတမ်းအလုပ်ပေးတတ်သည်။ ထိုလက်ညှိုးနှင့် နားပေါက်နှိုက်လိုနှိုက်၊ နှိုက်ပြီး သွားချီးခွာလို့ခွာ။ နားခေါင်းပေါက် နှိုက်လိုနှိုက်နှင့် အမြဲလုပ်တတ်သည်။ ပြီးလျှင် ထိုလက်ညှိုးနှင့်ပင် တခြား သူတွေကို 'တို့ တို့' ပြီး ခေါ်တတ်သည်။

တစ်ခါက မြင့်တိုးခံရဖူးသည်။ သူမက ထုံးစံအတိုင်း လက်ညှိုးတစ်ချောင်းနှင့် ထွေရာလေးပါး အပေါက်တွေ နှိုက်နေသည်။ အဲဒီတုန်းက မြင့်တိုးက သူ့ဘေးမှာဖြစ်သည်။ မြင့်တိုးကလည်း သူစာနှင့်သူ အာရုံ



www.burmeseclassic.com

www.burmeseclassic.com

ဝင်စားနေစဉ် 'မြင်းသိုး . . . မြင်းသိုး' လို့ခေါ်တာနှင့် ဘာလဲဟာ ဆိုပြီး စိတ်မရှည်သလို လှည့်ကြည့်လိုက်ရာ လက်ညှိုးမည်းမည်းတစ်ချောင်း မြင့်တိုးပါးစပ်ထဲ အဆုံးဝင်သွားဖူးသည်။

ထိုသို့ပင် မြင့်တိုးနှင့် အမီနာချောစုတို့ နှစ်ဦးသားကြားတွင် လက်ညှိုးစည်းလေး ခြားထားသော ဒဏ္ဍာရီရှိခဲ့ဖူးသည်။ လက်ညှိုးတစ်ချောင်းလုံးဝင်ခဲ့ဖူးသည့် ငန်လည်းငန်၊ နံလည်းနံသည့် အရသာကို မြင့်တိုး အသေမှတ်သွားသည်။ ဒါကြောင့် အခု ဆရာမ ဖိတ်ခေါ်သံကို ကြားလိုက်တော့ မှတ်တမ်းအဟောင်းတွေ ပြန်တွေးရင်း မြင့်တိုး ကြောက်လန့်တကြား ငြင်းပါတော့သည်။

"ဟာ . . . နေပါစေ ဆရာမ"

"လာပါကွယ်။ ရှေ့မှာထိုင်တော့ စာပိုရတာပေါ့"

"ရတယ် ဆရာမ။ တကယ်ရတာ"

မြင့်တိုးက ရတယ်ချည်း ဖွတ်ပြော၏။ သူ့ရာဇဝင်က နာကျင်နေတုန်းပဲ မို့လား။

"မြင့်တိုး . . . သွားလိုက်ပါဟ။ မင်း . . . ဆရာမက ဒီလောက်ပြောနေတာကို"

နေသစ်က ဝင်ညှောင့်သည်။ ကျော်ထူးလင်းက တစ်ဖက်တစ်လှမ်းက ဝင်ကူပြန်၏။

"ဟုတ်တယ် . . . မြင့်တိုး။ ရှေ့သွားထိုင်မှ မင်းဘဝက လှမှာပေါ့"

ဘဝနှင့် ချီပြီး တရားဟောလိုက်သေးသည်။ ဒါပေမဲ့ ဟိုကောင်က မသွားပါ။ ဆရာမက ထပ်ခေါ်ပါသည်။

"လာပါ . . .။ မင်းရှေ့မှာထိုင်ရင် ဘယ်သူက စားနဲ့ထိုးမှာမို့လို့လဲ"

မြင့်တိုး နှုတ်ခမ်းကြီးဆူလျက် ခေါင်းခါဆဲ။ ဆရာမပြောသလို စားနှင့်မထိုးပေမဲ့ လက်ညှိုးနှင့်ထိုးမှာတော့ သေချာသည်။



"သွားဘူးလို့ဆို"

"သွားလိုက်ပါဟ"

"ဟင့်အင်း . . . သတ်ရင် သတ်ပစ်လိုက်"

သူတို့ ထိုသို့ သွားမယ်မသွားဘူး၊ ငြင်းခုန်နေစဉ်မှာပဲ အမီနာချောစု၏ ဖိတ်ခေါ်သံကို ကြားလိုက်ရတော့၏။

"မြင်းသိုး . . . လာလေဟယ်။ ငါတို့ကို ကျောင်းမှာ အတူတူထိုင်ဖို့ မှာထားတာနော်။ မထိုင်ရင် တိုင်မှာပဲ ဟွန့်"

မြင့်တိုး အကြီးအကျယ် စိတ်ညစ်သွားတော့သည်။

အတန်းထဲမှ ရယ်သံစစကိုလည်း ကြားလိုက်ရသည်။ နေသစ်၏ အာခေါင်ခြစ်လုပ်ရယ်သံကြီးလည်း ကြားလိုက်ရသည်။

မြင့်တိုး၏မိဘနှင့် အမီနာချောစု၏မိဘများကလည်း ရင်းနှီးကြသူများ ဖြစ်သည်။ ခုနက အမီနာချောစုပြောလိုက်သော 'ဦးမြေခွေး' ဆိုသူမှာ မြင့်တိုးအဖေ ဦးမြေခွေးကို ခေါ်ခြင်းဖြစ်သည်။ မွေးမြူရေးခြံ [illegible]တ်များဖြစ်၍ ရင်းနှီးကြသော မိသားစုများဖြစ်ကြ၍ ဦးမြင့်ထွေးက မြင့်တိုးကို အမီနာချောစုနှင့် အတူထိုင်ရန် မှာထားခြင်းဖြစ်သည်။

မြင့်တိုးစိတ်ညစ်ညစ်နှင့် လွယ်အိတ်ကောက်ကိုင်ကာ စာအုပ်သိမ်းပြီး ရှေ့ခုံပြောင်းဖို့ပြင်ရတော့သည်။ ပြီးမှ ဖင်တလေးလေးနှင့် ရှေ့ခုံသို့ ရွှေ့သွားသည်။ အတန်းထဲကလည်း ပြုံးစိစိနှင့် ကြည့်ကြတော့သည်။ မွဲလန့်တုန်း နေသစ်က ဝင်နှက်လိုက်သေးသည်။

"ဟေ့ကောင် . . . မြင်းသိုး ဒီမှာ မင်းဟာ ကျန်ခဲ့ပြီ"

"ဘာကျန်လို့လဲ"

"ဩော် . . . မင်းလက်ညှိုးကျန်ခဲ့သလားလို့"

နေသစ်စကားကြောင့် တစ်ခန်းလုံး အားရပါးရ ရယ်ပစ်လိုက်ကြတော့၏။

မြင့်တိုးကတော့ စိတ်ထဲကနေ ကျိန်ဆဲလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမိနာလက်ညှိုး ခွေးသူခိုးတဲ့"

သို့သော် မြင့်တိုးကိုကယ်သည့် အသံတစ်ခုက ဝင်လာပါသေးသည်။

ခေါင် . . . ခေါင် . . . ခေါင် . . .

ခေါင် . . .

စာသင်ချိန်ပြောင်းသွားသည့် ခေါင်းလောင်းသံ။

ᨒ ᨒ ᨒ



ထမင်းစားကျောင်းဆင်းသွားချိန်မှာတော့ မြင့်တိုး၏ 'မြင်းသိုးတက်ညှိုး' ကိစ္စ ပြီးသွား၏။ သူတို့ ထမင်းစားသည့်နေရာသည် ကျောင်းတောလုံးကွင်းနားက မန်ကျည်းပင်ကြီးအောက်တွင် ဖြစ်၏။ အိမ်ပြန်စားလျှင်ရသော်လည်း သူတို့သည် ထမင်းချိုင့်လေးနှင့် စားရခြင်းကို သဘောကျသည်။

မြက်ခင်းပြေပြေစိမ်းစိမ်းကလေးပေါ်တွင် ဝိုင်းဝန်း၍ စားသောက်တတ်ကြသော သူ့တို့အဖွဲ့ကို ဖြတ်သွားဖြတ်လာမြင်သူများကပင် ကြည်ကြည်နူးနူး ကြည့်သွားတတ်ကြသည်။

"နင်စားရင် လူလိုစားဟာ တကယ်ပဲ"

ဝေဝေက ကျော်ထူးလင်းကို ဟောက်လိုက်တာပါ။ ကျော်ထူးလင်းက ဝေဝေ့ကို မျက်နှာငယ်ကလေးနှင့် ပြန်ကြည့်ရှာသည်။ ဘာမှလည်း ပြန်မပြောရဲ။ တစ်ခါတလေ နေသစ်မြှောက်ပေးရင်တော့ ပြန်အော်တတ်သေးသည်။

မိုမို့က ခရမ်းသီးနှပ်နှင့် ထမင်းကိုနယ်ရင်း မိုးနေ့ကို တိုးတိုးကယ်ပြောသည်။

"မိုးနေ့ . . . နင် နွေဦးကို ချော့လိုက်ဦး၊ သူတင်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

မိုးနေ့က ပါးစပ်နားတေ့ထားသည် ထမင်းဇွန်းကို ပြန်ချရင်း–

"ဟင် . . . ဘာလို့လဲ"

"ဟာ . . . နင်ဒီနေ့ . . . ကျွတ် . . . ပြန်စဉ်းစားဦး နင်မေ့နေပြီလား"

သူမေ့နေပါပြီ။ ထို့ကြောင့် ပြန်စဉ်းစားရသည်။

"ဟာ . . . ဟိုဥစ္စာ . . ."

အခုမှ မိုးနေ့ သတိရသည်။ သူ ဒီနေ့ နွေဦးအတွက် စပယ်ပန်းတွေယူခဲ့ဖို့ မေ့ခဲ့ပြီ။ ညကမှ အမေက သတိပေးသေးသည်။ မိုးနေ့အမေက ပန်းရောင်းသူဖြစ်သည်။ နွေဦးက သောကြာနေ့တိုင်း စပယ်ပန်း မှာနေကျဖြစ်သည်။ ဒီနေ့ သူ အစောကြီးနိုးလျက်နှင့် မေ့နေခဲ့သည်။

'ဒုက္ခ'ဟု စိတ်ထဲက ခပ်ဖွဖွ ရေရွတ်လိုက်မိသည်။ နွေဦးစိတ်ဆိုးမှာ သေချာပါသည်။ ဘာကြောင့်မှန်းမသိ နွေဦးစိတ်ဆိုးမှာကိုတော့ သူကြောက်တတ်သည်။ အမှားကလည်း သူ့အမှားပါ။

"နွေဦး . . . "

သူမရဲတရဲ တိုးတိုးခေါ်လိုက်သည်။ ဒါပေမဲ့ နွေဦးကြားပါသည်။ ပြန်မထူးပါ။

"နွေဦး . . . "

သူ ခပ်ရဲရဲထပ်ခေါ်လိုက်သည်။ နွေဦး ပြန်မထူးပေမဲ့ မျက်ဝန်းကလေးပင့်လျက်တော့ ကြည့်၏။ ဒီတော့မှ သူ အကြောင်းပြချက်ပေးရတော့သည်။

"ဒီလိုဟ . . . မနက်က ငါ အစောကြီးနိုးပါတယ်။ အဲဒါနဲ့ စောစောစီးစီးပဲ ကျောင်းသွားရင်းနဲ့ . . ."

"နင့်ရဲ့ လိပ်ပြာတောင်ပေါ် တက်သွားပါရော။ ပြီးတော့ ဥယျာဉ်မှူးကြီးက ရောက်လာ စကားပြောကြပါရော။ ငါ့ရဲ့သောကြာနေ့ စပယ်ပန်းလည်း မေ့သွားတဲ့အပြင် ကျောင်းလဲနောက်ကျသွားတယ်မို့လား"

"အဲ . . . အဟဲ . . ."



နွေဦးက မိုးနေ့စကားကို ဖြတ်ပြောလိုက်၍ သူ ဘာမှ မပြောသာတော့။ အူကြောင်ကြောင်နှင့် ခေါင်းကလေးကုတ်ကာ ပြန်ကြည့်နေမိသည်။ နွေဦးက သူ့ကို အားမရသလိုကြည့်ရင်း . . .

"နင်ဟာလေ . . . အဲဒီတောင်ပေါ်ပဲ စိတ်ရောက်နေတာ။ ဘာလဲ . . . နင်က ပန်းတွေကို သုတေသနလုပ်နေတာလား ဟုတ်လား"

နွေဦးက ရွဲ့ပြောသည်ကို မိုးနေ့က အားတက်သရောနှင့် . . .

"အေး . . . ဟုတ်တယ်ဟ။ ဆောင်တော်ကူးပန်းတွေကို သိပ္ပံလို 'ပိုရာနာပန်နီကျူလေးတား'လို့ ခေါ်တယ်ဟ။ သူတို့မျိုးရင်းက .."

"မိုး . . . နေ့ . . ."

နွေဦးတစ်လုံးချင်း ခေါ်လိုက်သည်။

"နင်က ငါ့ကို ပြန်ရွဲ့နေတာလား၊ ဘာမှမပြောနဲ့တော့။ ရော့ရော့ . . . စားစရာရှိတာပဲ စားတော့"

နွေဦးက သူ့ကို ဟင်းထည့်ပေးရင်း ပြောလိုက်သည်။ မိုးနေ့ နွေဦးကို စူးစူးစိုက်စိုက်ကြည့်မိသည်။ နွေဦးကတော့ မသိရှာ။

မိုးနေ့ကတော့ ကိုယ့်မျက်လုံးတွေ ကိုယ် အံ့သြနေသည်။ မျက်လုံးတွေက နွေဦးရှေ့ရောက်လျှင် အလိုလို အရောင်တောက် သူမဆီ အပြေးငေးချင်နေမိသည်။ ဘာ 'ဓာတ်' ကြောင့်လဲတွေးမရ။ သူ ဘယ်လောက်ငေးနေသည်မသိ။ မြင့်တိုးက ပခုံးနှင့်တိုက်၍ လှုပ်နှိုးလိုက်မှ သူ သတိဝင်လာသည်။

ချိုင့်ထဲမှ နွေဦးထည့်ပေးထားသော ပုစွန်အနှစ်များဖြင့် ထမင်းကို နယ်၍ စားလိုက်သည်။

"သြော် . . . မိုးနေ့ နှင်းဆီပန်းနဲ့ သပြေပန်း မတည့်ဘူးဆိုတာ ဟုတ်လား။ တစ်အိုးတည်း အတူထိုးထားရင် အချင်းရန်များတတ်တယ်ဆိုတာလေ"

မိုးမိုးက ပန်းများနှင့် ပတ်သက်နေ၍ မေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း . . . မသိဘူး။ ငါက အဲ့ဒီလို ဟာမျိုးတွေ မသိဘူးဟ။ ငါ သိတဲ့ပန်းအကြောင်းက ပန်းကို ဘယ်လိုစိုက်ရမယ်၊ ဘယ်လိုပြုစုရမယ်၊ ဘယ်လိုမှတ်တမ်းတွေ ကျမ်းပြုရမယ်ဆိုတာပဲ စိတ်ဝင်စားတာဟ"

"ဒါဆို ငါမေးမယ်"

ဝေဝေက ဝင်မေးပြန်သည်။

"နှင်းပန်းကို ဘယ်လိုစိုက်ရမလဲဟ။ ငါ နှင်းပန်းကြိုက်လို့"

မိုးနေ့ တစ်ချက်စဉ်းစားပြီးမှ . . .

"အင်း . . . နှင်းပန်းကို တချို့က နှင်းတွေကျတဲ့ ဆောင်းရာသီမှ စိုက်ရမယ်လို့ တစ်ထစ်ချပြောကြတယ်။ ဒါ သိပ်မမှန်ဘူး။ နှင်းပန်းက မိုးရာသီမှာလည်း စိုက်လို့ရတယ်။ ဒါပေမဲ့ ဆောင်းကို ပိုကြိုက်တာပေါ့။ ဆောင်းရာသီနှင်းရည်တွေနဲ့ ထိတွေ့ရရင် နှင်းပန်းတွေရဲ့ အနံ့အသက်ဟာ ပိုမွှေးကြိုင်တတ်တယ်လို့ ယုံကြည်ကြတယ်။ ပုံသဏ္ဌာန် ပွင့်လွှာအသားက မိုးရာသီမှာ စိုက်တဲ့ပန်းတွေထက် ပိုနုးညံ့ကျော့ရှင်းတာတော့ အမှန်ပဲ။ ပြီးတော့ . . ."

မိုးနေ့က အာရုံစိုက်၍ ချက်ကျလက်ကျပြောပြသည်။ နှင်းပန်းများကို အိုးဖြင့်စိုက်ခြင်းမှာ ပိုသင့်တော်သည်ဟု အများက မှတ်ချက်ချထားကြောင်း၊ ရေသန့်သန့်နှင့် စိတ်ရှည်ရှည် ဖြည်းဖြည်းချင်း လောင်းချပေးသွားရန် လိုအပ်ကြောင်း၊ အပင်ငယ်တွင် အတက်များထွက်လာပါက နံနက်ပိုင်းနေရောင်၊ စောနိုင်သမျှစောသည့် နေရောင်မှ စပြသင့်ကြောင်း၊ ညနေပိုင်းတွင်တော့ အိမ်အတွင်း ပြန်ရွှေ့ထားသင့်ကြောင်း စသဖြင့် စိတ်လက်ဝင်စားစွာ ပြောပြနေသည်။

နွေဦး အကြိုက်ဆုံးမှာလည်း ထိုသို့ သူ၏စကားပြောနေသည့်ပုံကို ဖြစ်သည်။ ကိုယ့်စကား ကိုယ် စိတ်ပါဝင်စားပြီး ပြောနေသည့်ဟန်က သူမကို ဆွဲဆောင်နေသည်။

"တပည့်တို့ . . . စားနေကြပြီလား"



အဝေးမှ နှုတ်ဆက်သံကို ကြားလိုက်သဖြင့် သူတို့ လှည့်ကြည့်လိုက်ရာ မြန်မာစာဆရာ ဦးကျော်သက် သူတို့ထံလျှောက်လာသည်ကိုတွေ့လိုက်ရသည်။

သူတို့ထံ လက်နောက်ပစ်လျှောက်လာသည်။ အားလုံးဝမ်းပမ်းတသာ ကြိုဆိုကြသည်။

"ဟာ . . . ဆရာ"

"ဆရာ စားပါဦး"

နေသစ်က ဘာမှမရှိတော့သည့် ချိုင့်လွတ်တစ်လုံးကို ဆရာ့ထံ ထိုးပေးရင်း နောက်လိုက်သည်။ ဆရာက အဟုတ်မှတ်၍ ငုံ့ကြည့်သေးသည်။ ပြီးမှ ဘာမှမတွေ့၍ . . .

"ဟာ . . . ဒီကောင် ဆရာ့ကို လာနောက်လို့ . . . ဟား . . ဟား"

ဆရာက ပျော်ပျော်နေတတ်သူဖြစ်ပြီး သူတို့အဖွဲ့နှင့် အမြဲတမ်း တဟေးဟေး၊ တဟားဟား၊ စာအသင်အပြလည်း ကောင်းသူဖြစ်သည်။

"ကျော်ထူးလင်း . . . မင်းဗိုက်ကြီးက မွေးရက်မစေ့သေးဘူးလား၊ Ultrasound လေး ဘာလေး ရိုက်ကြည့်ပါဦး"

ကျောင်းထူးလင်း၏ ဝပြဲရွဲတစ်နေသော ဗိုက်ကြီးကို ကြည့်၍ ဆရာက စ'လိုက်ခြင်းဖြစ်သည်။ ဆရာ့စကားကြောင့် ကျော်ထူးလင်းက ဖုဆိုးကိုအပေါ်ဆွဲတင်ကာ ဗိုက်ကြီးကို ဖုံးပြီး . . .

"ဟာ . . . ချရာကယ်၊ တားက အခုမှ (၅) လ ချိတေးတာကို နော်"

ဆိုပြီး မပီကလာအသံကြီးနှင့် ချွဲတွဲတွဲပြောလိုက်သဖြင့် အားလုံးရယ်မိကြသည်။ ဆရာက လွတ်လပ်စွာရယ်သည်။

"ဒါနဲ့ မြင့်တိုး မင်းကော အမိနာချောစုနဲ့အတူ ငါတို့ဘက် ဆိုက်ကျောင်းမထွက်တော့ဘူးလား။ ငါတို့ဘက်မှာ မြက်တွေပြန်ပေါက်နေပြီဟ"



www.burmeseclassic.com

www.burmeseclassic.com

"လုပ်ပြီပြော . . . ငါ့ဘက်လှည့်လာပြီဟ"

မြင့်တိုး စိတ်ဆင်းရဲသည့် အသံကြီးနှင့် ညည်းတော့သည်။ ဆရာက ရိုးရိုးပြောခြင်းဖြစ်သော်လည်း သူကတော့ ကိုယ့်ဆိုက်ကိုနဲ့ ကိုယ် ချောက်နာရှုံ့နေရသည်။

မို့မို့ကလည်း ကိုယ့်ဆရာကို လူပျိုကြီး ဖြစ်နေရခြင်းအတွက် အားမရသည့်အဟန်နှင့် . . .

"ဆရာ . . . အသက်ကထောက်လာပြီ။ အခုထိ မစွံသေးဘူးလား"

"ဟုတ်တယ် ဆရာ၊ သမီးတို့ကို မုန့်ကျွေးရမှာစိုးလို့ မယူသေးတာမို့လား"

ဆရာက တဟားဟားရယ်သည်။

"ဆရာက မစွံတာမဟုတ်ဘူးကွ။ မိုးနေ့ကို စောင့်နေတာ။ ဒီကောင်နဲ့ တစ်နေ့တည်း မင်္ဂလာတွဲဆောင်ချင်လို့။ ဘယ်လိုလဲ မိုးနေ့ မင်းယူမဲ့ကောင်မလေး မတွေ့သေးဘူးလား"

ဆရာက ရိုးရိုးသားသား ဒီလိုပင် ပြောဖြစ်လိုက်ခြင်းဖြစ်သည်။ သို့သော် မိုးနေ့မျက်လုံးတွေက နွေဦးဆီ မသိမသာ ရောက်သွားမိသည်။ နွေဦးကတော့ သိသိသာသာ ခေါင်းငုံ့သွားသည်။ သူ သက်ပြင်းခိုးချနေမိပေါ့။ ရင်ထဲ ဘာတွေ မွေးဖွားကုန်သလဲ။

"အယ် . . . "

မြင့်တိုးအသံကြီးက နွေဦးရင်ထဲက ဥယျာဉ်ကို မုန်တိုင်း ထပစ်လိုက်စေသည်။

"ဘာ . . . အယ်တာလဲကွ"

"ဆရာ . . . မ . . . မသိလို့နေဘ် မိုးနေ့မှာရှိတယ်"

ဆရာ မြင့်တိုးကို နားမလည်စွာကြည့်ရင်း . . .

"ဘာရှိတာလဲလို့"



"ရှိပါတယ်ဆို ဆရာကလည်း"

"အေ . . . ဘာရှိတာလဲလို့"

ဆရာနှင့် တပည့် သိပ်အပေါက်အလမ်းမတည့်တော့။

ကျော်ထူးလင်းက စိတ်မရှည်တော့၍ ကြားက ဝင်ပါတော့သည်။

"ဒီလိုပါ . . . ဆရာရယ်၊ မြင့်တိုးပြောချင်တဲ့ ပုံစံကို ကဗျာဆန်ဆန် ပြောင်းပြောကြည့်ရမယ်ဆိုရင် . . . အင်း . . . မိုးနေ့ရဲ့ နှလုံးသားဟာ မိုးမိထားပြီးပြီဆရာရဲ့။ အရင်လို တည်တည်ငြိမ်ငြိမ်မဟုတ်တော့ဘူးဗျ။ ဟဲ . . . ဟဲ . . ."

ဆရာက သူ တန်ဆာဆင်အတွန့်တက်ထားသည့် စကားကို အကြောင်ကြောင် စဉ်းစားနေလိုက်သေးသည်။ ပြီးမှ . . .

"နှလုံးသား မိုးမိတယ်ဟုတ်လား။ အင်း . . . ဒီကောင်မွေးတဲ့နေ့ကလည်း မိုးရွာတာပဲကို"

"ဟာ . . . ဒီကောင်မွေးတဲ့နေ့က ဆရာရှိလို့လား"

ဆရာ့ရေရွတ်မှုကို နေသစ်က စောဒကတက်သည်။ ဆရာက ခဏငြိမ်သွားပြီးမှ နာရီကို တစ်ချက်ကြည့်ကာ . . .

"ဒီကောင့်နာမည်က မိုးနေ့ပါဆို။ မိုးရွာတဲ့နေ့မှာ မွေးလို့နေမှာပေါ့ကွ။ ကဲ . . . ဆရာ သွားလိုက်ဦးမယ်။ မိုးမိရင် နာစေးမယ်၊ ဆေးဝယ်သောက်။ နေသစ်တို့ဆိုင်ကတော့ မဝယ်နဲ့။ အဲကောင်ဆိုင်က ဒိတ်လွန်တွေချည်းပဲ . . . ဟား . . . ဟား . . ."

ဆရာက ရယ်ရယ်ပြောပြောနှင့် ထွက်သွားသည်။ ဆရာက မိုးနေ့ကို အားလုံးထက်ပိုချစ်သည်ဟု ထင်ရသည်။ တကယ်တော့ မိုးနေ့ကို အားလုံးချစ်ကြပါသည်။ တစ်မြို့လုံးနှင့် စိမ်းကားလှသော လိပ်ပြာတောင်မှ ဥယျာဉ်မှူးကြီးနှင့်လည်း ရင်းနှီးသည်။ သစ်ခုတ်သမားကြီးစာ ဦးဘတောနှင့်လည်း ခင်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးနေ့ကို ဘာကြောင့်ခင်ကြတာလဲ။ မိုးနေ့တွင် မာယာတွေနှင့် မရင်းနှီးသော ရိုးရှင်းသော မျက်နှာသွင်ရှိသည်။ အဖေက မြင်းလှည်းမောင်း၍ အမေက ပန်းရောင်းသည်။ ဘဝရိုးရိုးလေးနှင့် ဖွဲ့စည်းထားသော အလှရိုးရိုးလေးဖြစ်သည်။

သူ့အဖေက မြင်းလှည်းမောင်းသော်လည်း သူက မြင်းစာကျွေးသည်။ သူ့အမေက ပန်းရူးသော်လည်း သူက ပန်းပျိုးသည်။ သူအချစ်ဆုံးက ပန်းတွေနှင့် လိပ်ပြာတွေသာ။ သူရေးတဲ့ ကဗျာထဲမှာလည်း ပန်းနဲ့လိပ်ပြာ။

ᚐ ᚐ ᚐ



## (၃)

သူ ထုံးစံအတိုင်း ချယ်ရီပင်အိုကြီးအောက်၊ တောင်စွန်းနားက [illegible] မြို့ကလေးကို ရီဝေဝေ သရုပ်ဖော်ကြည့်သည်။

ပန်းပင်တို့၏ သစ်ရွက်တို့သည် စိမ်းမြနေကြသည်။

ဖော်မွှားပန်း၏ ရနံ့တို့ကလည်း လိပ်ပြာတို့၏ တောင်ပံလှလှအောက်တွင် နွဲ့ညှင်းစီးရှနေသည်။

"ရက္ခဗေဒမျိုးရင်းတော့ သုံးမျိုးရှိတယ်။ တို့မြန်မာနိုင်ငံမှာတော့ 'နှင်းအင်းသပ်ဗားဗတပ်' မျိုးရင်းနဲ့ ပေါက်ရောက်တယ်။ အင်္ဂလိပ်လိုတော့ 'ဆွီဝီလျံ'လို့ခေါ်တယ်"

ဥယျာဉ်မှူးကြီးက ဖော်မွှားပန်းအကြောင်း ရှင်းပြနေခြင်းဖြစ်သည်။ မိုးနေ့က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ဥယျာဉ်မှူးကြီးကိုလည်း ပန်းအကြောင်းနှင့်ပတ်သက်၍ ချီးကျူးမိသည်။ နောက်–

ဥယျာဉ်မှူးကြီးက ကောင်းကင်ကိုလည်း မကြည့်တော့ပါ။ တားလည်း မဆက်တော့ပါ။ ချိုင်းထောက်ကို အားပြုကာ ထော့နင်းထော့နင်းနှင့် ပန်းရုံလမ်းကြားကလေးလည်း တိုးလျှိုးကာ ပျောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်မှူးကြီးပြန်သွားတော့ မိုးနေ့အနားကို နောက်တစ်ယောက်ရောက်လာသည်။ သစ်ခုတ်သမားကြီး ဦးဘတော့ ဖြစ်သည်။ ပခုံးပေါ်က ထင်းစည်းကြီးကို 'ဘုန်း'ခနဲမြည်အောင် ပစ်ချလိုက်ပြီး ခြေဝစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

"ဟေး . . ."

"ဟေး . . ."

"ဟေး . . ."

သစ်ခုတ်သမားကြီး ဦးဘတောက အသံကုန်အော်ဟစ်ပစ်လိုက်သည်။ သူက ထိုသို့အော်ရတာကို နှစ်ခြိုက်သူဖြစ်သည်။ သူ့အသံတွေ ဘယ်သူက ယူသွားသည်။ မသိပါ။ သူ့ဆီသို့ တုံ့ပြန်သံမလာကြ။ ဒါပေမဲ့ သူကျေနပ်သည်။ သူ တစ်စုံတစ်ရာပေးလိုက်ခြင်းက တစ်စုံတစ်ခု ရယူဖို့မဟုတ်တာကို သူ သိထားသည်။

"ကောင်လေး . . . ငါ ဒီလိုအော်လိုက်တော့ ဘာတွေထူးသွားလဲ၊ သိလား"

မိုးနေ့က ဘာမှပြန်မပြော။ ပြန်ဖြေလည်း ကိုယ့်ဆီက အဖြေနှင့် သူ့အတွေးထဲက အဖြေတလွဲဆို ပေးနေဦးမည်။ ဦးဘတောက ဆက်ပြောသည်။

"အသံတွေ ကြားရတာပေါ့ကွ"

သူ့စကားသူ သဘောကျပြီး သူ့ဟာသူ တဟားဟား ရယ်သေး၏။ တော်တော်နှင့် အရယ်မရပ်။ မိုးနေ့က သူ့ကိုကြည့်ပြီး လိုက်ရယ်မိသည်။

"ဒါဆို ဦးကြီး၊ ကျွန်တော် ဒီလိုထိုင်ပြီး မြို့ကလေးကို ကြည့်တော့ ဘာတွေထူးသလဲ"

သစ်ခုတ်သမားဦးဘတောက တော်တော်နှင့် ပြန်မပြော။ ပြောတော့လည်း

"ပြောပါဦးကွ၊ ဘာတွေထူးသလဲ"



မိုးနေ့က ပြုံးလျက် မတ်တတ်ရပ်ကာ အသက်ဝဝရှူလိုက်သည်။ ပန်းရနံ့သင်းခိုလျက်ရှိသော လေပြည်တွေ အတင်းအရင်းဝင်သွားသည်။ ပြီးမှ ပြန်ဖြေသည်။

"ကြည့်မှတော့ မြင်ရတာပေါ့။ ဟေး . . . ဟေး . . ."

သစ်ခုတ်သမားကြီးလည်း မိုးနေ့ကို ကြောင်ကြည့်နေသေးသည်။ ပြီးမှ သဘောကျကာ ဟက်ဟက်ပက်ပက်ရယ်တော့သည်။

"ဟုတ်တာပေါ့ . . . ကြည့်မှတော့ မြင်ပြီပေါ့ကွ။ ဟား . . . ဟား . . . ဟား . . . မင်းကို ငါ အဲဒါတွေ သဘောကျတာ"

သူတို့နှစ်ယောက် ရေတံခွန်၏ ရေစီးသံတေးသွားကို နားထောင်ရင်း တဟားဟား ရယ်ကြသည်။ တော်တော်နှင့် မရပ်ကြပါ။

တော်တော်ကြီးကိုကြာမှ ဦးဘတောက ထင်းစည်းကြီးကို ထမ်းလျက် ပြန်ထွက်သွားတော့သည်။ မိုးနေ့က လှမ်းအော်လိုက်သေးသည်။

"ဦးလေးကြီး . . . အဲဒီလိုသွားတော့ ဘာထူးသလဲ"

သစ်ခုတ်သမားကြီးက မဆိုင်းမတွ ပြန်ဖြေလိုက်သည်။

"သွားမှတော့ ရောက်တာပေါ့။ ဟား . . . ဟား . . . ဟား"

မိုးနေ့လည်း ပြုံးလျက် ဦးဘတော၏ ကျောပြင်ကို ကြည့်ရင်း ကျန်ခဲ့သည်။ ထို့ကြောင့် ကြည့်ရင်း ကျန်ခဲ့သည်။

ခဏကြာမှ မိုးနေ့လည်း တောဆင်းလမ်းအတိုင်း ဆင်းလျှောက်ပြန်ခဲ့သည်။ ညနေ ရောက်ပြီဖြစ်၍ ငှက်များစွာလည်း သိုက်မြုံရင်ခွင်ထဲ ပျံသန်းခဲ့ချေပြီ။ မိုးနေ့လည်း တောင်အောက်မြက်ခင်းစိမ်းလမ်းကလေးသို့ ရောက်လာခဲ့ပြီ။

"ဟင် . . ."

မိုးနေ့ခြေလှမ်းတို့ အမိန့်သံမရှိဘဲ ဆွံ့အသွားသည်။ ဘယ်ဘက်ရင်အုံမှလည်း စစ်ချီတေးတစ်ပုဒ် 'တဒုတ်ဒုတ်' နှင့် သွေးကြွကခုန်နေသည်။

"နွေဦးပါလား"



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါသည်။ နွေဦးက သူ့ရှေ့ခပ်လှမ်းလှမ်းတွင် လက်ကလေးနောက်ပစ်၍ ရပ်နေသည်။ အိမ်နေရင်းဝတ်သည့် ဂါဝန်လွင်လွင်ကလေးနှင့်။

ဆည်းဆာ၏ တစ်ဖက်ကမ်းမှာ မှတ်တမ်းရေးရလောက်အောင် လှပါသည်။ လျှောက်ခဲ့ဖူးသည့် လမ်းများ နွမ်းမောညွတ်ကျကုန်လျက်။ လေပြည်တို့၏ ပကာသနမဲ့ လှိုင်းကြားမှ သူ့ဆံနွယ်တွေပျံ့သန်းလို့။ မဆိုးဘဲရဲနေသည့် နှုတ်ခမ်းတစ်စုံက နှင်းဆီနှင့် စီးချင်းယှဉ်ပွဲသူပမာ။ ဖြူနုနေသော ခြေသလုံးသားအိအိကလေးတွေက လိပ်ပြာတောင်တစ်ဖက်က ရေတံခွန်လေးသို့နှယ်။ ဆွဲ့အစွာ ငေးမိနေသည်။

မိုးနေ့ ထိုခဏတွင် အရာရာကို မေ့သွားသည်။

ငါ သူ့ကို ဘယ်လိုခေါ်ရမလဲဟု ကိုယ့်နှလုံးသားကိုယ် နှစ်ကိုယ်ကြား တီးတိုးပြန်မေးလိုက်သည်။ နှလုံးသားက မဖြေပါ။

"မိုးနေ့ . . . နင် တောင်ပေါ်က ပြန်လာတာလား"

သူမက လက်ကလေးနောက်ပစ်လျက်သား၊ မျက်လုံးအဝိုင်းသားနှင့် လှမ်းမေးသည်။ မိုးနေ့ မှင်သက်နေမိသည့် ကိုယ့်ကိုယ်ကိုယ် သတိပေးကာ လှုပ်နှိုးပြီး သူမထံလျှောက်ခဲ့သည်။

"နင် ဘယ်က ပြန်လာတာလဲ။ နောက်ကျနေပြီ၊ တစ်ယောက်တည်းလား။ ဘယ်သူ့ကို စောင့်နေတာလဲ"

မိုးနေ့က တစ်ခွန်းတည်းနှင့် မေးခွန်းများစွာ မေးလိုက်သည်။

"ငါ ဘာမှမလုပ်ဘူး"

သူမက မေးခွန်းနှင့်မညီသော အဖြေကို မလုံမလဲ ပြန်ပေးရှာသည်။ နောက်ပစ်ထားသောလက်ကိုလည်း မိုးနေ့မမြင်အောင် ပိုကွယ်ထားလိုက်သည်။

မိုးနေ့ ချက်ချင်း သိလိုက်သည်။ သူမ တစ်ခုခု ဖုံးကွယ်ထားသည်ကို။ သူမ သရုပ်ဆောင်မကောင်းသည်ကို မိုးနေ့ သိလိုက်ပါသည်။

"နွေဦး . . . နင့်လက်ထဲက ဘာတွေတုံးဟ"



"ဘာမှမဟုတ်ပါဘူး။ မဟုတ်ဘူး . . . တကယ်"

နွေဦး မျက်လုံးကလေး ဝိုင်းနေအောင်ငြင်းသည်။ သူငြင်းလေ မိုးနေ့က ပိုသိချင်လာလေပေါ့။

"နွေဦး . . . နင့်လက်ထဲမှာ ဘာတွေဖွက်ထားတာလဲ"

"မဖွက်ပါဘူးဟ"

"မဖွက်ရင် ပြလေဟာ"

နွေဦးက မပြ။ လက်ကိုသာ နောက်ပစ်လျက်။ မိုးနေ့ စိုက်ကြည့်တာ ရှေ့တမ်းလှမ်းတိုးလာပြီး

"ပြပါဟ"

"မပြ . . ."

နွေဦး နောက်တစ်လှမ်းဆုတ်ရင်း ပြန်အပြော၊ စကားမဆုံးလိုက်ခင်ပဲ ခလုတ်တိုက်မိ၍ ခြေလှမ်းယိုင်သွားကာ နောက်ပစ်ထားသော လက်တွေလည်း လေထဲ ဆန့်မြောက်မိသွားသည်။ လက်ထဲမှ လွတ်သွားသော ကတ္တီပါ အိတ်ကလေးထဲမှ ခရေပန်းတွေ မြက်စိမ်းလမ်းကလေးပေါ် တဖွဲဖွဲကျသွားသည်။

"ငါ မခူးဘူး။ ငါ မခူးပါဘူး . . . တကယ် . . . ။ ငါ ကြွေလို့ ကောက်လာတာပါ"

မိုးနေ့ဆီက အသံထွက်မလာပါ။ နွေဦး သိသည်။ မိုးနေ့က ပန်းခူးတာမကြိုက်။ ပန်းခူးသူကို သူမုန်းသည်။ နွေဦး ဒါကြောင့် မိုးနေ့ မမြင်အောင် ဖွက်ထားမိခြင်းဖြစ်သည်။ အခု ဒီလိုပန်းတွေကိုတွေ့တော့ မိုးနေ့ ဘယ်လိုဖြစ်သွားမလဲ။ သူ စိတ်ကွက်သွားပြီလား။

မိုးနေ့ကို ကြည့်လိုက်တော့ ခရေပန်းတွေ တစ်ပွင့်ချင်း ပြန်ကောက်၍ ကတ္တီပါအိတ်ရှုံ့ကလေးထဲ ထည့်နေသည်။

"နင်လည်း လာကောက်ဦးလေဟာ။ ငါက တစ်ယောက်တည်း"

မိုးနေ့က သူ့စိတ် မည်သို့မျှမဖြစ်ကြောင်း အသံပေးလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ထိုမှ နွေဦးပါးမို့မို့ကလေးကို ခွက်အောင်ပြုံးလိုက်သည်။ ပြီးမှ သူနဲ့အတူ ခရေကြွေတွေ ဝင်ကောက်ရင်း . . .

"မိုးနေ့ . . ."

"ဟင် . . . ပြော"

"နင် ငါ့ကို စိတ်မဆိုးပါဘူးနော်"

မိုးနေ့က ချက်ချင်းပြန်မဖြေပါ။ မတ်တတ်ရပ် ပုဆိုးဝတ်လိုက်သေးသည်။ ပြီးမှ ခပ်ပြုံးပြုံးနှင့် . . .

"ခုနက ငါ ဘာလုပ်တာလဲ"

"ပုဆိုးဝတ်တာလေ"

"အေး . . . ငါက ပုဆိုးဝတ်တဲ့ ယောက်ျားပါ။ စိတ်ဆိုးတယ်ဆိုတဲ့ အသုံးအနှုန်းမျိုး ငါ့မှာမရှိပါဘူး။ အခုဟာကလည်း စိတ်ဆိုးစရာမှ မဟုတ်တာ။ ပန်းခူးတာမှမဟုတ်တာ ပန်းကောက်တာပဲ။ ပန်းခူးခဲ့ရင်လည်း နင့်လွတ်လပ်ခွင့်နဲ့ နင် ခူးပိုင်ခွင့်ရှိပါတယ်။ ငါ တားပိုင်ခွင့်မရှိပါဘူး။ ပြီးတော့ ငါ့အမေကလည်း ပန်းရောင်းတဲ့သူပဲလေ။ ဒါပေမဲ့ ငါ့အမေကို ငါ မုန်းလို့မှမရတာ။ ပန်းခူးခူး ပန်းချိုးချိုး၊ အမေက အမေပဲလေ။ ငါဖြေသိမ့်တတ်ပါတယ်"

"အင်း . . . နင့်သဘောထားကောင်းတယ်"

နွေဦးရင်ထဲက အသံနှင့် ပြောလိုက်မိပါသည်။

မိုးနေ့ကတော့ ခရေပွင့်တွေ ကောက်လျက် . . .

"ဟာ . . . ဒီခရေပွင့် အရမ်းလှတာပဲ။ တော်တော်လေး ကြီးတယ်"

"ပြစမ်း . . . ပြစမ်း . . ."

နွေဦး ခေါင်းငုံ့နေရာမှ မိုးနေ့ဆီမှ ခရေပွင့်ကို မော့ကြည့်လိုက်သည်။

လှရက်လိုက်လေသည်။ ခရေတွေ သူကိုယ်တိုင် ကောက်ခဲ့တုန်းကတောင် သူမမြင်။ မိုးနေ့လက်ထဲရောက်မှ လှလှပပမြင်မိသည်။



"ဟယ် . . . ဟုတ်ပ လှလိုက်တာ"

ခရေပွင့်ကလေးက စုစုရုံးရုံးကလေး လှနေသည်။ ရနံ့ကလည်း မွှေးလွန်းလှသည်။

"အရမ်းမွှေးတာပဲ"

နွေဦးက ပန်းကလေးကို တဖွဖွနမ်းရင်း တတွတ်တွတ်ပြောသည်။

"သာမန်ခရေပွင့်ထက် နှစ်ဆနီးနီးလောက်လည်း ကြီးနေသေးတယ်ဟ။ နင် ကံကောင်းလို့ရတဲ့ ခရေပဲ"

ပြောရင်းပင် မိုးနေ့ နွေဦး၏ ခေါင်းကို ကြည့်လိုက်သည်။

"နင် ကလစ်ပါလား"

"ဟင် . . ."

"ဆံပင်ညှပ်တဲ့ ကလစ်ပါလား"

"ပါတယ်လေ၊ ခေါင်းပေါ်မှာ ပန်ထားသားပဲ"

"ဒါဆိုရပြီ"

ပြောပြောဆိုဆိုနှင့် မိုးနေ့သည် နွေဦး၏ ခေါင်းပေါ်မှ ဆံညှပ်ကလစ်ကို ဖြုတ်လိုက်သည်။ ဘာလုပ်တာလဲဟု နွေဦးက မော့ကြည့်သော်လည်း မိုးနေ့က သူ့အလုပ် သူလုပ်နေသည်။ နွေဦးလက်ထဲမှ ခရေပွင့်ကလေးကို ယူကာ ကလစ်နှင့် တွဲလိုက်သည်။

"နွေဦး . . . နင် ခေါင်းနည်းနည်းငုံ့လိုက်"

နွေဦးခေါင်းလေးက မိုးနေ့စကားအတိုင်း အလိုလိုနာခံငုံ့လျှိုးသွားသည်။

"အို . . ."

နွေဦး၏ ပါးနုနုကလေး ရှက်သွေးဝင်သွားသည်။

မိုးနေ့က နွေဦးခေါင်းထက်၌ ခရေလှလှလေးတစ်ပွင့်ကို မပြောဆန်ဆန်ပန်ပေးလိုက်ပါသည်။ ပြီးမှ မိုးနေ့လည်း သူပြုလိုက်တဲ့ကိစ္စအတွက် မဝံ့မရဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ ဘာတွေလုပ်မိသွားတာလဲ"

နွေဦး၏နဖူးဆီ အကြည့်လွဲရင်း သူ စိတ်တွင်းမှ ရေရွတ်မိသွားသည်၊

သူတို့နှစ်ယောက် စကားသံတွေ တိတ်ဆိတ်နေကြသည်။ ခရေပွင့်ကလေးများလည်း ငြိမ်သက်နေသည်။ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ကြ။ လေပြည်တို့လည်း ဘာသာမဲ့ကြသည်။ ကိုယ့်ရင်ခွင်နှင့်ကိုယ် အမေးအဖြေ ပြုနေကြသည်။ သူတို့နှစ်ဦး လုလုပပ မေ့ငြိမ်နေကြသည်။ အိမ်ပြန်ချိန်နာရီတို့ကို ခေတ္တမေ့လျော့ထားခဲ့ကြပြီ။ ရှက်ပြုံးတွေက ရှက်လွင့်တိုက်စားနေကြသည်။ နှလုံးသားရှိကြသူကိုယ်စီမို့ တိတ်ဆိတ်ငြိမ်သက်လျက်ပါ။

"အယ် . . ."

ရုတ်တရက် ဝင်လာသော 'အယ်' သံကြီးကြောင့် သူတို့နှစ်ဦး အလန့်တကြား မော့ကြည့်ကြသည်။ တကယ်တော့ မော့ကြည့်စရာပင် မလိုပါ။ မြင့်တိုးက တဟဲဟဲနှင့် သူ့မွေးမြူရေးခြံမှ နွားကြီးတစ်ကောင်ကို ခွစီးလျက် သူတို့နားရောက်နေသည်။

မိုးနေ့နှင့်နွေဦးလည်း လူချင်းနည်းနည်း ခွာလိုက်ကြသည်။ ရင်ခုန်သံ သာသာယာယာကလေးတွေလည်း ပျောက်ဆုံးကုန်တော့သည်။

"အဟေဟေ . . . ခရေပန်းဆိုတာ ကုံးပြီးမှ ပန်ရတာပါကွာ။ သူတို့ကျမှ တစ်ပွင့်တည်းလည်း ပန်လို့။ ဟေ . . . ဟေး . . . "

"မင်းရောက်နေတာ အသံလေး ဘာလေးတောင် မပေးဘူး"

မိုးနေ့ အပြစ်တင်စကားဆိုပေမဲ့ မြင့်တိုးက တဟဲဟဲ ရယ်လျက် . . .

"ငါ အသံပေးလိုက်ရင် ဒီလို ကောင်းခန်းကလေးတွေ လွတ်ကုန်မှာပေါ့ကွ။ ဟဲ . . . ဟဲ . . . ဟုတ်တယ်မို့လား နွေဦး"

"ဘာဟုတ်တာလဲ၊ ဘာမှလာမပြောနဲ့ မသိဘူးဟာ"



နွေဦး ရှက်ရယ်ရယ်လျက် ထွက်ပြေးသွားတော့သည်။

"ဟော့ကောင် . . . ဘာလုပ်နေတာလဲ အမြန်လိုက်သွားလေ"

မြင့်တိုး မြှောက်ပေးမှကြောင်နေသော မိုးနေ့ ဖျတ်ခနဲ သတိရ ဟန်ဖြင့် နွေဦးနောက်သို့ လိုက်သွားတော့သည်။

မြင့်တိုးကတော့ စားမြုံ့ပြန်နေသော နွားကြီးပေါ်မှ မိန့်မိန့်ကြီး ပြုံးလျက် သူတို့ကိုကြည့်ရင်း ကျန်နေခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မိုးနေ့"

"ဟင် . . . ပြော"

"ရှေ့လကျရင် ငါမွေးနေ့ရှိတယ် သိလား"

" . . . . . "

"အဲဒါ သူငယ်ချင်းတွေစုပြီး မုန့်လုပ်စားကြမယ်လေ"

"အင်း . . ."

"ဒါမှမဟုတ် တစ်ဆိုင်ဆိုင်မှာ ငါ လိုက်ကျွေးမယ်လေ"

"ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"

"ငါတို့လိပ်ပြာတောင်ပေါ်မှာ ထမင်းချက်စားကြမယ်လေ"

"ဖြစ်ပါ့မလား နင့်ဥယျာဉ်မှူးကြီးနဲ့"

"ငါပိုင်ပါတယ်"

"ဒါဆိုလည်း ပြီးရော။ ငါ့မွေးနေ့ကျရင် နင် ဘာလက်ဆောင် ပေးမှာလဲ"

"အင်း . . . စဉ်းစားရဦးမှာပေါ့ဟ"

"သြော် . . . အေး . . . အေး . . . "



သူတို့နှစ်ယောက် ရောက်တတ်ရာရာ စကားလေးတွေ ပြောနေမိကြသည်။ သူတို့ အိမ်ပြန်လမ်းတွေက မြန်လွန်းနေသလိုလို။

နွေဦးက သူ့ခြေထောက်ကလေးတွေနှင့် မြက်ရိုင်းပင်ကလေးတွေကို ကန်ဆော့ရင်း လျှောက်လာသည်။

"နင့်ခြေထောက် ငြိမ်ငြိမ်နေပါဟ။ မြက်ပင်တွေမှာလည်း ပန်းကလေးတွေရှိတယ်။ နင်တို့ဒီလို ပေါ့သွမ်းသွမ်းနိုင်တဲ့ ခြေထောက်တွေကြောင့် တချို့ပန်းတွေ ရနံ့ပျောက်ကုန်တာနေမှာ"

"ဘာ . . . ဘာဖြစ်တယ်"

နွေဦးက နားမရှင်းပါ။ ထို့ကြောင့် သူက ဆက်၍ . . .

"ကမ္ဘာ့အနှံ့အပြားမှာ ပေါက်ရောက်ခဲ့တဲ့ အဝါရောင်ပန်းတစ်မျိုးရှိတယ်ဟ။ လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်က အလိုအလျောက် မွှေးရနံ့တွေ ပျောက်သွားတယ်တဲ့။ ထူးဆန်းတာက တစ်ကမ္ဘာလုံးမှာရှိတဲ့ အပင်တွေအားလုံးက ပန်းပွင့်တွေအားလုံးက တစ်ပြိုင်တည်း ရနံ့ပျောက်သွားတာတဲ့"

"ဟယ် . . . ထူးဆန်းလှချည်လား၊ ဘာကြောင့်လဲဟ"

"သေချာတော့ မသိဘူး။ ငါ့အထင် ခုနကလို နင်ခြေထောက်ထမ်းပြီး အပင်တွေကို ကန်နေသလိုမျိုး အကြောင်းမဲ့ သူတစ်ပါးကို ထိခိုက်စေတတ်တဲ့ ခြေထောက်တွေ များလာလို့နေမှာပေါ့"

"ဟွန့် . . ."

မိုးနေ့၏ လိုရာဆွဲပြောသည့်စကားမှ နွေဦး ဟွန်း'ခနဲ စိတ်ရှုပ်သွားစေပါသည်။ မိုးနေ့မှာ သူ့ကို ကြည့်ပြီး ပြုံးနေရသည်။ ခဏလောက်ကြာမှ . . .

"နွေဦး"

"ဘာလဲ"

"နင့်မွေးနေ့ကျရင်လေ"

"အင်း . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဒီလို လမင်းရောင်ဂါဝန်ကလေးပဲ ဝတ်ခဲ့ပါလား"

"လမင်းရောင် ဂါဝန်"

"အင်းလေ . . . နင်အခုဝတ်ထားတဲ့ ဂါဝန်ဝမ်းဆက်ကလေး တိုပြောတာ။ ဖြစ်နိုင်ရင် နင့်မွေးနေ့တိုင်း ဒီလိုဂါဝန်ကလေးပဲ ဝတ်ပါလား"

"ဘာဖြစ်လို့လဲ"

"နင်က ဒီလိုဂါဝန်ကလေးနဲ့ လိုက်တယ်။ ဖြူဖြူဝင်းဝင်းကလေး ဆိုတော့ လသာပန်းကလေးနဲ့လည်း တူတယ်"

"ပါလာပြန်ပြီ ဒီပန်းအကြောင်းတွေ"

"ကဲ . . . ရှေ့မှာလည်း နင့်အိမ်ရောက်ပြီ၊ ငါသွားတော့မယ်"

မိုးနေ့ နှုတ်ဆက်ထွက်ခဲ့သည်။



(၄)

"ဘယ်လို ဘယ်လို နင့်မွေးနေ့ကို လိပ်ပြာတောင်ပေါ်မှာ လုပ်ရလို့ဟုတ်လား"

မို့မို့က အလိုမတူ အသံကြီးနှင့် ပြောသည်။ ဝေဝေလည်း ထိုအတိုင်းပင်။

"ဟုတ်ပ . . . နွေဦးရယ်။ ဒါ မိုးနေ့ပြောလို့ပဲ ဖြစ်ရမယ်"

ဝေဝေက မိုးနေ့မရှိတုန်း အပြစ်ပြောလိုက်သည်။

"ဟာ . . . ဘယ်မှာလုပ်လုပ် စားရရင်ပြီးရော။ ဟုတ်တယ်မို့လား . . . နေသစ်"

"ဟုတ်တယ် . . . Right . . . That right!"

ကျော်ထူးလင်းက ပလုတ်ပလောင်းစားရင်း မိုးနေ့ဘက်က ပြောသည်။ နေသစ်ကလည်း ဘိုလိုမှတ်ရင်း ထောက်ခံသည်။

ထမင်းစားကျောင်းဆင်းတုန်း နွေဦးမွေးနေ့အတွက် တိုင်ပင်နေကြခြင်းဖြစ်သည်။ ဝေဝေက ရေဘူးဖွင့်သောက်ပြီး . . .

www.burmeseclassic.com

"မဖြစ်ဘူးထင်တယ် . . နွေဦးရ။ တောင်ပေါ်မှာ သိတဲ့အတိုင်းပဲ ဥယျာဉ်မှူးကြီးကလည်း ကြောက်စရာ၊ သစ်ခုတ်တဲ့ လူကြီးကလည်း ဖွတာကြီး။ နင် စဉ်းစားပါဦးဟာ"

"ငါ စဉ်းစားပြီးပါပြီ ဝေဝေရယ်။ စိတ်ချပါ"

မို့မို့လည်း စိတ်လျှော့သည့်အသံကြီးနှင့် ဝင်ပြောဖြစ်ပါသေးသည်။

"ဒါဆို ငါလည်း ကျော်ထူးလင်းလိုပဲ ပြောတော့မယ်။ ဘယ်နေရာလုပ်လုပ် စားရရင် ပြီးတာပါပဲဟာ"

"ဒါဆို အိမ်သာထဲ သွားလုပ်ပါလား"

မြင့်တိုးက ဝင်နှောက်သည်။ အားလုံးစားတုန်းသောက်တုန်းမို့ အော့သွားကြသည်။

"အဲ့ဒီကောင်စုတ်ဟာ စားတုန်းသောက်တုန်းကို . . ."

မို့မို့က ဆဲဆိုသည်။ ထိုအချိန် . . .

"တပည့်တို့ . . . စားနေကြပြီလား"

ဆရာကြီးဦးကျော်သက်က အသံပေးရင်း ဝင်လာသည်။ မြန်မာပီပီ မြင်နေပါလျက်နှင့် 'စားနေကြပြီလား' ဟု လေကုန်ခံလောကွတ်စကားဆိုသည်။

"ဟာ . . . ဆရာကြီး၊ ဆရာက စာတုန်းသောက်တုန်းဆို ရောက်ရောက်လာပြီ"

"ဟုတ်ပ . . . ဆရာကြီး နောက်တစ်ခါလာရင် မုန့်လေးဘာလေး ဝယ်ခဲ့ပါဦး။ တပည့်တို့ စားသောက်ပြီး အချိုတည်းရတာပေါ့။ ဆရာက ဆရာဖြစ်ပြီး တပည့်တို့ အလိုက်ကိုမသိဘူး"

ရောက်ရောက်ချင်း စောက်' နှင့်ထွင်းဆိုသလိုပဲ အခုမှရောက်လာသည့် ဆရာကြီးကို ကျော်ထူးလင်းနှင့် မြင့်တိုးက ဆီးကြိုခွပ်'လိုက်ကြ၏။



ဆရာကတော့ သူ့ထုံးစံအတိုင်း တဟားဟားရယ်ရင်း . . .

"ဟား . . . ဟား . . . ဟား . . . ဒီနှစ်ကောင် ငါ့ကို လာချွဲနေတာ သူ့အဖေကျွေးနေတာပဲ။ ဟား . . . ဟား . . . ဟား . . ."

"ဟင်း . . . "

"ချီး . . . အဲဒါကြီးတော့"

ဆရာက ပြန်ခွပ်လိုက်ရာ ကျော်ထူးလင်းနှင့် မြင့်တိုး အီစလံသွားသည်။ သူတို့ထက် နပ်'လို့ပဲ ဆရာဖြစ်နေတာမို့လား။

ဆရာက အခုမှ သူ့တပည့်ကို သတိပြုမိသည်။

"ဒီနေ့ မိုးနေ့ မပါပါလား"

ဆရာက သူ့တပည့်ပျောက်တာကို နွေဦးကိုကြည့်ပြီး မေးဖြစ်သွားသည်။

"ပါပါတယ် ဆရာကြီး။ ကျောင်းအုပ်ဆရာမကြီးက ကဗျာပြိုင်ပွဲမှာ ဆုရတဲ့အကြောင်း ခေါ်ပြောနေလို့ပါ"

"ဟေ . . . ဟုတ်လား။ အေး . . . ငါ့တပည့်ကတော်တယ်ကွ"

ဆရာက မိုးနေ့ကို ချီးကျူးသည်။ မှန်လည်း မှန်သည်။ မိုးနေ့က ဆရာ့ကဗျာတို့၊ စာစီစာကုံးတို့ပြိုင်ရင် အမြဲဆုရလောက်အောင် တော်သည်။ ကျောင်းတွင် ထိုပြိုင်ပွဲတွေနှင့် ပတ်သက်လျှင် မိုးနေ့ကိုသာ အားကိုးရသည်။ ဆရာက နဂိုကမှ သူ့တပည့်ကို အမြဲ ချီးမွမ်းနေသည့်သူ။ အခုလို ကောင်းသတင်းများကြားရင် ချီးကျူးလို့မဆုံးတော့။

"မိုးနေ့က တကယ်တော်တာကွ။ အင်မတန်ရှားပါးတဲ့လူမျိုး"

ဆရာက မပြီးနိုင်အောင် ချီးကျူးနေတော့ ဝေဝေက မနာလိုသည့်အသံနှင့် . . .

"ဒီလောက်မှ ရှားပါးနေရင်လည်း ဆရာရယ်၊ မိုးနေ့ကို ရုံသွင်းထားပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟွန်း . . . ငါ့ကောင်ကို ရှုံသွင်းပြလိုက်လို့ကတော့ နင့်တို့တောင် ခွေးတိုးပေါက်က ခေါင်းလျှိုကြည့်ရတဲ့အဆင့် ဖြစ်သွားမယ်"

နေသစ်က မိန်းမလို မိန်းမရ ပြန်ပက်လိုက်ရာ ကောင်မလေးများအဖွဲ့ မဲ့ရွဲ့သွားကြပြီး သူတို့ ယောကျ်ားလေးများမှာတော့ အောင်နိုင်သူများလို မိန့်မိန့်ကြီးပြုံးလို့။ ဆရာကတော့ ဘယ်သူ့ဘက်မှမလိုက်ဘဲ သူ့စတိုင်လ်အတိုင်း တဟားဟားရယ်ရင်း . . .

"နေသစ်ဆိုတဲ့ကောင်ကတော့ ရုပ်ပြောင်းတဲ့နေရာမှာ နံပါတ်ဝမ်းပဲ။ အဲဒါကြောင့် အွန်စောက ငါ့ကိုကြိုက်တယ်လို့ ပြောတာနေမှာပေါ့။ ဟား . . . ဟား . . . ဟား . . ."

"ဘာ . . . လဲဟ . . ."

"ဘာမှလည်း မဆိုင်ဘူး"

ဆရာက ထိုသို့ ကြုံရင်ကြုံသလို ကိုရီးယားပြည်အထိသွားပြီး အသားယူတတ်သေးသည်။ ထိုသို့ တပည့်တွေနှင့်အပြိုင် ဟာသလုပ်နိုင်တာကိုက ဆရာ့အရည်အချင်းတစ်မျိုး။

"သြော် . . . ဆရာ . . . ရှေ့တစ်ပတ် စနေနေ့ သမီးမွေးနေ့လေ ဆရာ"

"ဟေ . . . မွေးဦးမွေးနေ့လား"

"ဟုတ်တယ် ဆရာ။ အဲဒါ သမီးကို တောင်ပေါ်မှာ ချက်ပြုတ်စားကြမှာ။ ဟို ဆရာ့တပည့် သွားသွားထိုင်နေတဲ့ လိပ်ပြာတောင်ပေါ်မှာ။ အဲဒါ ဆရာလာခဲ့ပါလား"

ဆရာက ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်သည်။ သက်ပြင်းကိုလည်း ခပ်လေးလေးချပြီး မျက်နှာတည်ကြီးနှင့် . . .

"စိတ်မကောင်းဘူး . . . သမီးရယ်။ အဲဒီနေ့ ဆရာလာနိုင်မယ်မထင်ဘူး"

"ဘာဖြစ်လို့လဲ ဆရာ"



အားလုံးက ကရုဏာသက်စွာ ညီတူမေးလိုက်သည်။ ထိုမှ ဆရာက မချိုမချဉ်ရုပ်ကြီးနှင့် . . .

"အဲဒီနေ့ ဆရာ ချစ်သုဝေနဲ့ ချိန်းထားလို့ပါကွ။ ခွင့်လွှတ်ကြပါကွယ်"

"ဟာ . . . ဒီက တကယ်မှတ်လို့"

"အေးလေ . . . "

"ရုပ်တည်ကြီးနဲ့ လုပ်တတ်လိုက်တာ"

အားလုံး ခပ်ညစ်ညစ် ရယ်မိကြပြန်သည်။

ဆရာက အဲဒီလိုလည်း အတည်ပေါက်ကြီးနှင့် နောက်တတ်ပါသေးသည်။ ပြီးမှ ရယ်ရယ်မောမောနှင့် နဂိုပုံစံ ပြန်ပြောပါသည်။

"စတာပါကွာ။ ဒါပေမဲ့ မွေးဦးမွေးနေ့တော့ ဆရာမလာနိုင်ဘူး။ မွေးနေ့လက်ဆောင်တော့ ရောက်အောင် ပို့ပေးလိုက်မယ်"

"ရပါတယ် ဆရာ။ သမီးကလည်း အားနာပါးနာ ခေါ်ကြည့်တာပါ"

"ဟေ . . ."

မွေးဦးကလည်း မလွယ်။ ဆရာ့ကို တွယ်လိုက်သေးတယ်။ ဆရာက စိတ်မဆိုးတဲ့အပြင် တဟားဟား ရယ်မြဲရယ်နေသည်။

"မွေးဦးတောင် စကားတွေတတ်နေပြီပဲ။ ကောင်းတယ်ကွာ။ တပည့်တို့အားလုံး ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နေကြ။ ဘဝကိုလည်း အမြဲတမ်း လေးလေးနက်နက်ဆင်ခြင်ကြ၊ လျှောက်လှမ်းကြ . . . ဟုတ်ပြီလား၊ ကဲ . . . ဆရာသွားမယ်နော်"

"ဟုတ်ကဲ့ . . . ဆရာ"

"ဟုတ် . . . ဆရာ"

ဆရာက စကားအတည်ပြောသော အခါတွင်လည်း သူတို့ ရိုသေစွာ နာခံကြသည်။ ပြီး ဆရာထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ . . . သတိထားသွားနော်။ ကျောင်းထဲမှာ နှာခေါင်းကြီးတဲ့သူတွေ လိုက်ဖမ်းနေတယ်"

မြင့်တိုးက အာကျယ်အာကျယ် လှမ်းအော်လိုက်သေးသည်။

ဆရာကလည်း သူ့စတိုင်လ်အတိုင်း ခပ်လှမ်းလှမ်းရောက်မှ ခေါင်းကြီးပြန်လှည့်လာပြီး . . .

"ဟေ့ . . . စာတွေလည်းကျက်ကြဦးနော်။ စာမေးပွဲက တစ်လတောင် မလိုတော့ဘူး"

ပြောပြီးတော့ သူ့ဟာသူ ကွကွ၊ကွကွနှင့် ဆက်လျှောက်သွားတော့သည်။



စာမေးပွဲက နီးနေပြီမို့ နွေဦးတို့ သူငယ်ချင်းတွေ ကိုယ်စီစာကျက်ကြရသည်။ နွေဦးလည်း ရပြီးသားစာတွေ ပြန်နွှေးနေသည်။

သင်္ချာတွက်ဖို့ သင်္ချာပုံနှိပ်စာအုပ်ထူထူကြီးကို လှန်လိုက်သည်။

"အယ် . . . "

မြင့်တိုးလို ပြီတီတီအသံကြီး မဟုတ်ပါ။

အံ့သြ၍ ထွက်သွားသော အသံတစ်ခုပါ။ သင်္ချာပုံနှိပ်စာအုပ် စာမျက်နှာ (၁၃၆) တွင် ခရေခြောက်ကလေးတစ်ပွင့် ညပ်နေသည်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။ ထိုခရေခြောက်လေးအကြောင်းကို ပြန်တွေးရင် ကောင်လေးတစ်ယောက်အကြောင်းပါ နွေဦးတွေးရလိမ့်မယ်။

ပြန်တွေးရမှာ ရှက်သလိုလို၊ ရင်ခုန်သလိုလို။

မနက်ဖြန် စနေနေ့။ နွေဦးမွေးနေ့။ မွေးနေ့မှာ မိုးနေ့က ဘာပေးမလဲ။ သိချင်နေမိသည်။

မနက်ဖြန် မြန်မြန်ရောက်ပါစေ . . .။

ခရေပွင့်ကလေး နံဘေးထိုင်၍ သူမ ဆုတောင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com

နှင်းခဲတစ်ဆုပ်ပေးပါ။
မြောက်ပြန်လေအေးပေးပါ။
ဆောင်းရာသီ အတုဆိုပေမဲ့
ငါလည်း အေးမြချင်လို့ပါ။

နရီမင်းထက်၏ 'ဗီးနပ်စ်မသိတဲ့ ရည်းစားစာ' မှ . . .



## (၅)

သူဂရုတစိုက် မွှေးကြည့်သည်။ ပန်းကလေးက မွှေးနေသည်။

"ဟင် . . . ဒါနဲ့များ"

သူ အလိုမကျသလို မြည်တွန်သည်။ သူ ညမွှေးပန်းကလေးကို မွှေးကြည့်နေခြင်းဖြစ်သည်။ နေ့ဘက်တွင်လည်း ညမွှေးပန်းကလေးက သင်းထုံမွှေးမြနေပါသည်။ ဒါနှင့်များ ဘာကြောင့် ညမွှေးပန်းဟု ခေါ်ကြတာလဲ။ သူ အတွေးနယ်ချဲ့ နေမိသည်။

"သား . . . မြင်းစာကျွေးပြီးပြီလား"

"ဟုတ်ကဲ့ . . . ကျွေးပြီးပါပြီ"

မိုးနေ့၏ အဖေ ဦးမိုးမြင့်က မြင်းလှည်းထွက်ရမည်ဖြစ်သည်။

"သားရေ . . . ပန်းတွေ ရေစွတ်ထားလိုက်ဦး"

"ဟုတ် . . . ဟုတ် . . ."

မိုးနေ့၏ မိခင် ဒေါ်အေးခင်က ပန်းရောင်းထွက်မည်ဖြစ်သည်။

နွေဦးမွှေးနေ့က ရှိသေးသည်။ ထို့ကြောင့် အိမ်အလုပ်တွေ မြန်မြန်ပြီးအောင်လုပ်ရမည်။

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com

မိုးနေ့ စိတ်ညစ်သွားသည်။ ပန်းတွေကလည်း မစည်းထားရသေး။ ပန်းကောင်းနှင့်အနွမ်းများက ရောထွေးလျက်။ အလုပ်က ပိုရှုပ်ချေတော့မည်။

"သားရေ . . . ပန်းတွေ ဒီအတိုင်းထားလိုက်တော့ အမေ နေမကောင်းချင်သလို ဖြစ်နေတယ်။ ဒီနေ့တော့ ပန်းရောင်းမထွက်တော့ဘူးကွယ်"

မိုးနေ့ မေမေ့အခန်းထဲ ဝင်ခဲ့သည်။ ဒေါ်အေးခင်မှာ ပိန်လှီနေသည်။ စောင်ကြမ်းကြီးကို ရင်ညွန့်အထိဆွဲခြုံရင်း ချောင်းကို ထိန်းပြီးဆိုးနေသည်။

မိုးနေ့ မေမေ့နဖူးကို စမ်းကြည့်သည်။ ကိုယ်ပူတာလိုလို၊ မပူတာလိုလို။ ဒီလိုအိပ်ရာထဲ ခွေခွေနေတာ။ အခုရက်ပိုင်း တော်တော်များလာပြီဟု မိုးနေ့ သတိထားကာ ပြန်တွေးမိသည်။

"ဘယ်လိုနေလို့လဲ အမေ"

"အညောင်းမိတာမျိုးနေမှာပေါ့ . . . သားရယ်။ ဟင်း . . ."

စကားသံနောက်မှာကို ဝေဒနာအတွက်ညည်းသံက ကပ်ထွက်လာသည်။ မိုးနေ့ မျက်နှာမကောင်းပါ။

"ထ . . . ထ . . . ဆေးခန်းသွားမယ်နော် မေမေ"

"နေစမ်းပါ . . . သားရယ်။ သားပဲ စာသွားကျက်။ အမေက ခဏနေ ကောင်းသွားမှာပါ"

"ခဏနေကောင်းမှာ . . . ခဏနေကောင်းမှာနဲ့ ရက်ကြာနေပြီ အမေရ။ လာပါ . . . သား ဆေးခန်းလိုက်ပို့မယ်"

"အို . . . မပို့ရပါဘူး။ သား စာကျက်ချိန်တွေ လျော့ကုန်မယ်။ စာမေးပွဲ နီးနေပြီ။ တခြား ဘာမှ ခေါင်းထဲထည့်မနေနဲ့။ အချိန်မပေးနဲ့ . . . သားရယ်၊ စာကိုပဲ အာရုံစိုက်"

"ဆေးခန်းလိုက်ပြတာ ဘယ်လောက်ကြာမှာမို့လည်း အမေရာ"

ဒေါ်အေးခင်နှင့် ဦးမိုးမြင့်တို့က ကျောင်းပညာအတန်း ကောင်း



ကောင်းမရခဲ့သော်လည်း မိုးနေ့ပညာရေးအပေါ်တော့ အလေးထားလွန်းကြသည်။

ဦးမိုးမြင့်လည်း ချောင်းတဟက်ဟက်နှင့် အနားရောက်လာသည်။ အခုမှ မိုးနေ့ သတိထားမိသည်။ အဖေလည်း ရုပ်ကျလာပြီ။ ညညတွေ ချောင်းအကျယ်ကြီး ဆိုးဆိုးနေသည်ကိုပါ သတိထားမိသည်။

ဦးမိုးမြင့်က . . .

"ကဲ . . . အမေကြီး ထထ ဆေးခန်းသွားမယ်။ သားတော့ လိုက်မပို့နဲ့။ စာကျက်နေခဲ့"

အဖေ လိုက်ပို့မယ်ဆိုမှ အမေကလည်း ထသည်။ ပြီးတော့ လင်မယားနှစ်ယောက် မြင်းလှည်းနှင့် ဆေးခန်းသွားသည်။ ဆေးခန်းသာ သွားတာ ပိုက်ဆံကောရှိရဲ့လားဟု မိုးနေ့ သက်ပြင်းချလျက် တွေးမိသည်။ အမေ ပန်းရောင်းမထွက်တာ ကြာပြီမို့လား။

လူမမာ အမေ့အခန်းကို သန့်ရှင်းရေး လုပ်ပေးနေလိုက်သည်။ အမေ့ဖျာအောက်က အမေသောက်နေကျဆေးတွေ တွေ့သေးသည်။ ဘာဆေးတွေမှန်းမသိ။ ခေါင်းဦးအောက် ရွှေ့ထားလိုက်သည်။

နာရီကို ကြည့်သည်။ နွေဦး မွေးနေ့ပွဲသွားရန် နောက်ကျနေပါပြီ။

ခဏကြာတော့ အဖေနှင့်အမေ ပြန်လာသည်။ အမေမျက်နှာ နည်းနည်း ပြန်လန်းလာသည်ဟု ထင်ရသည်။ သို့သော် အိမ်ရောက်တာနှင့် အခန်းထဲ ဝင်ခွေသည်။

"အဖေ . . . အမေ ဘာဖြစ် . . ."

"မိန်းမရောဂါမျိုးပါ သားရယ်"

"ဩော် . . ."

မိုးနေ့ ထိုရောဂါအကြောင်းတွေကို သိပ်မသိပါ။

"အဖေ . . . သား နွေဦးမွေးနေ့ကို ခဏသွားလိုက်ဦးမယ် အဖေ"



www.burmeseclassic.com

www.burmeseclassic.com

"ယော . . . အေး . . . သွားလေ"

သွားလေပြောပြီး ဦးမိုးမြင့်က မိုးနေ့ကို သေချာကြည့်သေးသည်။

"ဘာကြည့်တာလဲ . . . အဖေရ"

"မင်းစကားပြောတာ ရှက်နေသလားလို့"

"ဗျာ . . . "

"နွေဦးမွေးနေ့ ပွဲသွားဦးမယ်ဆိုတဲ့ စကားပြောရင်း မင်းပါးတွေက ရဲလာသလားလို့"

ဦးမိုးမြင့်က သူ့သားကို မျက်နှာတည်တည်နှင့် 'အစ်' ကြည့်နေခြင်းဖြစ်သည်။ မိုးနေ့ ယောင်ကန်းကန်းနှင့် သူ့ပါးကို သူ့လက်နှင့် အနံ့ပွတ်ပြီး . . .

"ဟုတ်လို့လား . . . သား . . . မရှက် . . . မရှက်ပါဘူး။ ဘာရှက်စရာရှိလို့လဲ"

"ဟား . . . ဟား . . . အေးပါ . . . သွား . . . သွား . . . "

မိုးနေ့ သူ့အဖေစနောက်မှုကြောင့် အခုမှ တကယ်ရှက်လာမိသည်။ အဖေကတော့ မလွယ်။ သူ ခပ်သွက်သွက်လှမ်းရင်း ခြံအပြင်သို့ အထွက် သူတစ်ယောက်နှင့် တိုးသည်။

"မိုးနေ့"

"ဩော် . . . ကိုဇော်မင်းလွင်"

"အေး . . . ဦးလေးနဲ့ အန်တီရှိလို့လား"

"ရှိပါတယ်"

ကိုဇော်မင်းလွင် လက်ထဲတွင် ဝက်ဝံရုပ်အကြီးကြီးကို ပွေ့ကိုင်ထားသည်။

"မင်းကော ဘယ်လိုလဲ အခြေအနေ"

"ဩော် . . . ဟုတ်ကဲ့ ရပါတယ်။ သင်္ချာတော့ နောက်ပိုင်း အခန်းတွေ နည်းနည်းအားနည်းနေလို့ အာရုံစိုက်ကြည့်ရဦးမယ်"



ကိုဇော်မင်းလွင်ဆိုသူသည် ဤမြို့ရှိထူးချွန်သော လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်သည်။ မြို့ထဲရှိ ပန်းများ၊ သစ်သီးများကို ဒိုင်ခံဝယ်ပြီး နီးစပ်ရာမြို့များသို့ ဖြန့်သည်။ ငွေတိုးတွေ ဘာတွေလည်း ချေးယူပေးငှားသေးသည်။ အလှူအတန်းလည်း ရက်ရောသဖြင့် လူပေါင်းဆန့်သည်။ မျက်နှာပွင့်သည်။ ထိုသို့ ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်နေသူဖြစ်၍ အများက အားကျကြသည်။ မိုးနေ့တို့နှင့်လည်း ပြုံးဖော်၊ မေးဖော် လောက်ရင်းနှီးပါသည်။ သို့သော် ယခုအိမ်ကို ဘာလာလုပ်သည်ကိုတော့ မိုးနေ့ ခန့်မှန်းမရ။

အမေများ ငွေတွေချေးထားသေးလားဟု မိုးနေ့ အတွေးဝင်မိသည်။ ကိုဇော်မင်းလွင်က ပြုံးလျက်သာ . . .

"ညီက တော်ပြီးသားပါ။ အခု ကိုယ်မေးတာက ကျောင်းစာဆိုစွ မဟုတ်ပါဘူး။ ကျန်းမာရေးကိုမေးတာ ဘယ်လိုလဲ နေကောင်းလား"

"ကောင်းပါတယ် ဘာဖြစ်လို့လဲ"

ကိုဇော်မင်းလွင်က ခေါင်းခါပြပြီး . . .

"ဘာမှမဖြစ်ပါဘူးကွ။ စာမေးပွဲနီးပြီဆိုတော့ စိုးရိမ်လို့ပါ။ ဒါနဲ့ . . . ရော့ . . . "

လက်ထဲက ဝက်ဝံရုပ်ကြီး မိုးနေ့ဆီ ထိုးပေးသည်။

"ညီ နွေဦးမွေးနေ့သွားမှာမို့လား။ သူ့ကို ကိုယ် လက်ဆောင်လူကြုံပါးလိုက်ချင်လို့"

"ဩော် . . . ရပါတယ် အစ်ကို။ ရပါတယ်"

ကိုဇော်မင်းလွင်က နွေဦးတို့အိမ်နှင့်လည်း အတော်ရင်းနှီးကြောင်း မိုးနေ့ သိထားပြီးဖြစ်သည်။ ထို့နောက် နှုတ်ဆက်ပြီး လိပ်ပြာဆောင်သို့ မိုးနေ့ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ထမင်းအိုးက မကျက်သေးဘူးလား"

"မလောပါနဲ့ . . . နွေဦးရာ။ နှင့်ကောင်တောင် မလာသေးဘူး"

"ဘာ နှင့်ကောင်လဲ"

ဟုတ်တော့ဟုတ်သည်။ မိုးနေ့က မလာသေး။ နွေဦး စိတ်ပျက်လက်ပျက် မျှော်နေမိသည်။ အိမ်မှာတော့ စိတ်ကူးယဉ်လိုက်ရသည်။

သူပေးမဲ့လက်ဆောင်က ကဗျာလေးတစ်ပုဒ်လား?

နတ်သမီးရုပ်ကလေးလား? ချစ်စရာစာအုပ်လေးလား ?

နာရီလေးတစ်လုံးလား? အို . . . နာရီတော့ မပေးပါနဲ့။ နာရီဝယ်ရင် ပိုက်ဆံကုန်မှာပေါ့။ မိုးနေ့တို့က သိပ်အဆင်ပြေတာမဟုတ်ဘူးလို့ ကိုယ့်ဟာကိုယ် စိတ်ကူးယဉ်နေခဲ့ရသည်။

အခုတော့ တခြားစီ။

သည်မှာ သူငယ်ချင်းတွေအားလုံး စုံနေကြပြီ။ ဆရာကြီးဦးကျော်သက် လက်ဆောင်ပေးလိုက်တဲ့ လွယ်အိတ်လေးလည်း ရပြီ။ နေသစ်ကကြွေနဲ့လုပ်ထားတဲ့ စုံတွဲရုပ်ကလေးပေးသည်။ ပြီးတော့ နားနားကပ်ပြီး တီးတိုးပြောသေးသည်။



"အဲဒါ နှင်နဲ့ ဟိုဥစ္စာနဲ့ ပေါ့ဟာ" တဲ့။ သူပြောတဲ့ ဟိုဥစ္စာက ဘယ်သူ့ကို ရွယ်ရည်မှန်း နွေဦးသိပါသည်။ ထို့ကြောင့် နေသစ်ကျောကုန်းတောင် ထုပစ်လိုက်ပါသည်။

မြင့်တိုးက ဆောင်းတွင်းဝတ်ဖို့ဆိုပြီး သူ မွေးမြူရေးခြံကရတဲ့ သိုးမွေးတွေနဲ့ ယက်ထားတဲ့ လက်အိတ်ကလေးပေးသည်။

ဝေဝေက သူတို့ဖိနပ်ဆိုင်က အလှဆုံး ဖိနပ်ဖြူဖြူကလေးတစ်ရန် ယူလာပေးသည်။ ကျော်ထူးလင်းက တစ်မျိုး။ သူ့ပြုံကွဲနေတဲ့ နှုတ်ခမ်းကြီးကိုမှ အားမနာ၊ ပြောသေးသည်။

"ငါ မစားရက်မသောက်ရက် စုထားတဲ့ မုန့်ဖိုးတွေနဲ့ ဝယ်ထားတာနော်"

တဲ့။ ကျေးဇူးတင်ပါသည်။ သူပေးတာက တော်တော်ဈေးကြီးသည့် ဘောလ်ပင်ကလေးတွေ။

မို့မို့လက်ဆောင်ကလည်း လှသည်။ စာအုပ်ကလေးတစ်အုပ်ပါ။ စာအုပ်အဖုံးကို ဖွင့်လိုက်လျှင် တီးလုံးသီချင်းသံကလေးတွေ ကြားရသေးသည်။ လက်ဆောင်လှလှကလေးတွေလည်း စုံနေပါပြီ။ သူကတော့ ရောက်မလာသေးပါ။ နွေဦး နှုတ်ခမ်းထောင့်စွန်းကလေးတွေကို ကိုက်နေမိသည်။ ရင်ထဲမှာလည်း ဘာဖြစ်မှန်းမသိ တဆစ်ဆစ်နှင့်။

"ငါ စိတ်နာချင်လာပြီ မိုးနေ့ရယ်။ သည်နေ့သာ နှင်မလာခဲ့ရင် သည်တောင်ပေါ်က ပန်းတွေ အကုန်ခူးပစ်မိလိမ့်မယ်နော်"

နွေဦးစိတ်ထဲမှာ ပြောမိသည့် စကားတွေပါ။

နွေဦးမျက်ရည်တွေ ဝေ့ဝဲလာသလိုလို။

"နွေဦး . . . နှင်ကလည်း မွေးနေ့ရှင်ဖြစ်ပြီး လှလှပပဝတ်လာတာ မဟုတ်ဘူး။ ဂါဝန်ကြီးနဲ့"

နေ့သစ်က ပြောနေပြီ။

"လှပါတယ်ဟာ။ ဒါ လမင်းရောင် ဂါဝန်လေးဟ"



www.burmeseclassic.com

www.burmeseclassic.com

နွေဦး အဲဒီလိုပြောလိုက်တော့ သူငယ်ချင်းတွေအားလုံးကတောင် ဝိုင်းကြည့်ပစ်လိုက်ကြသည်။

"ဘာ . . . လမင်းရောင် ဂါဝန်ဟုတ်လား"

"ဒီလိုစကားမျိုး မိုးနေ့ပဲ ပြောတတ်မယ်ထင်တာ။ နင်တောင် တတ်နေပြီပဲ"

ကြည့်ပါဦး . . . ။ သူငယ်ချင်းတွေလည်း ဝေဖန်နေကြပြီ။ ဒီ ကတော့ မပျက်မကွက် သူပြောသည့် လမင်းရောင်ဂါဝန်နှင့် စောင့် သည်။ ထမင်းအိုးလည်း ကျက်လို့ နောက်တစ်အိုး တည်တော့မည်။ သူ မလာသေး။

"ဟယ် . . . ပန်းကလေးက လှလိုက်တာ"

"ဟုတ်တယ်နော် ဝေဝေ၊ မီရင် ခူးလိုက်စမ်းပါဟယ်"

မို့မို့နှင့်ဝေဝေ မလှမ်းမကမ်း အပင်ပေါ်က ပန်းကလေးကို လို ချင်တပ်မက်စွာ ပြောကြသည်။ ဝေဝေက ခူးမလို့ လက်ပင်လှမ်းနေပြီ

"မခူးနဲ့"

နွေဦးက တားလိုက်ခြင်းဖြစ်သည်။ ဝေဝေနှင့်မို့မို့လည်း လက် တွန့်သွားသည်။

"မခူးပါနဲ့ကွာ။ မိုးနေ့လာလို့ နင်တို့ အဲဒီလို ပန်းခူးနေတာမြင် ရင် သူ့စိတ်မကြည်မလင် ဖြစ်သွားလိမ့်မယ်။ သူက ပန်းခူးတာကို တော် တော်မကြိုက်ဘူးဟ"

နွေဦးက မိုးနေ့မရောက်သေးလို့ စိတ်ထဲမှ ဝမ်းနည်းနေရာမှ ပြောလိုက်သည်။ ကျော်ထူးလင်းကလည်း နွေဦးစကားကို ထောက်ခံ လိုက်သည်။

"ဟုတ်တယ်ဟ . . . ။ ဒီကောင်က ဘာဇီဇ ထူးပါလာသလဲ တော့မသိဘူး။ ပန်းတွေနဲ့ပတ်သက်ရင် တော်တော်မရဘူး။ သူ့အ ပန်းရောင်းတာတောင် သူက မလွဲသာလို့ မပြောတာ။ မခူးကြပါနဲ့ဟာ"

"အေးပါဟယ် . . . အေးပါ"



"ဟုတ်ပါပြီရှင် မခူးတော့ပါဘူး။ ရပြီလား"

ဝေဝေနှင့်မို့မို့လည်း ရွဲ့တဲ့တဲ့ ကတိပေးလိုက်ကြသည်။

နေသစ်က ဘူးသီးလှီးနေသော မို့မို့ကိုကြည့်ကာ . . .

"မို့မို့ . . . အဲ့ဒီဘူးသီးက ဘာဟင်းချက်မှာလဲ"

"ကြက်သားနဲ့လေဟာ။ ဟို . . . ကာလသားဟင်းချက်မှာ"

"ဟေး . . . ကောင်းတယ်၊ ကောင်းတယ်"

နေသစ်က ထိုသို့ လက်ခုပ်တီးလျက်ပြောတော့ မို့မို့က ဂျိုစောင်း ကြည့်လျက်

"ဘာကောင်းတာလဲ"

"ကာလသားဟင်းဆိုတော့ ငါတို့ပဲ စားရမှာပေါ့။ နင်တို့စား ချင်ရင် ကာလသမီးဟင်း ချက်ကြ။ ဟုတ်တယ်နော် မြင့်တိုး"

မြင့်တိုးကလည်း အမြင်ကတ်ဖွယ်ကောင်းအောင် ပါးစပ်ကြီး ခေါင်းကြီးညိတ်လျက် . . .

"Right . . . All right!"

ဟု ထောက်ခံသည်။ မို့မို့က မြင့်တိုးကို ဘူးသီးလှီးနေသည့် ဓားနှင့်ရွယ်လိုက်ကာ . . .

"ခုတ်ပစ်လိုက်မယ်"

"ဘယ်နေရာလဲ"

"ဘယ်ဖြစ်ဖြစ်ဟာ၊ နင်တို့ယောကျ်ားတွေ လုပ်ပြီးတော့ . . ."

မို့မို့က သူတို့၏ယောကျ်ားဆိုသည့် လူမှုရေးဂုဏ်ပုဒ်ကြီးကို ခေါင်းစဉ်တပ်၍ ပွစိပွစိလုပ်လေသည်။ သူတို့ကတော့ စ'နောက်'ပျော် ရွှင်လို့ပေါ့ဟု နွေဦးတွေးကာ အားငယ်ချင်သလိုဖြစ်လာသည်။

"အယ် . . . ဟိုပန်းကလေးကလည်း လှတာပဲ"

ဝေဝေက အလန့်တကြား ထအယ်'ရင်း ပြောသည်။

သူမပြောသည့် ပန်းကလေးကို အားလုံးကြည့်လိုက်ကြသည်။

"ဟုတ်ပနော် . . . ဘာပန်းလေးလည်း မသိဘူး"

www.burmeseclassic.com

နွေဦးလည်း တအံ့တသြ ကြည့်မိသေးသည်။ အားလုံးလည်း စိတ်ဝင်တစား ကြည့်မိနေလေသည်။ ထိုအချိန်မှာပဲ . . .

"အဲဒါ တံတိုင်းမွှေးပန်းကလေး တစ်ပွင့်ပေါ့"

ဆိုသည့် အသံနှင့်အတူ မိုးနေ့ ရောက်လာပါတော့သည်။ လက်ထဲမှာလည်း ဝက်ဝံရုပ်ကြီးနှင့် သူက တည်တည်ငြိမ်ငြိမ်နှင့် ဆက်ရှင်းပြသေးသည်။

"သူက 'မက်ဂနိုလီယေစီအီး' မျိုးရင်းဝင်လေ"

"ဟုတ်လား"

ကျော်ထူးလင်းက ဘာမှမသိပေမဲ့ တတ်သလိုလို ဝင်ထောက်လိုက်သေးသည်။ မိုးနေ့က ဆက်ပြောသည်။

"အခုမြင်ရတာ 'လော်ရယ်' လို့ခေါ်တဲ့ အမျိုးအစားထဲကပေါ့။ တို့ မြန်မာဥယျာဉ်ခြံတွေမှာ အများဆုံးတွေ့ရတတ်တယ်။ ပွင့်ချပ်ကလေးတွေက ဖယောင်းသားလို နူးညံ့နေတယ်။ မြောက်အမေရိကတိုက်နဲ့ အရှေ့ဖွန်ဖျား ဒေသတွေမှာ မျိုးကွဲပေါင်း (၁၂) မျိုးလောက်ရှိတယ်။ အခုဆိုကမ္ဘာအနှံ့အပြားတိုင်အောင် ကျယ်ပြန့်နေတဲ့ ပန်းအမျိုးအစားတစ်ခုပေါ့။ အင်္ဂလန်က ဥယျာဉ်တွေမှာလည်း တရုတ်ပြည်က မျိုးယူစိုက်ပျိုးလို့ တော်တော်များများ တွေ့နေရပြီတဲ့"

အားလုံးက မိုးနေ့စကားကို စိတ်ဝင်စားလျက် နားထောင်နေကြသည်။ နွေဦးခမျာ သူ့စိတ်ဆိုးဖို့ ဆုထားသည့် နှုတ်ခမ်းတောင် ညောင်းနေရှာသည်။ သူက ကလေးတွေကို စာသင်နေသလို စိတ်ဝင်တစား လက်ဟန်ခြေဟန်နှင့် ရှင်းပြနေသည်။ နားထောင်လို့တော့ကောင်းသည်။ ကြည့်လို့လည်း ကောင်းပါသည်။ သူ့အသံ တည်တည်ငြိမ်ငြိမ်နှင့် ရှင်းပြနေပုံက ခန့်သည်။

"တွေ့လား . . . နင့်ကောင်က ဒီလိုဆိုတော့လည်း ချောသားပဲနော်"



တဲ့။ မိုမိုက မနေနိုင်မထိုင်နိုင် နွေဦးကို ဆွလိုက်ခြင်းဖြစ်သည်။ နွေဦးက ရှက်ရှက်နှင့် မိုမိုကို ဆိတ်ဆွဲပစ်လိုက်ပါသည်။ ဟို . . . ကိုယ်တော်ချောကတော့ ဒါတွေမသိ။

တကယ်တော့ သူပြောမှ သိရမှာလား။ မိုးနေ့ချောတာ နွေဦးအသိဆုံးပင်။ သနားကမားမျက်နှာကလေးနှင့် ခင်ချင်စရာကောင်းသည်။ ယခု နွေဦး မိုးနေ့လက်ထဲက ဝက်ဝံရုပ်ကြီးကို ကြည့်ပြီး ရင်တွေလည်း ခုန်နေပါသည်။ ဒါ သူ့အတွက် မွေးနေ့လက်ဆောင်ပဲဟုလည်း နွေဦးအတပ်ထင်မြင်နေသည်။ သူမုန့်ဖိုးတွေ အကြာကြီး ကြိုစုထားရမှာပဲဟုလည်း ထပ်တွေးမိသေးသည်။

မိုးနေ့ကတော့ ဒါတွေမသိ။ သူသိတဲ့ ပန်းတွေအကြောင်းသာ ဆက်ရှင်းပြနေသည်။

"သူတို့တွေ မျိုးပွားပုံက ပိုလို့တောင် စိတ်ဝင်စားစရာကောင်းသေးတယ်။ ပိုးကောင်ကနေတစ်ဆင့် ဝတ်မှုန်ကူးကြတာပေါ့။ ပိုးကောင်ကလေးတွေက တံတိုင်းမွှေးပွင့်ပေါ်မှာ လာနားရင်ပဲ အဲဒီအပွင့်ကလေးတွေက တံတိုင်းလှောင်ထားလိုက်တယ်။

အဲဒီပိုးကောင်က တခြားပန်းပွင့်တွေဆီက လာရလို့ ဝတ်မှုန်တွေပါလာတယ်။ အဲဒီဝတ်မှုန်တွေကို ပွင့်မဝတ်ဆံကြီးပေါ်မှာ ခါချခဲ့တယ်။ နောက်တစ်နေ့ ပန်းပြန်ပြီပွင့်လာချိန်ကျတော့ ပိုးကောင်ကလေးက ပွင့်ဖိုဝတ်ဆံက ဝတ်မှုန်တွေကို တခြားအပွင့်တစ်ပွင့်ဆီ သယ်သွားပြန်ရော။ အဲဒီလိုမျိုးနဲ့ သူက ဝတ်မှုန်ကူးနေရတာပေါ့"

"သြော် . . . ဒီလိုကိုး"

မိုးနေ့ စကားဆုံးတော့ ကျော်ထူးလင်းက အံ့သြဟန်ဖြင့် မှတ်ချက်ပြုခြင်းဖြစ်သည်။ မိုးနေ့က ဆူပုတ်ပုတ်ဖြစ်နေသည့် နွေဦးကို ပြုံး၍ကြည့်ကာ . . .

"ရော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

ဝက်ဝံရုပ်ကြီး ထိုးပေးလိုက်သည်။ နွေဦးမျက်လုံးတွေ အရောင်တောက်နေသည်။

"နင့်အတွက် မွေးနေ့လက်ဆောင်"

"ငါ့အတွက် . . . "

"အင်း . . . ကိုဇော်မင်းလွင်က ပေးခိုင်းလိုက်တာ"

"ဟင် . . . "

နွေဦးတစ်ကိုယ်လုံး ပျော့ခွေသွားသလို ခံစားလိုက်သည်။

"ငါ ဟိုဘက်ခဏ သွားဦးမယ်။ ခဏပဲပြန်လာမှာ"

မိုးနေ့က အလောတကြီး ထွက်သွားပြန်သည်။

သူမရင်ထဲ အလိုလို မွန်းကြပ်သွားပါသည်။ ရင်ခွင်ကျဉ်းကျဉ်းလေးထဲ နေလုံးကြီးတစ်လုံး ခုန်ဆင်းလာသလို ခံစားနေရသည်။ လက်ထဲမှာတော့ မဆိုင်ချင်သူ၏လက်ဆောင်ကို ပိုက်ထားရသည်။

သူငယ်ချင်းတွေကလည်း ဝက်ဝံရုပ်ကြီးကို ခပ်ကြောင်ကြောင်အနေအထားနှင့် ဝိုင်းကြည့်နေမိကြသည်။ နွေဦး ဖြစ်ပျက်သွားမည့်ခံစားမှု တစ်စွန်းစတစ်စကိုလည်း သူတို့ ချိန်ဆမိကြသည်။

"ဒီကောင် . . . ဘယ်ထွက်သွားပြန်တာလဲကွာ"

မြင့်တိုးက အားမရသံကြီးနှင့် ဝင်ပြောသည်။ မို့မို့ကလည်း ပြောပြန်သည်။

"မိုးနေ့က ဘာလက်ဆောင်မှလည်း ပါမလာဘူးနော်"

မို့မို့စကားကြောင့် နွေဦးအပြင် အားလုံး ငြိမ်ကျသွားသည်။ ဟုတ်ပါသည်။ မိုးနေ့လက်ထဲမှာ ဝက်ဝံရုပ်ကြီး ပေးလိုက်ပြီးတော့ ဘာမှ ထပ်မတွေ့။ သို့သော် နွေဦး ကြေကြေကွဲကွဲ ဖြေသာပါသည်။

"လူရောက်လာတာတောင် တော်သေးတယ် အောက်မေ့"

နွေဦး စိတ်ကထိန်းထားလျက်နှင့် နှုတ်ခမ်းက လွှတ်ခနဲ ညည်းတွားလိုက်မိသေးသည်။ နေသစ်က စိတ်မလျှော့စွာ ဝင်ပြောသည်။



"ဒီကောင် တစ်ခုခုတော့ ယူခဲ့မှာပါဟာ။ သူ နင့်မွေးနေ့အတွက် ဒီအတိုင်း မနေလောက်ပါဘူး"

"အခု သူ ဘယ်ထွက်သွားတာလဲ"

"ဟို ဥယျာဉ်မှူးကြီးရဲ့ ဝါးတဲနေမှာပေါ့"

သူတို့အားလုံး မိုးနေ့ကို နားမလည်စွာ ဝေဖန်နေကြသည်။

"ဟာ . . . ဟိုကောင် ဟိုမှာလာပြီ"

ကျော်ထူးလင်း ညွှန်ပြရာကြည့်လိုက်တော့ လက်နှစ်ဖက်နောက်ပစ်လျက် အေးဆေးစွာ လျှောက်လာသော မိုးနေ့ကို·တွေ့လိုက်ရသည်။

နွေဦးက စိတ်ဆိုးရန် အသင့်အနေအထားဖြင့် နှုတ်ခမ်းက အလိုလို စူမိသွားသည်။ ရင်ထဲတွင်လည်း ဗလောင်ဆူနေတာကို သူမ ဝန်ခံရဦးမည်။ ဒါပေမဲ့ သူမ ကြာကြာ စိတ်ဆိုးနိုင်မည်မထင်ပါ။

မိုးနေ့ လက်နှစ်ဖက် နောက်ပစ်လျက် ပြုံးစေ့ပြုံးစေ့နှင့် သူမကို ကြည့်နေပါသည်။

"ငါ နောက်ကျသွားလို့ တောင်းပန်ပါတယ်ကွာ အားလုံးကို။ . နွေဦး . . . နင့်ကို မွေးနေ့ရှင်ဆိုတော့ ပိုပြီးတောင်းပန်ပါတယ်။ နင် ငါ့ကို ဒေါသထွက်နေမှာပဲနော်"

မိုးနေ့အသံက ရိုကျိုးနေသည်။ နွေဦး ပြုံးချင်သလိုလို။ သို့သော် အားကို ချိုပစ်လိုက်သည်။

"မထွက်ပါဘူး။ နင်မလာဘဲ ဒီမှာ သူငယ်ချင်းတွေ အများကြီးပဲနော်။ ကျွတ်"

သူမက ကျွတ်ခနဲ စုတ်သပ်လျက် ဘာမှမဖြစ်သလို ဟန်ဆောင်လိုက်သေးသည်။ မိုးနေ့ သူမကို စူးစူးစိုက်စိုက် ကြည့်မိပါသည်။

မျက်ဝန်းတို့တွင်သာ ဆွဲအားရှိပါက နွေဦး၏နှလုံးသားကို ဆွဲယူပစ်နိုင်သော အကြည့်ပင်ဖြစ်သည်။ လမင်းရောင်ဂါဝန်ပါးကလေးနှင့် နွေဦးသည် ကပိုကယို နက္ခတ်တို့နှင့်ယှဉ်၍ မွေးဖွားခဲ့သော နတ်သမီးလေးနှယ် ဂန္ထဝင်ဆန်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"နွေဦး . . . "

မိုးနေ့က ခေါ်သည်။ နွေဦးက မထူးပါ။

"နွေဦး . . . "

သူမ မထူးသေးပါ။

"နွေဦး . . . "

သူမ မထူးပါ။ သို့သော် ရင်ခွင်အသီ၏ဆန္ဒအရ မျက်ခွံကလေး လှပ်ကြည့်လိုက်ပါသည်။

"ဟာ . . . လှလိုက်တာကွာ ပက်စက်"

မြင့်တိုးက အော်ကြီးဟစ်ကျယ် အော်ပြောသည်။ မို့မို့ကလည်း မျက်လုံးအပြူးသားနှင့်။

"ဟယ် . . . ဟုတ်ပါရဲ့၊ ခမောက်လေးက ချစ်စရာလေး"

နေသစ်လည်း စကားအနည်းငယ် ထစ်ပေါ့သွားကာ . . .

"ဒါ . . . ဒါ နွေဦးအတွက် မွေးနေ့လက်ဆောင်ပေါ့။ ဟုတ် ဟုတ်လား"

မိုးနေ့ အသာအယာ ခေါင်းညိတ်ပြလိုက်ပါသည်။

နွေဦး ရင်ထဲကအပျော်တွေ ပါးပြင်က သွေးကြောတွေအထိ စီးဆင်းသွားပါသည်။

မိုးနေ့လက်ထဲမှာ . . .

မိုးနေ့လက်ထဲမှာ ခမောက်လှလှကလေးတစ်လုံး။ ဂျုံရိုးဝါဝါ ကလေးများနှင့် စိတ်ရှည်လက်ရှည် ယက်လုပ်ထားသော ခမောက်ကလေး တစ်လုံးဖြစ်သည်။ ဂျုံရိုးခမောက်ကလေးပေါ်တွင် အရောင်အသွေးစုံလှ သော ပန်းကလေးများလည်း ပါရှိကြသည်။

ပန်းကလေးတွေ စီရီစွာ နေရာယူလျက် ရှိကြပုံမှာ တစ်ယောက် ပခုံးတစ်ယောက်ကိုင် တန်းစီထားကြသလိုပင်။ ပြီးတော့ ရှိသေးသည်။ ခရမ်းရောင်ဖဲကြိုး၊ ပန်းရောင် ဖဲကြိုးကလေးများကိုလည်း ထွေးထွေးရှုပ်



ရှုပ် ချည်ငင်ထားသေးသည်။ ပန်းကလေးတွေက ဖားဖားစိုစို၊ ဖဲကြိုး ကလေးတွေက လေပြည်ထဲတွင် ပျံသန်းလျက်။ ပန်းခမောက်ကလေး တစ်လုံး။ မင်းသမီးလေးရဲ့ဦးခေါင်းမှာ အဆောင်းခံဖို့ မျှော်လင့်နေသလို။

"ဒါ ငါ့အတွက်လား"

"အင်း . . . ငါက နင့်ကိုပေးတဲ့ Brithaday Present ပေါ့။ နင့် ကို ပေးဖူးတဲ့ ပထမဆုံးလက်ဆောင်ဆိုရင်လည်း မမှားဘူးပေါ့ဟာ"

နွေဦး ကျေနပ်နေမိသည်။ ကြည်နူးနေပါသည်။ ပျော်ရွှင်လျက် ရှိသည်။ ခုနက စိတ်အခန့်မသင့်တာတွေလည်း လွင့် ဝေးဝေးလွင့်သွား ပါပြီ။

"လာ . . . ခေါင်းငုံ့လိုက်လေ၊ ငါ ဆောင်းပေးကြည့်မယ်"

"အာ . . . နေပါဟာ။ ငါ့ဘာသာ ဆောင်းမှာပေါ့"

သူငယ်ချင်းများရှေ့မို့ နွေဦး ရှက်စိတ်တို့ဖြင့် ငြင်းသည်။ ဒါပေမဲ့ မရပါ။ သူငယ်ချင်းတွေအားလုံးက မိုးနေ့ဘက်က ရာနှုန်းပြည့် ရပ် တည်လျက်။

"နွေဦးကလည်း အဲဒါတွေပဲ၊ ဒီသူငယ်ချင်း အချင်းချင်းကို"

"ရှက်စရာမှမဟုတ်ဘဲ။ နင့်မွေးနေ့ရဲ့ လက်ဆောင်ပဲဟာ"

"ကဲ . . . မင်းသမီးကလည်း ဈေးကိုင်နေပြန်ပြီ။ ဟိုမှာ မင်းသား က လက်ညောင်းလှပြီ"

နေသစ်၏ နောက်ဆုံးစကားကြောင့် မိုးနေ့ပင် ရှက်သွားသည်။ နေသစ်ကတော့ ဘာမှမဖြစ်သလို။

နွေဦးလည်း ရှက်ရှက်နှင့်ပင် ခေါင်းလေးညွှတ်ပေးလိုက်သည်။ မိုးနေ့ကလည်း သူ့ရဲ့ ပန်းလျှံတွေနှင့် ခမောက်ကလေးကို သူမ၏ခေါင်း ထက်တွင် လှလှပပ မဝံ့မရဲ ပန်ဆင်ပေးလိုက်၏။

"အိုး . . . လှတယ် . . . လှတယ်"

"ဟယ် . . . လှလိုက်တာ နွေဦးရယ်"

"ဟုတ်ပ . . . နင်နဲ့ အရမ်းလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဝေဝေနှင့်မိုမိုက အံ့သြတကြီး ပြောရှာသည်။ မြင့်တိုးကလည်း စပ်ဖြီးဖြီးနှင့် ဘာမှမပြောပေမဲ့ တစ်ခုခုပြောချင်နေသည့် ရုပ်ကြီးနှင့်။

နွေဦး နေရခက်လွန်း၍ ခေါင်းငုံ့ထားသည်။ ဒါကို နေသစ်ကပဲ . . .

"တွေ့လား။ နွေဦး ဖီးလ်တက်ပြီး ခေါင်းတောင် မဖော်နိုင်တော့ဘူး"

ထိုစကားကြောင့် နွေဦး ဆွေ့ဆွေ့ခုန်သွား၏။

"ဘာဖီးလ်တက်တို့လဲ။ ငါ့ဘာသာငါ . . ."

"ကဲ . . . တော်ကြပါတော့ဟာ။ မနွေဦးကလေးလည်း လှပါတယ်။ ကျွန်တော်မျိုး ကျော်ထူးလင်းကလေးလည်း ဗိုက်ဆာတော်မူပါပြီ။ ဘယ့်နှယ် . . . ငါတို့ပေးတဲ့ လက်ဆောင်တွေကျတော့ ရှိတယ်လို့ကိုမထင်။ သူ့ကောင်ခမောက်ကျတော့ ဖီးလ်တက်နေလိုက်တာ"

"ကျော်ထူးလင်း . . . နင်နော်"

နွေဦး ရှက်စိတ်တွေမွှန်ပြီး ကျော်ထူးလင်းကို လိုက်ရိုက်ပါတော့သည်။ ကျော်ထူးလင်းကလည်း သူ့ဗိုက်ကြီးကို ပွတ်လျက် 'တဟေးဟေး' ရယ်ရင်း ထွက်ပြေးလေ၏။

သူတို့နှစ်ယောက်ကိုကြည့်ပြီး အားလုံးရယ်ဖြစ်ကြသည်။

ᴥ ᴥ ᴥ



လိပ်ပြာကောင်လေးတို့သည် သူတို့၏ ချစ်စဖွယ်တောင်ပံများကို ခြန့်ကား၍ ဝတ်မှုန်တို့ကြား ပြေးလွှားနေ၏။ ကောင်းကင်ရောင်စဉ်တို့ ကြာလှဲ့လှဲ့ထိုးစိုက်ထားသော ပန်းရောင်စုံခင်းကြီးသည် မြေပြင်မှာပွင့်သည့် သက်တန့်လှလှတစ်မျိုး အသွင်နှင့်။ နွေဦး၏ မွေးနေ့ပွဲကလေးက အခုမှ ရယ်မောသံများနှင့် စိမ်းဆိုလန်းဆန်းသွားသည်။

စားစရာရှိတာများ စားကြသည်။ သစ်ခုတ်သမားကြီး ဦးဘတောနှင့် ဥယျာဉ်မှူးကြီးအတွက်လည်း စားစရာများ သွားပို့ကြသည်။

"ဒီနေရာလေးကို ငါ နာမည်တစ်ခုပေးထားတယ်"

မိုးနေ့က စားသောက်နေရာမှ ခဏနားလိုက်ပြီး အားလုံးစိတ်ဝင်စားမည့် စကားတစ်ခွန်းကို ပြောလိုက်တာပါ။

သူ့စကားကြောင့် အားလုံးစားသောက်နေရာမှ သူ့ဆီ ခဏစိတ်ရောက်သွားသည်။

"ဒီနေရာက လိပ်ပြာတောင်လေကွာ။ မင်းက ဘာထူးထူးခြားခြား နာမည်ပေးချင်သေးတာပဲ"

မြင့်တိုးက ထိုသို့ပြောလိုက်တော့ ဝေဝေကလည်း ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ . . . နင်က ဘာအရစ်ရှည်ချင်ပြန်ပြီလဲ"

မိုးနေ့က မတ်တတ်ထရပ်လိုက်သည်။ အရှေ့ယွန်းယွန်းဆီက ရေတံခွန်၏ ရေစီးသံစိမ်းစိမ်းကို သူတို့ကြားနေရသည်။

"မဟုတ်ဘူး . . . ဝေဝေရဲ့။ ငါအားတဲ့အချိန်တိုင်း ဒီနေရာမှာ ထိုင်နေတတ်တာဟာ အလကားမဟုတ်ဘူး။ သံယောဇဉ်ဆိုတဲ့ မမြင်ရတဲ့ နှောင်တွယ်မှုတစ်ခုကြောင့် ငါအမြဲလာနေမိတာလို့ထင်တယ်။ ဒီတောင်ကုန်းကို ငါဘာလို့ လိပ်ပြာတောင်လို့ နာမည်ပေးတာလည်းဆိုတာကတော့ အားလုံးသိတဲ့အတိုင်း လိပ်ပြာတွေ ပေါပေါများများ ကျက်စားလို့ပေါ့"

မိုးနေ့ ခဏနားပြီးမှ ဆက်ပြောသည်။

"လိပ်ပြာတောင်ဟာ လှသလို ဒီလိပ်ပြာတောင်ထိပ်။ အခုငါတို့ရောက်နေတဲ့ နေရာလေးကလည်း နတ်ဘုံနတ်နန်းတစ်ဆောင်လိုပဲ မဟုတ်လား။ ထားပါ . . . ဒီတောင်ထိပ်က အလှအပတွေကို ရွှတ်ပြမနေတော့ဘူး။ ဒါပေမဲ့ ဒီအလှအပတွေလိုပဲ ငါတို့သူငယ်ချင်းတွေဟာလည်း ဒီမြို့ကလေးမှာ ငယ်စဉ်ကတည်းက ပေါင်းသင်းတည်ရှိခဲ့ကြတဲ့ သူငယ်ချင်းတွေမို့လား"

မိုးနေ့စကားရပ်လိုက်တော့ နေသစ်က ဝင်ထောက်သည်။

"မိုးနေ့ . . . မင်း ဘာကိုပြောချင်တာလဲ"

မိုးနေ့က တစ်ချက်ပြုံးပြီး သူ့စကားကို ဆက်သည်။

"ဒီနေရာလေးဟာ ငါတို့ မကြာခဏ ဆုံစည်းရာနေရာလေးလည်း ဖြစ်တယ်။ နောင်နှစ်ပေါင်းများစွာကြာတဲ့အခါ ဒီနေရာလေးဟာ ပျက်စီးချင် ပျက်စီးသွားလိမ့်မယ်။ ဒါပေမဲ့ ငါ အသက်ရှင်နေသရွေ့တော့ မပျက်စီးစေရဘူး။ နောင်တစ်ချိန်မှာ ဒီနေရာလေးကို သေချာစနစ်ကျလှပတဲ့ ဥယျာဉ်လေးတစ်ခုဖြစ်အောင်လည်း ငါပျိုးထောင်ချင်တယ်။ ဒါ ငါ ရည်ရွယ်ထားတဲ့ စိတ်ကူးပေါ့။ ဒါကြောင့် ငါနဲ့ထပ်တူကျတဲ့ ငါသူငယ်ချင်း မင်းတို့ကလည်း ဒီနေရာလေးကို အမြဲဂရုတစိုက် ရှိနေစေချင်တယ်"



"အဲဒီတော့ . . ."

"အဲဒီတော့ ငါတို့ အမြဲဂရုတစိုက် ပြုစုရမည့် ဒီနေရာလေးကို နာမည်တစ်ခုပေးထားဖို့လိုတယ်"

နွေဦးကလည်း . . .

"အင်း . . . ဘယ်လိုနာမည်ပေးမှာလဲ"

"ငါတို့ ဘယ်နေရာပဲ ရောက်ရောက်။ တစ်ချိန်မှာ ဘယ်လိုပဲ ဝေးကွာသွားကြပါစေ၊ သတိရတဲ့အခါ ဒီနေရာလေးသာ လာခဲ့ကြပေါ့။ ဒီနေရာကလေးဟာ ပန်းမျိုးစုံရဲ့ ဗိမာန်လေးလည်း ဖြစ်တယ်။ ငါတို့ရဲ့ ဆုံဆည်းပျော်ရွှင်အမှတ်ရစရာနေရာလည်း ဖြစ်တယ်။ အဲဒါကြောင့် ဒီလိုမွှေးပျံ့နွေးထွေးတဲ့ နေရာလေးကို နာမည်တစ်ခုပေးမယ်"

"ဒါဆို ပန်းမြို့တော်လို့ ပေးလိုက်ကွာ"

ကျော်ထူးလင်းက အရိုးကိုက်နေရာက ဝင်ပြောခြင်းဖြစ်သည်။ ဝေဝေကတော့ ကျော်ထူးလင်းပေးသည့် နာမည်ကို မထောက်ခံပါ။

"ဘာမှ ပန်းမြို့တော်လို့မပေးနဲ့။ တော်ကြာ ပန်းမြို့တော်ဆိုတာနဲ့ လူတွေလာလာပြီး အပေါ့စွန့်နေဦးမယ်"

ဝေဝေက ခပ်နောက်နောက် အရွှမ်းဖောက်တော့ အားလုံးပြုံးမိသေးသည်။ မိုးနေ့က သူ့စကားကို ဆက်သည်။

"ပန်းမြို့တော်ဆိုတဲ့ နာမည်ကလှပါတယ်။ ဒါပေမဲ့ ဝေဝေပြောသလို ခပ်နောက်နောက် နောက်ချင်စရာကောင်းသလို မြို့တော်ဆိုတဲ့ သဘောကလည်း အေးချမ်းတဲ့ အဓိပ္ပာယ်နည်းပါးစေတယ်။ မြို့တော်ဆိုတာ မွန်းကြပ်မှုတွေနဲ့ အညစ်အကြေးတွေနဲ့ ဗိဇရှိင်းချင်တဲ့ သဘောတွေပါတယ်လို့ ငါ ခံစားရတယ်။ တကယ်တော့ ငါ ဒီနေရာလေးကို နာမည်ပေးချင်တာလည်း ကြာပြီ။ တိုက်တိုက်ဆိုင်ဆိုင် နွေဦးမွေးနေ့လည်းဖြစ်၊ သူငယ်ချင်းတွေ အားလုံးလည်း ဆုံတုန်း ပြောလို့ရပြီပေါ့"

"ကဲ . . . ပြောမှာသာပြောပါ"



www.burmeseclassic.com

www.burmeseclassic.com

မိုးနေ့ စက္ကန့်တချို့ကြာအောင် ငြိမ်သက်လိုက်သည်။ ပြီးမှ . .

"ဒီနေရာလေးရဲ့နာမည်က 'ဝတ်မှုန်ကျေးရွာ' တဲ့"

ထိုနာမည်လေးကြားတော့ အားလုံး တိတ်ဆိတ်သွားသည်။ အရာရာသည် သိမ်မွေ့ဖျော့တော့ သွားကုန်၏။ အားလုံး၏စိတ်၌ ခရမ်းရောင်အလင်းတန်းတစ်ခုကို ကြားလိုက်ရသလို။

"သိပ်ကောင်းတဲ့ နာမည်လေးပဲသူငယ်ချင်း"

မြင့်တိုးလို စပ်ဖြဲဖြဲကောင်ကတောင် တည်ကြည်သောအသံနှင့် ခံစားချီးကျူးလိုက်သည်။ နေသစ်ကလည်း လက်ခုပ်တဖြောင်းဖြောင်း တီးရင်း . . .

"ကောင်းတယ် . . . ဒီနေ့ အရမ်းကျက်သရေရှိတဲ့နေ့ ဖြစ်သွားပြီ။ နွေဦးရဲ့မွေးနေ့လည်း ဖြစ်သလို ငါတို့သူငယ်ချင်းတွေရဲ့ ဆုံရပ် 'ဝတ်မှုန်ကျေးရွာ'လေးရဲ့မွေးနေ့လည်း ဖြစ်တယ်။ ကဲ . . . ဒီနေ့အတွက် သောက် လိုက်စားလိုက်ကြရအောင်။ ဟေး . . ."

"ဟေး . . . ဟေး . . ."

"စားကွ . . . အားမနာနဲ့။ ငါကျွေးတာမဟုတ်ဘူး။ ဟား . . ဟား"

"ဟေး . . . ဟေး . . ."

ကျော်ထူးလင်းက စို့နင့်လာသည့် အသံကြီးနှင့် . . .

"ဒီနေ့ကတော့ ငါ့ဘဝမှာ မှတ်မှတ်ထင်ထင် အရှိဆုံးနေ့ဖြစ်တော့မှာပဲ။ မိုးနေ့ သူငယ်ချင်း . . ."

မိုးနေ့ကို လက်မ လှမ်းထောင်ပြပြီးမှ . . .

"မင်း တော်တယ်။ ကဲ . . . ငါတို့ရဲ့ လိပ်ပြာတောင်ထိပ်က ဝတ်မှုန်ကျေးရွာလေးကို ဂုဏ်ပြုတဲ့အနေနဲ့ ဝတ်မှုန်ကျေးရွာလို့ ပြိုင်တူ အော်ကြမယ်။ ရယ်ဒီ . . . ဝမ်း . . ."

တူး . . . သရီး . . . ဟူ၍ သူတို့ သူငယ်ချင်းတွေ အော်ဟစ်လိုက်ကြတော့၏။



"ဝတ်မှုန်ကျေးရွာ"

"ဝတ်မှုန်ကျေးရွာ"

"ဝတ်မှုန်ကျေးရွာ"

အော်သံကလေးများကြားက နွေဦးက မိုးနေ့ကို ကြည့်လိုက်သည်။ မိုးနေ့ကလည်း ဘယ်အချိန်ကတည်းက ပြန်ကြည့်နေသည်မသိ။

ထိုအကြည့်နှင့် ထိုအသံတို့သည် . . .

နတ်မိုးတိမ်တို့ကို ထွင်းဖောက်၍

ဘုံအဆင့်ဆင့်ကို လွင့်ပျံစီးဆင်းသွားလေတော့သည်။

• • •

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . "

သူတို့၏ အော်သံတွေအနောက် တိုးသဲ့သဲ့ လက်ခုပ်သံတစ်စုံကိုတော့ ဘယ်သူမှမကြားမိချေ။

ဘယ်အချိန်ကတည်းက တိတ်တခိုးကွယ်လျှို၍ ကြည့်နေမှန်းမသိသော ချိုင်းထောက်နှင့် ဥယျာဉ်မှူးကြီး၏ လက်ခုပ်သံဖြစ်သည်။ လက်ခုပ်သံနှင့်အတူ သူ့နှုတ်ခမ်းများသည်လည်း ကြည်နူးစွာ ကောက်ကြောင်းရိပ်များပေါ်လာသည်။ သူ ပြုံးလာခြင်းဖြစ်သည်။

သူ့အပြုံးတွင် သူ့ဘဝ၏အတိတ်များ ဆွတ်ပျံ့ပါဝင်နေဟန်တူသည်။ နာကျင်မှု၊ လွမ်းမောမှု၊ တမ်းတမှု၊ တစ်ခါ ပြန်လိုချင်မှု (သို့သော် ပြန်မရနိုင်မှန်းသိရှိမှု) တို့ဖြင့် ရောပြွန်း ယှက်နွယ်နေသည်။

သူ မျက်ဝန်းထဲတွင်လည်း မြင်ယောင်မှုတွေ ရှုပ်ထွေးနေသည်။ ပုခက်ထဲတွင် ကလေးငယ်၊ တောင်တန်းများ၊ တောင်တန်းနံ့ရံကမ်းပါးတွေမှာ ပေါက်ရောက်နေသည့် ရှားပါးပန်းပွင့်များ၊ နောက် . . . တောင်ပေါ်ကမ်းပါးယံမှ ပြုတ်ကျသွားသော လူတစ်ယောက်၊ မီးတွေ တဟုန်းဟုန်းတောက်၊ မီးတွေ တဟုန်းဟုန်းတောက်။ လဲကျနေသော မိန်းလေး



www.burmeseclassic.com

အော်ငိုနေသော မီးပုခက်ထဲက ကလေးငယ်၊ ဆုံးရှုံးသွားသော ခြေထောက်တစ်ဖက်။ ဒါတင်မက ဆုံးရှုံးသွားသော ပျော်ရွှင်စရာဘဝ၊ မိသားစုဘဝ။ ထို့နောက် . . . ဆုံးရှုံးသွားသော ရှင်သန်ချင်စိတ်များ . . . ၊ . . . ။

. . . . . . . ၊ . . . . . ၊ . . . . . ၊ . . . . . ၊ . . . . . . . . . . . ။

သူ ပူလောင်သော မြင်ယောင်မှုတွေကို အပြင်းအထန် ကြိုးစား၍ ရပ်တန့်သည်။ အံကြိတ်ရပ်တန့်ပစ်သည်။ သူ့ဘဝသာ သူစိုက်ခဲ့သော ပန်းကလေးတွေလောက် လှခဲ့ပါလျှင် . . .



## (၆)

ကိုယ်ကပဲ စိုးရိမ်နေတာကြောင့်လားမသိ။ သည်နေ့ ကျောင်းခန်းကြီးက တိတ်ဆိတ်နေသလို။ နွေဦး ကျောင်းနောက်ကျနေပြီ။ ခြေလှမ်းတို့က တစ်စုံတစ်ခုကို နောက်ကျသူပီပီ ခပ်သွက်သွက်လေးဖြစ်နေသည်။

ကျောင်းကော်ရစ်တာတွေမှာလည်း ဆရာ၊ ဆရာမများမှလွဲ၍ ရှိသည့် ကျောင်းသားတစ်စုံတစ်ဦးမှ မတွေ့ရတော့။ ထိုနေ့က သောကြာနေ့ပါ။ နွေဦးက ကျောင်းနောက်မကျတတ်သူပါ။ အခုလို နောက်ကျတော့ သူမ စိုးရိမ်မိသည်။ စာသင်ခန်းထဲကြည့်လိုက်တော့ ဆရာမ မဝင်သေးပါ။

'တော်သေးတာပေါ့' ဟု စိတ်သက်သာသွားသည့်အနေဖြင့် အိုးအိုးအမ်းအမ်း ပြုံးဖြစ်လိုက်သေးသည်။ သို့သော် အကြည့်တွေက တစ်မျိုးဖြစ်နေသလို။

'ငါ ဘာတွေဖြစ်နေလို့လဲ' ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ရင်း မှိုမှိုဘေးမှာပင် ထိုင်လိုက်သည်။

www.burmeseclassic.com

မိုးနေ့ စားပွဲခုံကိုကြည့်လိုက်တော့ သူလည်း မရောက်သေး သောကြာနေ့ စံပယ်ပန်းပေးရမှာကို သူမေ့နေပြီလား။ လာရင်တော့ စိတ် ကောက်ပစ်ဦးမည်ဟု စိတ်ထဲက ကြိတ်မာန်မဲလိုက်သည်။

နွေဦး နာရီကိုကြည့်လိုက်တော့ နံနက် ကိုးနာရီခွဲတော့မည် ဆရာမလည်း မဝင်သေးပါလား။ ဆရာမ မရှိပေမဲ့ အခန်းထဲက ဆူည် နေခြင်းမရှိ။ တစ်ဦးတစ်ယောက်၏ ချောင်းဟပ်သံမှလွဲ၍။

သည်နေ့ တစ်မျိုးကြီး ဖြစ်နေပါလား။

နွေဦး တခြားခုံစားပွဲတွေဘက်ကြည့်လိုက်တော့လည်း လူ က အသက်ရှိတယ်လို့ မထင်ရအောင် ကြောင်အက်အက်နိုင်၍ နေသည် တစ်ဖက်လှည့်ကြည့်လိုက်တော့ နေသစ်က စားပွဲခုံကို မျက်နှာအပ် မှောက်နေသည်။ နေသစ်ဘေးက ကျော်ထူးလင်းကြီးကျတော့ မျက် တွေမျက်ရစ်တွေ နီလို့။ ကျော်ထူးလင်း အိမ်နှင့် ရန်ဖြစ်လာသလား။

မြင့်တိုးကိုကြည့်တော့လည်း ဘောလ်ပင်တစ်ချောင်းနှင့် စာအု အဖုံးကို အမိပ္ပာယ်မဲ့စွာ ခြစ်နေသည်။ သူတို့ ဘာဖြစ်နေကြတာလဲ။

"ဝေဝေ . . . "

သူမနံဘေးက ဝေဝေ့ကို ခေါ်လိုက်သည်။

"ဟင် . . . နွေဦး"

ဝေဝေကလည်း သူမကို အခုမှ တွေ့ဖူးသူတစ်ယောက်လို ရှ ရွှတ်ရင်းကြည့်သည်။ သူတို့ တစ်ခုခုဖြစ်နေကြတာပါ။ နွေဦး သိ လာသည်။

"ဝေဝေ . . . ပြောလို့၊ ဘာတွေဖြစ်နေကြတာလဲ"

နွေဦး လေသံခပ်ဆတ်ဆတ်နှင့် ပြောပစ်လိုက်သည်။

"အေး . . . ဒါဆို ငါပြောမယ်"

ဝေဝေက ပြောမယ်လုပ်တော့ မိုးမိုးက တစ်စုံတစ်ရာကို တား မြစ်ချင်နေသည့် မျက်လုံးမျိုးနှင့် လှမ်းကြည့်နေသည်။



ထိုအချိန်အတန်းထဲသို့ မြန်မာစာရာ ဦးကျော်သက် ဝင်လာ သည်။ ကျောင်းသားများက နှုတ်ဆက်ရန် ထိုင်ရာမှ ထကြသော်လည်း ဆရာက နှုတ်ဆက်စရာမလိုကြောင်း လက်ပြတားလိုက်သည်။

ဆရာ့မျက်နှာသည်လည်း အေးစက်စက်ဖြစ်နေသည်။ ခါတိုင်း ဟားဟား တဟေးဟေးနှင့် ရွှင်ပျနေတတ်သူ ဆရာကလည်း သည် ဘာဖြစ်တာလဲဟု နွေဦးတွေးမိသည်။ အားလုံးက သူမကို ပဟေဠိ ခုဝှက်ထားနေသလို သူမ တစ်ဖတ်သက် မြင်လာမိသည်။

"ဆရာတို့ . . . လူသားတွေမှ မဟုတ်ဘူး။ အချိန်တန်ရင် အရာမဆို ပျက်သုဉ်းရမှာပဲ မဟုတ်လား။ ဒီမြဲမြဲနေပြီးသား သဘာဝ ကို ဆရာတို့ နားလည်လက်ခံကြဖို့လိုတယ်"

ဆရာက နိဒါန်းမလှစွာ စကားကို စလိုက်ခြင်းဖြစ်သည်။ ဆရာ အဓိပ္ပာယ်နှင့် ပြောမှန်း နွေဦး မသိပါ။ မသိရှာ။ ဆရာက သူ့စကား ဆက်သည်။

"စာမေးပွဲကလည်း ရက်ပိုင်းပဲလိုတော့တယ်။ ကျန်တဲ့သူတွေ ကျန်းမာရေးဂရုစိုက်။ အခု မိုးနေ့လိုမျိုး ဖြစ်သွားရင်လည်း ဘယ် မတတ်နိုင်ဘူး"

"ရှင် . . . မိုးနေ့"

နွေဦး မျက်ဝန်းအဝိုင်းသားနှင့် ရုတ်တရက် တီးတိုးလွှတ်ခနဲ တ်လိုက်မိသည်။ မိုးနေ့ . . . သူ . . . သူ . . . ဘာဖြစ်တာလဲ။ တွေးတွေက ဦးနှောက်ထဲ တရစပ်ဝင်သွားသည်။ နွေဦး ခန္ဓာကိုယ် ခုလုံး ဘယ်အရာနှင့်မှမထိတော့အောင် ကင်းကွာသည်။

"နွေဦး . . . သတိထားလေ"

ဝေဝေက ပခုံးချင်းတိုက်ပြီး နွေဦးကို ထိန်းသည်။ 'ထိန်းထား . . . ထိန်းထားစမ်း' ဟုဆိုကာ ခုံအောက်မှနေ သူမလက်ကို ဆုပ် ကိုင်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ခုံက မိုမိုကလည်း ချာခနဲ ခေါင်းလှည့်လာကာ ခေါင်းအသာ ယမ်းပြသည်။ ဟိုဘက်ခုံက ကျော်ထူးလင်းက သူ့ မျက်ရည် သူထိန်း ထားလျက်သားနှင့် လှမ်းပြောသည်။

"မိုးနေ့ ဘာမှမဖြစ်ဘူး။ မိုးနေ့ ဘာမှမဖြစ်ဘူး"

"ဟုတ်တယ်။ နွေဦး . . . အခုဟာက မိုးနေ့အမေ ဒေါ်လေး အေးခင် ဆုံးသွားတာ။ မိုးနေ့က ရုတ်တရက် စိတ်မထိန်းနိုင်ဖြစ်ပြီး ဆေးရုံ ပို့ထားရတယ်။ ဘာမှမဖြစ်ပါဘူး မိုးနေ့ကောင်းသွားမှာပါ။ နင်သာ ကိုယ့် ကိုယ်ကိုယ် သတိရှိထား"

သူငယ်ချင်းတွေက သူမကို သိုသိုသိပ်သိပ် လှမ်းထိန်းကွပ်ပြော သိမ့်ပေးကြသည်။ အတန်းထဲမှာ လူအများနှင့်မို့ အားလုံး ငိုချင်စိတ်ကို ထိန်းချုပ်နေကြသည်။

နွေဦး အိခနဲ ပါးစပ်ကိုလက်နှင့် လှမ်းပိတ်ပြီး ငိုသံမထွက်အောင် ထိန်းလိုက်သည်။ နွေဦး မယုံနိုင်။ ဒေါ်အေးခင်သည် သူမအပေါ် အဒေါ် ရင်းတစ်ယောက်လို ချစ်ခင်နွေးထွေးသူဖြစ်သလို သူမကလည်း ဒေါ်အေး ခင်အပေါ် ထိုသို့ပင် သံယောဇဉ်တွယ်ခဲ့သူဖြစ်သည်။ မိုးနေ့က သူ့အမေ ကို အရမ်းချစ်တာ နွေဦးသိတယ်။ အခု သူ့အမေ ဒီလိုဖြစ်တော့ သူ လည်း ယုံနိုင်၊ လက်ခံနိုင်မှာမဟုတ်။ အခုလည်း မခံစားနိုင်။ ခံစားချက် ကို မထိန်းနိုင်လို့ ဆေးရုံမှာတဲ့။

ဆရာ သူမတို့ ခုံတန်းဘက်လျှောက်လာသဖြင့် နွေဦး မျက်ခမ်း စပ်မှ မျက်ရည်စကို ဖြစ်သလို သုတ်လိုက်သည်။ အနားရောက်တော့ ဆရာက

"မိုမိုတို့၊ နွေဦးတို့က ကျောင်းဆင်းရင် ဆေးရုံလိုက်သွားကြည့် ကြပေါ့။ မြင့်တိုးတို့က မိုးနေ့အိမ်သွားပြီး အသုဘအပြင်အဆင် သွားကူ ကြ။ အလှူငွေတွေလည်း အခုလိုက်ကောက်လိုက်တော့"

"ဟုတ်ကဲ့ . . . ဆရာ"

"ဟုတ် . . . ဆရာ"



တစ်တန်းလုံး စိတ်မကောင်းဖြစ်နေကြသည်။ အားလုံးက မိုးနေ့ ကို ခင်မင်ကြသည် မဟုတ်လား။ ဆရာဆရာမတွေလည်း မျက်နှာ မကောင်းကြပါ။

နေသစ်က အလှူခံဖလားကြီးနှင့် အလှူငွေ လိုက်ကောက် သည်။

"ကျော်ထူးလင်း . . . မင်းက အရေးမပါကွာ။ ဘာလို့ မျက်ရည် တွေ ဒီလောက်ကျနေတာလဲ။ သူများတွေ နေရခက်အောင်။ ဟီး . . ."

မြင့်တိုးက ကျော်ထူးလင်းကို အပြစ်တင်လိုက်ပေမဲ့ သူ့ကိုယ် တိုင် မျက်ရည်တွေ ဖြိုင်ကျလာသည်။

"ငါ သနားလို့ပါကွာ။ ဒီကောင့်မှာ ချို့ချို့ငဲ့ငဲ့ နေရတဲ့ကြား ထဲ"

"ငါလည်း သနားတာပဲကွ။ ဒါပေမဲ့ . . ."

မြင့်တိုးက ပြောရင်းနှင့်ပင် ဆက်မပြောနိုင်တော့။ ရင်ထဲက မချို [illegible]လာသည်မို့ ဆက်ကိုမပြောနိုင်တော့။

ဝေဝေလည်း ငိုပြီ။ နွေဦးလက်ကို ကျစ်နေအောင် ဆုပ်ကိုင် ထားပြီး မျက်ရည်တွေ ဝေ့နေသည်။ မိုမိုက နီးစပ်ရာခုံများမှ အလှူငွေ လိုက်ကောက်နေသည်။

ဘာကြောင့်များ သူ့ကံကြမ္မာစာရွက်ပေါ် ရာသီမရွေး မိုးသည်း နေရတာလဲ။

ဘုရားသခင် . . . သူ့ခြေလှမ်းတိုင်းမှာ ရှိနေသည့် ဆူးတွေရဲ့ တစ်ဝက်တိတိကို တပည့်တော်မျိုးမ၏ခြေလှမ်းတို့မှာ ခွဲဝေစူးခွင့်ပေးတော် မူပါ။ ခွဲဝေစိုက်ခွင့်ရပါစေသား . . .။

နွေဦး ဆုတောင်းတို့ ချာချာလည်ခဲ့ပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

တစ်စက်ချင်းစီ ပြုတ်ကျနေသည်။ ပုလင်းထဲက ဆေးရည်စက်တွေ တလိမ့်လိမ့်စီးဆင်းကာ မိုးနေ့သွေးကြောထဲသို့ ဝင်သွားကြကုန်သည်။

"မိုးနေ့ . . . သတိရပြီလား၊ ငါတို့လေ . . ."

မြို့လေး၏ဆေးရုံမှာ သူတို့နှင့် ပြည့်နေရှာသည်။

နဂိုကမှ သနားကမား ရုပ်ရည်ကလေးနှင့်သူ။ ယခုတော့ ဖြူဖယ်ဖြူရော် အရိုးပေါ်အရေထပ်ထားသလို မနေ့ကနှင့် မတူလောက်အောင်ပင် ညှိုးငယ်သွားခဲ့သည်။ မိုးနေ့လက်ချောင်းတွေ လှုပ်လာသည်။ နှုတ်ခမ်းသားတွေ ရုန်းလာသည်။

"မိုးနေ့ . . ."

နွေဦး ဖွဖွခေါ်ကြည့်သည်။ မို့မို့က နွေဦးပခုံးကို ဖျစ်၍ ကိုင်ထားသည်။ မိုးနေ့ မျက်ခွံများ လှုပ်တုပ်လှုပ်တုပ် ပွင့်လာသည်။ တဖြည်းဖြည်း။

"နွေဦး . . . နွေဦး . . . လား"

"ဟာ . . . စကားပြောလာပြီဟ"

"နွေဦးလားတဲ့"

မိုးနေ့၏ ညည်းသံကြားလာရသဖြင့် သူတို့ ဝမ်းသာသွားကြသည်။



မိုးနေ့ မျက်လုံးများ ပွင့်လာသည်။ ထဖို့ အားယူသည်။

"မထနဲ့ . . . မထနဲ့ . . . လှဲနေ"

"ဟုတ်တယ် . . .။ ဟုတ်တယ် ငြိမ်ငြိမ်နေ"

သူငယ်ချင်းတွေက ဂရုတစိုက် ပြောကြသည်။

"ငါ စကားပြောချင်တယ်"

မိုးနေ့ အသံကြားတော့ နွေဦးမျက်ရည်လည်လာသည်။ ပါးပြင်ကြွက်သားများကို အသုံးပြု၍ သူ မျက်ရည်သူ ပြန်ထိန်းထားလိုက်သ ည်။

"ပြောလေ . . . ငါတို့ နားထောင်နေတယ်"

"ဖြည်းဖြည်းပြော သူငယ်ချင်း၊ မင်း အားမရှိဘူး"

မိုးနေ့ ခပ်လေးလေး အသက်ရှူလိုက်သည်။ ပြီးလျှင် ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။ ထိုအခါ သက်ပြင်းများ ဖြစ်သွားကြသည်။

"ငါ့အမေ ဆုံးပြီ"

အားလုံးသိပြီးသား သတင်းဆိုးဖြစ်သည်။ အခုလို သက်ဆိုင်သူထံမှ ထပ်ကြားရတော့ သူတို့ ရင်ထဲစို့သွားသည်။

"အင်း . . . ဟုတ်တယ်။ မင်း လက်မခံချင်ပေမဲ့ မင်းလက်ခံနိုင်ပါစေကွာ။ တရားနဲ့ထိန်းကြည့် . . . ဟုတ်လား"

ကျော်ထူးလင်းက ရိုးစင်းသော စကားနှင့်နှစ်သိမ့်သည်။

"မိုးနေ့ရယ် . . . နင် ဒီလောက်မပျော့သင့်ဘူး"

နွေဦးလည်း ထိုစကားမျှလောက်သာ နှုတ်မှထွက်သည်။

"မိုးနေ့ . . . ငါပြောမယ်"

နေသစ်က မိုးနေ့ကို စေ့စေ့ကြည့်ပြီး တည်ကြည်သောစကားကို ဆိုသည်။

"အားတင်းထား၊ ကြားလား။ အားတင်းပြီးတော့ နေထိုင်စမ်းပါ၊ မင်းလုပ်နိုင်ပါတယ် . . . သူငယ်ချင်းရာ။ မင်းမှာ မင်းဖြစ်ချင်တဲ့ ဆန္ဒတွေရှိသေးတယ်လေ။ ပြီးတော့ မင်းအမေဖြစ်ချင်တဲ့ ဆန္ဒတွေလည်း ရှိမှာပဲ။ သွားလေသူ့အတွက် မင်းရှင်သန်ရင်းနဲ့ တာဝန်ကျေစမ်းပါကွာ။



www.burmeseclassic.com

www.burmeseclassic.com

တမလွန်ကနေ မင်းအမေက မင်းကိုစောင့်ကြည့်နေမှာလို့ မင်းမှန်းမြင်ကြည့်စမ်း။ သူ မင်းရဲ့ဒီပုံကိုမြင်ရင် ဘယ်လောက်ခံစားရမှာမလဲ။ အစားထိုးမရတဲ့ ဆုံးရှုံးမှုဆိုတာလည်း ငါနားလည်တယ်။ ဒါပေမဲ့ သတိရခြင်းနဲ့ အစားထိုးပါ။ ကြိုးစားခြင်းနဲ့ အစားထိုးပါ။ ဘဝကို အောင်မြင်စွာ နေထိုင်ပြပြီး မင်းအမေကို ကျေးဇူးဆပ်စမ်းပါကွာ နော် . . ."

နေသစ်စကားအဆုံး အားလုံးက ခေါင်းညိတ်၍ ထောက်ခံကြသည်။

မိုးနေ့ ငြိမ်သွားသည်။

မျက်လုံးလည်း ခဏမှိတ်လိုက်သည်။ ပြီးမှ ပြန်ဖွင့်ပြီး . . .

"မင်း စကားက ကောင်းမွန်ပြီး တန်ဖိုးရှိပါတယ်။ ဒါပေမဲ့ နေ့မြော့ ဖို့ကောင်းတာက နှစ်သိမ့်စကားသပ်သပ်အဖြစ် ငါနားလည်နေတာပဲ"

"မိုးနေ့ရာ"

"ငါ့ကိုပဲ ဆက်ပြောခွင့်ပြောပါ မြင့်တိုး"

မြင့်တိုးပါးစပ် ပိတ်လိုက်သည်။ မိုးနေ့ အားလုံးကို ကြည့်လိုက်သည်။ မို့မို့၊ နေသစ်၊ ဝေဝေ၊ မြင့်တိုး၊ ကျော်ထူးလင်း၊ အားလုံး၏ မျက်နှာကို လိုက်ကြည့်သည်။

နောက်ဆုံးနှင့် အကြာဆုံးအနေဖြင့် နွေဦးကို ကြည့်သည်။ ပြီးမှ . . .

"အားလုံးကို ငါ တစ်ခုပြောချင်တယ်"

အားလုံးက သူ့ကိုကြည့်ကြသည်။ လူနာခုတင်ခေါင်းရင်းဘက် နံရံတွင် အမေရိကန် ဘက်စကတ်ဘောသမား မက်ဂျစ်ဂျွန်ဆင်သည် (HIV)ပိုးရှိလျက်နှင့် ကျန်းမာစွာနေထိုင်ခဲ့သည်မှာ နှစ် (၂၀) ပြည့်ခဲ့ပြီ ဖြစ်ကြောင်း ပိုစတာကို မက်ဂျစ်ဂျွန်ဆင်ပုံနှင့်တကွ ကပ်ထားသည်။ HIV ပိုးရှိသူများအတွက် အားပေးလိုခြင်းဖြစ်ဟန်တူသည်။

"ပြောပါ"

"နင် ပြောကြည့်လေ"



"အေး . . . ပြောမယ်"

မိုးနေ့က အသံခဏရပ်သွားသည်။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခုခု ချလိုက်ပြီးသည့်ဟန်နှင့် . . .

"နင်တို့ ငါ့ကို မေ့လိုက်တော့"

"ဟင် . . ."

"ဘယ်လို"

သူတို့ နားမရှင်းကြပါ။

"မင်းတို့နဲ့ ငါ မပေါင်းချင်တော့ဘူးလို့ ပြောတာ"

မိုးနေ့ လေသံတည်တည်နှင့် ထပ်ပြောလိုက်ခြင်းဖြစ်သည်။

"ဘာလဲကွာ"

"ဟော့ကောင် . . . မင်း ဘာစကားတွေ ပြောနေတာလဲ"

အားလုံး နားမလည်ဖြစ်ကုန်ကြသည်။

"နွေဦး . . . နင်ပြောဦးလေဟာ"

နှုတ်ဆိတ်နေသည့် နွေဦးကိုဝေဝေက လှုံ့ဆော်သည်။

"မိုးနေ့ . . . နင် ဒီလို ဘာလို့ပြောတာလည်း ငါတို့မသိဘူး။ ငါတို့က ဘာလို့ နင့်ကိုမေ့ရမှာလဲ။ ဘာတွေလဲ။ ငါတို့အတူတူ ဒီလိုပဲ ငယ်ငယ်ကတည်းက ပေါင်းလာခဲ့တာပဲ။ နင် ငါတို့နဲ့အတူမရှိဘဲ နေနိုင်လို့လား"

နွေဦး နှုတ်ခမ်းက မပြော။ မျက်ရည်က ပြောနေသည်။

"ငါ နေနိုင်တယ်။ နင်တို့နဲ့ ငါမသိခဲ့သလို ပတ်သက်ခဲ့တာ ရှိသည်း မရှိခဲ့သလို ငါနေနိုင်တယ်။ နင်တို့လည်း နေနိုင်ပေးပါလို့ ငါ တောင်းဆိုတယ်"

"နင့် တောင်းဆိုချက်အတွက် အကြောင်းပြချက်လည်း နင် ပေးဦးလေဟာ။ မိုးနေ့ နင် အဓိပ္ပာယ်မရှိတာတွေ မလုပ်တတ်ပါဘူးဟာ။ နင် ဒီလိုလုပ်တာ အကြောင်းတစ်ခုတော့ ရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရှိတယ်၊ ငါ့အကြောင်းပြချက် ငါတစ်ယောက်တည်း နေချင်တယ်။ နောက်ပြီး မင်းတို့နဲ့ငါက ပေါင်းသာပေါင်းနေရတာ အခြေအနေတွေက အကွာချည်းပဲ။ ဥပမာ–မြင့်တိုးတို့ အိမ်ဆိုရင် မွေးမြူရေး ခြံပိုင်ရှင်၊ အေး . . . ငါ့အဖေဆိုရင် မြင်းလှည်းသမား။ ဒီကောင့်ခြံကထွက်တဲ့ တိရစ္ဆာန်အညစ်အကြေးတွေကိုမှ ငါ့အဖေက မြင်းလှည်းနဲ့တင်ပြီး စိုက်ပျိုးရေးခြံတွေကို သွားပို့ပေးနေရတဲ့ဘဝ။ အကွာကြီးပဲ။ မင်းတို့နဲ့ ငါ့ဘဝ . . ."

"ဟေ့ကောင် . . ."

မြင့်တိုး၏အော်သံက ဆေးရုံလေးကို ဝါးစားပစ်သည်။ သူ့မျက်ခမ်းများ တုန်ယင်လျက် မိုးနေ့ကို ကြည့်သည်။

"ဟား . . . ဟေ့ကောင်၊ မင်း ငါ့ကို အထင်သေးတာလား။ မင်းစကားတွေက ငါတို့ပေါင်းသင်းနေတဲ့ သူငယ်ချင်း အချင်းချင်းရဲ့ မေတ္တာတွေကို ဘလိုင်းကြီး စော်ကားပစ်တာပဲ။ ဘာလဲကွာ . . ."

ကျော်ထူးလင်းက မြင့်တိုးကို ဆွဲထိန်းသည်။ နေ့သစ်က ခေါင်းယမ်းကာ . . .

"မင်းအမေသေတာနဲ့ မင်းကို ငါတို့က မပေါင်းရဘူးဆိုတာကတော့ ဘယ်လိုမှ သဘာဝမကျဘူး။ မင်းမှာ ငါတို့ မသိစေချင်တဲ့ အကြောင်း ပြချက်ရှိရမယ်။ အဲဒီအကြောင်းပြချက်ကိုပဲ ငါတို့ကို ပြောစမ်းပါ"

"ဟုတ်တယ် . . . မိုးနေ့"

မိုးနေ့မျက်ရည်များကို မညစ်ထုတ်သော်လည်း မတားဆီးခဲ့။ ထိုသို့ဖြင့် ပါးပြင်ကို ဖြတ်သန်းလျက် သူတို့ စီးဆင်းကုန်ကြသည်။

"မင်း . . . တို့ . . . မင်းတို့ ငါ့ကို မေ့လိုက်တော့ကွာ"

သွေးကြောတွေပေါက်ထွက်သွားမတတ် အော်ပစ်လိုက်သည်။ သူနာပြုဆရာမတစ်ဦး ပြေးလာသည်။



မိုးနေ့၏ နဖူးချွေးစတချို့ကို သုတ်လိုက်သည်။ သွေးခုန်နှုန်းစမ်းကြည့်သည်။

"လူနာ စိတ်မငြိမ်သေးဘူး။ လူနာအနားယူဖို့ အားလုံး ပြန်ကြရင် ကောင်းမယ်ထင်တယ်"

အားလုံးက နွေဦးကို ကြည့်သည်။ သူတို့အသိထက် နွေဦး၏ ဆုံးဖြတ်ချက်ကို အရေးပေးချင်နေကြသည်။

နွေဦး ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ပါ ဆရာမ။ ဒါနဲ့ လူနာကို ဘာစားစရာတွေကျွေးဖို့ အဆင်ပြေမလဲ ဆရာမ"

"သြော် . . . အဲဒါကတော့ ရပါတယ်။ အားရှိမဲ့ သီးစုံဓာတ်စာတို့၊ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်တွေကတော့ ဒီအချိန်အတွက် အကောင်းဆုံးပါပဲ"

"ကျေးဇူးပါပဲ ဆရာမ၊ ခွင့်ပြုပါဦးဆရာမ"

နွေဦးတို့ ထွက်ခဲ့သည်။ အားလုံး ခေါင်းငိုက်စိုက်လျက်၊ တိုးသက်လျက်။ မိုးနေ့၏ အပြုအမူတွေကို နားမလည်စရာ ပုစ္ဆာတစ်ပုဒ်အဖြစ် ရင်မှာထမ်းပိုးလျက်။

"နွေဦးတို့ပါလား"

ဆေးရုံအထွက်တွင်ဖြစ်သည်။ ကိုဇော်မင်းလွင်နှင့် ထိပ်တိုက်တိုးခြင်းဖြစ်သည်။

"သြော် . . . ကိုဇော်မင်း"

ကိုဇော်မင်းလွင်၏လက်ထဲတွင် ဆေးရုံတက် လူနာသုံးပစ္စည်းများ ပွေ့ပိုက်ထားသည်။ ကိုဇော်မင်းလွင်မှာ နွေဦး မတွေ့ချင်ဆုံးလူဖြစ်ပြီး နွေဦးမှာတော့ ကိုဇော်မင်းလွင် အတွေ့ချင်ဆုံးလူဖြစ်နေချေသည်။

"မိုးနေ့ကို လာကြည့်ကြတာထင်တယ်။ သိပ်စိတ်မပူပါနဲ့။ မိုးနေ့က စိတ်လှုပ်ရှားပြီး အားပြတ်သွားတာမျိုးပါ"

"ကျေးဇူးပါပဲ ကိုဇော်မင်း၊ မိုးနေ့ကို ဂရုစိုက်ပေးတဲ့အတွက်"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် . . . နွေဦးရယ်။ ကိုယ်နဲ့မိုးနေ့ကလည်း ညီအစ်ကိုလို ခင်ပြီးသားပါပဲ။ ဒါနဲ့ ဦးနဲ့ဒေါ်ဒေါ်ကော နေကောင်းကြရဲ့လား"

နွေဦး၏ အဖေနှင့်အမေကို မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ . . . ကောင်းပါတယ် ကိုဇော်မင်း။ ဟိုတစ်နေ့ကတောင် ကိုဇော်မင်းအကြောင်း ပြောနေကြသေးတယ်။ ဒါနဲ့ ကျွန်မတို့ကို ခွင့်ပြုပါဦးနော်"

ဒီအချိန် နွေဦး မည်သူနှင့်မှ စကားမပြောချင်ပါ။

တိတ်ဆိတ်ချင်ခဲ့သည်။

သူတို့အားလုံး ဆေးရုံက ထွက်ခဲ့ကြသည်။ မိုးနေနှင့် ကိုဇော်မင်းလွင်က ဒီလောက်ရင်းနှီးသလားဟုလည်း သူတို့အသီးသီး အတွေးဝင်ကြသေးသည်။သို့သော် ခဏသာ။ ခုနက မိုးနေ့၏ အပြုအမူများအပေါ်တွင် စိတ်က ပြန်ရောက်သွားသည်။

"မိုးနေ့က စိတ်မငြိမ်သေးလို့ပါဟာ"

မို့မို့က အားလုံးကို နှစ်သိမ့်သည်။

ကျော်ထူးလင်းက လမ်းဘေးက မြက်ရိုင်းပင်တစ်ဆုပ်ကို ကံကြမ္မာတစ်ခုလို့ စိတ်မှတ်ပြီး ပြေးကန်လိုက်သည်။

"ဒါပေမဲ့ဟာ . . . "

မပြည့်စုံသော ဝါကျတချို့သာ ထွက်ကျ၍ ဆွံ့အသွားသည်။

ဘာမှထပ်မပြောဖြစ်ကျ၊ တိတ်ဆိတ်၊ ငြိမ်သက်။

နွေဦး ကောင်းကင်အထက်ကို ကြည့်လိုက်သည်။

တိမ်တွေလည်း မျက်နှာမကောင်းပါလား။

သူမ တစ်စုံတစ်ရာသော ဆုတောင်းခြင်းကို တစ်စုံတစ်ဦးမှ မသိအောင် တိုးတိုးကလေး ပြုလိုက်သည်။

. . . . . ။



## (၇)

မိုးနေ့မိခင် ဒေါ်အေးခင်၏ ဈာပနာက မခမ်းနားလှပါ။

မိုးနေ့ ထရံထောင့်မှာ ကျောမှီပြီး ခေါင်းငုံ့ထားသည်။ ကံကြမ္မာကို ရွံ့ရှာချင်လာသည့် သူ့မျက်ဝန်းတွေက မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေလည်း မဲ့နေသလိုလို။ အသုဘဖဲဝိုင်းမှ ဝှက်ဖဲတစ်ချက်လို ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်ရင်း လောကကစားဝိုင်းကို ကျောခိုင်းပစ်လိုက်သည်။

မိုးနေ့၏ ဖခင်ဦးမိုးမြင့်က ဧည့်သည်တွေကို ဧည့်ခံစကားပြောသည်။ လာသူများကလည်း ဝမ်းနည်းကြောင်းပြောသည်။ ဪ . . . အချိန်တန်လို့ပဲမှတ်ယူရမှာပေါ့ဟု သူပြန်ပြောရင်း နှုတ်ဆိတ်လိုက်တာများသည်။

"အဟွတ် . . . ဟွတ် . . . ဟင်း . . . အဟွတ် . . ."

ဦးမိုးမြင့်၏ အမောဖောက်ချောင်းသံကလည်း စိတ်မချမ်းသာစရာ။

နွေဦးတို့မိသားစုလည်း အသုဘသို့ ရောက်လာသည်။

"ကျွန်တော်တို့ စိတ်မကောင်းပါဘူး . . . ကိုမိုးမြင့်ရယ်"

နွေဦးဖခင်က စိတ်မကောင်းကြောင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်ဗျာ . . . အဟွတ် . . . ဟွတ်။ ကျွန်တော် ဘာသာပါ . . . အဟွတ် . . . တရားနဲ့သာ ဖြေနိုင်ပါတယ်"

နွေဦးအဖေနှင့် မိုးနေ့အဖေကလည်း သူစိမ်းများ မဟုတ်ကြ ပါ၊ ခေါ်ခေါ်ပြောပြော ရှိကြပါသည်။

"ခင်ဗျားလည်း ကျန်းမာရေး ဂရုစိုက်ဗျာ။ ဘာမှ အစိုးမရ မို့လား . . . ကိုမိုးမြင့်ရ။ ကိုယ့်အတွက် မဟုတ်တောင် ခင်ဗျားသား မိုးနေ့အတွက် စိုးရိမ်ရမယ်ဗျာ။ ဆယ်တန်းကျောင်းသားတစ်ယောက် အတွက် ဒီလိုပြင်းထန်တဲ့ စိတ်ထိခိုက်မှုမျိုးက အရမ်းအန္တရာယ်များတယ်"

"မှန်တာပေါ့ . . . ကိုတင်ဦးရယ်"

နွေဦးအဖေနာမည်က ဦးတင်ဦးဖြစ်သည်။ ဦးမိုးမြင့်ဆက်ပြော သည်။

"ကျွန်တော့်သားက သူ့အမေကို သိပ်ချစ်တော့ ရုတ်တရက် သူ မခံနိုင် . . . အဟွတ် . . . ဟွတ် . . . အင်း . . . မခံစားနိုင်ဖြစ်နေ ရှာတယ်ဗျာ"

"ဒါနဲ့ မအေးခင်က ဘာရောဂါနဲ့ ဆုံးရတာလဲဗျ"

"ဗျာ . . . သြော် . . . "

ဦးတင်ဦး၏ အမေးမှာ ဦးမိုးမြင့် ခဏငြိမ်သက်သွားသည်။ ထို နောက် ချောင်းတွေ အဆက်မပြတ်ဆိုးလာသည်။

"အဟွတ် . . . အော့"

"ဟာ . . . သွေးစတွေ"

နွေဦး ထွေးခံကို ယူပေးလိုက်သည်။ ဦးမိုးမြင့်လည်း ကျန်းမာ ရေးအတွက် အနုတ်ပြလျက်။

"ကိုမိုးမြင့် . . . ခင်ဗျားလည်း အရက်တွေ ဘာတွေ လျှော့ သောက်။ အခု ခင်ဗျားပုံကလည်း အရိုးနဲ့ အရေခွံလို့ကို မရတော့ဘူး။ ဒီလို ချောင်းဆိုးသွေးအန်တာ ဘယ်လောက်ကြာပြီလဲ"

"အင်း . . . တစ်နှစ်တော့ မရှိသေးဘူး"



"ကြာပြီဗျာ . . . ။ ခင်ဗျား မပေါ့နဲ့ဗျာ။ ကဲ . . . ကဲ . . . မိုးနေ့ကိုနှုတ်ဆက်ရင် သွားနှုတ်ဆက်ချေ။ ပြီးရင် ပြန်ကြမယ်"

နွေဦး ဖေဖေ့ခွင့်ပြုချက်မရခင်ကပင် မိုးနေ့ကို ရှာဖွေနေခဲ့သည်။ ထက်ထိ မတွေ့ရှိ။

"ဦး . . . မိုးနေ့က ဘယ်မှာလဲ"

"ခုနကတော့ ဒီထရံထောင့်မှာ ထိုင်နေတာပဲ။ ဘယ်ထွက်သွား ပါသိမ့်ကွာ"

နွေဦး သိပါပြီ။ မိုးနေ့ သူမကိုရှောင်နေမှန်း တွေ့ချင်စိတ်ကို ။ သူမသိအောင် ငိုရတော့မည်လား။

"နေပါစေ . . . ဦးရယ်။ သမီးတို့ လာသွားတယ်ဆိုတာပဲ သူ သိအောင် ပြောပေးပါ"

"အေးကွယ် . . . ကဲ . . . ကိုတင်ဦး သတိထားပြန်ဗျာ . . . အဟွတ်"

နွေဦး ဖေဖေ့လက်ကိုတွဲကာ အိမ်ထဲက ထွက်ခဲ့သည်။ အသုဘ ဗဲဝိုင်းသံနှင့် စည်ကားဆဲ။ မြေနီလမ်းအတိုင်း လမ်းလျှောက်ပြန်ခဲ့ ကြသည်။

နွေဦး လက်ကလေးလှုပ်ယမ်းလျက် ပြန်တော့မည်ဖြစ်ကြောင်း နှုတ်ဆက်လိုက်သည်။ သူမ မသိသော တစ်နေရာကနေ မိုးနေ့ ကြည့် နေမည်ဟု သူမ ယုံကြည်သည်။

နွေဦး တွက်ဆချက်မှန်ပါသည်။ သစ်ပင်အိုကြီး၏ နောက်မှာ မိုးနေ့ ရီဝေစွာပုန်းခိုလျက် သူမ၏ အပြန်လမ်းကို ကြည့်နေသည်။

ပုံရိပ်တွေ တသိမ့်သိမ့်ဝေး . . . ကွာ . . . ။

နှင်သိလား နွေဦး . . .

ငါတို့တွေ ဒီထက်ပိုဝေးရဦးမှာ။



www.burmeseclassic.com

www.burmeseclassic.com

နေ့စွဲတွေရဲ့ ထိပ်မှာတစ်ဖတ်မြော
မျက်နှာကြက်တွေထာ မျက်နှာပျက်နေခဲ့
ငါလည်း လာခဲ့
နင်လည်း စောင့်နေလျှက်နဲ့
ရထားဟာ ရှတ်ပြတ်တောထဲ
ခုတ်မောင်းဝေးတွာခဲ့ . . . ။



လဝန်းက ပြာရိပ်ရိပ်ဝေနေသည်။

တချို့က လထဲမှအရိပ်ကို ဆန်ဖွပ်သည့်အဘိုးအိုနှင့် ရွှေယုန်တဲ့။

တချို့က ရေသူမလေးတဲ့။

သူ့အတွက်တော့ လထဲမှအရိပ်သည် မေမေ။

သည်လိုပဲ ဖေဖေလည်း ထင်လိမ့်မလားဟု ဘေးကိုကြည့်တော့ အဖေ့မျက်ဝန်းများသည်လည်း လမင်းဆီ မျှော်ရည်အေးစက်လျက်။

အိမ်ရှေ့မြေကွက်လပ်တွင် သူတို့သားအဖ ထိုင်နေကြသည်။ အဖေ လမင်းကို မငေးတော့ဘဲ သူ့ပခုံးကိုထွေးဖက်ကာ . . .

"တောင်းပန်ပါတယ် . . . သားရယ်။ မင်း ဖေဖေတို့ဘဝထဲ ရောက်လာတာ ကံကောင်းမလိုနဲ့ ကံဆိုးခဲ့တာပဲ"

"အဲဒီလို ဘာဖြစ်လို့တွေးရတာလဲ အဖေရာ"

ဦးမိုးမြင့် လေးလံစွာခေါင်းခါသည်။

"သားမသိတာတွေ ဒီလောကမှာ အများကြီးသားရဲ့"

" . . . . . "

"အင်း . . . အဖေသိတာတွေလည်း နည်းနည်းလေးပါပဲ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com

" . . . . . "

အဖေ၏ စကားတွေ အတန်ငယ်ထူးဆန်းနေသော်လည်း မိုး
ဘာမှပြန်မမေးမိ။ သည်လိုပဲ လူတွေဟာ သူတို့ရဲ့ အနီးကပ်ဆုံး အလို
ဆုံးလူတစ်ယောက် လစ်လပ်ဆုံးရှုံးသွားသောအခါ ကယောင်ကတ
စကားတွေ ပြောတတ်ပါလား။ တစ်မိုးလုံးကို ဘယ်သောအခါမှ နား
နိုင်စွမ်းတော့မည် မဟုတ်သော ပုဏ္ဏာအက္ခရာကြီးတစ်ခုကဲ့သို့ သိမ်
ကြောက်လန့်စွာ မော့ကြည့်နေတတ်ပါသလား။

လေသင့်သောအခါ မေမေနောက်ဆုံးရောင်းခဲ့သော ပန်း
လေးထဲမှ ခြောက်သွေ့သွားပြီဖြစ်သော ပန်းများ၏ရနံ့က ပျံ့လွင့်
၏။ စံပယ်နံ့မွှေးသည်။ မေမေက စံပယ်ပွင့်များကို ကြိုက်သည်။
လည်း . . .။

"အဟွတ် . . . ဟွတ် . . . ဟွတ် . . ."

ဦးမိုးမြင့်၏ချောင်းသံကြီးက ရှည်လျားလွန်းလှသည်။ သူ
နှိပ်ပေး၊ ရင်ဘတ်ဖိပေးလုပ်မှ နည်းနည်းသက်သာသွားသည်။

"အိမ်ထဲဝင်ရအောင် . . . သားရယ်။ လေတွေ အရမ်းတိုး
လာပြီ"

ဖေဖေ့ကိုထူကာ ရပ်လိုက်ပြီး အိမ်ထဲဝင်ရန် ခြေလှမ်းအပြင်
ဖေဖေက တုံ့ခနဲ တစ်ခုခုကိုသတိရသလို မလျှောက်ဘဲ ရပ်လိုက်
သည်။

"ဖေ့ဖေ့ကို ကတိပေးစမ်းသား။ ဘယ်လိုအဆိုးတွေပဲ ထပ်
တွေ့ ဘဝကို ကြံ့ကြံ့ရင်ဆိုင်မယ်။ ဆယ်တန်းစာမေးပွဲကိုလည်း ကော
ကောင်း ဖြေမယ်လို့"

မိုးနေ့ ဘာကြောင့်မှန်းမသိ။ တန်းမဖြေမိဘဲ ဖေဖေ့ကို ကြော
ကြည့်နေမိသေးသည်။

"ဖေဖေ့ကို ကတိရဲရဲပေးစမ်းကွာ"

"ဟုတ် . . . သား ကတိပေးပါတယ် အဖေ"



ထိုအခါမှ ဖေဖေက ပြုံးသည်။

"ဝင်ရအောင် . . . သားရယ်"

ဟုဆိုကာ သူ့ပခုံးကို ထွေးဖက်လိုက်သည်။ ပြီးနောက် သူ
အိမ်ထဲသို့ ဝင်ကြလေသည်။

ㅈ ㅈ ㅈ



www.burmeseclassic.com

www.burmeseclassic.com

## (၈)

မိုးနေ့ ကျောင်းပြန်တက်ပြီ။ သူတစ်ယောက်တည်း နောက်ဆုံးခုံမှာ သွားထိုင်သည်။ ခါတိုင်းလို နေသစ်နှင့်လည်း တွဲမထိုင်တော့။

ဘယ်သူနှင့်မှလည်း စကားမပြော။ ခပ်ပေါပေါ သချ်ာတစ်ပုဒ်မှာ သူ့အာရုံကို မျှောထားသည်။ မြင့်တိုးက ရအောင်ခေါ်မည်ဟု အားလုံးကို ပြောလိုက်ပြီး မိုးနေ့ရှိရာခုံသို့ သွားသည်။

"အံမယ် . . . ရုပ်က တည်လှချည်လား။ လာပါကွာ . . . နေသစ်နဲ့လာထိုင်။ နေသစ်က မင်းမရှိရင် ဖင်ယားသလိုလို ခေါင်းကိုက်သလိုလို ဖြစ်တတ်လို့ ကိုကိုမိုးနေ့ကို ခေါ်ပေးပါဆိုလို့ လာခေါ်တာပါ ခင်ဗျာ . . . နော် . . . လာပါကွာ . . . မင်းသားကလည်း မူနေပြန်ပြီ ဖွတ်"

မြင့်တိုးက မိုးနေ့ကို ပခုံးပုတ်ပြီး ပြောလိုက်စဉ် . . .

"ဝုန်း"

မြင့်တိုး စာသင်ခုံတွေကြား လွင့်စင်ပက်လက်လဲကျသွားသည်။

မိုးနေ့၏ ရုတ်တရက် တွန်းလိုက်တာကို ခံလိုက်ရသည်။ မြင့်တိုး အံ့သြစွာငေးလျက် . . .



"မင်း . . . ငါ့အသားကို ထိစရာအကြောင်းမရှိဘူး"

မိုးနေ့၏စကားသံက မာဆတ်လှသည်။ သူ့လွယ်အိတ်စုတ်အလေးကိုဆွဲယူပြီး အခန်းထဲက ထွက်ဖို့ပြင်လိုက်သည်။ သို့သော် . . .

"ဟော့ကောင် . . . မင်းနေဦး"

ခါးသက်သော တားမြစ်သံကို ကြားလိုက်ရသည်။

နေသစ်အသံမှန်း မိုးသစ်သိနေသည်။ မိုးနေ့ လှည့်မကြည့်။ ဒါပေမဲ့ နေသစ်စကားလုံးတွေကတော့ လည်ပတ်ပြီး သူ့နားထဲရောက်လာသည်။

"မင်းက ဘာလဲကွာ။ မင်း ခံစားနာကျင်ရတာတွေကို နားလည်ပေမဲ့ ဒီလို အောက်ကျို့ကျိစားလာတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အပြုအမူကို မင်း ဒီလိုဆက်ဆံရလောက်အောင်တော့ မရိုင်းသင့်ဘူး"

နေသစ်စကားက မိုးနေ့ အရိုက်ကို ဓားမြှောင်တစ်ချောင်းနှင့် ထိုးစိုက်လိုက်သလို နာကျင်စေသည်။ နွေဦးက အင်္ဂလိပ်စာပုံနှိပ်စာအုပ်ကို မျက်နှာအုပ်လျက် စာဖတ်သလို ကျက်သလို ဟန်ဆောင်လျက် ဆားရွှက်နေသည်။ သူမ ဝင်မပါရဲ၊ မခံစားရဲ။

"ဟုတ်တယ် . . . ငါ မိုက်ရိုင်းတယ်။ မိုက်ရိုင်းတဲ့ကောင်နဲ့ မင်းတို့နဲ့ ပေါင်းစရာ အကြောင်းမရှိတော့ဘူးမို့လား။ မင်းတို့လို သိပ်ဆဉ်ကျေးသန့်စင်နေတဲ့ကောင်တွေ ငါနဲ့ပြိုင်ပြီး မညစ်နွမ်းချင်ပါနဲ့"

မိုးနေ့သူ့စကားကို နိဂုံးချုပ်ပြီး စာသင်ခန်းထဲက ထွက်ခဲ့သည်။ နံနက်အတော်စောသေးသောအချိန်မို့ အခန်းထဲ သူတို့ သူငယ်ချင်းတစ်ဖွဲ့ ရောက်သာ ရှိသေးသည်။

မိုးနေ့ ဦးတည်ရာမဲ့ ထွက်လာခဲ့သည်။ ဒါပေမဲ့ သူ့ခြေလှမ်းတွေက လိပ်ပြာတောင်ထိပ်က 'ဝတ်မှုန်ကျေးရွာ' ဆီ။

သူထိုင်နေကျ တောင်စွန်းနားက ချယ်ရီပင်အိုအောက်တွင် လွယ်အိတ်တခြား လူတခြားပစ်လှဲလိုက်သည်။

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com

သူ အားရပါးရ၊ ဝမ်းသာအားရ၊ ဝမ်းနည်းပက်လက်၊ အော်ဟစ်ပစ်လိုက်သည်။ အော်တော့ ဘာဖြစ်လဲ။ ကိုယ့်မေးခွန်းကိုယ် အဖြေမဲ့ခဲ့သည်။ 'အော်မှတော့ ကြားရတာပေါ့လေ' ဟု သစ်ခုတ်သမားကြီး ဦးဘတော၏သီအိုရီကို အသုံးချ၍ ဖြေသိမ့်လိုက်သည်။

ဟိုးမှာ . . . စံကားပန်းတို့ ငုံနေပြီ။

သူတို့က မက်ဂနိုလီအေ စီအီးမျိုးရင်းတွင် ပါသည်။ ရက္ခဗေ၏အမည်မှာ မိုက်ကယ်လီယာမ်ပါကာ။ အမြင့်ပေ (၈၀) ၊ အလွန်မွှေးသည်။ တောင်အမေရိကတိုက်က မြစ်ဖျားခံခဲ့သည်။ အကိုင်းအခက်တို့၌ လိမ္မော်ရောင်အပွင့်များပွင့်၊ အခက်တွေမှာ အရွက်မရှိ။

ဒါတွေကို သူ ကျမ်းတစ်စောင်လို ကျေညက်ခဲ့ပြီ။ သို့သော် လောကကြီး၏ လှည့်ကွက်တွေကို သူ မသိနိုင်သေး။ ဝေး . . . နေဆဲ။ မျက်ဝန်းတုရှုက ရေတံခွန်ကို ကြည့်မိတာတောင် သူ့ရင်တွေ အေးမလာခဲ့။

"ကောင်လေး အရမ်းပူနေလား"

မည်သည့်အချိန်ကတည်းက ရောက်နေမှန်းမသိပေ။ ဥယျာဉ်မှူးကြီး၏ မေးခွန်းဆန်ဆန် နှစ်သိမ့်မှုကို ရသောအခါ သူ့မျက်ဝန်းတွေ စိုစွတ်လာပြန်သည်။ မျက်နှာကို လက်ဖျံတွင် အပ်၍ ရှိုက်နေမိပြန်သည်။

"ငိုလိုက်စမ်းပါ . . . ကောင်လေးရာ။ မျက်ရည်ပုပ်တွေကို စီးခွင့်ပြုလိုက်စမ်းပါ။ မြောင်းပုပ်တွေဟာ ရေမစီးရရင် ညစ်ပေတတ်သလိုပဲ မင်း မျက်လုံးတွေဟာ ပူလောင်တဲ့မျက်ရည်တွေကို စီးဆင်းခွင့်မပြုဘဲ ပိတ်ဆို့ထားရင် မင်းစိတ်တွေဟာ ညစ်ပတ်နေလိမ့်မယ်။ ဒါကြောင့် ရဲရဲသာ ငိုပစ်လိုက်ကွာ"

သူ ထိန်းချုပ်မှုကိုလွှတ်ကာ တဟင့်ဟင့် အသံထွက်အောင် ငိုနေတော့သည်။ မျက်ရည်သွေ့ နက်ရှိုင်းစွာ စီးဆင်းကုန်ကြသည်။

ရှိုက်ငိုရာမှ မျက်ရည်သုတ်ပြီး ခေါင်းမော့ကြည့်လိုက်တော့ သစ်ခုတ်သမားကြီး ဦးဘတောကို တွေ့လိုက်ရသည်။ ဦးဘတောက



စပျစ်သီးခိုင်ကို သူ့မျက်နှာရှေ့တွဲလောင်းချ၍ ကိုင်ကာ သူစားရန်ပေးသည်။

"စားပါကွ . . . စားလိုက်။ ဆိုက်ပရပ်စ်ကျွန်းက စပျစ်သီးတွေလောက်တော့ မချိုဘူးပေါ့ကွာ။ ဒါပေမဲ့ စားကြည့်လိုက်ပါ။ အစာစားမှ အားရှိမှာ အားရှိမှ ဆက်ငိုနိုင်မှာ"

သူ စပျစ်သီးခိုင်လေးကိုယူကာ တစ်လုံးချွေစားလိုက်ပါသည်။ ဦးဘတောက သူ့ထုံးစံအတိုင်း ရေတံခွန်နှင့် မျက်နှာမူ၍ . . .

"ဟေး . . . ဟေး . . ." ဟူ၍

အသံကုန်အော်နေသည်။ ထိုသို့အော်တော့ ဘာဖြစ်သလဲ။ အော်မှတော့ ကြားရတာပေါ့။ ဤသည်မှာ ဦးဘတော၏ ရိုးရှင်းသော သီအိုရီပင်။

မိုးနေ့ပါ ဦးဘတောနှင့် အပြိုင်လိုက်အော်ပါတော့သည်။

"ဟေး . . ."

"ဟေး . . ."

သူတို့နှစ်ယောက် အော်ဟစ်နေသည်ကို ကြည့်ပြီး ဥယျာဉ်မှူးကြီးက ခပ်သဲ့သဲ့ရယ်သည်။ စိတ်ကို အော်ဟစ်သည့်နည်းဖြင့် ဖောက်ခွဲရှင်းထုတ်လုပ်ပြီးနောက် သူ အနည်းငယ် ပြန်လန်းဆန်းလာသည်။

သွားရင် ရောက်တယ်။ အော်ရင်ကြားတယ် စသည့် ဦးဘတော၏ အယူအဆတွေကို မိုးနေ့ဆင်ခြင်ကြည့်ပြီး . . .

"ဦးကြီး . . . ငိုတော့ ဘာဖြစ်သလဲ"

" . . . . . "

သစ်ခုတ်သမားကြီး ဦးဘတော နှုတ်ဆိတ်နေပါသည်။ ပြီးတော့ ခေါင်းခါသည်။

"မသိဘူး။ ဒါပေမဲ့ ငိုရင် အပိုဖြစ်မလားတော့ မသိဘူး။ ငိုတာ ငါတို့ကို ဘာကောင်းကျိုးမှ မရစေဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com

ကြောင်သေသေကြောင်နနဖြင့်ပဲ သူ ခေါင်းညိတ်မိပါသည်။

ဥယျာဉ်မှူးကြီးက သူ့လက်ထဲစာအုပ်တစ်အုပ် ထည့်ပေးသည်။ သူ ငုံ့ကြည့်တော့ ပန်းနှင့်ငှင်းတို့၏ သဘာဝဟု ဘာသာပြန်လျှင် ရလောက်သော စာအုပ်တစ်အုပ်ကို တွေ့လိုက်ရသည်။ ဆွစ်လူမျိုးတစ်ဦး ရေးသားပြုစုထားသော စာအုပ်ဖြစ်သည်။

"ဘာတွေပဲ ဖြစ်ဖြစ် ကိုယ်လုပ်ချင်တာတွေကို မစွန့်လွှတ်မိပါစေနဲ့"

ဥယျာဉ်မှူးကြီးက ထိုသို့ပြောသလို ဦးဘတောကလည်း

"ကံကြမ္မာက အမြဲမဆိုးနိုင်ပါဘူးကွာ။ ညနေတစ်လှည့် ရွက်ကြွေတစ်လှည့်ပေါ့ကွာ"

သစ်ခုတ်သမားကြီး စကားအဆုံးတွင် သူ မျက်ရည်လည့်စွာ ခေါင်းခါသည်။ ဟင့်အင်း . . . ။ သူ ကံကြမ္မာကို မယုံတော့ပါ။ ဘယ်သူမှ တိတိကျကျ အပြစ်ညှိုးမရသည့် အဖြစ်မျိုးကို သူကြုံတွေ့နေရပြီ။

ဟိုး . . . ရေ့မှ ရေတံခွန်သည်

နေအလွန်တွင် လေချွန်၍ ကကြိုးရိုက်နေတော့၏။



# (၉)

"ဒီနေ့လည်း မိုးနေ့ ကျောင်းမလာဘူးလား"

ဆရာ ဦးကျော်သက်၏အမေး ကျော်ထူးလင်းက ခပ်ဖြည်းဖြည်း ဖြေသည်။

"ဟုတ်တယ် ဆရာ။ ကျွန်တော်တို့လည်း ထိန်းမရလို့ အလိုက်သင့် လွှတ်ပေးထားရတာပါ ဆရာ။ စာမေးပွဲကလည်း ရက်ပိုင်းအတွင်း ဖြေရတော့မှာဆိုတော့ အဲဒီအတွက်လည်း စိုးရိမ်ရတယ်"

ဆရာဦးကျော်သက် သက်ပြင်းအရှည်ကြီး လွှင့်ထုတ်၍ ခေါင်းခါသည်။

"ခက်တယ်ကွာ"

ဟု ညည်းညူကာ ထွက်သွားတော့သည်။

ဝေဝေက ထမင်းစားဇွန်းကို ပြန်ချရင်း . . .

"ငါ ထမင်းတောင် စားချင်စိတ် မရှိတော့ဘူးဟာ။ တကယ်ပါဝဲ"

နွေဦး ရေဘူးဖွင့်သောက်အပြီး . . .

"သူ စာမေးပွဲကော ဖြေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

နွေဦးအမေးကို မည်သူမှမဖြေ။ သူမကိုယ်တိုင်ပင် ကိုယ့်အမေးကို ပြန်တွေးရင်း ခုနက သောက်လိုက်တဲ့ ရေတောင် ရင်ထဲ မအေးတော့ပေ။

"တောက် . . . "

နေသစ်၏ တက်ခေါက်သံက ဘာကိုမကျေနပ်မှန်း မရေရာလေ၏ . . . ။

***



သည်နေ့လည်း သူ ကျောင်းမသွားပါ။ နွေဦးမျှော်နေမလား သူ တွေးမိသည်။ နံနက်စောစောကတည်းက ရောက်ရှိနေခဲ့သည်။ ယခု ညနေသောသောအချိန်ထိ ချယ်ရီပင်အိုအောက်မှာ။

'အမေရယ်' သူမျက်ရည်ဝေလာပြန်သည်။ သို့သော် မငိုပါ။ သူ ဘယ်လိုတောင်းဆိုတောင်းဆို လောကကြီးက အမေတစ်ယောက် ရှာချပေးမှာ မဟုတ်ပေ။ သူ့ဆုတောင်းတွေသာ ဟာသဖြစ်သွားမည်။

နေမကောင်းဘူးလား<br>
ကံကြမ္မာဆိုတာကို နပ္ပူးစမ်းမေး<br>
သူက . . .<br>
ကွေးကွေးလေး အိပ်နေဆဲ။

မနှစ်က ဆောင်းရာသီမှာ ရေးမိဖူးခဲ့သည့် ကဗျာတစ်ပုဒ်ကို သူ ပြန်ရွတ်သည်။ ဘယ်ကိုကြည့်ကြည့် ကောင်းကင်မရှိသည့် ငှက်တစ်ကောင်လို သူလမ်းမဲ့နေသည်။ ခေါ်သံတွေ ကြားပေမဲ့ သူ လှည့်မကြည့်ဝံ့အောင် ကံတရားရဲ့ လှောင်ချိုင့်မှာ ချည်နှောင်ခံထားရသည်။ လှောင်ရယ်သံတွေလည်း ကြားရပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဘဝဟာ ညနေတစ်လှည့် ရွက်ကြွေတစ်လှည့်ဆို။ သူ့အတွက်တော့ ညနေလေပြည်မရှိ။ ရွက်ကြွေတစ္ဆေသာ ခြောက်လန့်ချိုးနှိမ်နေသည်။ 'ဒီအချိန်ဆို ကျောင်းဆင်းပြီပေါ့နော်' ဟု ကြားသူမဲ့ သူပြောသည်။

တောင်ဆင်းမြေနီလမ်းကပဲ သူ ဆင်းပြန်ခဲ့သည်။ လမ်းကလေးကို ခြံရံထားသည့် နှင်းဆီရိုင်းပင်များ၏ ဆူးသည် ပိုမိုစူးမြလာသည်ဟု သူ ခြောက်ခြားစွာ ထင်နေသည်။

"မိုးနေ့ . . . မိုးနေ့ . . ."

" . . . . . "

"မိုးနေ့ . . ."

အမောတကော အော်ခေါ်သံနှင့်အတူ အရှေ့ဆီမှ မြင့်တိုးနှင့် ကျော်ထူးလင်း ပြေးလာသည်။ မိုးနေ့ ရှေ့ရောက်သည့်တိုင် ဘာစကားမှ မဆိုနိုင်သေး။ ဘယ်ကတည်းက ပြေးလာမှန်းမသိ၊ ဟောဟဲ . . . ဟောဟဲ . . . ဖြစ်နေသည်။ ချွေးတွေလည်း ရွှဲလို့။

မိုးနေ့ သူတို့ကို မျက်နှာလွှဲထားသည်။ မကြည့်ဝံ့။

"မင်းတို့နဲ့ငါ မသိဘူး။ မင်းတို့ သွားပါတော့"

"အေး . . . သွားမှာပါ။ ဒါပေမဲ့ အခု မင်းသာ ဆေးရုံကို အမြန်သွား။ မင်း အဖေမြင်းလှည်းဂိတ်မှာ ချောင်းဆိုးသွေးအန်ပြီး မျောသွားလို့ ဆေးရုံတင်ထားရတယ်"

"ဘာ"

ရုတ်တရက် မိုးနေ့ ကြောင်သွားသည်။ ပြီး ပုဆိုးကို တိုတိုပြင်ဝတ်၍ မြို့ကလေး၏ ဆေးရုံသို့ ပြေးရတော့သည်။

ပြေးလာနေပြီ။

"အဖေ . . ."

ခေါ်သံက ထူးခြားမည်မဟုတ်။

ပြေးလာနေပြီ။



ခြေဖဝါးနှင့် ထိလိုက်တိုင်း မြေသားများက ကြောက်မက်ဖွယ် သတ္တဝါတစ်ကောင်၏ ကျောကုန်းလို တုန်ခါခုံးကြွလာသည်ဟု ထင်ရသည်။

လတစ်စင်းကား ကြွေခဲ့ချေပြီ။ ကျန်သည့် နေတစ်စင်းတော့ အလင်းပြယ်မခံနိုင်။ သားပြေးလာနေပြီဖေဖေ။

ဟိုးရှေ့မှာ တွေ့နေရပြီ။ မြို့ကလေးရဲ့ ဆေးရုံ။ သူအားကုန်ပြေးသည်။

သို့သော် ခြေလှမ်းတွေက နှေးနေသည်ဟု ထင်မိသည်။

ဝင်ခဲ့ပြီ။ ဆေးရုံလေးထဲ ဝင်ခဲ့ပြီ။

"အဖေ . . . ဘယ်မှာလဲ အဖေ"

"အဖေ . . ."

စကြဝဠာနံရံတွေဆီ ရိုက်ခဲ့ပြီး၍ ပဲ့တင်တန်ပြန်သံများ ဆောင်ဘင်လိုင်းခတ်ကုန်တော့သည်။ သူတွေ့လိုက်ရသည့် မြင်ကွင်းက မယဉ်ကျေးပါ။ လူအုပ်ထဲကို တိုးဝှေ့၍ အဖေ့ကုတင်ရှေ့ သူဝင်ရပ်လိုက်သည်။

နောက် . . . ဒူးတွေက အလိုလို ထောက်ကျသွားသည်။

"အား . . ."

"အား . . . အဖေ . . ."

. . . . . . . . . . . . . .

ကမ္ဘာပျက် အော်သံများ . . .

. . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

သူ့အဖေ၏ ဈာပနလည်း ပြီးခဲ့ပြီ။ နောက်ထပ် ဈာပနသာရှိဦးမည်ဆိုလျှင် သူ ကိုယ်တိုင်ပင်။

"မိုးနေ့ကို ငါ အရမ်းသနားတယ်ဟ"

နွေဦး ငိုပါသည်။ ငိုမယ်၊ ဆုတောင်းမယ် သည့်ထက်ပို၍ သူ့တွင် အခွင့်အရေးမရှိ။ သူ ဘုရားနဲ့ တိုက်ရိုက်တွေ့ခွင့်ရရန် ဆုတောင်းသည်။

"ငါတို့ ဘာလုပ်မလဲ"

ကျော်ထူးလင်းက ပြောသည်။

"ဘာပဲဖြစ်ဖြစ် ကျောင်းဆင်းရင် ငါတို့ မိုးနေ့ကို သွားကြည့်မှ ဖြစ်မယ်။ သူစိမ်းကားလည်း ငါတို့ နားလည်ပေးလိုက်မယ်ဟာ"

ဝေဝေကလည်း ထိုသို့ စကားဆိုသည်။

အားလုံး ဝေဝေ့စကားကို စကားဖြင့် ခွန်းတုန့်မပြန်သော်လည်း ထောက်ခံလိုက်ကြသည်။

"တောက် . . ."



BURMESE CLASSIC .com

နေသစ်ကတော့ ထုံးစံအတိုင်း ကံကြမ္မာကို စိန်ခေါ်သံပြုလိုက်သည်။

သို့နှင့် . . .

ကျောင်းဆင်းသောအခါ မြေညီလမ်းမှသည် သူတို့ ထွက်ခဲ့ကြသည်။ 'ဝတ်မှုန်ကျေးရွာ' ဆီ။

မိုးနေ့ ဘယ်နေရာမှလဲ။ သူတို့ကိုတွေ့ရင် မိုးနေ့ အသိအမှတ်ပြုမည် မဟုတ်ပေ။ ထို့ကြောင့် တိတ်တိတ်လေးသာ ကြည့်ကြရန်လည်း သူတို့တွေတိုင်ပင်ထားသည်။ တောင်ပေါ်ရောက်သောအခါ သူတို့ ခြေလှမ်းတွေ ဖွဖွနင်းလျက်။

"ဟော့ . . . ရပ်လိုက်ပါ"

တားမြစ်သံစိမ်းဖန့်ဖန့်ကြီး ကြားလိုက်ရ၍ သူတို့ခြေလှမ်းတွေ တန့်သွားသည်။

'ဒေါက် ဂွက် . . . ဒေါက် ဂွက်' ဟူသော အသံကြီးပြု၍ ချိုင်းထောက် တစ်လက်နှင့် ဥယျာဉ်မှူးကြီး လျှောက်လာသည်။ အားလုံးက သူ့ကို ကြည့်သည်။ သူကတော့ အားလုံးကို မကြည့်။ နွေဦးကိုသာ ကြည့်သည်။

"ကောင်လေးကို လာရှာတာလား"

"ဟုတ် . . . ဟုတ်ပါတယ် အဘ"

ဥယျာဉ်မှူးကြီးက သူ့လက်တစ်ဖက်နှင့် ညွှန်ပြရင်း . . .

"အဲဒီဘက်မှာ ကောင်လေးရှိတယ်။ သူမသိအောင် သွားကြည့်ကြ"

"ဟုတ်ကဲ့ပါ အဘ"

ဥယျာဉ်မှူးကြီး ထွက်သွားပါသည်။ သူတို့လည်း မိုးနေ့ထံသို့ . . .

• • •



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ယောက်တည်း စကားတွေပြောနေသည်။ သူ့စကားကို နှင်းစက်နှင်းပေါက်တွေကတော့ နားလည်ပေးနိုင်ပုံရသည်။

သူတစ်ယောက်တည်း စကားတွေပြောနေသည်။

"ခင်ဗျားတို့ သိချင်မှသိမှာဗျ။ အဟဲ . . ."

သူက ရယ်ဟဟပြောရင်း ကောင်းကင်ကို လက်ညှိုးနှင့်ထိုးလိုက်သည်။ သူ့ဘာသူ အဓိပ္ပာယ်မဲ့စွာ ဆိုခြင်းမဟုတ်ပါ။ တစ်စုံတစ်ယောက်ကို ညွှန်ပြသောပုံမျိုးနှင့် ကောင်းကင်ကို လက်ညှိုးနှင့် ထိုးခြင်းဖြစ်သည်။

"အဲဒါကို မြေကြီးလို့ခေါ်တယ် . . . အဟွတ်"

သူ ချောင်းသံပြုကာ လည်ချောင်း ရှင်းလိုက်သေးသည်။

နောက် . . . သူ မြေပေါ်မှာ ကြွေလွင့်နေသည့် အမည်မသိပန်းကလေးတစ်ပွင့်ကို ကောက်ကိုင်လိုက်သည်။

ပန်းပွင့်ကလေးကို တစိမ့်စိမ့် တဝေဝေ ကြည့်ရှုသည်။ ဆိတ်သုဉ်းခါနီး လမင်းကို နမ်းရသလိုမျိုး သူကြည့်သည်။

အဲဒီပန်းပွင့်ကလေးကို သူ လွှင့်ပစ်လိုက်သည် (ခပ်ဝေးဝေးသို့)။ ဒါပေမဲ့ သူ ပြန်ကောက်သည်။ ပန်းကြွေကလေးကို ကောက်ရင်း သူငိုသည်။ ငိုပါသည်။ နာကျင်ကွဲရှစွာ။

သူငိုနေတော့သည်။ သူ ငိုနေဆဲ။

သူတစ်ယောက်တည်း စကားတွေ ဆက်ပြောနေသည်။

"သိလား . . . သားအဖေ့ကို ချစ်တယ်။ ပြီးတော့ အမေ့ကိုလည်း ချစ်တယ်။ ပြီးတော့ သား သူငယ်ချင်းတွေကိုလည်း ချစ်တယ်။ ပြီးတော့ နွေရာသီကိုလည်း ချစ်တယ်။ အရမ်းပူတဲ့နွေရာသီကိုတော့ မကြိုက်ဘူး။ ဆောင်းကုန်ခါစ၊ နွေရောက်ခါစ အင်း . . . ဘယ်လိုခေါ်မလဲ။ နွေဦးရာသီ . . . ဟုတ်တယ် နွေဦးရာသီ။ အဲဒီ နွေဦးရာသီကိုလည်း ချစ်တယ်။



နွေဦးကို ချစ်တယ်။ ဟေး . . . နွေဦးချစ်တယ် . . ဟေး . . ယေး"

နွေဦးတင်းထားသည့်ကြားက မျက်ရည်စတို့ ပြုတ်ကျကုန်သည်။ နှုတ်ခမ်းကို ကိုက်ရလွန်းလို့ နာကျင်ခဲ့ပြီ။

နွေဦးလက်ကို မို့မို့က ဆုပ်ကိုင်အားပေးသည်။

ဟင့်ခနဲ ကျော်ထူးလင်း၏ ရှိုက်သံကြီးကိုလည်း ကြားလိုက်ရသေးသည်။ မြင့်တိုးက ကျော်ထူးလင်းပါးစပ်ကို ဆွဲပိတ်ရင်း . . .

"တိုးတိုးငိုပါကွ။ မိုးနေ့ ကြားသွားမယ်"

မိုးနေ့က မကြားပါ။ ထွက်ပေါက်အားလုံး ပိတ်ဆို့ခံထားရသော လူတလေးတစ်ယောက်ရဲ့ ညနေခင်း။ သက်ပြင်းတွေရဲ့ ဝပ်တွားပျော်မြိုက်ရင်နာစရာတွေသာ သူ့အတွက် အဖော်လိုက်ခဲ့သည်။

"သားပြန်လိုချင်တယ် ဖေဖေရယ်၊ ဟိုး . . . တုန်းက ကမ္ဘာကို ပြန်လိုချင်တယ်။ ဖေဖေရယ်၊ မေမေရယ်၊ သားရယ်၊ လိပ်ပြာတောင်ရယ်၊ ဓာတ်မှန်ကျေးရွာရယ်၊ မေမေပန်းတွေထည့်ပြီး ရွက်ရောင်းတဲ့ ဈေးဗန်းကလေးရယ် အတူတူ ပြန်နေကြမယ်လေ။

သား သူငယ်ချင်းတွေကိုလည်း ပြန်လိုချင်တယ်။ နွေဦးကိုလည်း သား သိပ်တွေ့ချင်တယ် ဖေဖေရာ။ သူက သားအပေါ် အရမ်းကောင်းတာ။ ဟိုတစ်နေ့က နေသစ်က သားကိုပြောတယ်။ မင်းက မိုက်ရိုင်းတဲ့ကောင်တဲ့။ ဖေဖေရယ် . . . သား မရိုင်းခဲ့ပါဘူး။ ယုံပါ ဖေဖေရယ်"

နေသစ် မျက်ရည်ကျပြီ။ သူ့ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။

"ဒါပေမဲ့ သားမှားတာပါ . . . ဖေဖေရယ်။ သားက မြင့်တိုးကို တွန်းပစ်လိုက်တာကိုး။ မြင့်တိုးကလည်း သားပခုံးကို လာကိုင်တာကိုး။ သားကို ဘယ်သူမှ မထိစေချင်တော့ဘူး ဖေဖေရယ်။ သား အခု ဘာလုပ်ချင်လဲ သိလား။

သား သေပစ်လိုက်ချင်ပြီ။ ဆက်ပြီးမနေရဲတော့ဘူး။ ဒါပေမဲ့ သား သေလို့လည်း မဖြစ်သေးဘူး။ သား အသက်ရှင်မှ ဖြစ်မယ်။ သား



www.burmeseclassic.com

www.burmeseclassic.com

ကိုမျှော်လင့်နေမယ့် ကောင်မလေးတစ်ယောက် သားရဲ့နောက်မှာ အမြဲ နေတယ်။ သူ့အတွက် သား အသက်ရှင်ရမယ်။ သားလည်း သူ့ကို မြတ်နိုးတယ်။ ဒါပေမဲ့ ဒါတွေ သူမသိနိုင်ပါဘူး။ သိလည်း . . . သိ လည်း ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ သူနဲ့သားနဲ့က နွေနဲ့မိုးလို နီးလျက် ပိုင်းခြားခံထားရသူတွေပေါ့"

နွေဦး ဆက်နားထောင်ဖို့ အင်အားမဲ့ခဲ့ပြီ။ ပုန်းကွယ်နေသော စံကားပင်အောက်မှ သူမ ထွက်ပြေးသွားတော့သည်။ မိုးနေ့ မကြားအောင် ငို၊ မိုးနေ့မသိအောင် ထွက်ပြေးပစ်ခဲ့သည်။ တောင်ဆင်းလမ်းက မြန်ဆန် နေသည်။

သူငယ်ချင်းတွေအားလုံးလည်း သူမနောက်မှ ပြေးလိုက်ခဲ့သည်။ တောင်ခြေအရောက်တွင်လည်း မရပ်ဘဲ ဆက်ပြေးသည်။

သူငယ်ချင်းတွေကိုလည်း လှည့်မကြည့်၊ မစောင့်တော့ဘဲ ပြေး ထွက်သွားနေပါသည်။

မိုးနေ့ရယ် . . . နင်ကော . . . ငါ့မျက်ရည်တွေကို မြင်ခဲ့လို့ လား။

⁂ ⁂ ⁂



# (၁၁)

စာမေးပွဲတွေဖြေရပြီ။ မိုးနေ့လည်း ဝင်ဖြေပါသည်။

စာမေးပွဲပထမနေ့၊ မြန်မာစာဖြေရမည့်နေ့တွင် နွေဦးအတွက် သတင်းကောင်းတစ်ခုကို ဝေဝေက ယူဆောင်ခဲ့ပေးသည်။

မိုးနေ့က သူမထံ စာတစ်စောင် ပေးလိုက်ခြင်းဖြစ်သည်။

*နွေဦး*

*ပန်းတွေထဲမှာ အထင်ရှားဆုံးက နှင်းဆီ၊ အရိုးသားဆုံးက စံပယ် တဲ့၊*

*နှင်းဆီဟာ နီရဲပြီး ဆူးတွေခြံရံထားတဲ့အတွက် ရဲရင့်ထက်မြက်တဲ့ အသွင်ကိုဆောင်တယ်။ ပန်းတွေထဲမှာ ယေဘုယျအားဖြင့် အဖြူရောင်ရှိတဲ့ပန်းတွေဟာ မွှေးပျံ့တတ်ကြတယ်တဲ့။*

*စံပယ်ဟာ မြေနိမ့်နိမ့်မှာပွင့်ပြီး မည်သူမဆို ခူးနိုင်အောင် မာနကို ခေါင်းချပေးထားတဲ့အတွက် သိမ်မွေ့ဖော်ရွေတဲ့ သဘောကိုဆောင်တယ်။*

*အခြေအနေအရ အမြဲပြောင်းလဲနေထိုင်နေရတဲ့ လောကမှာ နင့်ဘဝကို နှင်းဆီတစ်ဝက်၊ စံပယ်တစ်ဝက်နဲ့ သိမ်မွေ့ထက်မြက်အောင် နေထိုင်ပါ နွေဦးရာ။*

*မိုးနေ့*



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ထိုစာကြောင်းများနှင့်ပင် ကမ္ဘာလုံးကြောင်းကို သူမ ယုံကြည်ခဲ့ပြန်သည်။ ဒါ သူမကို စာမေးပွဲကောင်းကောင်းဖြေစေရန် တိုက်တွန်းသည့်စာမျိုးဟု သူမ နားလည်လိုက်သည်။ သူမ အားရှိသွားသည်။ ထိုနေ့စာမေးပွဲကို သူမ အကောင်းဆုံး ဖြေဆိုနိုင်ခဲ့သည်။

သို့သော် စာမေးပွဲဖြေသည့်ရက်အတွင်း မိုးနေ့ကို တစ်ခါမှ မတွေ့မိ။ မို့မို့ကတော့ ပြောသည်။ 'သူ နင့်ကို တစ်ခါလာကြည့်သေးတယ်' တဲ့။ မိုးနေ့ စိတ်ထဲမှာ သူမ ရှိနေသေးကြောင်း နွေဦး ယုံကြည်သည်။

• • •

စာမေးပွဲတွေ အားလုံးဖြေပြီးသည့်နေ့ မြို့ထဲက ခေါက်ဆွဲဆိုင်တွင် သူတို့ သူငယ်ချင်းတွေ ထိုင်ဖြစ်ကြသည်။

ဝေဝေကတော့ သူ ရိုးရိုး၊ သာမန်အဆင့်နှင့်ပဲ အောင်နိုင်ကြောင်း ပြောသည်။ နွေဦးကတော့ အားလုံးကို အကောင်းဆုံးဖြေဆိုနိုင်ခဲ့သည်။ နေသစ်ကလည်း အမှတ်တော့ အရမ်းမကောင်းနိုင်ဟုဆို။ မို့မို့ကလည်း နေသစ်လိုပဲ။

မြင့်တိုးက ခေါင်းခါသည်။ 'လာမည့်နှစ် ဆက်ကြိုးစားပါမည်' ဟု သူ့အဖေကို ကတိပေးကြောင်း ပြောသည်။

ကျော်ထူးလင်းက နှုတ်ဆိတ်။

"ကျော်ထူးလင်းက မင်းအခြေအနေလည်း လျှောက်တင်ပါဦး"

ကျော်ထူးလင်းက ခေါက်ဆွဲစားသည့် တူကို ပါးစပ်နားတေ့ထားရာမှ ပြန်ချပြီး . . .

"အတူတူပဲ"

"ဘာနဲ့တူတာလဲ"

"အေးလေ . . . ရှင်းရှင်းပြောစမ်း ဝက်သိုး"



သူငယ်ချင်းတွေ ဝိုင်းဟောက်ကြသည်။ ကျော်ထူးလင်း ခေါင်းခါပြီး . . .

"ငါ မြင့်တိုးနဲ့အတူတူပဲ။ ကျဖို့ ရာခိုင်နှုန်းတွေ လှနေတယ်"

"ဟာ . . . အဲဒါတွေပဲ"

"နင်တို့ကို အဲ့ဒါကြောင့် စာသေချာကျက်ပါလို့ မှာနေရတာပေါ့"

ရှိတာမှ သည်သူငယ်ချင်းလေးတွေ။ အခုတော့ လမ်းတွေကွဲတော့မည်။ မိုးနေ့ကော ဖြေနိုင်ရဲ့လား။ နွေဦး တစ်စုံတစ်ယောက်ကို အားဖို့ကြည့်လိုက်သည်။ သို့သော် နှုတ်ကဆွံ့အ။

ဒါပေမဲ့ သူငယ်ချင်းတွေက သူ့မျက်ဝန်းကို ဘာသာပြန်တတ်သည်။

"စိတ်မပူပါနဲ့ဟာ။ သူအောင်မှာပါ"

နေသစ်က ရေနွေးကြမ်းပန်းကန်ကို ကြည့်ရင်း ထိုသို့မှတ်ချက်ချလိုက်သည်။

အားလုံးယုံကြည်ပါသည်။ မိုးနေ့ ထပ်ပြီး ကံမဆိုးနိုင်ပါ။ သူ လုပ်နိုင်မှာပါဟုသာ ဖြေသိမ့်မျှော်လင့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေ ကျောင်းတုန်းကလိုတော့ အမြဲ မတွေ့ဖြစ်တော့ပါ။ သို့သော် မကြာခဏတော့ ဆုံဖြစ်ပါသည်။ မိုးနေ့ကလည်း ဘယ်သူနှင့်မှ အတွေ့မခံ။ အားလုံးနှင့်အမြင်နည်းအောင် အကောင်းဆုံး ရှောင်နေနိုင်သည်။

အောင်စာရင်းမထွက်သေး၍ သူတို့ ဘာဆက်လုပ်မည်ဟူသော အနာဂတ်က မရေရာသေး။ မြင့်တိုးကတော့ သူ့မွေးမြူရေး၊ ခြံမှာပင် အလုပ်ဝင်သည်။ အမီနာချောစုနှင့်အတူ ဆိုတ်ကျောင်းနေသည်ဟု သိုများပြောတာလည်း ကြားရသည်။ မိုမို့က မန္တလေးမှာ ကွန်ပျူတာသင်တန်း သွားတက်သည်။ နေသစ်၊ သူ့အမေ ဒေါ်မေသစ်ဖွင့်ထားသော စတိုးဆိုင်တွင် ရောင်းစာရေးလုပ်ရသည်။

ကျော်ထူးလင်းပါ နေသစ်နှင့် အတူဝင်လုပ်ရင်း စာမေးပွဲမှာ အခြေအနေမကောင်းထားသဖြင့် စာတွေလည်း ပြန်ကြည့်နေသည်။ ကျော်ထူးလင်းတို့ မိသားစုသည် ဗီဒီယို အခွေငှားဆိုင်ဖွင့်သည်။ ထိုဆိုင်တွင်တော့ သူ့အစ်ကို ကျော်ထူးဝင်းက လုပ်ကိုင် သည်။ ညီအစ်ကိုနှစ်ယောက် ရုပ်ချင်းသိပ်မဆင်လှသော်လည်း ဝမ်းဗိုက်ဇရိယာက သူမသာကိုယ်အသုဘ။



နွေဦးကလည်း မိဘတွေ၏ သစ်သီးခြံတွင် မလုပ်ပါ။ ဆဲဆဲတို့ ဖိနပ်ချုပ်စက်မှာ အလုပ်သင်သဘောမျိုးနှင့် အပျင်းပြေဝင်လုပ်သည်။ ဖိနပ်အရောင်းဆိုင်လည်း တွဲဖွင့်ထားသေးသည်။

သူတို့ မသိရတာတော့ မိုးနေ့အကြောင်း။

သူဘာတွေလုပ်နေတုန်းလဲ။ လေနေတုန်းလား။ သူ့ဘဝသူ ထွေးတုတ်ခံလိုက်ရသော အခွံတစ်စလို့ ထင်နေဆဲပဲလား။ မျက်စိသူငယ် နားသူငယ်နှင့် ဘဝကြီးကို အားငယ်နေပြီလား။ နွေဦး သူ့အကြောင်းတွေးတိုင်း မျက်ဝန်းတွေ ပူနွေးလာမြဲ။

တစ်နေ့ နေ့လယ်။

ဖိနပ်ချုပ်စက်မှ အလုပ်သမားတွေလည်း ထမင်းနားချိန်။ ဆဲဆဲနှင့် နွေဦးလည်း စက်ရုံထဲတွင် မစားချင်၍ ဖိနပ်အရောင်းဆိုင် ကောင်တာတွင် သွားစားကြသည်။

ပုစွန်ဟင်းနှင့်ဖြစ်သည်။ နွေဦး မိုးနေ့ကို သတိရသည်။ မိုးနေ့အကြိုက်ဆုံးက ပုစွန်ဟင်း။ အခု သူဘာဟင်းနှင့် စားနေမလဲ။

"အမယ်လေး . . . မေ့နေလိုက်တာ"

ဝေဝေက တစ်ခုခုကို သတိရသလို ရေရွတ်ပြီး ထိုင်ရာကထကာ ဆိုင်ထဲဝင်သည်။ ပြန်ထွက်လာတော့ လက်ထဲတွင် စားစရာအထုပ်တစ်ထုပ် ပါလာသည်။ ထိုအထုပ်ကို ဟင်းခွက်တွေကြား ဖြည်ချတော့ ဆဲဆဲက ဘာတွေလဲဟုဆိုကာ နှိုက်မြည်းရန် လက်ကမ်းတော့ ဝေဝေက . . .

"နင် နောက်ထဲ ခဏသွားတုန်း ကိုဇော်မင်းလွင် လာပို့ထားတာ။ ဝက်ခေါင်းသုပ်တွေဟ"

နွေဦး နှိုက်ရမည့်လက် တုံ့သွားသည်။ ပြန်ရုပ်လိုက်သည်။ မစားချင်တော့။ ဝေဝေက ကြည့်သည်။

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြေသော်လည်း သူမ တစ်ခုခုဖြစ်သွားမှန်း ဝေဝေက သိပါသည်။

"ကိုယ်မလိုချင်တဲ့ စေတနာတွေမို့ မစားချင်ဘူး ဖြစ်နေတာမို့လား။ သိပ် . . . သိပ်"

ဝေဝေက မျက်နှာချိုချိုနှင့် ပြောပေမဲ့ နွေဦးဘာမှ ပြန်မပြောပါ။ မိုးနေ့မျက်နှာကိုသာ တောင်တောင်အီအီ မြင်ယောင်နေမိသည်။ စိတ်ကာ မခံနိုင်တော့ နှုတ်ကပါ ရေရွတ်မိတော့သည်။

"မိုးနေ့ကို မတွေ့ရတာလည်း ကြာပြီနော်"

ဝေဝေက သက်ပြင်းကိုချ၊ ခွန်းကိုချပြီး . . .

"စိတ်မပူပါနဲ့ဟာ။ မိုးနေ့ သူ့ဘဝသူ ကျောင်းနိုင်ပါတယ်။ နင့်ကို ငါ ပြောချင်တာကတော့ မိုးနေ့အပေါ် အရမ်းကြီး မမျှော်လင့်ထား စေချင်တော့ဘူး။ သူ ဒီလို စိတ်ထိခိုက်စရာတွေ ကြုံပြီးကတည်းက သူ့စိတ်ကလည်း ပုံမှန်ထက် ယုတ်လျော့သွားတာ နင်သိတာပဲဟာ။ သူ ပုံမှန်ပြန်လန်းဆန်းလာဖို့က အချိန်တွေ အများကြီးလိုတယ်လေ။ နင် စိတ်တွေလျှော့နိုင်သမျှ လျှော့ထားဖို့ပဲ ငါအကြံပေးချင်တယ်"

ဝေဝေပြောတာ မှန်သည်။ သို့သော် နွေဦး လိုက်နာရန်ခက်သည်။ နွေဦး အတိတ်ကို တွေးသည်။ အဆိပ်တွေသာ ပေးသည်။ ဟိုး အဝေးကို ငေးကြည့်တော့လည်း မြို့ကလေးက နွေရဲ့ ရိုးရာအတိုင်း သွေ့ခြောက်လို့ . . .

"ဟေး . . . ကောင်မတွေ"

"ဟယ် . . . မို့မို့"

ခရီးဆောင်အိတ်တွေ မနိုင်မနင်းနှင့် မို့မို့ ပြန်လာသည်။ ပြန်လာတာ အိမ်တန်းမဝင်ဘဲနှင့် ဝေဝေ့ဖိနပ်ဆိုင် ရောက်လာသည်။

"ကောင်မ . . . ဝ,လာတယ်။ ကြည့်စမ်း . . . အခု နင်ပြန်လာတာ နင့် အဖေလုပ်ငန်းမှာ (Form)ဖောင်ပြင်တာ ပြန်လုပ်မလို့လား"

ဝေဝေ့စကားကြောင့် မို့မို့ မျက်နှာမဲ့သွားသည်။



မို့မို့အဖေက ကွန်ပျူတာစာစီစာရိုက်နှင့် မိတ္တူဆိုင်ဖွင့်ထားသည်။ မြို့ကလေးတွင် ရှားပါးစွာဖြင့် ကွန်ပျူတာဆိုင်မှာလည်း သူတို့တစ်ဆိုင်သာ ရှိရာသည်။ ကျောင်းတုန်းကဆိုလျှင် ကျောင်းကိစ္စစာရင်းသား (Form)တွေဘာတွေ လုပ်စရာရှိရင် မို့မို့တို့ဆိုင်တွင် အပ်ရသည်။

တစ်ခါက ကျောင်းကိစ္စတစ်ခုမှ လာအပ်သော (Form)တစ်ခုကို မှားယွင်းသွားမိသည်။ ထို့ကြောင့် ပြန်ပြင်ရသည်။ ထိုနေ့မနက် ကျောင်းခန်းထဲသို့ ကျောင်းအုပ်ဆရာကြီး ရောက်လာသည်။ ထိုဆရာကြီးသည် စကားပြောရင် အားရပါးရ အာလုပ်သံကြီးနှင့် ပြောတတ်သည်။ ထိုနေ့နံနက်မှာပဲ စာသင်နေတုန်း အခန်းထဲ ရုတ်တရက် ဖြုန်းစားကြီးဝင်လာပြီး . . .

"သမီးမို့မို့ . . . ဖောင်ပြင်ပြီးပြီလား"

ထိုသို့ အားရပါးရ ပြောသံကြားရပဲ ကျောင်းသားတွေက ရယ်ကြတော့သည်။ ဆရာကြီးပြောပေါက်ကလည်း (Form) ကိုပြောတာ 'အက်ဖ်' (F)အသံ နည်းနည်းမှမပါ။ 'ဖောင်စီးရင်းရေငတ်'၊ 'ယောက်ျားဖောင်စီး မိန်းမမီးနေ'ဆိုသည့် စကားတွေမှာသုံးသည့် ရေထဲမျှောသည့် 'ဖောင်'အသံကြီးနှင့်ကို လာပြောခြင်းဖြစ်သည်။

"အခုမအားလည်း ကျောင်းကပြန်ရင် ဖောင်ပြင်လိုက်ဦး"

ကျောင်းသားများ ရယ်ကြပြန်သည်။ မို့မို့မျက်နှာ မိုင့်မိုင့်ကြီးဖြစ်ကာ နံရံနှင့် ခေါင်းနှင့်ဆောင့်ပြီး (သို့) ကျောင်းဆောင်အပေါ်ထပ်က 'ဟိုင်းယား . . .' ဟုအော်ကာ ခုန်ချပြီးဖြစ်ဖြစ် သတ်သေချင်နေသည်။ ကျောင်းအုပ်ဆရာကြီးဆိုတော့ ဘာမှပြန်ပြောလို့မရ။

ဆရာကြီးက ကျောင်းသားတွေ 'ဘာရယ်တာလဲ'ပေါ့။ နားမလည်၊ အထာမပေါက်ပေမဲ့ ကျောင်းသားတွေက ရှေ့တစ်ကွက်တိုး၍ မြင်ကြသည်။ ဟုတ်လည်း ဟုတ်ဟုတ်၊ ဖောင်ပြင်တဲ့။ စကားလိမ်နှင့်ဆို '. . . ပြောင်'၊ မို့မို့ ပီပီသသ မတွေးဝံ့။



www.burmeseclassic.com

www.burmeseclassic.com

ရယ်သံတွေကြားထဲ ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်ကာ ကျောင်းအုပ်ဆရာကြီး ထွက်သွားတော့သည်။ ဒါတောင် အထွက်တံခါးနားရောက်တော့ လှည့်ပြောသေးသည်။

'ဖောင်က အရေးကြီးတယ်' တဲ့။

အဲဒီနောက်ပိုင်း မိုမိုကို 'ဖောင်ပြင်'၊ 'ဖောင်ပြင်' ဟု ရက်သတ္တပတ်လောက် စ,ကြသေးသည်။ နောက်ပိုင်း ဆရာကြီးနှင့်တိုင်လိုက်မှ ငြိမ်သွားသည်။ ထိုမှစ၍ မိုမို 'ဖောင်ပြင်' ကို 'နောင်ကျဉ်' သွားသည်။

ယခုလည်း ဝေဝေက 'ဖောင်ပြင်'ဆိုသည့်စကားလုံးနှင့် နောက်လိုက်ခြင်းဖြစ်သည်။

"ကောင်မတွေ . . . ငါ့တွေတာနဲ့ စ,ဖို့နောက်ဖို့ပဲ"

"ကဲပါ . . . မစတော့ပါဘူး။ ငါတို့စားဖို့ နင်ဘာတွေဝယ်လာလဲ"

"ပါတယ် ပါတယ်။ အိတ်ထဲမှာ ထိုးမုန့်တွေ ပါတယ်။ ယူစားကြ"

ဝေဝေက အစားအသောက်ဆို ပါးစပ်မနေ၊ လက်မနေ၊ ဗိုက်မနေ မေးတတ်သည်။

"ဒါနဲ့ နေပါဦး။ နင်တို့က ငါလာတာကို မမြင်ရအောင် ဘာတွေလုပ်နေကြတာလဲ"

ထိုမေးခွန်းကိုတော့ နွေဦးပြောပါသည်။ အလိုလို နွမ်းလျသွားခြင်း အသံများနှင့်။

"မိုးနေ့အကြောင်း ပြောနေတာပါဟာ"

"ဩော် . . . မိုးနေ့လား။ အခု ငါ့ကို နင်တို့ဆိုင်လိုက်ပို့တာ မိုးနေ့လေ။ သူ သူ့အဖေမြင်းလှည်းကို ပြန်မောင်းနေတာလေ။ သူနဲ့ငါ ဘူတာမှာ တွေ့တာဟဲ့။ သူက ငါ့မြင်တော့ ရှောင်ထွက်သွားတာပေါ့။ ဘယ်ရမလဲ ငါလည်း လူကြားထဲ အတင်းခေါ်နှုတ်ဆက်တာပေါ့။ လူအများကြီးကြားဆိုတော့ သူ ဘယ်စိမ်းကားရဲမလဲ"



"တကယ်လား။ ငါတို့အကြောင်းတွေကော မမေးဘူးလား။ ပိန်သွားသေးလား။ မမည်းသွားပါဘူးနော်။ စားဝတ်နေရေးကကော။ စာမေးပွဲတုန်းကကောဟင်"

"ခဏနေပါဦး . . . မိနွေရယ်။ တကတည်းမှပဲ"

နွေဦး၏ မေးခွန်းများနှင့် ပိသေမည်ဆိုး၍ မိုမိုခမျာ တားယူရသည်။ ကောင်တာပေါ်မှ ရေသန့်ဘူးကို ယူမော့လိုက်ပြီးမှ . . .

"ကဲ . . . ငါ တစ်ခုချင်းပြောပါ့မယ်။ မပိန်ဘူး။ မမည်းဘူး။ ညည်းမရှည်တော့ ငါလည်း မတိုင်းလိုက်ရဘူး"

"ဟာ . . . ကောင်မ၊ ညစ်ပတ်ပြီ"

"ငါပြောတာ အရုပ်ကိုပြောတာနော်"

စိတ်ညစ်ရသည့်ကြားထဲ ရယ်လိုက်ရသေးသည်။ မိုမိုကလည်း စကားပြောရင်း ဖောက်လာတတ်သည်။ ငယ်ကျင့်မပျက်။

"သူ မြင်းလှည်းနဲ့လိုက်ပို့ကြောင်း နင်တို့ကို မပြောပါနဲ့တဲ့။ ဆယ်တန်းလည်း အောင်လောက်ပါတယ်တဲ့။ သူငယ်ချင်းတွေကို သူ သိပ်သတိရပါတယ်တဲ့။ ဒါပေမဲ့ သူ ဒီဘဝတော့ တစ်ယောက်တည်းနေခါရစေတဲ့။ အဲဒီလောက်ပဲ ပြောတာဟ။ ငါ မြင်းလှည်းခပေးတာလည်း မယူဘူး။ အဲဒါနဲ့ ထိုးမုန့်တစ်ထုပ်ကို အတင်းလက်ဆောင်အဖြစ် ပေးလိုက်ရတယ်ဟ"

မိုးနေ့ သတင်းနည်းနည်းကြားရရင်ပဲ နွေဦး ပျော်နိုင်၊ ဖြေသိမ့်နိုင်ပြီ။ အင်း . . . သူ ကောင်းမွန်စွာ အသက်ရှင်နေရင် ပြီးတာပါပဲဟု တိတ်တိတ်လေး တွေးမိပါသည်။

"ဒါနဲ့ ဟိုနှစ်ကောင် . . . နေသစ်နဲ့ ကျော်ထူးလင်း၊ ဒေါ်မေသစ်တိုးဆိုင်မှာ အတူတူ အလုပ်လုပ်နေတယ်ဆို"

"ဟုတ်တယ်ဟ . . . နင့် ဘယ်သူပြောတာလဲ"

"မိုးနေ့ ပြောတာလေ"



www.burmeseclassic.com

www.burmeseclassic.com

"အံမယ် . . . ငါတို့သာ သူ ဘာလုပ်နေလဲ မသိတာ။ သူကတော့ ငါတို့ဘာလုပ်နေလဲ အကုန်သိနေပါလား။ အဲဒါထားပါ။ နင် အခု သင်တန်းပြီးလို့ ပြန်လာတာလား"

"အေး . . . သင်တန်းလည်း ပြီးပြီဟာ။ နောက်တစ်ပတ်ဆိုလည်း ငါတို့ အောင်စာရင်းထွက်မှာလို့ ကြားတာနဲ့ ပြန်လာတာ။ ငါတို့ ညနေကျ ဟိုနှစ်ကောင်ကို သွားခေါ်မယ်။ ပြီးရင် မြင့်တိုးတို့ မွေးမြူရေးခြံဘက် အလည်သွားကြမယ်။ ငါ ခရီးပန်းလာတယ်။ နင့်အခန်းထဲမှာပဲ ခဏသိုးလိုက်တော့မယ်။ အိပ်ရာကနိုးမှပဲ ငါ့အိမ်ပြန်တော့တယ်"

"အေးပါ . . . သိုးသိုး၊ ဝအောင်သိုး . . . ငပျင်းမရဲ့"

ဝေဝေက ထိုသို့ မိုမို့ကို ကင်ပွန်းတပ်ပေးလိုက်သည်။

"ဘာ . . . ငါးပျဉ်မလား၊ မန္တလေးက ဝယ်လာတာလား။ တစ်ပိဿာ ဘယ်လောက်လဲ"

ဝေဝေ့အမေက လှမ်းအော်မေးခြင်းဖြစ်သည်။ ဝေဝေ့အမေက အကြားအာရုံမကောင်း။ ခုနက မိုမို့ကို 'ငပျင်းမ' ဟုဆိုလိုက်ရာ 'ငါးပျဉ်မ' ဟု ကြားသွားဟန်ရှိသည်။

"မဟုတ်ပါဘူး . . . အမေရဲ့။ မိုမို့ကို ငပျင်းမလို့ပြောတာ"

"သြော် . . . နွေဦး ထဘီပြဲသွားတာလား။ အေး . . . အေး"

နွေဦး ယောင်ယောင်မှားမှားနှင့် ကိုယ့်ထဘီကို ငုံ့ကြည့်မိသေးသည်။ ပြီးမှ ဝေဝေနှင့် နွေဦး စိတ်လေလေနှင့် ရယ်ချင်စိတ်ကိုထိန်းကာ ပခုံးနှစ်ဖက် တွန့်လိုက်ရသည်။

ᛉ ᛉ ᛉ



(၁၂)

အောင်စာရင်းထွက်သည်။ မိုမို့ သချ်ာနှင့် ဇီဝ နှစ်ဘာသာဂုဏ်ထူးပါသည်။ နွေဦးလည်း မြန်မာစာနှင့် အင်္ဂလိပ်စာမှလွဲ၍ ကျန်သည့် လေးဘာသာ ဂုဏ်ထူးရ၏။ နေသစ်လည်း သချ်ာရသည်။ ဝေဝေလည်း မှီးရိုးအောင်သည်။ မိုးနေ့က မြန်မာနှင့် အင်္ဂလိပ် ဂုဏ်ထူးပါသည်။

ကျော်ထူးလင်းကတော့ အင်္ဂလိပ်စာ၊ သချ်ာ၊ ဓာတု၊ ရူပ၊ ဇီဝ ဟူသည့် ဘာသာများကြောင့် သူ ကျခြင်းဖြစ်မည်ဟု မှန်းသည်။ မြင့်တိုးကတော့ ဒီနှစ်မှမအောင်ရင် အမိနာချောစုနှင့် ယူပါတော့မည်ဟု သူ့အိမ်ကို ကတိပေးထားရကြောင်းပြောသည်။

ကျောင်းသို့သွား၍ ဆရာကြီးဦးကျော်သက်နှင့် ဆရာတချို့ကို သွားကန်တော့ဖြစ်ကြသည်။ ဆရာကြီးဦးကျော်သက်အား အလွယ်မတွေ့၍ လိုက်ရှာရာ သူတို့ကျောင်းတုန်းက ထမင်းစားနေကျနေရာ၊ ဘောလုံးကွင်းဘေးနားက မန်ကျည်းပင်အိုကြီးအောက်တွင် ဆေးပေါ့လိပ်ဖွာနေသော ဆရာကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . တပည့်တို့ပါလား။ လက်ထဲမှာလည်း အထုပ်တွေနဲ့ ဆရာဖို့ထင်တယ်"

"ဟုတ်ပါတယ် ဆရာ။ သမီးတို့ ဆရာ့ကို လာကန်တော့တာပါ"

ဆရာရှေ့သို့ လက်ဆောင်ပစ္စည်းတွေချ၍ ကန်တော့ဖို့ပြင်သည်။

"ဆရာ . . . ကျွန်တော်ကတော့ မအောင်ပါဘူး။ ဒါပေမဲ့ ကန်တော့လို့ ရမလားဆရာ"

ကျော်ထူးလင်းက သနားစရာဖြစ်အောင် လျှောက်တင်သည်။ ဆရာက ဆေးပေါ့လိပ်ကို ပါးစပ်မှထုတ်၍ . . .

"ရပါတယ် . . . မင်းဗိုက်ကို မင်းနိုင်ရင် ကန်တော့ပါ"

ဆရာ့စကားကြောင့် အားလုံး ရယ်ဖြစ်ကြသေးသည်။ ကန်တော့အပြီး ဆရာက ဆုပေးပါသည်။ ဗလငါးတန်နှင့် ပြည့်စုံစေကြောင်းနှင့်။ မိုးနေ့မပါခြင်းကိုတော့ ဆရာသိမှာပါ။ ထို့ကြောင့် ထူးထူးခြားခြား သတိမပေးမိ။ ထိုကိစ္စကို အားလုံးအသိဖြင့် နှုတ်ဆိတ်လိုက်ကြသည်။

"မိုးနေ့ . . . လာပြီးသွားပါပြီ"

"ဗျာ . . . "

ဆရာ့ထံမှ ရုတ်တရက်ထွက်လာသော စကားသံကြောင့် အားလုံး အံ့ဩသွားသည်။

"ဟုတ်တယ် . . . ။ တပည့်တို့နဲ့ တွေ့မှာစိုးလို့ဆိုပြီး သူအစောကြီး လာကန်တော့သွားပါတယ်။ လူတော်လေးပါ။ ကံကြမ္မာရဲ့ ထိုးဆိတ်မှုသာမခံရရင် သူဟာ ပန်းကောင်းတစ်ပွင့်ပါ။ တပည့်တို့လည်း နားလည်ပေးလိုက်ကြပါ"

"ဟုတ်ကဲ့ ဆရာ"

"ကျွန်တော်တို့ နားလည်ပေးသွားမှာပါဆရာ"

ဆရာက ပြုံး၍ ခေါင်းညိတ်ပြသည်။



ထို့နောက် ဆရာက လောကကြီးတွင် နေတတ်ထိုင်တတ်ရန် လမ်းညွှန်မှုစကားတွေ ပြောသည်။ မြင့်တိုးနှင့် ကျော်ထူးလင်းကိုလည်း ချိန်အောင်အောင်ကြိုးစားရန် ဆုံးမတိုက်တွန်းသည်။ ကျန်းမာရေး ဂရုစိုက်ရန် မိဘကျေးဇူးမမေ့ရန်၊ ဗုဒ္ဓဘာသာလူကြီး တစ်ယောက်၏ မြင့်မြတ်သော တရားများကို နာပြီးနောက် သူတို့တွေ ပြန်ခဲ့ကြသည်။

အပြန်တွင် မြင်းမိုရ်တောင်ဘက်မှ ပြန်ခဲ့ကြသည်။ တောင်ပတ်လမ်းကလေးက ဖြတ်တော့ တောင်ထိပ်ဝတ်မှုန်ကျေးရွာကို အားလုံးမော့ကြည့်မိကြသေးသည်။ သူတို့ မရောက်ဖြစ်တာကြာခဲ့ပြီ။ မိုးနေ့ကော ဒီမှာရှိမလား။

တောင်ပတ်လမ်းတစ်လျှောက် နှင်းဆီရိုင်းတွေနှင့် မြက်ပင်တွေ အလုံးပေါက်ရောက်နေတာကိုတွေ့တော့ သူမ အလွမ်းတို့ ဆိုလာသည်။ နှင်းဆီပန်းတွေကို သိပ္ပံလို ဘယ်လိုခေါ်မလဲ။ နင် ငါ့ကို တတွတ်တွတ်တာပြောပြပါဦးလား။

နွေဦးအတွေးတို့ တိမ်တွေနှင့်အပြိုင် လွင့်ပစ်လိုက်သည်။ ဟိုး . . အထိ။

ⴵ ⴵ ⴵ



www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာသော လပိုင်းအတွင်း ဆယ်တန်းအောင် အမှတ်စာရင်းတွေရသည်။ နွေဦးက ဆေးတက္ကသိုလ်တက်ခွင့်ရမည်။ မို့မို့နှင့် နေသစ်ကတော့ မန္တလေးတွင် ဂျီတီစီတက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ဝေဝေကတော့ သူ့အိမ်က ဖိနပ်လုပ်ငန်းတွင်ပဲ လုပ်ကိုင်ရန် ဆုံးဖြတ်ပြီး အဝေးသင်သာတက်ရန် ပြောသည်။

နွေဦး ဆေးတက္ကသိုလ်တက်ခွင့်ရတော့ ဝမ်းသာကျေနပ်ရသည်။ မိမိအတွက်ကော မိဘတွေအတွက်ကောဖြစ်သည်။ မိုးနေ့၏ မျှော်လင့်ချက်အပေါ်လည်း တာဝန်ကျေသလို ခံစားရသည်။ မိုးနေ့ကော ဘာလုပ်မလဲ။ သူမ စဉ်းစားမိသည်။ သေချာတာတော့ တက္ကသိုလ်ပညာများ ဆက်သင်တော့မည်မဟုတ်။

ထိုသို့နှင့် . . .

. . . . . . . . . ။

မနက်ဖြန်ဆိုလျှင် မို့မို့ရယ်၊ နေသစ်ရယ်နှင့်အတူ နွေဦးပါ မန္တလေးလိုက်သွားရတော့မည်။ နွေဦးလည်း မန္တလေးဆေးတက္ကသိုလ်တွင် တက်မည်။ နွေဦးကို မေမေက သိပ်မလွှတ်ချင်။ ပညာရေး၊ ဘဝရှေ့ရေး



ကြောင့်သာ မတတ်သာ၍ လွှတ်လိုက်ခြင်းဖြစ်သည်။ ယခုတလော မေမေ့ကျန်းမာရေးက ဖောက်ဖောက်နေသည်။ နှလုံးမကောင်းတာဟု ဆရာဝန်ပြောသည်။

နွေဦး မန္တလေးရောက်ရင်တော့ မို့မို့နှင့်အတူ သူ ကွန်ပျူတာသင်တန်း တက်တုန်းက အဆောင်တွင် နေရန်လည်း ဆုံးဖြတ်ထားသည်။

မနက်ဖြန် သွားရတော့မည်။ သူငယ်ချင်းတွေလည်းလိုက်ပို့ကြမည်။

"ငါ မိုးနေ့ကို တွေ့ချင်တယ်ဟယ်"

ပြောသင့်သလားမသိပေမဲ့ မအောင်နိုင်တော့ နွေဦးနှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။ နွေဦးဆန္ဒကို မည်သူမျှမဝေဖန်ကြ။ သူတို့ နွေဦးကို စာနာသည်။

"ငါတို့က သူငယ်ချင်းတွေလေ"

နွေဦးခုနစကားအတွက် သူငယ်ချင်းဆိုသည့် အသုံးအနှုန်းကို သည်ကာ ပြန်ဖာသည်။ သူငယ်ချင်းတွေက သူမ အနေရခက်မည်စိုး၍ ထိုစယ်နောက်ပြောင်မှုမပြုကြ။

"ဒါဆိုလည်း သွားတွေ့ကြမယ်ကွာ။ ပုန်းနေတဲ့သူလည်း ရှာရင်တွေ့မှာပဲ။ ဒီနှလုံးသားနဲ့ ဒီနှလုံးသား ဒီကောင် ကြာကြာ မစိမ်းကားရဲပါဘူး"

ကျော်ထူးလင်းထံမှ ထူးထူးခြားခြား အဖွဲ့အနွဲ့နှင့် စကားကို ကြားလိုက်ရသေးသည်။ သို့ဖြင့် . . .

သူတို့အားလုံး သွားတွေ့ရန် ဆုံးဖြတ်လိုက်သည်။

• • •

ဟိုးရှေ့မှာ မိုးနေ့တို့အိမ်ရှိသည်။ အားလုံးညီညွတ်စွာ လက်လှမ်းလာခဲ့ကြသည်။ မိုးနေ့ အိမ်ရှေ့ကို ရောက်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျက်စရာပင်။ သော့ခလောက်တန်းလန်းနှင့် ပင့်ကူမျှင်တချို့ တန်ဆာဆင်ထားသော အိမ်ကလေးက ပြန်ပါတော့လို့ နှင်ထုတ်နေသလို။

"အိမ်ရောင်းမည်"

ဟူသော မခမ်းမနားစာသားကို သုံးထပ်သားပေါ်တွင်ရေး၍ ချိတ်ဆွဲထားသည်ကိုလည်း တွေ့လိုက်ရသည်။ ပြတင်းတံခါးတွေလည်း ပိတ်ထားသည်။ တစ်လအတွင်း အသုဘ နှစ်ကြိမ်ခင်းလိုက်ရသော အိမ်ကလေး ကျက်သရေတွေလည်း ညှိုးရော်နေချေပြီ။

နွေဦးက အိတ်ကပ်ထဲက စာရွက်ခေါက်ကလေးကိုထုတ်၍ သော့ခလောက်နှင့်ပတ္တကြား ညှပ်ထားလိုက်သည်။

နွေဦး မျက်နှာမကောင်း။ စိတ်က ပိုမကောင်း။ မနက်ဖြန်ဆို မန္တလေးကို ကျောင်းသွားတက်တော့မည်။ ကျောင်းပိတ်မှ တစ်ခါပြန်လာရမည်။ ဝေးပြီးရင်း ဝေးနေရမည့် အဖြစ်ကို သူမ မလိုချင်လည်း ရရှိတော့မည်။ မငိုချင်လည်း ကျမိတော့သည်။

"နွေဦး ငိုနေတာလား"

"အာ . . . မငိုပါဘူး"

မို့မို့အမေးကို မျက်ရည်သုတ်ရင်း သူမ ဖြောင်လိမ်လိုက်မိသည်။

"အင်း . . . မငိုနဲ့။ တော်ကြာ နင် မနက်ဖြန်ခရီးသွားရင် မျက်ကွင်းတွေ ညိုနေလိမ့်မယ်"

"အေးလေ . . . မိုးနေ့က နောက်လည်း ပြန်တွေ့ရမှာပါဟာ"

သူငယ်ချင်းတွေ၏ နှစ်သိမ့်ခေါ်ဆောင်မှုဖြင့်သာ ပြန်ခဲ့ရသည်။ သူ့ဝိညာဉ်ကတော့ အိမ်ကလေးတွင် ကျန်ရစ်ခဲ့။

အားလုံး ကျောခိုင်းသွားချိန်မှာတော့ အိမ်ကလေး၏ ပြတင်းတံခါးတစ်ချပ် လှုပ်ရှားအသက်ဝင်လာသည်။



"ကျွီ . . ."

ခြောက်ကပ်ကပ်မြည်သံနှင့်အတူ ပြတင်းတံခါးပွင့်သွားသည်။ ထိုပြတင်းတံခါးမှ ကျော်ခွ၍ လူတစ်ယောက် ထွက်ပေါ်လာသည်။ မျက်စိကြောင်သေ၊ ခေါင်းမွေးစုတ်ဖွားနှင့် ပစ္စုပ္ပန်၏ ဝါးစားခြင်းကို ခံထားရသော လူငယ်တစ်ယောက်။ သူ့နာမည် မိုးနေ့။

ပတ္တကြားက စာရွက်ခေါက်လေးကို ယူ၍ ပြန်ကြည့်လိုက်သည်။ မတွေ့တာ ကြာခဲ့ပြီဖြစ်သော နွေဦး၏ လက်ရေးချိုချိုလေးတွေကို ပြန်တွေ့ခွင့်ရလိုက်သည်။

*သူငယ်ချင်းမိုးနေ့*

*ငါသွားရတော့မယ်။ နင့်ကို တွေ့ချင်မိတယ်။ မနက်ဖြန် ဘူတာကို သူငယ်ချင်းတွေအားလုံး လိုက်ပို့ကြမှာ။ နင့်ကို လိုက်ပို့ဖို့ မတောင်းဆိုပါဘူး။ နင် ဆန္ဒရှိမှ လာတွေ့ပါ။*

*အရေးကြီးတာက နင့်ဘဝကို ပြန်နေကောင်းအောင် ကြိုးစားဖို့ပဲ။ ငါ့ကိုခင်ရင် လဲနေရာက ထပြီး လှမ်းလျှောက်ပါတော့ဟာ။*

*နင့်သူငယ်ချင်း နွေဦး*

စာဆုံးတော့ သူ နောက်တစ်ခါ ထပ်ဖတ်သည်။ ပြီးတော့ နောက်တစ်ခေါက် ဖတ်သည်။ ပြီးတော့ နောက်တစ်ခေါက်။ နောက်တစ်ခေါက်။ နာကျင်စရာတွေ ရင်ခွင်ကို ရိုက်ခတ်နေစေ။ ကံကောင်းခြင်းများ မလာသေးပါ။



www.burmeseclassic.com

www.burmeseclassic.com

သူမလာသေးပါ။

မြို့ကလေး၏ ဘူတာက နေမြဲအတိုင်း အနည်းငယ်ရှုပ်ထွေး၍ အနည်းငယ်ခြောက်သွေ့နေသည်။ မျှော်နေသူတစ်ယောက်ကို မညှာတာဘဲ နာရီလက်တံတွေက မြန်မြန်သွားနေကြသည်။ ရွေလည်တိုင်သာ ရှည်တော်မူခဲ့ချေပြီ။ သူ မလာသေးပါ။

"မမ . . . စကြာပန်းလေး ဝယ်သွားပါလား"

ကလေးငယ်လေးတစ်ဦးက လာရောင်းသည်။ စက္ကူဖြင့် ပြုလုပ်ထားသော စကြာပန်းလေးဖြစ်သည်။

"အဲဒါဝယ်တော့ ဘာလုပ်လို့ရမှာလဲ"

"ဒီဟာက မှုတ်လိုက်ရင် ဟောဒီလို ဟောဒီလို လည်သွားတာ ပြီးတော့ ဒီဟာလေးလည်နေတဲ့ အချိန်ဆုတောင်းရင် ဆုတောင်းပြည့်တယ် မမရဲ့"

ကလေးငယ်လေးက ချစ်စရာကောင်းစွာရောင်းနေတော့ နွေဦး စကြာပန်းလေးကို ဝယ်လိုက်သည်။ စကြာပန်းကလေးက ကလေးငယ် လက်မှ နွေဦး၏လက်သို့အကူး လေမှာလူး၍လွှတ်ကျကာ ရေဆိုးမြောင်းလေးထဲ ကျသွားသည်။

နွေဦး နောက်တစ်ခု ထပ်ဝယ်လိုက်ရသည်။

"နွေဦး . . . မစောတော့ဘူး။ ရထားပေါ်တက်ဖို့ သွားကြအောင်"



ထိုစကားကို ကိုဇော်မင်းလွင်က ပြောလိုက်ခြင်းဖြစ်သည်။ ကိုဇော်မင်းလွင်က နွေဦးမိဘနှစ်ပါး၏ စေခိုင်းခြင်းဖြင့် လိုက်ပို့ခြင်းဖြစ်သည်။ သူကိုယ်တိုင်ကလည်း နွေဦးကို လိုက်ပို့ရသည်ကို စိတ်အားထက်သန်လျက်ရှိသည်။

နွေဦး လှည့်ကြည့်သေးသည်။ မြို့ကလေး၏ ဘူတာက ငိုမဲ့မဲ့နှင့်။ ရထားပေါ်မတက်ခင် သူ စကြာပန်းကလေးကို လေနှင့်မှုတ်လိုက်သည်။ တဝီဝီလည်နေသော ပန်းရဟတ်ကလေးကို ကြည့်၍ သူ ဆုတစ်ခုတောင်းမိသေးသည်။ ပြီးမှ ရထားတွဲပေါ်တက်ခဲ့သည်။

ကိုဇော်မင်းလွင်က အရေးတယူ အမှာစကားခြွေသေးသည်။

"နွေဦး . . . ဟိုရောက်တာနဲ့ ကိုယ့်ဆီဖုန်းဆက်နော်။ တစ်ခုခုလိုအပ်တာရှိလည်း တန်းပြော။ ဦးလေးနဲ့ ဒေါ်ဒေါ်အတွက်လည်း မစိုးရိမ်နဲ့။ ကိုယ့်တာဝန်ထား"

" . . . . . "

နွေဦးအပြုံးက အသက်ဓာတ်နည်းနေလိမ့်မည်။ ထိုအပြုံးနှင့်ပင် ဝတ်ကျေတန်းကျေပြုံးပြရင်း ရထားထိုင်ခုံဆီသွားလိုက်သည်။ မို့မို့နှင့်နွေဦး ကပ်လျက်ထိုင်ရမည်။ နေသစ်က လူသွားလမ်းခြားသည့် ဟိုဘက်ခုံမှာထိုင်မည်။

"နွေဦး . . . ဟိုမှာ ကြည့်လိုက်ဦး"

နွေဦးထိုင်ခုံကို ညွှန်ပြလျက် မို့မို့က ပြောလိုက်ခြင်းဖြစ်သည်။ မို့မို့ညွှန်ပြသည့်အရာက . . .

"ဟယ် . . . ပန်းကလေး"

ထိုပန်းကလေး၏အမည်ကို နွေဦးမသိပါ။ သို့သော် ဒါ ဝတ်မှုန်ကျေးရွာမှာရှိသည့် ပွင့်သည့်ပန်းဆိုတာတော့ နွေဦးသိသည်။ ဒါဆို မိုးနေ့ လာသွားတယ်ပေါ့။ သူမ ရထားပေါ်မတက်ခင်က တောင်းတဲ့ဆုပြည့်သွားပြီပေါ့။ သူမ ပျော်ရွှင်မိသည်။

www.burmeseclassic.com

သူ့လက်ထဲက စက္ကူပန်းလေးကို လေနှင့် ထပ်မှုတ်လိုက်သည်။ လောကတွင် သူ အလိုချင်ဆုံးဆုတစ်ခုကို သူ ခွင့်ပန်နေပါတော့သည်။

. . . မျက်ဝန်းမှိတ်လျက် . . .

ရထားထွက်မှ သူတို့ပြန်ခဲ့ကြသည်။ သူတို့ဆိုသည်မှာ ကိုဇော်မင်းလွင်၊ ကျော်ထူးလင်း၊ မြင့်တိုးနှင့် ဝေဝေတို့ဖြစ်သည်။

အပြန်တစ်နေရာတွင် ဝေဝေ့ခြေလှမ်း တုံ့ဆိုင်းသွားသည်။

"ဘာဖြစ်တာလဲ ဝေဝေ"

"သူ လာသွားတယ်"

"ဟင် . . ."

"မိုးနေ့ လာသွားတယ်၊ ဟိုမှာကြည့်လိုက်"

" . . . . . "

ဝေဝေညွှန်ပြရာ ကြည့်လိုက်သည်။

ခုနက ဈေးသည်ကလေးလေးလက်မှ နွေဦးလက်သို့အကူး ဆိုးမြောင်းထဲ ပြုတ်ကျသွားခဲ့သော စက္ကူပန်းလေး၊ ယခု ရေဆိုးမြောင်းဘေးမှ ပန်းအိုးတစ်လုံးထဲတွင် ပြန်လည်ထိုးစိုက်လျက်သား ရှိနေသည်ကို သူတို့တွေ့လိုက်ရသည်။

ကျော်ထူးလင်းနှင့် မြင့်တိုး လေးနက်ယုံကြည်စွာ ခေါင်းဆတ် ဆတ်ညိတ်သည်။

ဒီလို မြောင်းထဲမှ ပန်းကို ပြန်ဆယ်ပြီး ပန်းအိုးထဲ ထိုးစိုက်ဖို့ ရင့်နိုင်သူဟာ မိုးနေ့သာဖြစ်မည်ဟု သူတို့ အတပ်သိနေသည်။ သူတို့ ကျေနပ်စွာ ခေါင်းညိတ်ကြသည်။

ကိုဇော်မင်းလွင်သည် တစ်ဖွာမျှ ရှိုက်ရသေးသော စီးကရက်ကို လွှတ်ချကာ နင်းချေပြီး ရေဆိုးမြောင်းထဲ ကန်ချပစ်လိုက်သည်။ ပြီးတော့ နောက်တစ်လိပ်ကို ဆွဲထုတ်ကာ မီးအကြာကြီး ညှိနေလေတော့သည်။



## (၁၃)

'လူတွေမကောင်းဘူး' ဟု သူခဏခဏတွေးသည်။ 'တွေးတော့သိတာပေါ့' ဟူသော သီအိုရီရှင်းရှင်းနှင့် သူ လူ့လောကကြီးမှာ နေထိုင်ခဲ့သည်။

'လူသားတွေသာ မျိုးသုဉ်းသွားရင် ကမ္ဘာကြီး သိပ်ငြိမ်းချမ်းသွားမှာပဲ' ဟု သူ ရက်စက်စွာလည်း တွေးကြည့်ဖူးသည်။ သူ့အလုပ်က သစ်ခုတ်ခြင်း၊ နာမည်က ဘတော။ သူ့ကို ကွယ်ရာတွင် အားလုံးက လူ့ပွစာဟု ခေါ်ကြသည်။

မည်သူနှင့်မှ အယူအဆလိုက်မညီဘဲ ကိုယ့်အယူအဆနှင့်ကိုယ် မျက်နှာကြောတင်းတင်းနေတတ်၍ ဖြစ်သည်။ သို့သော် သူ့ကို ဦးကြီးဟု ခေါ်တတ်သော ကောင်လေးတစ်ယောက်တော့ ရှိသေးသည်။ ထိုကောင်လေးကတော့ မိုးနေ့။

နေညိုပြီ။ လမင်းက မှုန်သဲ့သဲ့ ထွက်ချင်နေပြီ။ သူ့ထင်းစည်းကြီးကို ဘုန်း' ခနဲပစ်ချ၍ ခဏနားရန် ပြင်လိုက်သည်။ ထိုစဉ် သူ့မျက်ဝန်း စူးရှသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ကောင်လေးပါလား။ အရက်နံ့တွေလည်း ထောင်းလို့ မူးပြီး မှောက်နေလိုက်တာ။ ကြည့်စမ်း . . . ဟား . . . ဟား . . . ဟား ဒီကောင် လောကကြီးကို မာရေကျောရေ ဆက်ဆံတတ်လာပြီပဲ။ ဟား ဟား . . . "

သူ သဘောကျစွာ တဟားဟားရယ်သည်။ အရက်မူး၍ မှောက်နေသောကောင်လေးမှာ မိုးနေ့ဖြစ်သည်။ သို့သော် အတန်ကြာရယ်ပြီးတော့ ခါးထောက် မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ဒီကောင်မှောက်နေတာ ဘယ်လောက်ကြာပြီလဲ။ မဖြစ်သေးပါဘူး"

သူ တစ်ခုခုကြံသည်။ သူ့မျက်ဝန်း ဒုတိယအကြိမ် စူးရှသွားပြန်သည်။ သူ အကြံရပြီ။ သူ့ပခုံးထက်တွင် မိုးနေ့ကိုတင်၍ ရအောင် ထမ်းပိုးလိုက်သည်။ ပြီးလျှင် သူ့အကြံအစည်အရ ဥယျာဉ်မှူးကြီးအိမ် ခေါ်သွားရန်ပင်ဖြစ်တော့သည်။

• • •

မနက်မိုးလည်သည်အထိ မိုးနေ့ မျက်ဝန်းမဖွင့်နိုင်။ ဥယျာဉ်မှူးကြီးက သူ့လက်တစ်ဖက်ဖြင့် လှုပ်နှိုးလိုက်သည်။ နိုးမလာ။ နဖူးကို စမ်းကြည့်မိသည်။ ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေသည်။

"မဖြစ်ပါဘူး။ ဆေးလေးတော့ ငါ ဆင်းဝယ်ရမယ်"

သူနှင့် မြို့ကလေးကလည်း နီးလျက် ကွာခြားနေသည်။ ရှင်းရှင်းပြောရလျှင် သူ တစ်ကြိမ်တစ်ခါမျှ မြို့ထဲအထိ မသွားလာဖူး။ ယခုမူ မိုးနေ့ဆိုသော ကောင်လေးအတွက်နှင့် သူမ၏ ပထမဆုံးအကြိမ် မြို့တွင်း ခရီးစဉ်ကို စလိုက်သည်။

ချိုင်းထောက်သံ ဒေါက်ဂွက် ဒေါက်ဂွက်နှင့်။



နေ့တစ်နေ့၏ အစောပိုင်းအချိန်ဖြစ်၍ မြို့ကလေးအတွင်း လူအများလည်း သွားလာလှုပ်ရှားနေကြသည်။ လူတချို့က သူ့ကို သိသလို (သို့) မြင်ဖူးသလို ကြည့်ကြသည်။ အတန်ငယ်ကြာအောင် ကြည့်ကြပြီးမှ 'သြော် . . . ဒါ တောင်ပေါ်က ဥယျာဉ်မှူးကြီးပါလား' ဟု သူတို့ ရေရွတ်ကြသည်။ သူ မြို့ထဲ ဘာလာလုပ်ပါလိမ့်ဟူသော အတွေးမျိုးလည်း တွေးဖြစ်ကြသည်။

သူ ဆေးဆိုင် လိုက်ရှာနေခြင်းဖြစ်သည်။ လွယ်လွယ်မတွေ့။ နီးရာစတိုးဆိုင်တစ်ခုအတွင်းဝင်၍ မေးဝယ်ရန်သာ ဆုံးဖြတ်လိုက်သည်။

သူ စတိုးဆိုင်တစ်ခုထဲ ဝင်ခဲ့သည်။

"ကိုယ်ပူကျဆေးလေးများ ရနိုင်မလားကွယ်"

"ရပါတယ်ခင်ဗျာ"

စတိုးဆိုင်ကောင်တာနောက်မှ ပြန်ဖြေသံထွက်လာသည်။ ပြီးမှ လူထွက်လာသည်။

"ဟာ . . . အဘပါလား"

စတိုးဆိုင်က လူက သူ့ကိုသိသည်။ သူ သေချာကြည့်နေမိသည်။

"အဘက မမှတ်မိဘူးထင်တယ်။ မိုးနေ့သူငယ်ချင်းထဲက ကျော်ထူးလင်းဆိုတဲ့တစ်ယောက်ပါ အဘရဲ့"

ထိုအခါမှ သူ ဝေဝေဝါးဝါး မှတ်မိသွား၏။ နေသစ် မန္တလေးကျောင်းသွားတက်သည့်အချိန်မှစ၍ ဒေါ်မေသစ်၏စတိုးဆိုင်တွင် ကျော်ထူးလင်းက အဓိက ဆိုင်တာဝန်ခံကြီး ဖြစ်သွားတော့၏။

"ဒါနဲ့ အဘလာဝယ်တာ ကိုယ်ပူကျဆေးနော်။ အဘ . . . နေမကောင်းလို့လား"

ကျော်ထူးလင်းအမေးကို ဥယျာဉ်မှူးကြီးက ခေါင်းခါပြသည်။

"အဘ နေကောင်းပါတယ်။ နေမကောင်းတာက မင်းတို့သူငယ်ချင်း မိုးနေ့ပဲ"

www.burmeseclassic.com

"ဗျာ . . . မိုးနေ့ ဟုတ်လား"

"ဟုတ်တယ်ကွယ့်။ မနေ့က ဒီကောင်လေး မသောက်တတ် သောက်တတ်နဲ့ တော်တော်များများ သောက်လာတယ်ကွာ။ အဲလို သောက်ပြီး တောင်ပေါ်မှာ မူးမောက်နေလို့ ဦးဘတောက ငါ့ဝါးတဲမှာ လာအိပ်ခိုင်းထားတာ။ အခုမနက်ရောက်လို့ နဖူးစမ်းကြည့်တော့ ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေရှာတယ်လေ။ အဲ့ဒါနဲ့ အဘလည်း မြို့ထဲ မဆင်းစဖူး ဆင်းလာခဲ့ရတာပဲ"

"ဒီကောင်ကတော့ဗျာ"

ကျော်ထူးလင်း မိုးနေ့ကို အပြစ်တင်စကား ဆိုချင်နေသည်။ မနေ့က နွေဦးတို့ မန္တလေးဘူတာကို လိုက်ပို့ချင်လျက်နှင့် လူယောင် မပြခဲ့။ နောက်ပြီးမှ ကြိတ်ပြီး ခံစားနေရသည်။ သနားဖို့ ကောင်းလိုက် တဲ့သူငယ်ချင်း။ အတွေးတစ်ပိုင်းနှင့် ကိုယ်ပူကျဆေးများကို အိတ်အတွင်း ထည့်လိုက်သည်။

"ရော့ . . . ဒီမှာ အဘ"

"ဩော် . . . အေး . . . အေး။ ဒါနဲ့ အဘမှာ ငွေတော့ မရှိဘူး ကွယ့်။ ဒီပစ္စည်းလေးပဲ ဆေးဖိုးအနေနဲ့ ယူထားလိုက်တော့နော်"

ဥယျာဉ်မှူးကြီးက သူ့အိတ်ကပ် ခပ်နွမ်းနွမ်းအတွင်းမှ အရောင်း အသွေးကောင်း၍ အဖိုးတန်ကျောက်များနှင့် စီခြယ်ထားသော လက်စွပ် တစ်ကွင်းကို ထုတ်ပေးသည်။ ကျော်ထူးလင်း မျက်လုံးပြူးသွားသည်။ သူ ရွှေတွေ၊ စိန်တွေ၊ ကျောက်တွေအကြောင်း နားမလည်ပါ။

သို့သော် ဤလက်စွပ်ကို မြင်လိုက်သည်နှင့် မနည်းသောတန်ဖိုး ရှိမည်ဟု အလိုလို ခန့်မှန်းမိသွားသည်။ 'ဒီလူကြီး . . . ဘယ်ကရပါ လိမ့်' ဟုလည်း ရုတ်တရက် သံသယအတွေးဝင်မိသေးသည်။ ထိုသံသယ ကြောင့် မဟုတ်သော်လည်း ထိုလက်စွပ်ကိုတော့ ငြင်းဆန်ချင်ပါသည်။

"နေပါစေ . . . အဘ။ မိုးနေ့ကလည်း ကျွန်တော့်သူငယ်ချင်းပဲ ဆိုတော့ ပေးမနေပါနဲ့တော့။ ကျွန်တော်ကသာ ထပ်ပြီး မိုးနေ့ လူမမာ



အတွက် ပေါင်မုန့်နည်းနည်းနဲ့ ကွေကာအုပ်တွေ ထည့်ပေးလိုက်ပါဦးမယ်။ ကျွန်တော် ပေးလိုက်တာလို့တော့ သူ့အခြေအနေကြည့်ပြီး လိုအပ်မှပဲ ပြောပြလိုက်ပါအဘရာ"

"အေးကွယ် . . . သာဓု သာဓု သာဓု"

မင်္ဂလာစကားသုံးခွန်းဆို၍ ဘုရားကို အာရုံပြုလျက် သူ စတိုး ဆိုင်ထဲမှ ထွက်ခဲ့သည်။ လောကတွင် အမြတ်ဆုံးက ဘုရား၊ အခက်ဆုံး က တရား၊ သူ့အရွယ်နှင့် ညီမျှသည့် အသိအတွေးများ အာရုံကြောထဲ စီးဝင်လေကုန်သည်။

"အမယ်လေး . . ."

ရှေ့မှလာသော လူတစ်ယောက်က သူ့အား ဝင်တိုက်မိ၍ ချိုင်း ထောက် တခြား၊ လူတခြားနှင့် မြေပြင်တွင်လဲကျသွားသည်။ သူနှင့် တိုက်မိသူက ကျောင်းဆရာ ဦးကျော်သက်ဖြစ်သည်။

ဦးကျော်သက်က ဥယျာဉ်မှူးကြီးကို ထူပေးလိုက်သည်။ နောက် ချိုင်းထောက်ကို ကမ်းပေးရင်း . . .

"ကျုပ်လည်းဗျာ ဟိုဒီတွေးရင်းနဲ့ လျှောက်လာတာ။ ဒီက ခင်ဗျား ခင်ဗျား"

ဦးကျော်သက် စကားမဆက်နိုင်ဘဲ ဦးနှောက်ထဲ အသိတစ်ခု ဝင်သွားသလို ခံစားလိုက်ရသည်။

ဥယျာဉ်မှူးကြီးကလည်း ကျောင်းဆရာဦးကျော်သက်ကို သေချာ ကြည့်ပြီး တွေဝေသွားသည်။ ပြီးမှ တရိပ်ရိပ် သတိရလာပြီး . . .

"ခင်ဗျား . . . ခင်ဗျား . . . ကိုကျော်သက်မို့လား"

"ဒါဆို . . . ဒါဆို . . . ခင်ဗျားက ဆရာထွန်းလူမောင်ပေါ့"

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် သိနှင့်နေကြ ပြီ။ သူတို့မျက်နှာတွင် အံ့ဩခြင်း၊ အလွန်အမင်း ဝမ်းသာခြင်း စသော အရိပ်အယောင်များလည်း ဖြစ်ပေါ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာထွန်းလူမောင် . . . ကျွန်တော်နဲ့ တစ်နေရာ သွားပြော ကြတာပေါ့"

သူတို့နှစ်ယောက် တစ်နေရာသို့ ထွက်သွားတော့သည်။

ထိုအခြင်းအရာများကို စတိုးဆိုင်ထဲမှနေ၍ ကျော်ထူးလင်း အစ အဆုံးမြင်လိုက်သည်။ သို့သော် အစမှအဆုံးထိ နားမလည်။ 'ဘာလို့ ငါတို့ ဆရာဦးကျော်သက်က ဥယျာဉ်မှူးကြီးကို ဆရာလို့ ခေါ်တာလဲ။ ဘယ်လိုပတ်သက်မှုမျိုးလဲ။ ကျောင်းတုန်းက ဆရာတပည့်တွေတော့ ဟုတ် ပုံမရ။ ခုနက လက်စွပ်ကကော ဘယ်လိုလဲ'စသည်ဖြင့် သူ တောင်တောင် အီအီ အတွေးတွေ လည်နေတော့သည်။

• • •

မိုးနေ့ မျက်လုံးဖွင့်လိုက်တော့ သူလဲလျောင်းနေသည်မှာ သူ့ အိပ်ရာမဟုတ်မှန်း သူသိလိုက်ရသည်။ လဲလျောင်းရာမှ ထထိုင်ဖို့ ကြိုး စားလိုက်သည်။ စိတ်ထဲသာ လှုပ်ရှားသွားသည်။ လူက လှုပ်မရ။ ခန္ဓာ ကိုယ်ကြီးက သူ့အမိန့်ကို ပုန်ကန်နေသည်။ ဝိညာဉ်တစ်ခုလုံး ရိုက်ချိုး ထားသလို ခံစားရသည်။

"ကောင်လေး . . . မထချင်ပါနဲ့ဦး။ အကြောတွေသာ လျှော့ လိုက်။ မျက်လုံးကစပြီး ဖြည်းဖြည်းချင်း အကြောလျှော့လိုက်"

ထိုအသံကို သူသိသည်။ ဥယျာဉ်မှူးကြီး၏အသံ။ ကိုက်ခဲနေ သည့် ခန္ဓာကိုယ်ရှိအကြောတွေကို စိတ်မှန်းနှင့် တစ်ထစ်ချင်း လျှော့ချ နေရသည်။ သွေးရည်သွေးရက်တွေက သူ့ကို လုလုပပ အဆိပ်တက်ပစ် စေသည်။ နာရီအနည်းငယ်ကြာသည်အထိ သူထပ်မံလဲလျောင်းလိုက် ရသည်။ လဲလျောင်းရာမှ သူ အိပ်ပျော်သွားပြန်သည်။ သူ အိပ်မက်ထဲ တွင် သူ့အဖေနှင့် တွေ့သည်။ သူ့အဖေက မောင်းနေကျ မြင်းလှည်း ကြီးနှင့်။



သူ မြင်းလှည်းပေါ် တက်လိုက်သည်။ မြင်းရထားက မိုးသား ပေါ် ပျံဝဲသွားသည်။ တိမ်တံတားပေါ်မှ လေဟုန်စီးသွားသည်။ ကောင်း ကင်ဘုံဖြစ်မည်ဟု သူ ထင်သည်။

ပန်းတွေဝေနေသော ကောင်းကင်ဘုံ၏ တစ်နေရာကို ခေါ် ဆောင်ပြန်သည်။

"ဟိုးရှေ့မှာ ဘယ်သူလဲ ကြည့်လိုက်ပါဦး"

သူ့အဖေညွှန်ပြရာ သူ ကြည့်လိုက်သည်။ ပန်းတို့အလယ် ကျောက်ဖျာတစ်ချပ်ပေါ်တွင် နတ်သမီးထိုင်ထိုင်နေသော သူ့မေမေကို တွေ့လိုက်ရသည်။ မေမေ့ကို သူပြေးဖက်သည်။ မေမေကလည်း သူ့ကို ထွေးဖက်သည်။

"မေမေ . . . ပန်းရောင်းသေးလား"

သူမေမေ့ကို တီတီတာတာ မေးခွန်းတွေ မေးလိုက်တော့ မေမေ ရယ်သည်။ မေမေ့ရယ်သံက လှသည်။ မေမေပုံက ကျန်းမာပြီး နုပျိုနေ သည်။

"နတ်ပြည်က ပန်းရောင်းစရာ မလိုဘူးကွယ့် . . . မေ့သားလေး ရဲ့"

ထိုသို့ မေမေဖြေရင်း သူ့ခေါင်းကို ပွတ်သပ်ပြီး နှုတ်မှတစ်စုံ တစ်ရာကို တီးတိုးဖွဖွ ရွတ်နေလေသည်။ ဒါကို သူက . . .

"မေမေ . . . ဘာသီချင်းဆိုနေတာလဲ ဟင်"

လို့ မေးလိုက်တော့ မေမေက လုလုပပရယ်ပြန်သည်။

"သားလေး . . . လူပြည်မှာ ကံဆိုးမှုတွေနဲ့ ပင်ပန်းနေပြီမို့ လား။ အဲ့ဒါကြောင့် မေမေ့မေတ္တာနဲ့ သားလေး ကံကောင်းလာအောင် ဆုတွေ တောင်းပေးနေတာ။ ဒါနဲ့ သား . . . ဟိုးမှာကြည့်လိုက်"

မေမေညွှန်တာ ပန်းခင်းကြီးတွေပါ။

"သားသား အဲဒီထဲက ကြိုက်တဲ့ပန်းတွေကို ခူးပြီး အိမ်ပြန်တော့ နော်။ မေမေတို့ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"သား ဘယ်တုန်းက ဖန်ခူးဖူးလို့လဲ။ မေမေတို့ကကော ဘယ်ထွက်သွားဦးမလဲ"

မေမေက သူ့ကို ပြုံးရင်း လေထဲတွင် လွင့်သွားသည်ဟု သူမြင်သည်။ ပြီး သူ့ဖေဖေ၏ မြင်းလှည်းပေါ် မေမေက တက်သွားသည်။ ဖေဖေက တစ်ချက်လှည့်ပြုံးပြပြီး မြင်းဇက်ကြိုးကို လှုပ်လိုက်သည်။ မြင်းလှည်းကြီး ထွက်ခွာပြီး . . .

"သားလည်း လိုက်ခဲ့မယ်။ ဖေဖေ . . . မေမေ . . . သားလည်း လိုက်ချင်တယ်။ ဖေဖေ . . . မေမေ . . ."

တိမ်တွေပေါ်မှာ ပြေးလွှားရ၍ တကြော်ကြော်အော်ခေါ်သော်လည်း မြင်းရထားကြီးမှာ ထူးဆန်းသော အခိုးအငွေ့များဖြစ်၍ ပျောက်ကွယ်သွားတော့သည်။

သူ ရုတ်တရက် ထထိုင်လိုက်၍ အိပ်မက်မှန်း သိလိုက်ရသည်။ ကုတင်ဘေးကြည့်လိုက်တော့ မထူးဆန်းသော အခိုးအငွေ့များ ထွက်နေသည်။ ကော်ဖီခွက်ကို တွေ့လိုက်ရသည်။

"ကောင်လေး . . . နိုးပြီလား"

သူ ဖြည်းဖြည်းချင်း ခေါင်းညိတ်ပြသည်။ သူ့လိုပဲ ဦးယျာဉ်မှူးကြီးကလည်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး . . .

"အိပ်မက်ထဲမှာ ကောင်လေး မိဘတွေနဲ့ တွေ့ခဲ့တာလား"

သူ မျက်လုံးပြူးသွားသည်။ ဦးယျာဉ်မှူးကြီးက နွေးထွေးစွာ မတိုးမကျယ်ရယ်သည်။

"မအံ့သြပါနဲ့ကွာ။ မင်း အိပ်နေတုန်းက ယောင်ပြီးအော်တဲ့ အသံတွေကိုကြားပြီး မင်း အိပ်မက်ကို ခန့်မှန်းကြည့်တာပါ"

"ဩော် . . ."

ဦးယျာဉ်မှူးကြီးက ခုတင်ပေါ်ဝင်ထိုင်၍ သူ ပခုံးကို ဖေးဖက်ကာ ဖွဖွပုတ်ပြီး . . .



"အိပ်မက်ထဲမှာ မိဘတွေနဲ့ တွေ့ခဲ့ရတာဆိုတော့ အင်အားတွေ တော်တော်ရခဲ့မှာပေါ့"

သူ စဉ်းစဉ်းစားစားနှင့် ခေါင်းညိတ်ပြသည်။ ဟုတ်သည်။ အိပ်မက်ထဲမှာ ဖေဖေနှင့် မေမေ့အပြုံးတွေကို သူတွေ့ခဲ့ရသည်နှင့် သူ့သွေးကြောတွေ အစီးမြန်လာစေသလို ခံစားရသည်။ မီးတောက်လို အားကောင်းသော အလျှံတစ်မျိုး သူ့ပခုံးမှ တဖျစ်ဖျစ် တောက်ပနေသလိုလည်း သူခံစားနေရသည်။

"ဟုတ်တယ် . . . ကျွန်တော် ကျွန်တော့်အားတွေ ပြည့်လာသလိုပဲ"

"ဒေါက် . . . ဒေါက် . . . "

ဝါးတဲလေး၏ တံခါးကို တစ်စုံတစ်ယောက ခေါက်လိုက်သည်။ ဦးယျာဉ်မှူးကြီးက ဝင်ခဲ့ပါဟုပြောမှ ဆန်ပြုတ်အိုးကြီးကို မ,သယ်ကာလာသော သစ်ခုတ်သမားကြီး ဦးဘတောကို တွေ့လိုက်ရသည်။ ပြီးနောင် တဲအိမ်အနောက်ဘက် မီးဖိုခန်းထဲ ဝင်သွားတော့သည်။

နံဘေးနားရှိ ကော်ဖီခွက်ကို တစ်ကျိုက် သူမော့သောက်လိုက်ရာ မီးနေ့၏ရင်ထဲ နွေးသွား၏။ ဦးယျာဉ်မှူးကြီးက သူ့ပခုံးကိုပုတ်၍ စကားဆက်သည်။ ခါတိုင်းလည်း သူနှင့် ဆက်ဆံရေးကောင်းသော ဦးယျာဉ်မှူးကြီးသည် ယခု သူ့အပေါ်တွင် ပို၍ အလေးထားနွေးထွေးစွာ ဆက်ဆံနေသည်ဟု သူမြင်မိသည်။

"ကောင်လေးကို အဘမေးစရာတချို့ရှိတယ်"

ကော်ဖီခွက်နွေးနွေးလေးကို လက်နှင့်ပွတ်လျက် 'ဟုတ်'ဟု မီးနေ့ ဖြေသည်။

"ကောင်လေး . . .ဘာဖြစ်ချင်လဲ။ အဲ . . . နေ . . . နေဦး။ အဘမေးခွန်းက မကောင်းဘူး။ ကောင်လေးရဲ့ရည်မှန်းချက်က ဘာလဲ။ အဲဒါ အဘကိုပြော"



www.burmeseclassic.com

www.burmeseclassic.com

"ငယ်ငယ်တုန်းကတော့ ဆရာ၊ ဆရာမကြီးကို၊ လူကြီးကြီးကို ဆရာဝန်တို့၊ စစ်ဗိုလ်တို့။ အင်ဂျင်နီယာကြီးတို့ ဖြစ်ချင်တဲ့ ဆန္ဒရှိခဲ့ပါ တယ်"

"ဟား . . . ဟား . . . ဟား . . ."

အနောက်ခန်းထဲမှ ထွက်လာသော ဦးဘတော၏ ရယ်သံဖြစ် သည်။ သူက 'တကယ့်ကောင်ပဲ'ဟု ညည်းတွားလိုက်ပြီး . . .

"ငါ ငယ်ငယ်တုန်းကလည်း သိပ္ပံပညာရှင်ကြီး ဖြစ်ချင်ဖူးတာ ပဲ။ သစ်ပင်တွေကို အမြင့်ကြီး အမြင့်ကြီးဖြစ်အောင် ဆွဲရှည်ဆန့်နိုင်မဲ့ စက်ကိရိယာကို တီထွင်ဖို့ စိတ်ကူးယဉ်ခဲ့သေး။ ကြီးလာမှ သစ်ခုတ်သမား ဖြစ်သွားတာတော့။ ဟား . . . ဟား . . . ဟား . . . ကဲပဲ"

ဦးဘတောစကားကို ဥယျာဉ်မှူးကြီးနှင့်မိုးနေ့ သဘောကျကြ သည်။ ဥယျာဉ်မှူးကြီးက . . .

"ကဲ . . . ကောင်လေး၊ ဒါဆို အခုကြီးလာတော့ ဘာဖြစ်ချင်တာ လဲ။ ကိုယ့်စိတ်ကိုကိုယ် ဘကယ်သိပြီးလာတဲ့အခါ ကိုယ်လုပ်ချင်တဲ့ အလုပ်ဟာ ဘာလို့မြင်သလဲ"

ဥယျာဉ်မှူးကြီး၏ မေးခွန်းကို မိုးနေ့ သွက်လက်ပီသစွာပင် ဖြေ လိုက်သည်။

"အဘလို ဥယျာဉ်မှူးကြီးဖြစ်ချင်တယ်"

"ငါ့လို ဥယျာဉ်မှူး"

မိုးနေ့ အဖြေကိုကြားတော့ သူတွေသွားသည်။ ရုတ်တရက် စကားမဲ့သွား။ ပြီး . . . မျက်လုံး ဖိတ်ဖိတ်လက်လာသည်။ မိုးနေ့ရဲ့ မျက်ဝန်းတွေထဲ သူစိုက်ဝင်ကြည့်နေသည်။ သူ ရင်တွေ တုန်လှုပ်နေ သည်။

"ဟုတ်တယ် . . . အဘ။ ကျွန်တော် ပန်းတွေအကြောင်း သိ ချင်တယ်။ ရေလောင်းပေါင်းသင်ရင်း ကိုယ်စိုက်ထားတဲ့ အပင်လေးကို တသိမ့်သိမ့် စောင့်ကြည့်နေရတဲ့အရသာ၊ အပင်လေးကနေ ပန်းကလေး



တွေပွင့်လာရင် ဘာအရောင်ကလေးတွေ ပွင့်မှာကို ခန့်မှန်းနေရတဲ့အရ သာ၊ ရောင်စုံဝတ်ဆံတွေထဲက မွှေးရနံ့ငွေ့ငွေ့လေးတွေကို ရှိုက်ရှူရတဲ့ အရသာ စတာတွေကို ကျွန်တော် မက်မောနေမိပြီ အဘ။

သဘာဝရနံ့နဲ့ ကမ္ဘာကြီးကို မွှေးပျံ့စေချင်တယ်။ နတ်ပြည်က ပန်းခင်းနန်းတော်ကြီးလို မခမ်းနားချင်နေပါ။ လူ့ပြည်မှာတော့ ဝတ်မှုန် ကျေးရွာလေးတစ်ခုဖန်ဆင်းချင်တာ ကျွန်တော်ရဲ့ ဆန္ဒအမှန်ပါပဲ"

မိုးနေ့စကားဆုံးတော့ သစ်ခုတ်သမားကြီး ဦးဘတောက အား ရပါးရ လက်ခုပ်တီးသည်။ ဥယျာဉ်မှူးကြီးကလည်း အားမာန်တစ်ခုနှင့် ပြုံးပြီး . . .

"တော်တယ် . . . သားလေး မင်း သိပ်တော်တယ်"

"ဗျာ . . . "

"သြော် . . . ကိုယ့်ဆန္ဒကိုယ် ပီပီပြင်ပြင် စိတ်ဝင်တစား သိရှိ တာဟာ တော်တာပဲမို့လား။ အဲဒါကြောင့် ချီးကျူးတာပါ"

မိုးနေ့ ဥယျာဉ်မှူးကြီးကို ကြည့်မိသည်။ ခုန အခေါ်အဝေါ်ကို သူနည်းနည်း ကြောင်တောင်တောင် ခံစားလိုက်ရခြင်းဖြစ်သည်။

"ဒါပေမဲ့ မင်းက ပန်းပျိုးတာကို လွယ်တယ်ထင်လို့လား"

"တစ်ခါမှ မထင်ဖူးပါဘူး အဘ"

"မင်း ဒီလို လေနေ၊ ပေနေ၊ စိတ်ဓာတ်တွေကျနေ အတိတ်ကို စိတ်နာပြီး ပစ္စုပ္ပန်ကို ရေစုန်မျှောနေတဲ့ မင်းက ပန်းကောင်းတွေကို စိုက် နိုင်ပါ့မလား။ အရက်မူးပြီး ကိုယ်ဘယ်ရောက်နေသလဲ မသိတဲ့လူက ဥယျာဉ်ကြီးထဲမှာ နေထိုင်ဖို့ သင့်ပါ့မလား။ ကောင်လေး . . . ဒါတွေ မင်းလည်း စဉ်းစားမိမှာပါ"

"စဉ်းစားမိပါတယ်။ အဲဒီလို ပေခဲ့လေခဲ့ မူးခဲ့ ရူးခဲ့တာတွေက ကံဆိုးနေတဲ့ ကာလတစ်ခုမှာ ညံ့ဖျင်းစွာ စိတ်ဖြေခဲ့တာပါ။ အခုအိပ်ရာ နိုးပြီးကတည်းက ကျွန်တော် နောက်ထပ် ကံမဆိုးတော့ဘူးလို့ ယုံကြည် လာပြီ။ ဒီထက်ဆိုးဖို့ မရှိတဲ့ဘဝအတွက် ကျွန်တော် ပြန်ကောင်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် ပြန်ထူမှပဲ ဖြစ်တော့မယ်။ ကိုယ့်အလင်းကို ကိုယ်ဖြန့် မြင်ဖို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မီးထွန်းမယ်"

"သေချာရဲ့လား . . . ကောင်လေးရယ်"

ဥယျာဉ်မှူးကြီး သွေးတိုးစမ်းလိုက်သည်။

မိုးနေ့က သူ့ဆုံးဖြတ်ချက်ကို သူ သေချာခိုင်မာစွာဖြင့် . . .

"သေချာတယ်။ ကျွန်တော် အလှဆုံးပန်းတွေ စိုက်မယ်"

"အေး . . . အဲ့ဒါဆိုရင် မင်း ဥယျာဉ်မှူး ဖြစ်သွားပြီ"

"ဗျာ . . ."

"မဗျာနဲ့ . . . ကောင်လေး၊ ခိုင်မာနဲ့ ဆုံးဖြတ်ချက်နဲ့ ယုံကြည်မှုဟာ ရည်မှန်းချက်ကို ပြီးမြောက်စေတဲ့ သော့ချက်ပဲဆိုတာ ငါပြောရင် ယုံပါ။ အခုကစပြီး ငါမင်းကို ကူညီမယ်။ ကဲ . . . ကောင်လေး မင်း ဟိုသေတ္တာကို လှန်လိုက်"

ဥယျာဉ်မှူးကြီး၏ အသံတွေကလည်း အားပြည့်မာန်ပြည့်ရှိလှသည်။

မိုးနေ့ လက်တစ်ကမ်းအကွာမှ သေတ္တာလေးကိုလည်း လှစ်ခိုင်းလိုက်လေသည်။ သေတ္တာက အလျားတစ်ပေ၊ အနံခြောက်လက်မ၊ အမြင့်ခြောက်လက်မခန့်ရှိသော ကျွန်းသေတ္တာလေးဖြစ်သည်။ ဘာကြောင့် ဒီလိုခိုင်းမှန်း မသိသော်လည်း မိုးနေ့ အူကြောင်ကြောင်နှင့်ပင် သေတ္တာကို ဆွဲလှပ်လိုက်ပါသည်။

"ဟင် . . ."

သေတ္တာထဲတွင် ရွှေနှင့်တခြားရတနာများ၊ ဖိတ်ဖိတ်လက်နေသည်။ ဦးဘတောကြီးကတော့ အခန်းထောင့်မှာ ထိုင်၍ ပြုံးပြုံးကြီး ကြည့်နေသည်။ ဥယျာဉ်မှူးကြီးက . . .

"နံပါတ် (၁) အနေနဲ့ မင်းကို ပညာသင်ပေးဖို့၊ မင်းဘဝကို မြှင့်တင်ပေးဖို့ ငါ့မှာ ငွေကြေးစည်းစိမ် အလုံအလောက်ရှိတယ်ဆိုတာ မင်းယုံလိုက်။ ဒီရွှေတွေရတနာတွေက ငါတို့မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်ထားတဲ့ စည်းစိမ်တွေမို့ မင်းစိတ်ထဲ ဘာမှ သံသယတွေဒွိဟတွေ ဖြစ်မနေနဲ့"



မိုးနေ့ ဥယျာဉ်မှူးကြီးကို ထူးဆန်းသလို မော့ကြည့်လိုက်သည်။ ဥယျာဉ်မှူးကြီးမျက်နှာက ဘာကြောင့်မှန်းမသိ၊ ရဲရင့်နေသလို။

"ကဲ . . . ဟိုပိတ်ဖြူစကို မင်းလှန်လိုက်"

အခန်းနံရံတွင် တစ်စုံတစ်ခုကို ဖုံးအုပ်ထားသော ပိတ်ဖြူစကြီးဖြစ်သည်။ မိုးနေ့ ခုနကလိုပဲ အူကြောင်ကြောင် အနေအထားနှင့် ပိတ်ဖြူစကြီးကို ဆွဲလှန်လိုက်သည်။

"ဟင် . . ."

စာအုပ်တွေများစွာ။ နိုင်ငံခြားဘာသာအမျိုးမျိုးနှင့် ရေးထားသော ရုက္ခဗေဒစာအုပ်တွေများစွာ၊ ပန်းတွေအကြောင်း မှတ်တမ်းမှတ်ရာ စာအုပ်များ။ ရာချီလျက်စင်ပေါ်တွင် စနစ်တကျ စီထားသည်။

မိုးနေ့အလိုလို အနီးဆုံးစာအုပ်တစ်အုပ်ကို ဆွဲယူလှပ်ကြည့်လိုက်သည်။ စာအုပ်ထဲတွင် ရောင်စုံပန်းပွင့်များ၊ ပန်းခင်းကြီးကို ထွင်းညှပ်၍ ပြုလုပ်ထားသော လိပ်ပြာပုံများ၊ တခြားတိရစ္ဆာန်ပုံများ စသဖြင့် တွေ့လိုက်ရသည်။

"အဲ့ဒါ Disneyland က Ep cot Center ပဲ။ Ep cot မှာ နိုင်ငံတကာပန်းမျိုးစုံနဲ့ ပန်းဥယျာဉ်ပွဲတော်ကို နှစ်စဉ်ကျင်းပတယ်။ အခု မင်းလက်ထဲက စာအုပ်က နောက်ဆုံးပြိုင်ပွဲမှာ အမှတ်တရ ထုတ်ထားတဲ့ စာအုပ်ပဲ"

မိုးနေ့ အံ့သြနေသည်။ ပြီး ဘာကြောင့်မှန်းမသိ စိတ်တွေ လှုပ်ရှားနေသည်။ နောက်ထပ် စာအုပ်တစ်အုပ်ကို ဆွဲယူရန် လှပ်ကြည့်လိုက်ပြန်သည်။ ဒီတစ်ခါ စာအုပ်မှာတော့ ဓာတ်ပုံ Album စာအုပ်ဖြစ်နေသည်။

သူလှပ်ကြည့်လိုက်တော့ ပထမဆုံးဓာတ်ပုံတွင် ဥယျာဉ်မှူးကြီးနှင့်အတူ နိုင်ငံခြားသားများ ပခုံးချင်းတွဲဖက်၍ ရယ်မောပျော်ရွှင်နေသည်ကို တွေ့လိုက်ရသည်။ ထိုပုံထဲတွင် ဥယျာဉ်မှူးကြီးသည် ဆွက်လက်



www.burmeseclassic.com

www.burmeseclassic.com

ဖျော်လတ်ဟန်။ ကိုယ်ယုံကြည်စိတ်ဝင်စားရာနောက်ကို တကောက်ကောက်လိုက်နေတတ်သော လူတစ်ယောက်ဟန်။ အရာရာအတွက် အားပြည့်မာန်ပြည့်ရှိနေဟန်တို့နှင့် ပြည့်ဝနေသည်။

ဓာတ်ပုံ၏ အောက်ခြေတွင် အင်္ဂလန်၊ ယော့ရှိုင်းယားပန်းပုပန်းခြံ (Yorkshine Sculpture Park)ဟု ရေးထားသဖြင့် ဤပုံသည် ထိုပန်းခြံအတွင်းရိုက်ခဲ့သော ပုံဖြစ်မည်ဟု မိုးနေ့ ခန့်မှန်းရသည်။

"ဒီပုံထဲက ငါနဲ့အတူ တွဲရိုက်ထားတဲ့ လူတွေက ရက္ခဗေဒ ပညာရှင်တွေ၊ ပန်းသုတေသီတွေ၊ ဥယျာဉ်ခြံမြေလုပ်ငန်းရှင်တွေ အစုံအလင်ပါတယ်။ ဒါကြောင့် နံပါတ် (၂) အနေနဲ့ မင်းကို ပြောချင်တာက ငါ့မှာ မင်းကို ပညာရပ်တစ်ခုကို အဆင့်မြင့်မြင့်လေ့လာနိုင်ဖို့ ဆရာသမားကောင်းတွေ၊ အဆက်အသွယ်ကောင်းတွေနဲ့ ချိတ်ဆက်ပေးနိုင်တယ်ဆိုတာပဲ"

မိုးနေ့ အားတွေတက်လာသည်။

သစ်ခုတ်သမားကြီးက မိုးနေ့ကို ဆန်ပြုတ်ပန်းကန်ပေးသည်။ မိုးနေ့ မြည်းခပ်၍ သောက်ကြည့်လိုက်သည်။ ကြက်သားမပါ။ ကြက်သွန်မမွှေးသော်လည်း နွေးနွေးလေးနှင့် သောက်လို့ကောင်းနေသည်။

"ဘယ်လိုလဲ။ မင်းဖြစ်ချင်တဲ့ အနာဂတ်တွေဆီသွားဖို့ ငါ့ စိတ်မှုနောက်မှာ မင်း လိုက်နိုင်မလား။ ငါ့စကား နားထောင်နိုင်မလား"

မိုးနေ့ ခဏတော့ စဉ်းစားရသေးသည်။ သည်လို သွေးမတော်သားမစပ်သည့် သူစိမ်းတစ်ရံတစ်ယောက်က သူ့အနာဂတ်အတွက် အားပြည့်မာန်ပြည့် ကူညီဖို့ ပြောနေသည်ကို သူအံ့သြမိသည်။ သို့သော် သူယုံကြည်သည်။ ဥယျာဉ်မှူးကြီး၏ တောက်ပသော မျက်လုံးတွေက သူ့ကို ပန်းပွင့်အိပ်မက်များဆီ ခေါ်ဆောင်သွားမည်ဟု သူ တပ်အပ်ယုံကြည်လေသည်။

"ကျွန်တော့်ကို ညွှန်ကြားပါအဘ။ ကျွန်တော့်ဘက်က အဆင်သင့်ပါ"



"ကောင်းပြီ . . . ။ ဒါဆို ဒီနှစ်အတွင်း ဒီတောင်ကို သန့်ရှင်းရေးလုပ်ရမယ်။ ပြီးရင် မင်းက အင်္ဂလိပ်စာ ဂုဏ်ထူးပါထားတော့ ကောင်းတာပေါ့။ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်အောင် ရေးနိုင် ပြောနိုင်အောင် လုပ်ရမယ်။ နောက်တစ်နှစ်၊ နှစ်နှစ်ကြာရင်တော့ မင်းလိုချင်တဲ့ ပညာတွေဆီသွားဖို့ ခြေလှမ်းစကြတာပေါ့"

"ဟုတ်ကဲ့"

"အဲဒီလို ခြေလှမ်းစလှမ်းတဲ့အခါမှာလည်း တချို့အရာတွေကို ခေတ္တဖြစ်ဖြစ် (သို့) အချိန်ကြာမြင့်စွာဖြစ်ဖြစ် စွန့်လွှတ်ဆုံးရှုံးထားရမယ်"

"ဘာတွေကို စွန့်လွှတ်ရမှာလဲ အဘ"

မိုးနေ့ စိတ်အားထက်သန်စွာမေးလိုက်သည်။

သို့သော် ဥယျာဉ်မှူးကြီး၏ အဖြေက ချက်ချင်းပေါ်မလာ။ ကြေတွဲခြင်းမျက်ဝန်းတွေနှင့် သူ့ချိုင်းထောက် (သို့) ခြေပြတ်ကြီးကို တစ်ချက်ကြည့်ပြီးမှ . . .။

"မြန်မာပြည်ကို . . ."



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ကြာသလိုလိုနှင့် မကြာခဲ့ပေ။ နွေဦးလည်း ဆေးကျောင်းပထ[illegible] နှစ်ပြီးပြီ။ မြို့ကလေးသို့ ပြန်ချင်သော်လည်း နောက်နှစ်အတွက် ကျူ[illegible] က ကြိုတက်ရဦးမည်ဖြစ်၍ မပြန်ခဲ့ရ။ သူမ၏မိဘများက ပြန်မလာ[illegible] ရန် စာရေးလိုက်သည်။ မြို့ကလေးနှင့် သူမနှင့်ဝေးခဲ့တာ တစ်နှစ်ကျော်[illegible] ခဲ့ပြီ။ မို့မို့ကမှ ကျောင်းပိတ်တုန်း ခဏပြန်လိုက်ရသေးသည်။

တနင်္ဂနွေနေ့ဖြစ်သည်။ အဆောင်ထဲတွင် နေရသည်မှာ မွန်း[illegible] ကြပ်သလို ခံစားရသည်။ အပြင်လည်း မထွက်ချင်။ ထို့ကြောင့် အဆောင်[illegible] ဝရန်တာတွင်ပဲ ပျင်းပျင်းနှင့် ထိုင်နေမိသည်။

"မိနွေ . . . ဘယ်သူ့မျှော်နေတာလဲ မှန်မှန်ပြောစမ်း"

အဆောင်တွင် နွေဦး မို့မို့နှင့်အတူ ယခုစကားပြောသော မဆင့်[illegible] တို့မှာ အတူတစ်ခန်းထဲ နေကြသည်ဖြစ်သည်။

မဆင့်က ခင်ဖို့ကောင်းသည်။ လှတော့မလှ၊ ဝတော့ဝသည်[illegible] ကျော်ထူးလင်းလို ပြနေအောင်ဝခြင်းတော့ မဟုတ်။ နွေဦးကိုလည်း ချစ်[illegible] ရှာသည်။

"ဘယ်သူမှ မမျှော်ပါဘူး . . . မမဆင့်ရယ်၊ နွေဦး မြို့လို[illegible] လွမ်းတာနဲ့ ဒီလိုပဲ ထိုင်ငေးနေတာပါ၊"



"မြို့ကိုလွမ်းတာလား၊ မိုးနေ့ကို လွမ်းတာလား။ ငါသိပါတယ် နွေဦးရယ်"

ဟုဆိုရင်း လက်ဖက်သုပ်ကို နယ်ကာ မို့မို့ ထွက်လာပြန်သည်။ တကယ်တော့ နွေဦးမှာ မိုးနေ့နှင့်အတူရှိခဲ့ဖူးသည့် မြို့လေးဆီ လွမ်းနေခြင်းဖြစ်ပါသည်။

ထိုစဉ် အဆောင်ရှေ့ လူခေါ်ခေါင်းလောင်းမှ အသံလာသည်နှင့် မဆင့်ဆင်းသွားသည်။ နွေဦးတို့ ဝရန်တာပေါ်မှကြည့်လျှင် စာပို့သမားကိုသာမြင်သည်။ သိပ်မကြာခင်မှာပဲ မဆင့် ပြန်တက်လာသည်။

"နွေဦးရေ . . . နင်တို့မြို့က စာထင်တယ် ဝေဝေတဲ့"

"ဟယ် . . . ဟုတ်လား"

"ပေး . . . ပေး . . . မို့မို့ကိုပေး မဆင့်"

နွေဦးလည်း ဝမ်းသာသည်။ မို့မို့က ပြေးယူသည်။

"ငါ ဖတ်ပြမယ်နော်"

ဟုဆိုကာ မို့မို့က ဖတ်ပြသည်။ နွေဦးက ငြိမ်လျက် နားထောင်သည်။ မဆင့်က လှုပ်လျက် နားထောင်သည်။ လက်ဖက်သုပ်စား၍ ပါးစပ်လှုပ်ခြင်းဖြစ်သည်။

"သို့ (တဲ့)

နွေဦးနဲ့ မို့မို့နေကောင်းရဲ့လား(တဲ့)။ နေသစ်တော့ နင်တို့ဆီ မကြာမကြာ ရောက်ဖြစ်လား။ ငါတို့အားလုံးကို သတိရပါတယ်။

မြင့်တိုးနဲ့ ဝက်သိုးကျော်ထူးလင်းလည်း ဒီနှစ်ကျွတ်သွားပြီဟ။ ဆယ်တန်းအောင်သွားတာကို ပြောတာနော်(တဲ့)။ မြင့်တိုးကလည်း သူ့ခြံမှာပဲ။ ကျော်ထူးလင်းကလည်း စာရေးဆရာပေါက်စ ဖြစ်နေပြီဟ။ ဟိုတလောက . . . မဂ္ဂဇင်းမှာ 'ဘောင်းဘီမဝတ်တဲ့ည' ဆိုတဲ့ခေါင်းစဉ်နဲ့ သူ့ကဗျာတစ်ပုဒ်ပါလာတာနဲ့ တစ်မြို့လုံး ပတ်ကြွားနေသေးတယ်။ ငါလည်း ဖိနပ်စက်ရုံမှာပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ပြောရဦးမယ် နွေဦးရေ (တဲ့)။ မိုးနေ့ရယ်၊ ဥယျာဉ်မှူးကြီးရယ်က သစ်တောဦးစီးဌာနနဲ့ ပေါင်းပြီး လိပ်ပြာတောင်ကို ဥယျာဉ်တစ်ခုလုပ်ကြတော့မယ်ဟတဲ့။ နှင်တို့ မန္တလေးသွားတဲ့နေ့မှာ မိုးနေ့ အရက်တွေမူးပြီး ရှားသေးတယ်တဲ့။ ငါ့ကို ကျော်ထူးလင်း ပြောတာပဲ(တဲ့)။

ဒါပေမဲ့ အခု မိုးနေ့ ပြောင်းလဲသွားပြီဟ။ အရင်ကလို မြင်ရင်လည်း ရောင်ထွက်သွားတာမျိုး မရှိတော့ပါဘူး (တဲ့)။ အလုပ်တွေလည်း အရမ်းကြိုးစားနေသလိုပဲဟ။ တစ်ခုခုအတွက် အားကြိုးမာန်တက် ပြင်ဆင်နေသလိုပဲ။ ကဲ . . . ကောင်မတွေ ငါ ဒီလောက်ပဲရေးလိုက်တယ်။ စာတိုလို့ စိတ်မဆိုးကြနဲ့။

အဲ . . . တစ်ခုပြောဖို့ ကျန်သေးတယ်။ နွေဦးနဲ့ ကိုဇော်မင်းလွင်အကြောင်းက မြို့ထဲမှာ မွေးနေတယ်နော်။ မိုးနေ့လည်း ကြားမိမှာပဲ။ နွေဦး နှင်ဆုံးဖြတ်နော်(တဲ့)။

ချစ်သူငယ်ချင်း

ဝေဝေဝင့် (တဲ့)။

စာဖတ်ပြီး မောသည်နှင့် ရေတစ်ခွက်ပြေးသောက်လိုက်ရသည်။ ပြီးလျှင် သူသုပ်ထားသော လက်ဖက်သုပ်ကို မြိန်ရည်၊ ရှက်ရည် တစ်ဇွန်းလောက် ဝါးလိုက်သေးသည်။

"မိုးနေ့ . . . ပြောင်းလဲလာပြီနော် မို့မို့"

နွေဦး ဝမ်းသာသည့် မျက်နှာလေးနှင့် ပြောသည်။

"အင်းလေ . . . အချိန်တွေလည်းကြာတော့ သူလည်း စိတ်ဓာတ်တွေ ပြန်ခိုင်လာတာနေမှာပေါ့။ ကောင်းပါတယ်။ သူက တော်ချင်ရက်နဲ့ ကံကချော်နေတာတော့ ခက်တယ်ဟ"

"ဘာပဲပြောပြော မိုးနေ့ဘဝက သနားစရာလေးပါဟယ်"



မဆင့်က ဝင်ပြောခြင်းဖြစ်သည်။ မဆင့်ကလည်း မို့မို့တို့ ပြောပြထားသဖြင့် မိုးနေ့အကြောင်း ကြားသင့်သလောက် ကြားသိထားသူဖြစ်သည်။

"ဒါနဲ့ နွေဦး ငါမသိလို့ မေးပါဦးမယ်။ ကိုဇော်မင်းလွင်နဲ့ နှင်နဲ့က ဘာလဲ"

မို့မို့၏မေးခွန်းကို နွေဦးဖြေရန် ဝန်လေးနေပါသည်။ သို့သော် သူမဘဝတွင် အခင်ဆုံးသူငယ်ချင်းက မေးလာမှတော့ သူမ မဖုံးကွယ်ချင်။ ထို့ကြောင့် တွန့်ဆုတ်စွာ သူဖြေလိုက်သည်။

"သူနဲ့ငါနဲ့က မိတ်ချင်းသဘောတူထားတာ။ ဒါပေမဲ့ ငါ သူ့ကို မချစ်ဘူး မို့မို့"

နွေဦးစကားက အမှန်ဖြစ်သည်။ ထိုကိစ္စအတွက်ကိုပင် နွေဦး စိတ်ညစ်ရသည်။

"ဒါဆို ငါ တစ်ခွန်းထပ်မေးမယ်"

မိုးမိုးက စကားဦးသန်းပြန်သည်။ မမေးရသေးဘဲနှင့်ပင် နွေဦး ပြန်ပြောရန် အားမရှိ။

"မေးလေ"

"နှင် မိုးနေ့ကိုကော ချစ်လား"

ဩော် . . . ဒါမေးနေရမဲ့ မေးခွန်းမျိုးလား မို့မို့ရယ်။ သို့သော် နွေဦး ဝန်မခံချင်။ ကိုယ့်ကို 'ချစ်ပါတယ်' ဟု ကိုယ်တိုင်ကိုယ်ကျ ဖွင့်မပြောထားသော ယောကျ်ားလေးတစ်ယောက်ကို ကိုယ်ကစပြီး 'ချစ်တယ်' ဟု ဝန်ခံရန် မြန်မာမိန်းကလေးအနေနှင့် နွေဦး ဝန်လေးသည်။ ထို့ကြောင့် ထိုသို့ လက်တစ်လုံးခြား ရင်ဝှက်စကားဖြင့် သူမ ပြန်ဖြေသည်။

"ငါ သူ့ကို သံယောဇဉ်ရှိတယ်။ သနားတယ်"

"နည်းနည်းလေးတော့ ချစ်တယ်လုပ်လိုက်"

"မချစ်သေးပါဘူးဟာ"

"ဒါဆို ချစ်တော့ချစ်မယ်ဆိုတဲ့ သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . မိုမို နင်နော်။ အတင်းချည်းပဲ။ ကဲဟယ် . . . ကဲ"

နွေဦး မိုမိုပခုံးကို ထုပစ်သည်။ သူနာ မနာတော့မသိ။ ကိုယ်တော့ နာသွားသည်။ မိုမိုကရယ်သည်။ မဆင့်လည်းရယ်သည်။ သို့သော် သူ့မျက်နှာက ငိုမှန်းရယ်မှန်းမကွဲ။

"ကဲ . . . ကဲ . . . နွေဦး ငါ အတည်မေးမယ်။ နင် ကိုဇော်မင်းလွင်ကို ယူမှာလား"

ထိုမေးခွန်းကြောင့် နွေဦးသက်ပြင်းချမိပြန်သည်။ စိတ်ညစ်သည်။ ထိုကိစ္စတွေးမိတိုင်း မိုးနေ့၏ မျက်နှာပုံရိပ်က ရင်ထဲ အလိုလို ပျော်ဝင်လာသည်။

"စိတ်ညစ်တယ် . . . မိုမိုရယ်။ ငါ သူ့ကို မယူချင်ဘူး။ ဒါပေမဲ့ သူက ငါတို့မိသားစုအပေါ် ကျေးဇူးအများကြီးရှိတယ်ဟ။ ရှင်းရှင်းပြောရရင် အခု ဆေးကျောင်းတက်နေတာတောင် သူ့ထောက်ပံ့စရိတ်က မကင်းဘူးလို့ ပြောလို့ရတယ်"

နွေဦး တကယ်စိတ်ညစ်နေသည့် မျက်နှာလေးကြောင့် မိုမိုပါ ရင်ထဲမကောင်း။ သို့သော် ကျေးဇူးဟူသည့် ခြေဖဝါးကြီးအောက် နှလုံးသားဆန္ဒကို မြေသားလို ခင်းပေးရမည်ကိုတော့ မိုမို စက်ဆုတ်သည်။ ရှေးက ဆုတောင်းသူတချို့၏ ကျောက်စာတွင် မချစ်မနှစ်သက်သောသူနှင့် မပေါင်းရပါလို၏ ဟူသော ဆုတောင်းမျိုး ကြားဖူးခဲ့သည်။ သူမလည်း ဆုတောင်းကျောက်စာရေးထိုးဖြစ်လျှင် ထိုဆုတောင်းမျိုးထည့်ဖြစ်အောင် ထည့်မည်ဟု ဆုံးဖြတ်မိသည်။

"ငါ . . . ငါ . . . မိုးနေ့ကို သတိရနေတယ် မိုမိုရယ်"

နွေဦးကို မိုမို ဖက်ထားလိုက်သည်။ ငိုချင် ငိုလိုက်စမ်းပါသူငယ်ချင်းရယ်လို့ မိုမိုအားပေးရဲ့။ မဆင့်ပင် မျက်ရည်တွေဝဲခဲ့ပြီ။ သူတို့ ဘာကို အပြစ်တင်မလဲ။ အဖြေမရှိ။ တစ်ခါတလေ လောကမှော်ဆရာသည် ရှုပ်ငင်နေသော ကြိုးများနှင့်ပင်ဘဝများကို ချည်နှောင်ခဲ့လေ၏။



"ချီးယား . . . သူငယ်ချင်း"

"ချီးယား နှောင်ဘဝကျ ဝိတ်ကျပါစေ" (ကျော်ထူးလင်း အသံ)

လက်ညှိုးခန့်ရှိသော ဖန်ခွက်ခပ်နောက်နောက်လေး သုံးခွက် လေထဲတွင် အသံမြည်အောင် ထိခတ်ဆုံတွေ့သွားသည်။ ဘုံဆိုင်အိုလေး တစ်ခုတွင် ဖြစ်သည်။ နေသစ်မြို့ကလေးသို့ ခဏပြန်ရောက်တုန်း မြင့်တိုးနှင့် ကျော်ထူးလင်းကို ခြင်တဖျပ်ဖျပ်ရိုက်၍ သောက်ရသော၊ နည်းနည်းနှင့် ကြဲကြဲဝိုင်း၍ အဆင်ပြေသော ဆိုင်ကလေးတွင် ပြုစုနေခြင်း ဖြစ်သည်။ ရောက်တတ်ရာရာပြောရင်း သုံးယောက်ပေါင်းတစ်လုံးလောက် ကုန်သွားချိန်မှာတော့ 'အာ'က သွက်လာသည်။

"မိုးနေ့က အရင်ကနဲ့တော့ သိပ်မတူတော့ဘူးကွ။ ငါတို့ကို ရှောင်တုန်းပဲဆိုပေမဲ့ အရင်လို စိတ်ကျလေလွင့်နေတဲ့ ပုံမပေါ်တော့ဘူးကွ။ တစ်ခုခုကိုကွာ . . . ဘယ်လိုပြောရမလဲ။ အင်း . . . မကြာခင် ဝုန်းခနဲထတောက်တော့မယ့် မီးပုံမျိုကြီးလို့ မာန်ပြည့်ဟန်ပြည့် ရှိနေပြီကွ"

"ဟာ . . . ဒါကောင်းတာပေါ့ကွ"

နေသစ်က သူ့ကောင် အခြေအနေကောင်းကို ကြားရ၍ အားတက်ရသည်။

"တစ်ခါတလေလည်း ဒီကောင် ဆရာဦးကျော်သက်ဆီသွားတာ တွေ့တယ်။ ငါကလည်း ဆရာ့ကို ဒီကောင် ဘာလုပ်နေတာလဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ဆရာက ခပ်လျှိုလျှို ပြုံးတယ်ကွ။ တိတိကျကျ မပြောဘူး။ မိုးနေ့ကို မစိုးရိမ်ပါနဲ့တဲ့။ သူ သူ့အနာဂတ်အတွက် အကောင်းဆုံးကြိုးစားနေပါတယ်လို့တော့ ပြောတယ်"

မိုးနေ့ အကြောင်းပြီးတော့ မြင့်တိုးအကြောင်း စကားဆက်ပြန်သည်။

"မြင့်တိုး . . . မင်းကော အမိနာချောစုနဲ့အတူ ဆိတ်ကျောင်းသေးလား"

"ဟင် . . . အမိနာချောစုက ရန်ကုန်မှာ ကျောင်းတက်နေပြီကွ။ မြို့ကြီးပြကြီးမှာ တက္ကသိုလ်ကျောင်းသူကြီးဖြစ်ပြီး ငါ့ကို မေ့နေလောက်ပါပြီကွာ"

"ဟား . . . ဟား . . . အမိနာချောစု မရရင် မဒီချောစုတော့ ရအောင် ကြိုးစားကြည့်ပါလား။ ဘယ်လိုလဲ မဒီချောစုဆိုရင်တော့ မင်းစိတ်မဝင်စားဘဲ မနေပါဘူး"

မဒီချောစုဆိုသည်မှာ အမိနာချောစု၏ အစ်မဖြစ်သည်။ ဤမြို့ကလေးတွင် သူ၏ အလှဂုဏ်သတင်းကလည်း မသေးချေ။

မြင့်တိုးက ရေမရောရသေးသည့်ခွက်ကို ရေရောပြီးပြီမှတ်၍ ကောက်မော့လိုက်ကာ ခုနနေသစ်ပြောသည့် စကားနှင့် အဆက်အစပ်မရှိသည့် စကားကို ဆိုသည်။

"အခုတလော ငါတို့ ခြံနားကို ဟိုလူရစ်သီရစ်သီ လာလာလုပ်နေတယ်ကွ"

"ဘယ်သူလဲ"

"ဟိုလူလေကွာ . . . ဇော် . . . ဇော် . . . ကိုဇော်မင်းလွင်"

"ဟင် . . ."

နေသစ်မူးပြီး မေးနေသည့် မျက်လုံး ဆန့်ဆန့်ရန့်ရန့် ဖြစ်သွားသည်။ မြင့်တိုးက ဆက်ပြောသည်။

"ဒီလူ ညဘက်တွေ လာတာကွ။ ဘာသဘောလဲ မသိဘူး၊ သိပ်မသင်္ကာချင်ဘူး။ ငါ့ နွားတွေ၊ သိုးတွေများ ဝင်ခိုးမလို့လား။ အင်း



ဒါမှမဟုတ် ငါ့ကို ကြိုက်လို့များလာရှုံးနေတာလား မသိဘူး။ အော့ . . ဆို့"

မြင့်တိုး၊ မူးမူးနှင့် သူဘာသာပြောပြီး သူ့ဘာသာရွှံ့နေသည်။ နေသစ်ကတော့ တွေးတွေးဆဆနှင့် . . .

"အင်း . . ."

"ဘာ . . . အင်းလဲ။ မင်းက အဲ့ဒီလူနဲ့ ရှော့ခ်ရှိလို့လား"

"မရှိတော့ မရှိပါဘူး။ ဒါပေမဲ့ အဲ့ဒီလူက နွေဦးဆီ ညတိုင်းဖုန်းဆက်တာကွ"

သူတို့ စကားဝိုင်းလေး ရုတ်တရက် ဆိတ်ငြိမ်သွားသည်။ ဇော်မင်းလွင်သည် နွေဦးတို့ မိသားစုနှင့် စီးပွားရေးအကျိုးတူဘက်တွေဖြစ်ကြောင်း ယခုနှစ်ပိုင်းအတွင်း နွေဦးတို့ စီးပွားရေး ယိုင်နဲ့ချိန်တွင် ဇော်မင်းလွင်ကပင် ကျောထောက်နောက်ခံပြုထားကြောင်း သူတို့ သိနေပြန်သည်။

ခွပ်'ခနဲ ဖန်ခွက်ပုလေးကို စားပွဲပေါ်အသံကျယ်ကျယ်မြည်အောင် ရိုက်ချပြီး ကျော်ထူးလင်းက ပြတ်ပြတ်သားသား ပြောချလာသည်။

"ငါကတော့ နွေဦးကို မိုးနေ့နဲ့ပဲ သဘောတူတယ်။ ဒါပဲကွာ"

"ကဲ . . . ကဲ . . . ထားလိုက်ပါတော့ကွာ။ စိတ်ညစ်စရာတွေပြောပြီး ခံစားနေမဲ့အစား အရက်ခါးခါးကိုပဲ အူညှစ်ပြီး မူးအောင်သောက်လိုက်ရအောင်ပါ"

"အေး . . . ကောင်းတယ်ကွာ၊ လာ . . . ချီးယား"

"ချီးယား . . . နောက်ဘဝ ဆိတ်မကျောင်းရပါစေနဲ့" (မြင့်တိုးအသံ)

"ချီးယား . . . နောင်ဘဝ ခါးဆိုဒ်သုံးဆယ့်ကိုး မဖြစ်ပါစေနဲ့"

ကျော်ထူး၏ ချီးယားဆုတောင်းဖြစ်သည်။

နောက် သုံးလုံးလောက်ကုန်မှ ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ လယ်ကွင်းလမ်းဘက်က ပြန်ခဲ့ကြသည်။ သူငယ်ချင်းသုံးယောက် မဆုံတာ



www.burmeseclassic.com

www.burmeseclassic.com

ကြာပြီဖြစ်၍ မှုးပြနေအောင် သောက်ထားကြသည်။ လမ်းတွင် နေသစ်ကို မို့မို့နှင့် စကြသေးသည်။ နေသစ်က ငြင်းသည်။

"မင်း . . . နာမည်ကသာ မို့မို့တဲ့ . . . အေ့စ် . . . တကယ့်လူကျတော့ မို့မို့ဖောင်းဖောင်းလည်း မရှိဘူး၊ ပြားချပ်ချပ်ကြီး။ ငါ ခံစားလို့ မရပါဘူးကွာ . . . အေ့ . . ."

"ဘာက ပြားချပ်လို့တုန်းကြီးရ . . . ဝေါ့ . . ."

"ပါးတို့ ခြေသလုံးတို့ကို ပြောတာပါကွာ။ အင်း . . ."

လယ်ကွင်း လမ်းကျဉ်းကျဉ်းလေးထဲမှာ ခြေလှမ်းတွေက အစီပ်အကျဲမညီ ယိမ်းယိုင်နေသည်။ မှုးလာရင် သွေးဆိုးတတ်သော ကျော်ထူးလင်းကလည်း အလိုလိုကို စိတ်တွေတိုနေသည်။

"တောက် . . . သူငယ်ချင်းမိုးနေ့ရာ၊ မင်းကိုချစ်လွန်းလို့ မင်းချစ်တဲ့ပန်းတွေကိုပါ လိုက်ချစ်ရင်း ငါ ပန်းဂေါ်ဖီတောင် မစားတော့ဘူးကွ သိလား"

ကျော်ထူးလင်း မိုးနေ့ကို သတိရနေသည်။ ထိုအချိန် မြင့်တိုးက ရှေ့ခပ်လှမ်းလှမ်းမှ လူတစ်ယောက်ကို မြင်လိုက်သည်။

"ဟေ့လူ . . . ဘာရပ်လုပ်နေတာလဲ။ ကျုပ်တို့ကို ဘာလို့ ကြို့ကြည့်ကြည့်နေတာလဲ"

"အာ . . . ထောင့်မကျိုးတဲ့အကောင် ကြာတယ်ကွာ"

ကျော်ထူးလင်း၊ မြင့်တိုး စကားလှမ်းပြောနေသည့် လူကို ပြေးထိုးသည်။ ထိုးကြ၊ ကြိတ်ကြ၊ ကန်ကြရင်းမောလာသည်နှင့် အမှုးဒဏ်ကို မခံနိုင်တော့သည်နှင့် ထိုနေရာတွင်ပင် အိပ်ပျော်သွားကြကုန်တော့သည်။

သူတို့ ဝိုင်းထိုးနေသည့် လူကြီးကတော့ အနည်းငယ်ယိုင်နဲ့သွားသည်မှလွဲ၍ ဘာမှမဖြစ်ပေ။ ဘယ်ဖြစ်မလဲ။

စာခြောက်ရုပ်ကြီးကို။

• • •



မြန်ဆန်နေသည်။ မည်သူမှ သတိမထားမိသော အချိန်အတွင်းမှာပင် နာရီလက်တံတို့က ရွေ့လျားလည်ပတ်ခဲ့သည်။

နောက်တစ်နှစ်ကုန်ခဲ့ပြီ။

မြို့ပြန်ရောက်တော့ နွေဦးအား ကိုဇော်မင်းလွင်နှင့် စေ့စပ်ရန် စီစဉ်ကြသည်။ နွေဦးက မဖြစ်နိုင်သေးကြောင်း၊ ကျောင်းပြီးမှ ထိုကိစ္စများ စဉ်းစားချင်ကြောင်း၊ အတိုက်အခံလုပ်ကာ မန္တလေးကို တန်းပြန်ခဲ့သည်။ မိုးနေ့ကိုလည်း အရိပ်အယောင်ပင် မတွေ့ခဲ့ရ။

သူငယ်ချင်းတွေနှင့်ပင် သိုက်သိုက်ဝန်းဝန်း မဆုံဖြစ်ခဲ့။

နွေဦး ကိုယ့်ကိုယ်ကိုယ် မပိုင်တော့သလို ခံစားနေရသည်။ ဒီလိုအချိန်၊ ဒီအကြောင်းအရာတွေ ဖြစ်နေချိန်ထိ သူမကို ရှောင်နေနိုင်သည့် မိုးနေ့ရဲ့ အကြောင်းပြချက်က ဘာလဲ။ သူမ သိချင်မိသည်။ မိုးနေ့ကပဲ သူ့ကို မချစ်လို့လား။ သူမကပဲ တစ်ဖက်သတ်ဖြစ်နေတာလား။ တွေးမိတိုင်း နှုတ်ခမ်းကို ဖိကိုက်မိ၊ မေးစေ့ကလေးပင် ချိုင့်နေတော့သည်။

နွေဦး ကျောင်းတက်ရတာတော့ အဆင်ပြေပါသည်။ တတ်နိုင်သလောက် စိတ်ဆင်းရဲစရာတွေကို လျှော့ထားသည်။ ဦးနှောက်တစ်ခုလုံး စာထဲတွင် စူးစိုက်ပစ်သည်။ ထို့ကြောင့် ဒုတိယနှစ်တွင် နွေဦးဂုဏ်ထူးများစွာဖြင့် အောင်မြင်ခဲ့ပြန်သည်။

စာမေးပွဲပြီးတော့လည်း မြို့ကလေးသို့ သူမ မပြန်ပါ။ ပြန်ခဲ့ချင်သော်လည်း သူမအား အတင်းစေ့စပ်ဖို့ စီစဉ်ကြပြန်ဦးမည်ကို သိ၍ ဆွေမျိုးရင်တွေ အစောကြီးဖွင့်မည်ဖြစ်ကြောင်း အိမ်ကိုဖုန်းဆက်ပြီး အဆောင်ထဲတွင်ပဲ ကိုယ့်ကိုယ်ကိုယ် အကျဉ်းချပစ်လိုက်သည်။

နေသစ်နှင့် မို့မို့ကတော့ ကျောင်းပိတ်တိုင်း မြို့ကိုပြန်ဖြစ်ပါသည်။ ကျောင်းဆရာကြီး ဦးကျော်သက်အကြောင်း၊ မြင့်တိုး၏ မွေးမြူရေးခြံအကြောင်း၊ ဝေဝေလှလာကြောင်း၊ ကျော်ထူးလင်းကလည်း ယွမ်းစခင်း (လိပ်ပြာခြေသံ) ဟူသောအမည်ဖြင့် စာရေးဆရာတစ်ဦးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်း နာမည်ရလာကြောင်း စသည်ဖြင့် သတင်းအစုံကို မို့မို့မြို့က ပြန်လာတိုင်း ကြားရပါသည်။ သို့သော် မိုးနေ့ သတင်းမပါ။

မိုးနေ့အကြောင်း သိခွင့်မဲ့။

• • •

ထိုသို့နှင့် မထူးဆန်းသည့် ရာသီများကို ကျော်လွန်ကာ နွေဦး တတိယနှစ်ဆေးကျောင်းသို့ ရောက်ရှိခဲ့သည်။ မို့မို့နှင့် နေသစ်လည်း ဂုဏ်ထူးတန်းဝင်၍ ကျောင်းက ဆက်တက်ရပြန်သည်။

နွေဦး၏ ကျော်ကြားမှုကလည်း အနီးအနားဝန်းကျင်ထက်ကျော်၍ ပျံ့နှံ့မှုရှိသည်။ ထိုပျံ့နှံ့မှုကြောင့် ညဆိုအဆောင်ရှေ့တွင် ဂစ်တာပိုင်းတွေဖြင့် စည်ကားခဲ့သည်။ သူတို့ အော်သံများကြောင့် ညလည်း တော်တော်နှင့် မအိပ်ရ။ သူတို့ကလည်း အနည်းဆုံးသန်းခေါင်နောက်ပိုင်းလောက်မှ အာသမ်းလျှာသမ်းဖြစ်ကြသည်။ ပေကပ်ပြီး ဖျော်ဖြေကြသည်။

"နွေဦး . . . မင်း ငါ့ကို မချစ်တော့ဘူး။ ငါ ရူးသွားလိမ့်မယ်။ ရူး . . . သွားလိမ့်မယ်။ မနေ့ကလိုပဲ . . ."

ထိုသီချင်းကတော့ နွေဦးအမည် တိုက်ရိုက်ပါ၍ အများဆုံးဆိုပြကြသည်။ ဒီညလည်း ဘယ်အချိန်မှ အိပ်ရမည်မမှန်းရဲ။ အဆောင်ရှေ့ ဂစ်တာသံက မြိုင်လှသည်။ နွေဦး နားမပိတ်ထားပါ။ ပိတ်လည်း ကြားနေရမည့်အတူ လက်ညောင်းသည့် ဝေဒနာကို အပိုမယူချင်တော့။

"နွေဦး . . . ဖုန်းလာတယ်"

ဆိုသည့် အောက်ထပ်မှခေါ်သံကြား၍ နွေဦး ဆင်းသွားရပြန်သည်။ နာရီဝက်ကျော်လောက်ကြာမှ နွေဦး ပြန်တက်လာသည်။ မကြားချင်သော သူ၏ 'လက်ထပ်ချင်ပြီဖြစ်ကြောင်း၊ ကြိုးရှည်ရှည်နဲ့ လှန်ထားတာလား၊ မျှော်လင့်ရသူကို အရူးမလုပ်ပါနဲ့ ကလေးရယ်၊ ချစ်လို့ပါကွယ်'



စရှိသော မကြားချင်သောစကားများ(မြန်မာဗီဒီယိုကားတွေ တစ်ခါလေကြည့်ဖြစ်ရင်း ထိုသို့ ဒိုင်ယာလော့ ပြောခန်းများရောက်လာရင် င် (Forward)နှင့် ရစ်ပစ်တတ်သော သူမကို တစ်ည နာရီဝက်ကျော် းထောင်နေရသည်။

ဖုန်းဆက်ပြီး အပေါ်ပြန်တက်လာတော့ ပြိတ်တီမျက်နှာနှင့် မို့မို့က မျက်လုံးပြူးပြသည်။

"မကြားချင်သော အသံများအား ကြားရခြင်းမှာလည်း ကင်းဆးရပါလို၏ အရှင်ဘုရား"

မို့မို့၏ ခပ်တိုးတိုး စနောက်သံဖြစ်သည်။

နွေဦး မျက်စောင်းလှမ်းထိုးပစ်လိုက်သည်။ ထိုအခါ မို့မို့က လျှာကြီးတစ်လစ်ထုတ်ပြီး သေချင်ယောင်ဆောင်လိုက်သည်။ အဲ့ဒီတော့မှ နွေဦး ရယ်ရတော့သည်။ နွေဦးရယ်လျှင် မျက်လုံးများမှာ မှေး၍ ကွေးကျသွားသည်။ သိပ်ချစ်စရာကောင်းသည်ဟု မို့မို့က မြင်သည်။ မဆင့်ကလည်း လိုက်ရယ်ပါသည်။ သို့သော် သူ့အသံက ငိုမှန်းရယ်မှန်း ခွဲခြား ရ။

နောက်တစ်နေ့ညတွင် မိုးရွာသည်။

ပထမ ဖွဲဖွဲဖြည်းဖြည်း ရွာရာမှ နောက်ပိုင်း တဝုန်းဝုန်းရွာသည်။

မိုးရွာသဖြင့် မီးပါပြတ်ပြီး စောစောအိပ်ကုန်ကြသည်။ နွေဦးတစ်ဦးတည်းသာ ဝရန်တာတွင် အကြောင်းမဲ့ ရပ်နေမိသည်။ မိုးစက်တချို့က လွင့်ပျံကာ သူမမျက်နှာကို စင်လေသည်။ မိုးရေစတွေက အေးစက်နေသည်။ သူမ အကြောင်းမဲ့ ရပ်နေဆဲပါ။

ထိုစဉ် လျှပ်ပြက်သွား၏။

" . . . . . "

သူမ မြင်ကွင်းတစ်ခု မြင်မိ၊ မပြတ်မသား။

နောက်တစ်ချက် လျှပ်ပြက်သွားပြန်၏။

"ဟင် . . . သူ . . ."



www.burmeseclassic.com

www.burmeseclassic.com

သူမ ပုံရိပ်တစ်ခု မြင်မိ၊ ဝေဝါး။

သို့သော် သူမ ဝရန်တာကို လက်ထောက်မှီထားရာမှ ကိုယ်ကို တန်းတန်းမတ်မတ်ဖြစ်အောင် ပြင်ရပ်မိသွားသည်။ လက်ထဲမှ မီးအိမ်ကို ကယောင်ကတမ်းနှင့် စမ်းမိသည်။ မီးအိမ်ခလုတ်ကို တွန်းချ မိခင် လျှပ်နောက်တစ်ချက် ပြတ်လာသည်။

သူမ သေချာစွာမြင်ပြီ။

လူရိပ်တစ်ခု၊ ခြေဖျားအထိ ရှည်လျားနေသော အနက်ရောင် မိုးကာခေါင်းစွပ်၏အရိပ်က မျက်နှာပေါ်ထိုးကျနေ၍ လူရိပ်၏မျက်နှာ မမြင်ရ။ မေးဖျားမေးနားပဲ ရိုးတိုးရိပ်တိတ်မြင်ရ။ သို့သော် သူမသိသည် စိတ်ထဲမှ အလိုလိုသိသည်။

မီးအိမ်ကို ကိုင်၍ အောက်ကို ပြေးဆင်းသည်။ ခြေသံအနည်းငယ် ကျယ်သွားလိမ့်မည်။ အဆောင်ရှေ့သံပန်းတံခါးကိုဖွင့်၍ လမ်းတ ဖက်ဆီပြေးသည်။

လူရိပ်သည် ကျောခိုင်းလိုက်ပြီ။

"မိုးနေ့ . . . "

သူမ အော်ခေါ်လျက် ပြေးလာသည်။

လူရိပ်ရှင်ကား မရပ်တန့်ပေ။ ဖြည်းဆေးနေသော ခြေလှမ်းများကို လျှင်မြန်အောင် ပြင်လျှောက်သည်။

"မိုးနေ့ . . . ငါသိတယ်။ နင် မိုးနေ့ . . . အ . . "

ခြေချော်လဲသွားသည်။ မီးအိမ်သည် ပိုးလိုးပက်လက်လွင့်သွား၏။ မိုးရေစက်များသည် မီးအိမ်ပေါ်သို့ တပေါက်ပေါက် ခုန်လက်ချကုန်၏။

လူရိပ်ရှင်၏ ခြေလှမ်းသည်လည်း တုံ့ခနဲ ရပ်၍သွား၏။

သူမ မိုးရေထဲမှာ ဝမ်းနည်းလာသည်။

"နင် မိုးနေ့ပါဟာ ငါသိပါတယ်"

လူရိပ် ရပ်နေသည်။ ရပ်နေပုံက တစ်စုံတစ်ခုအတွက် တွေဝေဝေဝါးနေပုံ။ လျှပ်က လက်ပြန်သည်။



"နွေဦး . . ."

"နွေဦး . . . ဘာဖြစ်တာလဲ"

အဆောင်ရှေ့မှ လှမ်းအော်ကြသည်။ မိုမို့နှင့် မဆင့်ဖြစ်သည်။ ထီးများဆောင်းလျက် ပြေးလာကြသည်။ လူရိပ်ရှင်လည်း မိုးသည်းညည်းထဲ လျင်စွာ ပြေးထွက်သွားတော့သည်။

"နွေဦး . . . ဘာဖြစ်တာလဲ"

မိုမို့က စိုးရိမ်တကြီး ပြေးထူသည်။

"ပြေး . . . ပြေး သွားပြီမိုမို့၊ မိုးနေ့ ပြေးသွားပြီ"

"ဟင် . . ."

နားမလည်ပေမဲ့ နွေဦးလက်ညှိုးညွှန်ရာကို မိုမို့ ကြည့်လိုက်ပါသည်။ အမှောင်မိုးစက်များကြား တခြား ဘာမှမတွေ့ရပါ။

"ဘာတွေလဲ နွေဦးရဲ့ . . . ရှင်းရှင်းပြောလေ"

ထူရင်းမေးသည်။ နွေဦး ဝရန်တာမှ လှမ်းတွေ့လိုက်ပုံက စ၍ ဆုံးသွက်သွက် ပြောပြလိုက်သည်။

"လျှပ်တွေပြက်တုန်းက ငါတို့အဆောင်ကို ငူငူကြီး ရပ်ကြည့်နေတာ။ သူပဲ . . . မိုးနေ့ပဲ"

နွေဦး နှုတ်မှ ကယောင်ကတန်းဖြစ်နေသလိုဖြစ်၍ မိုမို့တို့ မယုံကြ။

မိုးရေတွေက သူမတို့ဘက်ကို စီးနေသည်။ နွေဦးက ခုနက လွင့်သွားသည့် မီးအိမ်ကို သွားကောက်သည်။

"ဟင် . . ."

နွေဦး မီးအိမ်နှင့်အတူ ပန်းကလေးတစ်ပွင့်ပါတွဲ၍ တွေ့လိုက်သည်။ အမြန်ကောက်ယူလိုက်သည်။

"မိုမို့ . . . ကြည့်စမ်း၊ ဒီမှာ"

မိုမို့လည်း ငုံ့ကြည့်သည်။ မျက်လုံးဝိုင်းသွားသည်။

နောက် သူတို့နှစ်ဦး မျက်လုံးချင်း ဆုံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ ဝတ်မှုန်ကျေးရွာမှာ ပွင့်တဲ့ ပန်းမျိုးပဲ။ ငါတို့ မန္တလေး လာတုန်းကလည်း ငါ့ရထားခုံပေါ်မှာ ရောက်နေတာ ဒီလို ပန်းမျိုးပဲလေ။ နင်မှတ်မိတယ်မို့လား။ ဟင် . . . မို့မို့ . . . ဟင် . . ."

မို့မို့လက်ကို လှုပ်ခါပြီး မေးသည်။ မို့မို့ ဖြေရခက်နေသည်။ နားမလည်မှုဖြင့် အတွေးတစ်ခုလုံး ရှုပ်ထွေးနေသည်။

မဆင့်ကတော့ တသောသော ထရယ်သည်။ သူတို့နှစ်ဦး ကြည့်မှ မဆင့်က. . .

"သိပြီ . . . သိပြီ . . . အဲဒီလူရိပ်က ဘာမှ မိုးနေ့မဟုတ်ဘူး မိန်းထဲတစ်ဝိုက်မှာ ကျင်လည်နေတဲ့ အရူးကြီးပါဟယ်။ သူက တွေ့ကရာ ပန်းတွေ ခူးခူးပြီး မိန်းကလေးတွေ အဆောင်တွေရှေ့မှာ လာလာ တတ်တယ်။ နင်တို့ မကြုံဖူးလို့ မသိတာ"

မဆင့်က ရယ်ရယ်ဟဟနှင့်ပြောပြီး သူတို့နှစ်ယောက်ကို ထ မိုးပေးကာ . . .

"ကဲ . . . ကဲ . . . ဝင်ကြစို့ အထဲ"

သူမတို့ မရေရာသည့် အနေအထားနှင့်ပင် အဆောင်ထဲ အ တူ ပြန်ဝင်ခဲ့ကြသည်။ လျှပ်ဖြူဖြူက ပြက်ပြက်သည်။

နွေဦး လက်ဖဝါးပေါ်က ပန်းပွင့်လေးကို ကြည့်မိသည်။ ပန်း ပွင့်ကလေးကလည်း သူ့ကို သနားဖွယ်ရာ ပြန်ကြည့်နေသလိုလို။

သည်လို ကြည့်နေမယ့်အစား စကားလေးတစ်ခွန်းလောက် ပြော လိုက်ပါလား၊ ပန်းပွင့်ငယ်ကလေးရယ်။

ⵣ ⵣ ⵣ



(၁၅)

တစ်နေ့၊ တနင်္ဂနွေနေ့ဖြစ်သည်။ နွေဦး စာကျက်ရတာ ငြီးငွေ့ လာသည်နှင့် အဆောင်၏ဟိုဘက်လမ်းထိပ်သို့ စာအုပ်ငှားထွက်ခဲ့သည်။ အကြောင်းအရာ စုံစုံလင်လင်ပါမည်ထင်သည့် မဂ္ဂဇင်းတစ်အုပ် ငှား၍ ပြန်လာခဲ့သည်။

အပြန်လမ်းတစ်နေရာတွင်။

"နွေဦးလေး . . . ပြန်လာပြီလား"

ဟူသောအသံဖြင့် နေ့ခင်းကြောင်တောင် အနံ့ကဟောင်၊ အသား က မှောင်နေသည့်လူတစ်ယောက် နွေဦးအေးက ဘွားခနဲ မအော်သော် လည်း ပေါ်ထွက်လာခဲ့သည်။ မြင်ရတာကိုက ကျက်သရေမရှိ။ နွေဦး ခြေလှမ်းတွေ ကျဲပစ်လိုက်သည်။ ထိုသူက နောက်က (သို့) ဘေးက ပါ လာ၍

"နွေဦးရယ် . . . အေးဆေးပေါ့ကွာ"

နွေဦး နှုတ်ခမ်းတစ်ချက်ကိုက်မိသည်။ စိတ်ကတိုလာပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ခဏလေးပါကွာ။ ကိုယ် အချစ်အကြောင်းလေး ပြောပြချင်လို့"

စိတ်ပျက်ဖို့ကောင်းလိုက်တဲ့စကား။

နွေဦး အံကြိတ်ကာ ဆက်လျှောက်မြဲ။

လမ်းကပြတ်သည် မဟုတ်သော်လည်း လူလာကျဲသည်။ ယခုလို နေ့ခင်းကြောင်အက်အက်အချိန်တွင်တော့ နမချင်းမစာနာနိုင်သူတွေအတွက် အာသာပြေ အခွင့်အရေးရနိုင်သည်။

ထိုလူကလည်း ဘေးဘီအခြေအနေကြည့်၍ နွေဦးရှေ့က လက်နှစ်ဖက်ပြန့်ပြီး ပိတ်ရပ်လိုက်သည်။

"ဟဲ . . . ဟဲ . . . ဟဲ . . ."

သူ ရယ်လျက် ရှေ့တိုးသည်။ နွေဦးက ငိုလျက် နောက်ဆုတ်ရမည်လား။

ဒီလိုလူမျိုးအတွက် မျက်ရည်ကျဖို့ ကိုယ့်မျက်ဝန်းကိုယ် နွေဦး 'သန'သည်။

"ကိုယ် အချစ်တွေ ပေးချင်လို့ပါ နွေဦးရယ်"

နွေဦး ဒေါသစိတ်ကို ထိန်းမရတော့ပေ။ ညာဘက်လက်ဝါးတစ်ဖက် ပြင်းထန်စွာ မြောက်တက်သွားသည်။ သို့သော် လေပြင်လမ်းတစ်ဝက်မှာပင် ထိုသူက နွေဦးလက်ကို ဖမ်းဆုပ်ထားလိုက်သည်။

"ဟား . . . မင်းလေးက အကြောလေးတွေ မာကြောင်းပြတာပေါ့ ဟုတ်လား။ အဟား . . . ငါကလည်း အဲဒါမျိုးမှကြိုက်တာ"

ပြောပြောဆိုဆိုနှင့် စက်ဆုပ်ဖွယ်ကောင်းသော ထိုလူ့မျက်နှာကြီးက နွေဦးထံ ကပ်လာသည်။ နွေဦး ရုန်းသည်။ မရ။ အကူအညီတောင်းဖို့ ဝန်းကျင်ကိုကြည့်တော့။

နောက်မှ လူရွယ်တစ်ယောက် ပြေးလာသည်။ ကံကောင်းချင်တော့ နေသစ်ဖြစ်နေသည်။



"ခွေးမသား . . ."

နေသစ်က ဆဲဆဲဆိုဆိုပင် ပြေးဝင်ထိုးသည်။ ခွပ်ခနဲ နေသစ်ကိုဟိုလူက အရင် လက်ဦးစွာ ထိုးလိုက်နိုင်သည်။ တခြားလူတွေလည်း ရောက်လာသည်။

ဟိုလူပြေးသည်။ ထိုသို့နှင့် . . .

ᅎ ᅎ ᅎ



www.burmeseclassic.com

www.burmeseclassic.com

"အား . . . ကျွတ် . . . ကျွတ် . . ."

မဆင့်က နေသစ်ကို ကျပ်ပူထိုးပေးသည်။ မျက်ကွင်းညိုနေသော နေသစ်ကိုကြည့်၍ နွေဦး ကျေးဇူးလည်း တင်သည်။ ရယ်လည်း ရယ်ချင်နေမိသည်။

"မဆင့်ရေ . . . နွေဦးရေ"

အော်သံများဖြင့် မိုမို့ ဈေးက ပြန်လာသည်။ ဆံပင်သွားညှပ်တာဟုလည်း ပြောသည်။ သူမ ရုတ်တရက် နေသစ်ကို မြင်တော့ လန့်သွားသည်။

"ဟယ် . . . ဗုဒ္ဓေါ နေသစ် မိတ်ကပ်တွေလိမ်းထားတယ်"

မိုမို့က ညိုမည်းနေသော နေသစ်မျက်နှာကိုကြည့်၍ ဟာသလုပ်သည်။ နွေဦးကလည်း မိုမို့ကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ မိုမို့က နွေဦးကို အပြစ်ပြောသည်။ အဖော်ခေါ်သွားဖို့ ကောင်းသည်ဟု ပြောသည်။

"မဆင့်က အိမ်သာတက်နေလို့ပါ"

ဟု နွေဦးက ဖြေရှင်းချက်ပြန်ပေးသည်။ ဟုတ်လည်း ဟုတ်သည်။ မဆင့်အိမ်သာတက်ရင် ဗီဒီယိုတစ်ကားပြီးလောက်မှ ပြန်ထွက်



လာသည်။ ထို့ကြောင့် စောင့်မခေါ်ဖြစ်။ ထိုအိမ်သာတက်ကြာသည့် ထိုမနှင့်ပင် အခြားအဆောင်သူတွေနှင့်လည်း မကြာခဏ ပြဿနာတက်ရသည်။

"နင်တို့ ကိစ္စပြောနေတာနဲ့ ငါ ဘာပြောမလို့လဲတောင် မေ့နေပြီ"

မိုမို့ နှုတ်ခမ်းကို လက်ထောက်၍ စဉ်းစားသည်။ ပြီးမှ

"သြော် . . . ငါ မြို့ထဲမှာ အမိန့်ချောစုနဲ့ တွေ့ခဲ့တယ်"

"ဟုတ်လား"

"အေး . . . အမိန့်ချောစုဟာ ငါ မနည်းမှတ်မိအောင် ကြည့်လိုက်ရတယ်။ အသားလေးတွေကလည်းဖြူ၊ မျက်နှာလေးကလည်း ဖူးလို့ဟာ။ သူက ရန်ကုန်မှာ ကျောင်းတက်တာဆိုပဲ။ အေး . . . မြင့်တိုးနဲ့တောင် မတန်ဘူးဟာ"

နေသစ်မှာ မျက်နှာက အနာထက်မိုမို့စကားကို ပိုနာသွားသည့် အသံကြီးနှင့်။

"အဲလို့တော့ မပြောပါနဲ့တော့။ ငါ့ကောင်မြင့်တိုးကလည်း နွားနို့ညှစ်တတ်ပါတယ်"

နေသစ် မခံချင်လို့သာ ပြန်ပြောရသည်။ သူ့စကားက ဘယ်ရောက်မှန်းမသိ။ အားလုံး ရယ်ချင်သလို ဖြစ်သွားကြသေးသည်။

"သြော် . . . ငါ အရေးကြီးတာ ပြောဖို့ မေ့နေသေးတယ်။ မိုးနေ့ သတင်းဟ"

မိုးနေ့သတင်းဟူ၍ နွေဦးပါးလေး ဝိုင်းသွားသည်။

"အမိန့်ချောစုက ပြောတယ်"

"အေး . . . ဘာပြောတာလဲ"

မိုမို့ မပြောခင် သက်ပြင်းချမိသည်။ နွေဦးကိုလည်း သက်ပြင်းကြားမှပင် ကြည့်သည်။ ပြီးမှ နှုတ်က တွန့်တွန့်ဆုတ်ဆုတ် ထွက်လာသည့်စကားက . . .



www.burmeseclassic.com

www.burmeseclassic.com

"မိုးနေ့ နိုင်ငံခြား ထွက်သွားပြီတဲ့"

"ဟင် . . . "

နွေဦးကြောင်သွားသည်။

"နိုင်ငံခြား . . ."

ကြက်သေ သေသွားရသည်။ မျက်တောင်မွေးကလေးများ ကော့ညွတ်ငြိမ်သက်သွားသည်။ နိုင်ငံခြား သူ ဘာသွားလုပ်တာလဲ။ သူ အားလုံးကို ကျောခိုင်းသွားတာလဲ။ နွေဦး အသားတွေ တဆတ်ဆတ်နှင့် တုန်ယင်လာသည်။ ခေါင်းထဲမှာ အတွေးတွေ ကယောင်ကတန်း လွန့်ထိုးနေသည်။ သူ . . . သူ . . . ဘာကြောင့် ဒီလိုထွက်သွားတာလဲ . . . ဟင် သူ . . . သူ . . . ပြန် . . . ပြန်ကော ပြန်လာပါတော့မလား။

"သူပြန်လာချင်မှ ပြန်လာတော့မှာတဲ့ နွေဦးရယ်"

မို့မို့လည်း သူကြားခဲ့ရသမျှကို အဆုံးအထိ ပြောပြလိုက်မိပါပြီ။ နေသစ် မျက်နှာလည်းညိုရာမှ အိုသွားသည်။

"ဟ . . . စိမ်းကားလိုက်တာကွာ။ ဒီကောင် . . . ကျွတ် . . သူငယ်ချင်းရာ . . . နှုတ်တောင် မဆက်သွားဘူး။ တောက် . . ."

"ဟင့်အင်း . . ."

နွေဦးအသံဖြစ်သည်။

"ဟင့်အင်း . . .မဟုတ်ဘူး . . ."

နွေဦး အသက်မဲ့သလို ညည်းညူရင်း ထိုင်ရာမှ ထလာသည်။

"သူ . . . သူ . . . သူ နှုတ်ဆက်သွားတယ်။ သူ နှုတ်ဆက်သွားတယ်လေဟာ"

"နွေဦး . . . ဘာတွေပြောနေတာလဲ"

"ဟိုနေ့ညကလေ မို့မို့။ မိုးတွေ သည်းသည်းမည်းမည်း ရွာတဲ့ညကလေ။ အဆောင်ရှေ့မှ လာရပ်ပြီး နှုတ်ဆက်သွားတယ်လေ။ လူရိပ်တစ်ခုလေ။ ငါ ပြေးလိုက်တော့ ထွက်ပြေးသွားတဲ့ လူရိပ်လေ။ ဝတ်မှုန်ကျေးရွာက ပန်းလေးတစ်ပွင့်တောင် သူ ထားခဲ့သေးတယ်လေ"



"ဟင် . . ."

"ဩော် . . ."

မို့မို့ အခုမှ ပြန်တွေးမိပြီး 'ဟင်' သည်။ မဆင့်လည်း အခုမှ သဘောပေါက်သလို အော်သည်။ နေသစ်ကတော့ နားမလည်သလိုလို ကြောင်ကြည့်နေသည်။

"ဟုတ်တယ် . . . သူ နင့်ကို လာနှုတ်ဆက်သွားတာပဲ နွေဦးရေ"

မို့မို့ နွေဦး ပခုံးမှာ မျက်နှာဝင်အပ်၍ စိတ်မကောင်းစွာ ပြောမိပါသည်။

နွေဦး နှုတ်ခမ်းတွေ တုန်လာသည်။ မနေနိုင်တော့၍ အဆောင်ပေါ်ထပ် အိပ်ခန်းရှိရာသို့ အပြေးတက်သည်။ အခန်းထဲရောက်တော့ ကုတင်ဘေးမှ စာအုပ်လေးတစ်အုပ်ကြားမှ မိုးသည်း ညတုန်းက သူထားခဲ့သည့် ပန်းပွင့်ကလေးကို ပြန်ရှာသည်။

ခြောက်သွေ့နေသော ပန်းပွင့်လေးကို လက်ဖဝါးပေါ် တင်ကြည့်သည်။ လက်ခုပ်နှင့်ဆုပ်ကာ ရင်ခွင်ကြားမှာ ထိုးအပ်မိသည်။

မို့မို့ အနားရောက်လာ၍ သူမ၏ သူငယ်ချင်းမလေးကို ထွေးဖက်လိုက်သည်။

"ငိုချင်ရင် ငိုပစ်လိုက်စမ်းပါ သူငယ်ချင်းရယ်"

ဒီတစ်ခါတော့ မို့မို့အားတင်းကာ ပြောရဲခဲ့ပါပြီ။ ငိုလိုက်စမ်း သူငယ်ချင်းရယ်။

ခဏအကြာ . . .

သူမ၏ ပခုံးသည် စွတ်စိုလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

တိမ်တွေကို တိုက်တာအဆောက်အအုံတွေက ဘောလုံးအမှတ်နှင့်ခေါင်းတိုက်နေကြသလို။ ထိုမျှလောက် မြင့်မားကြသည်။ ဟိုး . . . ဝေးဝေးတွင် တောင်တန်းတွေ၊ ပင်လယ်တွေ၊ နီယွန်ရောင်ထွန်းနေသော မြစ်ကူးတံတားတစ်စင်း။ ထိုတံတားပေါ်တွင်တော့ ကားတွေ . . .၊ ကားတွေ။ တံတားအောက်မှ ဖိမ်ခံမီးရောင်စုံ သင်္ဘောတွေ တရွေ့ရွေ့ တစ်စင်းပြီးတစ်စင်း။

စားသောက်ဆိုင်ခန်းမတွေ၊ နူတ်ခမ်းနီများများဆိုးထားသော လျှပ်ပေါ်လော်လီသည့် ဆံပင်ကောက်ကောက်တွေ၊ ဘီယာအမြုပ်တွေ၊ လမ်းမီးတိုင်တွေ၊ သီချင်းသံတွေ၊ ကမ္ဘာကို ရွာဖြစ်စေသော သတင်းကွန်ယက်တွေ၊ လမ်းလျှောက်နေကြသောလူတွေ၊ အပူငွေ့ပျံနေသော ဂလိုဘယ် ယဉ်ကျေးမှုတွေ၊ ဆက်မကြည့်ချင်တော့။

သူ ခန်းဆီးစကို ပိတ်လိုက်သည်။ မျက်လုံးကို မှိတ်လိုက်သည်။ အနာဂတ်တွေ လင်းလက်နေသည်။ ထိုအနာဂတ်နှင့် အတိတ်ကို သူ လှမ်း၍ ကလဲ့စားချေရန် မြန်မာပြည်ကို ပြန်လာတော့မည်။ သူ့မှာ ထူးဆန်းသည့်အင်အားတွေ ခိုဝင်အုံကြွနေသည်။

သူသည် ဥယျာဉ်မှူးလေးတစ်ဦးဖြစ်သည်။



## (၁၇)

စာမေးပွဲက နီးပြီ။ တစ်နေ့စာတစ်နေ့ထက် ပိုကြိုးစားခဲ့သော နွေဦးအဖို့ အောင်ရန် စိတ်မပူရတော့ပါ။

တစ်နေ့တစ်နေ့ လက်ဖက်သုပ်စား၊ ကာတွန်းဖတ်နှင့် အချိန်ကုန်နေတတ်သော မို့မို့ကတော့ အခုမှ အိမ်သာတောင်မတက်နိုင်ဘဲ ကုန်းလုပ်နေရပြီ။ မဆင့်ကတော့ အေးအေးဆေးဆေးပင်။ သို့သော် ယခုတော့ ခေါင်းတွေ တဒုတ်ဒုတ်နှင့် မူးနေသည်ဆိုသဖြင့် နွေဦးက သွေးပေါင်ချိန်တိုင်းပေးနေရသည်။ မဆင့်က ဇီဝဓာတုမေဂျာနှင့် ကျောင်းပြီးပြီးသားသူဖြစ်ပြီး အလုပ်လုပ်ရင်း LCCI Level ဘယ်လောက်လဲမသိ တက်နေသည်။

မို့မို့ စာမေးပွဲနီးမှ ကပ်လုပ်၍ ပျာပျာသလဲ ဖြစ်ရသည်။ ခါတိုင်း ဂစ်တာလာတီးသည့်ကောင်တွေကိုလည်း အဆောင်ရှေ့ထွက် အော်ဆဲမောင်းထုတ်။ (ဂစ်တာတီးသည့်ကောင်တွေကလည်း စနေတာထင်၍ မပြေး။ နောက်ခဲနှင့် ကောက်ထုမှ ပြေးကြသည်) တော့သည်။

"မို့မို့ရယ် . . . စိတ်အေးအေးထားပြီး လုပ်ပါ။ နင့်ကြည့်ရတာ ငါမောလွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com

နွေဦးက သွေးပေါင်ချိန်တိုင်းသည့် အလုံးကြီးကို တရှုံ့ရှုံ့ ညစ်ရင်း ပြောတော့ မိုးမိုးက . . .

"မတတ်နိုင်ဘူး . . . နွေဦးရေ။ အခုမှ ငါ့မိုက်ပြစ်နဲ့ငါ စာတွေ ဖိလုပ်ရတော့မှာပဲ။ နင်လည်း ငါ့စကား လာမဆွဲနဲ့ဦး"

"နွေဦးနှင့်မိုးမိုး ဧည့်သည်လာတယ်ဟေ့"

အောက်ထပ်မှ ခေါ်သံကြားရသည်။ 'ဘယ်က ဧည့်သည်က လာရပြန်တာလဲမသိဘူး' ဟု မိုးမိုးက ဆူဆူပုတ်ပုတ်ညည်းတွားသည်။ နွေဦး မိုးမိုးကို ချော့ခေါ်ရင်း အောက်ထပ်သို့ ဆင်းလာသည်။ မဆင့်က လည်း လက်ဖက်သုပ်ပန်းကန်ကိုင်လျက် လိုက်ပါလာသည်။

"ဟယ် . . . မြင့်တိုးနဲ့ ဝက်သိုး"

နွေဦး ဝမ်းသာသွားသည်။ မိုးမိုးလည်း ဝမ်းသာသွားသည်။ သို့သော် မျက်နှာက ရှုံ့တွတွနှင့် ဝမ်းသာကြောင်းမပြ။

နွေဦးက ထိုင်ဖို့ပြော၍ ထိုင်ကြသည်။ နွေဦးက 'စား'ဟုမပြော ဘဲနှင့် မဆင့်လက်ထဲက လက်ဖက်သုပ်ပန်းကန်ကို တဟဲဟဲရယ်လျက် သူ့လက်ဖောင်းဖောင်းကြီးနှင့် ဆွဲယူလိုက်ပြီး ကျော်ထူးလင်းက နှစ်ဇွန်း ထက်မနည်းအောင် အုပ်လိုက်သေးသည်။

"ကျော်ထူးလင်း . . . နင် ပိန်သွားတယ်နော်"

နွေဦးက အနည်းငယ်ဝိတ်ကျသွားဟန်ရှိသော ကျော်ထူးလင်း ကို ကရုဏာသက်စွာ ပြောလိုက်စဉ် . . .

"ဒီဗိုက်ကြီးက ပိန်သွားတယ်ဟုတ်လား"

ဟု မဆင့်က ဝင်ပြောလေသည်။ နွေဦးက ရယ်လျက် ခေါင်း ညိတ်ပြသည်။

"ဟုတ်တယ် . . . မဆင့်ရဲ့။ အဲဒါ ပိန်သွားတာ"

"အံ့ပါ့တော်"

မဆင့်အား ကျော်ထူးလင်း ဂျို'ပေးနေသည်ကို မသိရှာ။

"ဒါနဲ့ နင်တို့ ဒီကိုအလည်လာတာလား။ ပိုက်ဆံချေးဖို့တော့ မဟုတ်ပါဘူးနော်"



မိုးမိုးက စကားကြိုပိတ်ထားလိုက်သည်။

"မဟုတ်ပါဘူးဟာ။ ငါတို့ မန္တလေးကို အားဆေးလာဝယ်ရင်း နဲ့ ဝင်ခဲ့တာဟ"

ကျော်ထူးလင်းက ရှင်းပြသည်။

"ဒီဗိုက်ကြီးက အားဆေးလည်းသောက်တယ် ဟုတ်လား"

မဆင့် အံ့သြမှုကြောင့် နွေဦးနှင့် မိုးမိုးရယ်သည်။

"လူအားဆေး မဟုတ်ဘူးဗျ။ နွားတို့၊ သိုးတို့ တိုက်ဖို့ တိရစ္ဆာန် အားဆေးကို ပြောတာ။ ဒီကောင့် မွေးမြူရေးခြံအတွက် သိပလား။ ဟင်း"

ကျော်ထူးလင်း တင်းတင်းနှင့် ရှင်းပြလိုက်ရသေးသည်။

"ကဲ . . . ကဲ . . . စိတ်မဆိုးပါနဲ့ ဝက်သိုးရယ် . . . နော်။ နင်တို့ကို ကြုံတုန်း ငါမိတ်ဆက်ပေးလိုက်မယ်။ ဒါ ငါတို့အစ်မလိုပဲ။ မဆင့်ဆင့်နွယ်တဲ့။ ငါတို့ကတော့ မဆင့်လို့ပဲခေါ်တယ်"

မဆင့်က ခေါင်းညိတ်၍ ပြုံးပြသည်။ သို့သော် မဲ့ပြလျှင်လည်း ထိုပုံစံသာထွက်မည်ဖြစ်သည်။

"မဆင့် ဒါက မြင့်တိုးတဲ့။ ဟိုဘက်က ကျော်ထူးလင်းတဲ့။ 'လွမ်း စစ်ခင်း'ဆိုတဲ့ ကလောင်အမည်နဲ့ စာတွေ၊ ကဗျာတွေလည်း ရေးတယ်"

"ဟာဗျာ . . . "

ကျော်ထူးလင်း စိတ်ညစ်သွားသည်။ အနီးတွင် ဓားတစ်ချောင်း ရှိပါက သူ့ကိုခုတ်ရင် ခုတ်၊ မခုတ်ရင် ကိုယ့်ဗိုက်ကို ခုတ်ချင်ခုတ်မိမည် ဖြစ်သည်။

"ခင်ဗျားဗျာ . . . အား . . . အားရှိ ကျုပ်ဗိုက်ချည်း ခလုတ် တိုက်နေတယ်။ ကိုယ့်ဗိုက်လည်း ပြန်ကြည့်ဦး ။ ဘယ့်နှယ်"

ကျော်ထူးလင်းစကားကို မဆင့် စိတ်မဆိုးဘဲ ရယ်လေသည်။

"ငါတို့ ပြောစရာလဲရှိလို့ လာခဲ့တာဟ"

မြင့်တိုးက အခုမှ စကားစသည်။



www.burmeseclassic.com

www.burmeseclassic.com

"မိုးနေ့ နိုင်ငံခြားသွားတဲ့ ကိစ္စကလွဲရင် ကျန်တာပြောနိုင်တယ်"

"ဟင် . . . "

"အဲ . . . "

ဟိုနစ်ကောင် ကြောင်သွားသည်။

"နင် . . . နင်တို့ သိနှင့်ပြီဟုတ်လား"

"အေး . . . ဟုတ်တယ်။ ဟိုတစ်နေ့က ငါ မြို့ထဲသွားရင်း"

မို့မို့က မိုးနေ့နိုင်ငံခြားသွားသည့် ကိစ္စသိရခြင်းကို ရှင်းပြသည်။ အမိနာချောစုနှင့် တွေ့ခဲ့ပုံများ။ ဘာ . . . ညာ . . . ကွိ . . . ကွ . . . နှင့် ရှည်လျားစွာ ရှင်းပြလိုက်မှ ဟိုနစ်ကောင် ဖာတ်ရည်လည်သွားသည်။

"ဒါဆို အမိနာချောစုက လှတာပေါ့"

မြင့်တိုးက သွားရည်ကျသံကြီးနှင့် ပြောသည်။

"အေး . . . လှလာတာမှ သူ့အစ်မထက်တောင် လှသေးတယ်"

နောက် . . . သူတို့မိုးနေ့ ဘာကြောင့် နိုင်ငံခြားသွားရသည်ကို စဉ်းစားကြသည်။ အဖြေမရ။

"သြော် . . . အဲ့ဒါကြောင့် ဒီကောင်မသွားခင် ငါ့ဆီရောက်လာသေးတာကိုး"

မြင့်တိုးက ပြန်တွေးမိလာသလိုနှင့် ညည်းသည်။

"နင့်ဆီ မိုးနေ့လာတယ်"

"အင်း"

"ဘာလာလုပ်တာလဲ"

မြင့်တိုးအဖြေကြောင့် မဆင့်စားနေသော လက်ဖက်သုပ် ပြန်အန် ထွက်သွားသည်။ မြင့်တိုးအဖြေကလည်း . . .

"ချေးလာကျုံးတာဟ"

"ဘာ . . . "

နွေဦး ပြန်အော်မေးလိုက်သည်။



"သူ ပန်းစိုက်ဖို့ နေမှာပေါ့ဟာ။ ဆိတ်ချေး၊ နွားချေး အဲဒါ ပြောတာပါ"

"အဲဒါ ရှင်းရှင်းပြောမှပေါ့။ ဒီမှာ စားသောက်နေရတဲ့ဟာကို"

ထိုနောက် ရောက်တတ်ရာရာတွေ ပြောကြသည်။ ပြောစရာတွေ ကုန်သလောက်ရှိပြီ။ လက်ဖက်သုပ်လည်း နစ်ပန်းကန်လောက် ကုန်လောက်သည့်အချိန်တွင် သူတို့အထဲ နောက်ထပ်တစ်ယောက် တိုးလာသည်။ နေသစ်ရောက်လာခြင်းဖြစ်သည်။

"ဟာ . . . ဟိုနစ်ကောင်"

"နေသစ်"

"အေပေးတွေ ငါ့ဆီတော့ ဝင်မလာကြဘူး"

"ဒီမှာက လက်ဖက်သုပ်စားရတယ်ကွ"

အားလုံးရယ်ကြသည်။

စကားဝိုင်းလေးလည်း ပြန်စည်ကားလာသည်။ ပျော်ရွှင်စရာ။

"ဒါနဲ့ နေသစ်မင်းကကော ဘယ်လိုရောက်လာတာလဲ"

"ငါက ပိုက်ဆံလာချေးတာကွ"

မို့မို့ မျက်တောင်ကော့သွားသည်။ ပိုက်ဆံချေးမယ်ဆိုသည့် နေသစ်၏ စကားက သူမ မျက်တောင်ကို ကော့သွားစေသည်။ ကျော်ထူးလင်းက

"ဟာ . . . မင်းကလည်း အောက်ပါတယ်ကွာ။ မိန်းကလေးဆီက ချေးရတာ"

"အေး . . . အောက်မအောက်တော့မသိဘူး။ အရင်တုန်း အကြွေးလည်း ပြန်မဆပ်ဘူး။ ငါက သူငယ်ချင်းအချင်းချင်းမို့ သိပ်မပြောတာ။ နင် များနေပြီ နေသစ်"

မို့မို့က ငြိုငြင်နေပြီ။

"ဟုတ်သားပဲ။ ပြေလည်ရင်တော့ ပြန်ဆပ်မှပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"လုပ်ပါကွာ။ အခု ပိုက်ဆံချေးလို့ရရင် ဘီယာတိုက်တကမယ် ကွာ နော်။ မင်းတို့ပါ ပြောပေး"

"တကယ်လား"

"ဂယ်လား"

ဘီယာတိုက်မည်ဟူ၍ ဟိုနှစ်ကောင်စိတ်ပါသွားသည်။ နွေဦး နှင့် မို့မို့ထံ အရအပူကပ်တော့သည်။

"ဒီတစ်ခါ နင်ငွေလိုတာ ဘာလုပ်ဖို့လဲ။ အဲ့ဒါတော့ ပြောဦး"

"ဘောလုံးပွဲလောင်းမလို့ဟ။ မန်ယူ-ချဲလ်ဆီး ချန်ပီယံလိဂ် ဗိုလ် နယ်အပိုပဲဟ။ လုပ်ပါ . . . နွေဦးရာ မိုးနေ့လည်း မန်ယူကြိုက်တယ် ဟ"

"ဟွန့် . . . အေးပါ . . . အေးပါ"

နေသစ်က နွေဦးအား မိုးနေ့ဟူသော လက်နက် ထုတ်သုံးလိုက် ရာ နွေဦးမခံနိုင်တော့ချေ။ တကယ်တော့ မိုးနေ့က မန်ယူကိုမှ ကြိုက်သူ မဟုတ် အသင်းစွဲမထားဘဲ အားပေးသူတစ်ယောက်သာ။

မို့မို့ကလည်း ပြုံးပြုံးငြင်ငြင်နှင့် ပေးတော့ပေးရှာသည်။ ငွေရသည် နှင့် ထိုသုံးကောင် အူမြူးလျက် ထွက်သွားတော့သည်။

မိုးနေ့က မန်ယူကြိုက်သတဲ့လား။

နွေဦးခမျာ အတွေးများရရှာပြန်ပါပြီ။

ЖЖЖ



ဝိုင်း . . . ခနဲ
အတုန့်တာ
ကျတွဲမှုအသစ်နဲ့
ထပ်ပျံ့ပစ်ခဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ကမ္ဘာကို ကမ္ဘာက ပြန်လိုက်မီရန် အသည်းအသန် ပြန်ကြိုး စားနေရသည့် ခေတ်ကြီးဖြစ်သည်။ အသစ် . . . အသစ်တွေနောက် မျက်လုံးမှိတ်လိုက်ကြရင်း ကမ္ဘာလည်ပတ်နှုန်းပင် မြန်သွားလားဟု ထင် ရအောင် အချိန်တွေက အစိမ်းရောကြွ အကြွေမြန်နေခဲ့ပြီ။ တိမ်တိုက်ရွေ့ အကြောင်းသိရုံနှင့် မိုးလေဝသလည်း ခန့်မှန်းမရ။ ကမ္ဘာကြီးကျဉ်းလာ ကြောင်းကို ကဗျာဆရာတွေ စတင်တွေ့ရှိခဲ့ကြပြီ။

ကမ္ဘာတစ်ဖက်မှာ မိုးရွာသည်။ ကမ္ဘာတစ်ဖက်မှာ မြေပြိုသည်။ ကမ္ဘာတစ်ဖက် ဘုရားကျောင်းဆောက်သည်။ ကမ္ဘာတစ်ဖက်မှာ စစ်ဖြစ် သည်။ ကမ္ဘာပေါ် စာမျက်နှာများတွင် အမျိုးစုံသော သတင်းများ စုံလင် မလပ်ဖြစ်ပျက်နေသည်။

ယခု ရက်သတ္တပတ်အတွင်းမှာတော့ မီဒီယာတွေ အမိလိုက်ရ ပြိုင်ပွဲတစ်ခုကလည်း ဖြစ်ပေါ်လာပြန်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပ မည့် နိုင်ငံတကာ ပန်းအလှပြိုင်ပွဲ တစ်ရပ်ဖြစ်သည်။ တီဗီဖန်သားပြင် များတွင်လည်း ထိုသတင်းက နိုင်ငံတကာအတွက် စောင့်ကြည့်စိတ်ဝင် စားစရာ ဖြစ်နေခဲ့သည်။



မြန်မာနိုင်ငံ ရုပ်သံလိုင်းတစ်ခုမှလည်း ထိုသတင်း (သို့) ပြိုင်ပွဲ အစီအစဉ်ကို ထုတ်လွှင့်ပြသလျက်ရှိသည်။ လက်ရာမြောက်ဆုံး ပြကွက် ပိုင်ရှင် ဥယျာဉ်မှူးကို ဆုရွေးချယ်ပေးမည် ဖြစ်သည်။ မိမိကိုယ်တိုင် စိုက် ပျိုးထားသော ပန်းအမျိုးအစားများဖြင့် မိမိစိတ်ကူး ကွန့်မြူးသလိုလို တည်းခင်းပြသနိုင်လေသည်။

ထို့ကြောင့် တခြားပြိုင်ပွဲများနှင့် မတူကွဲပြားကာ နိုင်ငံတကာ ၏ စိတ်ဝင်စားခြင်းကို ခံနေရလေသည်။ မဲရာခိုင်နှုန်းဖြစ်စေ၊ ဒိုင်ဖြစ်စေ စသော စနစ်နှစ်ခုဖြင့် အမှတ်ပေးဆုံးဖြတ်မည် ဖြစ်သည်။ ပြိုင်ပွဲကာလ က သုံးရက်တာဖြစ်၏။

မို့မို့လည်း စာကြည့်နေရာမှ T.V ဖန်သားပြင်မှ အစီအစဉ်ထံ ရောက်သွားသည်။ နွေဦးနှင့် မဆင့်လည်း စိတ်ဝင်စားလျက်။ တစ်ဆောင် လုံး၊ တစ်မြို့လုံးလည်း သည်လိုပဲ။ T.V ထံ အကြည့်ရောက်နေကြလိမ့် မည်ဖြစ်သည်။

ပြည်ပ သတင်းထောက်တစ်ဦးက ကိုယ်ဟန်လက်ဟန်ဖြင့် သွက် လက်စွာစကားပြောနေသည်။ နောက် . . . ထိုလူ့ရုပ်ပုံပျောက်သွား၍ နှင်းဆီခြင်းတွေ ပေါ်လာသည်။

ပြကွက်တွေ စတင်ပြသပြီ။

လက်ကိုင်ခြင်းထဲတွင် အရောင်အသွေးအစုံအလင်နှင့် နှင်းဆီ များကို စီရရီထည့်ထားသည်။ ကင်မရာကို အနီးကပ်ဆွဲပြလိုက်ရာ ပိုကြွ လှ၊ လာသည်။ နှင်းဆီဝါကလေးက ပိုလှနေသည်။

"လှလိုက်တာ'ဟူသည့် စကားလုံးကို မေ့သွားလောက်အောင် ပင် လှလေသည်။ ထိုပန်းစည်းခြင်းတွင် ထိုပြကွက်အမည်ကို ရေးထား သည်။ အမည်ကား (Dream Rose) ဟူ၍။ နာမည်ကလည်း လှရက် သည်။ အိပ်မက်နှင်းဆီ။

နောက်ပြကွက်တစ်ခုပြသည်။ ပန်းအိုးလေးနှင့် ဖြစ်သည်။ ပန်း အိုးက သွယ်သွယ်ရှည်ရှည်ဖြစ်သည်။ အပြာရောင်ဆိုးထားသော ကြွေအိုး



www.burmeseclassic.com

www.burmeseclassic.com

လေးဖြစ်သည်။ ပန်းကတော့ နှစ်ပွင့်သာ။ ရိုးတံတစ်ခုတည်းမှ ထိုးထွက်လာပြီးနောက်မှ ရိုးတံနှစ်မွှာခွဲသွားကာ ပန်းကလေးနှစ်ပွင့်ပွင့်လာခြင်းဖြစ်သည်။ တစ်ပွင့်က ဟိုဘက်၊ တစ်ပွင့်က သည်ဘက်နှင့် မျက်နှာမူရာ ဆန့်ကျင်ဘက်ကျောခိုင်းလျက် ပွင့်နေကြခြင်းဖြစ်သည်။ ချစ်သူနှစ်ဦး စိတ်ကောက်နေကြသလို။

ထိုပြကွက်အမည်က (No voice) စကားသံမဲ့။

နောက်ပြကွက်မှာလည်း တစ်မျိုး ဆန်းပြားနေပြန်သည်။ ဖန်ထိုး အိုးလေးနှင့်ဖြစ်သည်။ ဇေဒါရောင် ရိုးတံရှည်ပန်းကလေး ဖြစ်သည်။ နွမ်းနေခြင်းမျိုးတော့ မဟုတ်။ တစ်ပွင့်တည်းဖြစ်သည်။ အဖျားချွန်သော အစွန်းရောင် ပန်းရွက်လေးတစ်ခုသာ အတူပါသည်။ ထိုပြကွက်အမည် က (Lonely) ဟူ၍။

အထီးကျန်။ ။

ထို့နောက် လူ့ပတ်ဝန်းကျင်တွင် တွေ့နိုင်ခဲလှသော ပန်းပြကွက် များကို မရိုးနိုင်ဖွယ် ပြသလေသည်။ ပြပွဲသို့ လာရောက်ကြည့်ရှုသူများ မှလည်း ရာချီ၊ ထောင်ချီ ဖြစ်သည်။ ကင်မရာတွေ ထိုးထိုးထောင်ထောင် ကင်မရာအရောင် တလက်လက်နှင့်ဖြစ်သည်။ လာကြည့်သူများတွင် ရုက္ခ ဗေဒပညာရှင်များ၊ ရှားပါးသော ပန်းမျိုးစိတ်များကို လေ့လာသူများ သုတေသနပညာရှင်များ ဥယျာဉ်ခြံမြေလုပ်ငန်းရှင်များနှင့် အခြားအလွှာ လွှာ အသီးသီးဖြင့် စုံလင်လှသည်။

တစ်နေရာတွင်တော့ လူတွေ အုံခဲလျက်ရှိသည်။ မည်သည့် ပြကွက်များပေါ်လာမလဲ။ T.V ဖန်သားပြင်ပေါ်တွင်လည်း လူတို့၏ ကြည့်များ စူးစိုက်လျက်။ ပြကွက်ပေါ်လာချေပြီ။

သစ်တုံးတစ်ခုကို တွယ်၍ ပွင့်နေသည်။ အခိုင်လိုက်ပွင့်ခြင်းမျိုး ဖြစ်သည်။ ထိုအခိုင်လိုက်တွင် တစ်ပွင့်ချင်းသည် အရောင်အသွေးတစ်မျိုး စီဖြစ်နေသည်။ ရှားပါးသော သစ်ခွအမျိုးအစားဖြစ်သည်။ အနီ၊ အပြာ၊ အဝါ၊ ခရမ်း၊ မရမ်းစသဖြင့် ကမ္ဘာပေါ်ရှိ အရောင်အသွေးပေါင်းစုံအားလုံး



ဝင် သည်ပန်းခိုင်တွင် လာခြယ်သထားသည့်နှယ် တောက်ပကြွားရွှားစွာ ရောင်စုံနေသည်။ ထို့ကြောင့် လူတွေအံ့အားသင့်ကုန်ကြသည်။

ပါးစပ်အဟောင်းသား၊ မျက်တောင်သေလျက်။ မှင်သက်စွာ ငိုင်းအုံ့ရပ်ကြည့်ကုန်ကြသည်။ တော်ဝင်အလှမျိုး။ မည်သူမှ မချီးမွမ်း ဘဲ မနေနိုင်။ လူတွေ အုံခဲလျက်။ သတင်းထောက်များ၏ ဓာတ်ပုံသည် လည်း တဖျပ်ဖျပ်။

“ဒီပန်းအမျိုးအစားကို ဘယ်သူက ရှာဖွေစိုက်ပျိုးခဲ့တာလဲ”

ဟူသည့် မေးခွန်းမျိုးတွေ တညံညံထွက်ပေါ်လာတော့သည်။ ဒိုင်လူကြီးများကတော့ သူတို့စည်းကမ်းအရထင်သည်။ ဖြေကြားခြင်း မရှိပေ။

ထိုပြကွက်၏ အမည်က (Hand of magician)

‘မှော်ဆရာတစ်ယောက်ရဲ့လက်’ ဖြစ်သည်။

ထိုပြကွက်နှင့်အပြိုင်တစ်နေရာတွင်လည်း ထွက်ပေါ်လာသည်။ ထိုပြကွက်မှာလည်း ရိုးရှင်းစွာ ဆန်းပြားနေသည်။ ငါးမွေးကန်ကဲ့သို့ ဖန်ပေါင်းချောင်လေးတစ်ခုဖြင့် ဖြစ်သည်။ ထိုအထဲတွင် ရေထည့်ထား သည်။ ထိုရေပေါ်တွင် ပန်းရောင်ကြာပွင့်တစ်ပွင့် ပြန့်ကားကျော့ရှင်းစွာ ပွင့်တည်နေသည်။

ထိုကြာပွင့်အောက်တွင် အကျည်းတန်သော အနက်ရောင် ငါး တစ်ကောင် လူးလာကူးခတ်နေသည်။ ပြကွက်မှာ ဒဿနတစ်ခုကို လှို့ ဝှက်စွာ တိုးညှင်းသဲ့သဲ့ ပြောပြနေဟန်ရှိသည်။ အဆင့်မြင့်သော ပြကွက် အဖြစ် ပညာရှင်တွေက သုံးသပ်လိုက်ကြသည်။

T.V ဖန်သားပြင်တွင် သတင်းထောက်မျက်နှာ ပြန်ပေါ်လာ သည်။ အင်္ဂလိပ်ဘာသာစကားဖြင့် တတွတ်တွတ်ပြောသွားသဖြင့် နား စွန်နားဖျား ကြားမိသလောက် ဘာသာပြန်ကြည့်ရာ နောက်အံ့သြဖွယ် ပြကွက်တစ်ခု ကျန်သေးကြောင်း ပြောခြင်းဖြစ်မည်ဟု ခန့်မှန်းရသည်။

“တို . . .”



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်ရှိ T.V ဖန်သားပြင်တွင် ဖြူလွှသောအရောင်များ ထွက်လာသည်။ ဖန်လှောင်အိမ်အငယ်စားလေးနှင့် ပြကွက်ဖြစ်သည်။ မြက်ခင်းစိမ်းစိမ်းကလေး တစ်လွှာပေါ်တွင် အဖြူရောင်ပန်းပွင့်ကလေး ကိုးပွင့်ကိုဖြန့်ကျဲထားခြင်းဖြစ်သည်။ အဖြူရောင် ပန်းတစ်ပွင့်အား ကင်မရာနှင့် အနီးကပ် ဆွဲပြရာ 'စံပယ်' ပန်းကလေးများ ဖြစ်နေသည်။

"ဒီလိုကျတော့လည်း စံပယ်ပန်းတွေက လှသားပဲ"

မိုမိုက မြတ်နိုးစွာရေရွတ်သည်။ ပြီး . . . ပြကွက်ကို ဆက်ကြည့်သည်။

စံပယ်ပွင့်ကလေး ကိုးပွင့်မှာ ညီအောင်စီထားလျက်နှင့် မညီသလို မညီအောင်စီထားလျက်နှင့် ညီနေသလိုနှင့် ကပိုကရိုနိုင်လှသည်။ မြက်ခင်းစိမ်းစိမ်းကလေးက အောက်ခံရှိနေသဖြင့် အရောင်တွဲစပ်မှုအား ပိုကောင်းနေသည်။ ကောင်းကင်ကပဲ စံပယ်မိုးစက်တွေ ရွာသွန်းပက်ဖြန်းထားသလို။ ကင်မရာနှင့် ခပ်လှမ်းလှမ်းမှရှုကာ လှည့်၍ရိုက်ပြသည်။

"လှတော့လှပါတယ်ဟာ။ ဒါပေမဲ့ ရိုးနေသလားလို့"

"ကောင်းတာပေါ့ . . . ရိုးရိုးလေးဆိုတော့ သဘာဝကျတာပေါ့"

မဆင့်စကားကို နွေဦး တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ထို့နောက် အကြည့်များက T.V ဖန်သားပြင်ပေါ် ပြန်ရောက်သွားပြန်သည်။ အစိမ်းအောက်ခံတွင် အဖြူရောင်လွင့်နေသော စံပယ်ပွင့်များသည် တခြားပြကွက်များထက် အဆင့်မနိမ့်လှချေ။

"ဟာ . . ."

"ဟင် . . ."

"အို . . ."

အာမေဋိတ်သံတွေ အလွှင့်လွှင့် အပျံပျံ ဖြစ်ကုန်သည်။ တစ်ကမ္ဘာလုံး၏ အာမေဋိတ်သံများဖြစ်နိုင်သည်။

သူတို့ကြည့်နေသော စံပယ်ပန်းလေးကိုးပွင့်အနက် နှစ်ပွင့်မှာ လေထဲတွင် ပျံသန်းသွားခြင်းကြောင့် ဖြစ်သည်။ ပျံသန်းကုန်သော ပန်းပွင့်များ . . .။



တကယ်တော့ ထိုသို့ ပျံတက်သွားသော ပန်းနှစ်ပွင့်မှာ အခြားမဟုတ်။ အဖြူရောင်လိပ်ပြာလေးနှစ်ကောင် ဖြစ်နေသည်။ စံပယ်ပန်းနှင့် ခွဲမရအောင် ထင်မှားနိုင်ဖွယ် စံပယ်ရောင် လိပ်ပြာလေးများဖြစ်သည်။ လိပ်ပြာနှစ်ကောင်သည် လေထဲတွင် မြူးတူးပြီးနောက် စံပယ်ပွင့်လေးများထံ နားခိုပြလိုက်စဉ် . . .

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

လက်ခုပ်သံများ၊ ထိုအစီအစဉ်ကြည့်ဖြစ်နေသော လူများအားလုံး ၏ လက်ခုပ်သံလည်း ဖြစ်နိုင်သည်။ ကမ္ဘာအရပ်ရပ်မှ တူညီသော လက်ခုပ်သံများ ဖြစ်လိမ့်မည်။ ထိုပြကွက်၏ အမည်က (Jasmine Song)၊ 'စံပယ်တေးသွား'။

ပြကွက်အပြီးနောက် သတင်းထောက်၏ မျက်နှာပေါ်လာပြန်သည်။ အင်္ဂလိပ်လို ခပ်သွက်သွက်ပြောသွားသည်။ ပြီးနောက် မဲအရေအတွက် ရာခိုင်နှုန်းဇယားကို ပြသည်။ 'မှော်ဆရာတစ်ယောက်ရဲ့လက်' က (29%) ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး သူ့နောက် ကပ်လိုက်နေသည်က 'စံပယ်တေးသွား' (25%)ဖြစ်သည်။ ထို့နောက်တွင်တော့ စကားသံမဲ့ (11%)၊ ပင်လယ်မလိုပါ (7%)၊ နောက် အာဒံရဲ့ ညနေ (5%)၊ . . . . ၊ . . . . ၊ . . . . ၊ . . . . ။

နောက် သတင်းထောက်၏ ပုံပြန်ပေါ်လာသည်။ နောက်တစ်နေ့ ထိုအချိန်တွင် ဒိုင်လူကြီးများ အကဲခတ်အမှတ်ပေးကြမည်ဖြစ်ကြောင်း၊ စောင့်မျှော်ကြည့်ရှုကြပါဟု ကြေညာကာ အစီအစဉ်ကို ရပ်လိုက်သည်။

နိုင်ငံတကာရှိ ပရိသတ်များ ရင်တလှပ်လှပ်နှင့် ကျန်ခဲ့ကြပေသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ T.V မှ ထိုအစီအစဉ်မလာခင် မိုးမိုး ဈေးကပြန်လာသည်။ မိုးမိုးလက်ထဲတွင် ပိုစတာပုံကြီးများပါလာသည်။ ဘာပုံတွေလဲဟု နွေဦးနှင့် မဆင့်ကြည့်လိုက်ရာ ပန်းပြပွဲမှ ပုံများဖြစ်နေသည်။

စီးပွားရေးသမားများကလည်း သွက်လှသည်။ လူတွေ၏ အကြိုက်ကိုကြည့်၍ ချက်ချင်းလှုပ်ရှားတတ်သည်။ မိုးမိုးဝယ်လာသောပုံများမှာ မော်ဆရာတစ်ယောက်ရဲ့ လက်နှင့် စံပယ်တေးသွားဖြစ်သည်။ ယခု ပရိသတ်များ၏မဲပေးမှုအရ သူတို့နှစ်ဦးသား အဓိက ပြိုင်ဘက်ကဲ့သို့ ဖြစ်နေသည်မဟုတ်လား။

"ငါတော့ စံပယ်တေးသွားပဲ ကြိုက်တယ်"

နွေဦးက သူ့အကြိုက်ကိုပြောတော့ မိုးမိုးက ပြန်မေးသည်။

"ဘာဖြစ်လို့"

"စံပယ်တေးသွားက နူးညံ့ရိုးသားမှု ရှိပုံပဲဟာ။ မော်ဆရာတစ်ယောက်ရဲ့လက်ကတော့ တစ်မျိုးပဲဟ။ စိတ်ထဲမှာ တစ်မျိုးပဲ။ ငါမပြောပြတတ်ဘူး"

"ညည်းပဲ ဒိုင်လုပ်လိုက်တော့ဟေ့"

မဆင့်က ထိုသို့ ဝင်ပြောလိုက်ရာ သူတို့ ရယ်ပစ်လိုက်ကြပြန်သည်။

TV ဖန်သားပြင်တွင် အစီအစဉ် စနေပါပြီ။

ဒိုင်လူကြီးများ အလုပ်ရှုပ်နေကြသည်။ ပရိသတ်များ၊ မဲပေးနေကြသလို သူတို့ကလည်း အမှတ်ပေးစည်းမျဉ်းအလျောက် စမ်းသပ်စစ်ဆေးနေကြပြီး အမှတ်ပေးမှုများ လျှို့ဝှက်စွာ ပြုလုပ်နေကြသည်။ ပန်းများအား မွှေးကြည့်ခြင်း၊ ရှုကြည့်ခြင်း၊ အနီးကြည့်၊ အဝေးကြည့် ကြည့်ကြ၊ မှတ်စုအတွင်း မှတ်ကြ စသဖြင့် သာမန်လူများ နားမလည်နိုင်သော စစ်ဆေးမှုများကို ပြုလုပ်နေကြသည်။

တစ်ခါတစ်ခါ ဒိုင်များ လိုတာထက်ပို၍ အလုပ်ရှုပ်သွားဟန်



ရှိသည်။ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ကြသည်။သဘောတူမှုများအတွက် ခေါင်းညိတ်ကြသည်။ အငြင်းပွားဖွယ်ရာများအတွက် ခေါင်းခါကြသည်။

နောက် ယနေ့ညအချိန်အထိ နောက်ဆုံးမဲပေးမှု ရာခိုင်နှုန်းစာရင်း ထွက်ပေါ်လာသည်။ 'မော်ဆရာတစ်ယောက်ရဲ့ လက်' (29%)၊ စံပယ်တေးသွား (26%)၊ ပင်လယ်မလိုပါ (14%)၊ သူတို့၏ နောက်တွင် 'မိသားစု' ဆိုသည့် မထင်မရှားပြကွက်တစ်ခုက (9%)နှင့် လိုက်လာသည်။ စကားသံမဲ့ ကတော့ (6%)အထိ ရာခိုင်နှုန်းကျသွားသည်။

ထိပ်ဆုံးပိုင်းတွေမှာ ရာခိုင်နှုန်းအပြတ်အသတ်ဖြင့် ဦးဆောင်မြဲဖြစ်ပြီး အောက်ပိုင်းပြကွက်များ ရာခိုင်နှုန်း အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ မငြိမ်သက်မှုများကပင် ပြိုင်ပွဲကို အကြိတ်အနယ်ပိုရှိလာစေသည်။

ထို့နောက် သတင်းထောက်တွေက ပွဲလာပရိသတ်တွေကို မေးမြန်းကြသည်။

"ကျွန်တော်ကတော့ စကားသံမဲ့ကို မဲပေးထားတာပါ"

"ကျွန်တော် 'မော်ဆရာတစ်ယောက်ရဲ့လက်'ကို အနှစ်သက်ဆုံးပါ"

" 'ပင်လယ်မလိုပါ'ဆိုတဲ့ ပြကွက်ကို ပထမရစေချင်ပါတယ်"

"ကျွန်တော် တစ်ယောက်တည်း မဲပေါင်းအခုတစ်ရာ ပေးလို့ရရင်လဲ 'စံပယ်တေးသွား'ကိုပဲ ရွေးချယ်မဲပေးသွားမှာပါ"

"ကျွန်မကတော့ မိသားစုဆိုတဲ့ ပြကွက်လေးကို မျှော်လင့်ပါတယ်။ မဲလည်း ပေးထားပါတယ်ရှင်"

" 'မော်ဆရာရဲ့လက်'က အဆင့်အမြင့်ဆုံးလို့ ထင်ပါတယ်"

နိုင်ငံအရပ်ရပ်မှ လာရောက်ကြည့်ရှုသူ ပရိသတ်များ သူတို့ကြိုက်ရာသူတို့လွတ်လပ်စွာ ဖြေဆိုနေကြသည်။

" 'ဘာနဲ့သီရမှန်းမသိတဲ့ အပွင့်ကလေးတွေ'ဆိုတဲ့ ပြကွက်လေးကို ကျွန်မ မဲပေးထားပြီး စောင့်ကြည့်နေမိတယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com

" 'နောက်ဆုံးတိမ်တိုက်' ကို ရင်ခုန်နေပါတယ်"

"ကျွန်မလည်း တစ်နေ့ ပန်းတွေ အများကြီးစိုက်ပြီး ဥယျာဉ်ကြီးတွေ ဖန်တီးနိုင်ဖို့ ရည်မှန်းချက်ထားလိုက်ပါပြီ။ ကျွန်မ အခု အားပေးနေတာ 'စံပယ် တေးသွား' ပါရှင်"

"မော်ဆရာတစ်ယောက်ရဲ့လက်"

"အာဒမ်ရဲ့ ညနေကို ဆုမရသွားလည်း အားပေးသွားမှာပါ"

"ဒီပြပွဲက သိပ်ကို ထူးခြားပါတယ်။ နိုင်ငံတကာ စောင့်ကြည့်ဖို့လည်း ထိုက်တန်တဲ့ ပွဲပါ။ ပန်းတွေကို အနုပညာရသတွေ၊ performance တွေနဲ့ တွဲဖက်ပြသွားတာ စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်တော်က မဲမပေးရသေးပါဘူး။ စဉ်းစားဆဲပါ။ အားလုံးကိုတော့ ကြိုက်နေပါတယ်"

ထိုသို့ ထိုသို့ အမျိုးမျိုးသော အားပေးမှုများ စိတ်တိုင်းကျ ကျေနပ်သော မှတ်ချက်များ ပေးကြသည်။

မနက်ဖြန်တွင် မည်သူက မည်သူ့ထက် ပိုမိသာမည်နည်း။ ဒိုင်လူကြီးများ၏ အမှတ်ပေးမှုမှာ ဘယ်သူက ဘယ်လိုအမှတ်များ ရမည်နည်း။ သင့်တို့လည်း ခန့်မှန်းရင်း ရင်ခုန်ရင်း မနက်ဖြန်ကို စောင့်ကြပါဦးဟု သတင်းထောက်များက ပြောကြားက အစီအစဉ်ကို ရပ်လိုက်သည်။

• • •

ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင်လည်း ထိုသတင်းသာ နေရာယူနေသည်။ နွေဦးတို့ဆီမှာလည်း ထိုသို့ပင်။ လက်ဖက်ရည်ဆိုင်ထိုင်သူများကပင် အလောင်းအစား ပြုလုပ်ထားကြပြီ။ ကွမ်းယာဆိုင်မှာလည်း ထိုအကြောင်းပြောနေကြမည်လား။



ရည်းစားစာတွေထဲတွင်လည်း မင်းအသံဟာ စံပယ်တေးသွားလေးလိုပါပဲဟု ရေးသားကုန်ကြပြီ။ လေယာဉ်ပျံပေါ်တွင်လည်း ထိုသတင်းဖြစ်မည်။ ဘတ်စ်ကားပေါ်တွင်လည်း ဤအကြောင်းရှိမည်။ ထိုသတင်းနှင့်အားလုံး ယောက်ယက်ခတ်စွာ တက်ကြွနေလိမ့်မည်။

"တွိ . . ."

TV ဖန်သားပြင်တွင် ပေါ်လာချေပြီ။ ဆိုက်ကားသမား၊ အထမ်းကူလီ၊ ပန်းရန်ဆရာတို့က နီးရာ TV ရှိသည့် လမ်းဘေးဆိုင်ဝင်ကြည့်လျှင် ကြည့်ချေမည်။ လမ်းဘေး သူတောင်းစားကပင် ခွက်စုတ်ကိုင်၍ မလှမ်းမကမ်းမှ လူအုံနေသော လက်ဖက်ရည်ဆိုင်တွင်းမှ TV ထံ လှမ်း၍ လည်မျှော်ငေးလျှင် ငေးချေဦးမည်။

• • •

TV တွင် ခမ်းမကြီးတစ်ခုကို ပြထားသည်။ နောက် ခန်းမကြီး၏ ထိပ်ဆုံးတွင် ထည်ဝါသော စတိတ်စင်ကြီးတစ်ခု။ ထိုစင်ပေါ်တွင် အကဲဖြတ်အမှတ်ပေးဒိုင် ခြောက်ဦးနေရာယူထိုင်ထားကြသည်။

ခန်းမထဲတွင်တော့ သတင်းထောက်များ၊ ဆိုင်ရာပညာရှင်များ၊ စီးပွားရေးသမားများ၊ ပြိုင်ပွဲယှဉ်ပြိုင်သူများ၊ ပြိုင်ပွဲစီစဉ်သူများနှင့် နောက်ဆုံး ထုထည်ကြီးမားလှသော ပရိသတ်များ ရှိနေကြတော့သည်။ လုံခြုံရေးများကလည်း လိုအပ်လျှင် ကာကွယ်မှုပြုရန် စောင့်ကြပ်ကြည့်ရှုနေကြသည်။ ခန်းမအတွင်း ကိုယ်နှစ်သက်ရာ ကိုယ်ပြောရင်း ငြင်းခုန်သံများနှင့် ညံနေသည်။

အခမ်းအနားစတော့မည်ဖြစ်၍ အားလုံး ငြိမ်ပေးပါရန်ဟူသော မိန့်ခွန်းသံက ခန်းမကြီးကို လွှမ်းသွားသည်။ မကြာမီ အချိန်အတွင်း ခန်းမကြီးက တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပဓိရုပ်ကောင်းကောင်းနှင့်လူကြီးက ပိတ်ပွဲ (သို့) ဆုပေးပွဲ မိန့်ခွန်းကို အနည်းမျှသာကြာအောင် ကောင်းမွန်ထိရောက်စွာပြောသည်။ နောက် ဒိုင်လူကြီးများက တစ်စုံတစ်ရာကို အချက်ပြသည်။ တစ်မုဟုတ်ချင်းပင် စတိတ်စင်အထက်မှ ပိတ်ကားပေါ်တွင် မဲပေးအမှတ်ဇယားများ ပေါ်ထွက်လာသည်။

"ဟာ . . ."

"ဟင် . . ."

အစရှိသော အာမေဋိတ်သံများ ရှေ့ဆင့်နောက်ဆင့်ပေါ် ထွက်လာကြသည်။

စံပယ်တေးသွားက (31%)ဖြင့် ထိပ်ဆုံးရောက်သွားသည်။

"ဝိုး . . ."

မော်ဆရာတစ်ယောက်ရဲ့လက်က (22%)နှင့် ဒုတိယနေရာဖြစ်သွားသည်။

"ဟာ . . ."

တတိယက 'ပင်လယ်မလိုပါ'(11%)။ နောက် 'အာဒံရဲ့ ညနေ' (10%)၊ 'နောက်ဆုံးတိမ်တိုက်' (10%)။ မိသားစု (6%)၊ စကားသံမဲ့ (5%)။ ဘာနဲ့သိရမှန်းမသိတဲ့ အပွင့်ကလေးတွေ (2%)။ . . . ။ . . . . . .%။ . . .%။ . . . . .%။ . . . . . ။

နောက်ဆုံးပိတ် ပရိသတ်မဲ့ပေးသော အရေအတွက်များကို ရာခိုင်နှုန်းဖြင့် အချိုးချကာ ဖော်ပြထားခြင်းဖြစ်သည်။

သို့သော် ဒိုင်လူကြီးပေးမည့် အမှတ်များ ကျန်နေသေး၍ အားလုံးငြိမ်နေကြသည်။ ထို့နောက် ခန်းမကြီးအတွင်းသို့ အသံတစ်ခု ဖုံးလွှမ်းသွားသည်။ ဆုပေးပွဲ ကျင်းပတော့မည်ဖြစ်ကြောင်း ဆုပေးရင်းနှင့်ပင် ဒိုင်လူကြီး၏ အမှတ်စာရင်းကို ကြေညာတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

• • •



တတိယဆုကို အရင်ဦးဆုံး ကြေညာမည်ဖြစ်သည်။ အားလုံးငြိမ်သက်လျှက် စောင့်ဆိုင်းနေကြစဉ် . . .

"ပင်လယ်မလိုပါ"

ဟု ကြေညာလိုက်သည်။

"ဟေး . . ."

အော်သံများ၊ ထိုပန်းပြကွက်ဖန်တီးရှင်ကို စင်မြင့်ပေါ် ဆုချီးမြှင့်ရန် ခေါ်လိုက်သည်။ ပင်လယ်မလိုပါ ပန်းပြကွက်၏ ဖန်တီးရှင်မှာ အံ့ဩဖွယ် အသက်(၉၀)ကျော် လူမျိုးအဘိုးအိုတစ်ဦး ဖြစ်နေသည်။ မုတ်ဆိတ်မွေးတွေ ဆွတ်ဆွတ်ဖြူကာ ရှည်လျားနေသော်လည်း သစ်ပင်စိုက်သူ၊ ပန်းစိုက်သူတို့၏ သဘောအတိုင်း ရုပ်ရည်မှာ နုပျိုနေသယောင် ထင်ရသည်။

နောက်ထပ် ထူးခြားချက်မှာ ပြိုင်ပွဲဝင်များ၏ ပန်းအားလုံးမှာ မြေတွင်စိုက်သော ပန်းများ၊ တခြားသစ်ပင်များပေါ်တွင် မှီ၍ စိုက်ရသော ပန်းများနှင့် ကျောက်တုံးကျောက်ခဲများနှင့်ထားကာ စိုက်ရသော ပန်းများသာပါသည်။ ဤ 'ပင်လယ်မလိုပါ'ကဲ့သို့ ရေတွင်စိုက်ရသော ကြာပွင့်မျိုးမရှိပါပေ။ သူ တစ်ဦးက ထူးခြားစွာ ပြိုင်ဆိုင်ရဲသူ ဖြစ်ချေသည်။

ဒိုင်လူကြီးများကလည်း ချီးကျူးကြသည်။

နောက် . . . ဒုတိယဆုကို ကြေညာတော့သည်။ အားလုံးအပ်ကျသံမရှိ။ ခြေရှုပ်သံမရှိ။ ငြိမ်သက်နားထောင်လျက်။

"နောက်ဆုံးတိမ်တိုက်"

"ဟေး . . ."

"ဟေး . . ."

အော်သံများ ခန်းမအတွင်း၌သာမက နေရာအနှံ့အပြားတွင်ပင် ဖြစ်ပေါ်သွားသည်။ လက်မခံလိုသူ ငြင်းခုန်လိုသူများစွာလည်း ထွက်ပေါ်လာသည်။ ရမ်းကားသံများလည်း ထွက်လာသည်။ လုံခြုံရေးများ အလုပ်ရှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အတော်ထိန်းယူပြီးမှ အားလုံး တိတ်သွားကြသည်။ ပထမဆုကို ကြေညာတော့မည်။ အားလုံး အသက်ပင်ကျယ်ကျယ်မရှူမိအောင် ထိန်းရင်း နားစွင့်လျက်။

"စံပယ်တေးသွား"

ခေတ္တ တိတ်ဆိတ်နေကြသေးသည်။ ဘာကြောင့်မှန်းမသိ။ နောက်မှ . . .

"ဟေး . . ."

ခနဲ အော်သံများ။

"ဟေး . . ."

"ဟေး . . ."

ခြိမ့်အုန်းသဲထန်သွားသည်။ အော်သံများ ခန်းမအတွင်းမှ လျှံကာ ခန်းမအပြင်ဘက်ရှိလမ်းတွေဆီ၊ မြို့တွေဆီ၊ ကမ္ဘာအနှံ့ချီသွားလေသည်။

ထိုအရာနှင့် တစ်ဆက်တည်းမှာပင် ငြင်းခုန်မှုတွေလည်း ကြီးထွားလာသည်။ ဒိုင်လူကြီးများက ရှင်းလင်းပြမည်ဖြစ်ကြောင်း ပြောသည်။ ထို့နောက် ခလုတ်တစ်ခုကိုနှိပ်လိုက်ရာ ပိတ်ကားပေါ်တွင် ဒိုင်လူကြီးများ အကဲဖြတ်စစ်ဆေး၍ ရရှိထားသော အမှတ်စာရင်းများပေါ်လာသည်။

စံပယ်တေးသွား (97)၊ နောက်ဆုံးတိမ်တိုက် (78)၊ ပင်လယ်မလိုပါ (70) စကားသံမဲ့ (66) စသည်ဖြင့် ရှိနေသည်။ မော်ဆရာတစ်ယောက်ရဲ့ လက်ကိုရှာဖွေကြည့်ရာ (zero)ဟူသော ရမှတ်ဖြင့် အောက်ဆုံးတွင် ရပ်တည်နေလေသည်။

"ဟာ . . ."

"အို . . ."

"ဘယ်လိုဖြစ်တာလဲ"

မေးခွန်းတွေ များစွာထွက်ပေါ်လာသည်။



ဒိုင်လူကြီးများ ရှင်းပြရတော့သည်။ မော်ဆရာတစ်ယောက်ရဲ့ လက်မှာ ပရိသတ်များနှစ်သက်၍ အမှတ်ပေးကြသည်မှာ ကြိုက်သလို လွတ်လပ်သလို အမှတ်ပေးခွင့်ရှိသော်လည်း အမှတ်ပေးစည်းမျဉ်းများ၊ ပြိုင်ပွဲရှိ စည်းမျဉ်းများ၊ သဘာဝတရားနှင့် ချင့်ချိန်၍ အမှတ်ပေးရသော အခါ ပြဿနာရှိလာကြောင်း ပြောသည်။

မော်ဆရာတစ်ယောက်ရဲ့လက်မှာ အမျိုးအစားမတူသော သစ်ခွမျိုးစိတ်နှစ်မျိုးကို မျိုးစပ်ထားခြင်းဖြစ်ကြောင်း၊ မျိုးစပ်ခြင်းမှာ ဥယျာဉ်ခြံမြေတွင် မျိုးစပ်ထားခြင်းမဟုတ်ဘဲ ဓာတ်ခွဲခန်းတစ်ခုတွင် မျိုးစပ်ထားခြင်းဖြစ်ကြောင်း ရှင်းပြသည်။ မျိုးစပ်ပြီးနောက် ပန်းများမှာ အံ့သြဘနန်းအရောင်အသွေးများ၊ ရရှိလာသော်လည်း ရနံ့မှာတော့ လွင့်ပြယ်နေကြောင်း၊ ထို့ကြောင့် မွှေးရနံ့ရစေရန် ဆေးထိုးထားကြောင်းပြသည်။

သာမန်အမြင်ဖြင့် မသိသာသော်လည်း ပညာရှင်များ အသေးစိပ် စစ်ဆေးဖော်ထုတ်ရာ မွှေးရနံ့များမှာ သဘာဝကို ဖီဆန်နေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် သဘာဝတရားနှင့်ယှဉ်၍ အမှတ်ပေးရသော အခါ ပြဿနာရှိတတ်ကြောင်း၊ ပြိုင်ပွဲဝင်စည်းကမ်းများကိုလည်း မလိုက်နာဘဲ ဖောက်ဖျက်ကာ ပြသထားသော ပြကွက်ဖြစ်သောကြောင့် ဒိုင်များ အမှတ်ပေး၍မရကြောင်း၊ ရင်သပ်ရှုမောဖွယ် ပြကွက်ဖြစ်သော်လည်း ဒီလို သဘာဝထက် လွန်ကဲသော ပန်းမျိုး၊ ရနံ့မျိုးသည် ရေမွှေးကုမ္ပဏီများအတွက်သာ နမူနာပြသင့်သော ပြကွက်ဖြစ်ကြောင်း ဝေဖန်ဖြေကြားလိုက်သည်။ ယခု 'မော်ဆရာတစ်ယောက်ရဲ့လက်' ကို ဖန်တီးခဲ့သော ပညာရှင်အား ဆက်လက်မေးမြန်းစစ်ဆေးနေကြောင်း ပြောလိုက်သည်။

ထိုမှ ပရိသတ်များ အမြင်ရှင်းသွားကြသည်။

ထို့နောက် စံပယ်တေးသွားကို ချီးကျူးသည်။ စံပယ်တေးသွားတွင် အရောင်သဘောအရလည်း အေးချမ်းကြောင်း၊ ဖန်တီးထားသော ပြကွက်မှာလည်း ထူးခြားကာ လူ့နှလုံးသားယဉ်ကျေးမှုကို လှုပ်ခတ်စေကြောင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

သဘာဝရနံ့မွှေးပျံ့နေသော ပန်းပွင့်ကလေးများသည် လူသားတို့ဝန်းကျင်တွင် အမြဲရှိနေသင့်ကြောင်း၊ သဘာဝအလှအပကို မမေ့မလျော့သင့်ကြောင်းကို လှုံ့ဆော်ထားသော ပြကွက်ဖြစ်ကြောင်း ချီးကျူးလေသည်။ တန်ဖိုးရှိသော ဥယျာဉ်မှူးတစ်ဦး၏ စွမ်းရည်ရှိကြောင်း ချီးကျူးလိုက်သည်။ စံပယ်တေးသွား ဥယျာဉ်မှူးကို ခေါ်လိုက်သည်။

အရင်ဆုံး ဖိနပ်ရှုပ်တိုက်သံများ ကြားရသည်။

တိတ်ဆိတ်သော ခန်းမကို ကျော်နင်းသွားသော ဖိနပ်သံများဖြစ်သည်။ ဖိနပ်သံပိုင်ရှင်များမှာ မော်ဆရာတစ်ယောက်ရဲ့လက်ကို အားပေးကြသူများ ဖြစ်ကြမည်။ ထိုဖိနပ်သံများရဲ့သွားမှ . . . ။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . "

ထိုဖိနပ်သံကတော့ လူငယ်တစ်ယောက်၏ ဖိနပ်သံဖြစ်သည်။ လူငယ်ကို ခပ်လှမ်းလှမ်းမှ ရိုက်ပြနေသည်။ ကျောပေးလျက် မြင်ရသည်။ မျက်နှာပိုင်းကို တစ်ချက်တစ်ချက် တစောင်းအနေအထားဖြင့် မြင်ရသည်။ ခြေလှမ်းတွေက စမတ်ကျသည်။

စင်မြင့်ပေါ်တက်သွားသည်။ လူကြီးတစ်ဦးက သူ့အား ဆုချီးမြှင့်သည်။ ရင်ဘတ်တွင် ရင်ထိုးတစ်ခု အရင်ထိုးပေးသည်။ ထိုရင်ထိုးကို ကင်မရာအပြည့် ဆွဲယူရိုက်ပြရာ ရင်ထိုးတွင် (Golden Gardener) ဟူသည့် စာတမ်းပါရှိ။ ပြီးနောက် ရွှေစင်ဆုတစ်ခုပါ ချီးမြှင့်သည်။ ထိုရွှေစင်ဆုမှာ ရွှေဖြင့်သွန်းလုပ်ထားသော ရေပန်းခရားလေးဖြစ်သည်။ ထိုရွှေရောင်ရေပန်းခရားကို ပိုက်၍ ကင်မရာရှေ့သို့ သူ တည့်တည့်လှည့်လိုက်သည်။

"ဟင် . . . သူ . . ."

"မိုး . . . မိုး . . . နေ့ . . ."

"ဟယ် . . ."

နွေဦး မျက်ဝန်းများ တုန်လှုပ်ဝင်းလက်သွားသည်။ မို့မို့ကလည်း နွေဦးကို ဖက်လိုက်သည်။



"အဲဒါ မိုးနေ့လား"

မဆင့်ကမေးသည်။ နွေဦး ခေါင်းညိတ်ပြသည်။ မျက်ရည်ဝဲလျက်။

ငိုသည်၊ ငိုပြီ . . .။

"နွေဦးရယ် . . ."

မို့မို့ နွေဦးကို သိုင်းဖက်လျက်။

TV ဖန်သားပြင်ကိုကြည့်လိုက်တော့ မျက်ခမ်းစပ်တွင် မျက်ရည်တချို့ စွတ်စိုဝဲနေသယောင်ရှိသော်လည်း တည်ငြိမ်ဝမ်းသာစွာ ပြုံးနေသည်။ ဒါ ရွှေရောင်နိုင်ငံက လူငယ်လေးတစ်ယောက်။ သူ အတိတ်တွေကို အကောင်းဆုံး အနာဂတ်ဖြင့် သင်ပုန်းချေပစ်နိုင်သည်။

လက်ခုပ်သံများ။

သူ့နိုင်ငံရဲ့ ဂုဏ်။

သူ့နိုင်ငံရဲ့ သွေး။

သူ . . . ပန်းတွေနဲ့ ရေးနိုင်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

စေတီဦးမှာ နေရောင်ကြောင့် ရွှေရောင်အဆင်းများ တစ်ချက်တစ်ချက် ဝင်းလက်သွားသည်။ တောင်ပေါ်ရှိ ထုံးဖွေးဖွေးစေတီကလေး တစ်ဆူဖြစ်သည်။

စေတီအရင်းရှိဇရပ်လေးတွင် ယောဂီကြီးက ငြိမ်သက်စွာထိုင် နေသည်။ ယောဂီကြီး၏ မျက်နှာမှာ အရယ်အပြုံး ဆိတ်သုဉ်းနေသည်။ ကြည်လင်တည်တံ့၏။ သံသရာကို သံဝေဂရရှိနေသူတစ်ယောက်နှယ်။

ယောဂီရှေ့တွင် လူငယ်တစ်ဦးက လက်အုပ်ချီလျက်ရှိသည်။

ပြီးလျှင် ကန်တော့သည်။

ယောဂီကြီးက ကောင်းကင်ဆီတစ်ချက် ကြည့်သည်။ ပြီး... လူငယ်ကို တစ်ချက်ကြည့်သည်။ လူငယ်၏ မျက်ခမ်းတွင် မျိုသိပ်ထိန်း ချုပ်ထားသော မျက်ရည်စများကို တွေ့ရသည်။

ယောဂီကြီးသည် လူငယ်၏ဦးခေါင်းကိုပွတ်၍ ဆုတောင်းပေး သည်။ လူငယ်၏ပါးပြင်တွင် မျက်ရည်စများ စီးကျလာသည်။ 'အမေ ရယ် . . . ' ဟု ရင်ထဲမှ စိတ်မခိုင်စွာ ရေရွတ်နေမိရှာသည်။



ယောဂီကြီးက အနီးရှိချိုင်းထောက်ကိုဆွဲယူကာ ထောက်ရှင်း ထသည်။ ချိုင်းထောက်သံတခေါက်ခေါက်နှင့် လျှောက်သွားသည်။ စေတီ အစွန်းရှိ ခေါင်းလောင်းဆီသို့ သွားခြင်းဖြစ်သည်။ သူသည် တည်ငြိမ် သော ကိုယ်နေဟန်ဖြင့် ခေါင်းလောင်းကို ထိုးခတ်လိုက်လေသည်။

ခေါင်းလောင်းသံသည် တဝေဝေ။

လောကသည် ဓမ္မရနံ့ဖြင့် မွှေးသက်နေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

"နွေဦး . . . မျက်နှာကြီး အဲလိုနေမနေပါနဲ့ဟာ"

"အေးလေ . . . နွေဦးရယ်။ ငါတို့ စိတ်မကောင်းဖြစ်ရအောင် မလုပ်စမ်းနဲ့"

"ဘာပဲပြောပြော ဒီအချိန်မှတော့ ပစ္စုပ္ပန်ဆိုတာကိုပဲ အကောင်းဆုံး ရင်ဆိုင်လိုက်ပါ နွေဦးရယ်"

ရင်ခွင်ဆန္ဒတစ်စုံတစ်ရာမပါသည့် လက်ထပ်ပွဲ။ နှလုံးသားထို လက်လွှတ်စတေး၍ နွေဦးခေါင်းညိတ်ခဲ့ရသည်။ မေမေက နေ့လားညလား မသိအောင် ရောဂါအခြေအနေဆိုးခဲ့၍သာ ဤမင်္ဂလာပွဲ ဖြစ်မြောက်သွားရသည်။ တွေးကြည့်လိုက်ရင် ဟာသဆန်လွန်းသည်။

ရုပ်ရှင်ကားပေါင်းများစွာတွင် ရင်နာရလေ့ရှိသည့် နှလုံးရောဂါသည်မိခင်၏ နောက်ဆုံးဆန္ဒကို လိုက်လျောရသည့် သဘောမျိုး၊ ဇာတ်ကွက်မျိုးမှာမှ ယခု နွေဦးကိုယ်တိုင် မင်းသမီးလာဖြစ်ခဲ့ရသည်။ တွေးမိရင်း . . . တွေးရင်း ရှုံ့သွပ်မတတ် ရယ်ချင်လာမိသည်။

မေမေ့သမီးလိမ္မာလေး ဖြစ်နိုင်ခဲ့သော်လည်း သတို့သမီးလိမ္မာ ဖြစ်နိုင်ဖို့တော့ ကိုယ့်မျက်ရည်ကိုယ် ဗိုန်းရမည်ပင်။



မကြြင်နာသူ၏ လက်ကို ပိုက်ခဲ့ရပြီ။

သူမနှင့် ကိုဇော်မင်းလွင်တို့၏ မင်္ဂလာပွဲ။

မြို့ကလေး၏ ဧည့်ခန်းမအတွင်း ရပ်မိရပ်ဖများနှင့် စုံလို့။

သတို့သားက ပညာတတ်၊ ဘွဲ့ရ၊ ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးအောင်မြင်နေသူ လူငယ်တစ်ယောက်၊ သတို့သမီးက ဆေးကျောင်းသူ လှလှလေး။ အားလုံးက လိုက်ဖက်သည်ဟု ပြောကြသည်။ နေနှင့်လ၊ ရွှေနှင့်မြတွေဖြင့် နှိုင်းကြသည်။ ရတနာရှိရာ ရတနာလာသည်ဟု ဆိုကြသည်။ ရွှေရွှေချင်းထပ် လွန်မြတ်ကာ ကျက်သရေသီရိ မသွေရှိသည့် စုံတွဲဟု ပြောကြသည်။ ဖြစ်နိုင်ရင် နားစုံပိတ်ကာ ထွက်ပြေးပစ်လိုက်ချင်ပါသည်။

သို့သော် ယခုတော့ ဧည့်ခန်းမထဲ တွဲလျှောက်ပြနေရသည်။ နွေဦး မျက်ရည်ကျချင်နေပြီ။ ဝေဝေက မျက်စိမျက်နှာမပျက်အောင် ကြိုးစားပြီး 'မလုပ်နဲ့' ဟူသည့်သဘောနှင့် ခေါင်းယမ်းပြသည်။ မို့မို့နှင့်ဆေဆေ တစ်ယောက်လက်တစ်ယောက် ကိုင်ထားကြသည်။ သူတို့က သူငယ်ချင်းရဲ့ နှလုံးသားမီးမြှိုက်ပွဲမှာ ပန်းကြဲကြမည့်သူတွေတဲ့။ သူတို့လည်း မကြဲချင်ပါ။ ပန်းတွေမြင်လျှင် မိုးနေ့ကိုပါ မြင်မိ၍ ဘာပန်းမှမကြဲချင်။

နွေဦး ရင်နာစွာ စိတ်ချလိုက်ပါပြီ။ သူမ မိုးနေ့ကို စိတ်ချလိုက်ပါသည်။ အားလုံး အသိအမှတ်ပြုနေပြီဖြစ်သည့် ဥယျာဉ်မှူးတစ်ယောက်ဖြစ်နေပြီဖြစ်သည့် သူ့ကို နွေဦး မစိုးရိမ်တော့ပါ။ သူ့အနာဂတ် သည့်ထက် ပိုလှလာဦးမှာပါ။ အရင်ကလို လမ်းမပျောက်တော့တဲ့အတွက် ဝမ်းသာသည်။ သူ့ကောင်းကင် သူရှာတွေ့သွားလို့ ပျော်သည်။ ငါ နှင့် ကိုချစ်တယ် အဲဒီစကား။

ဘေးနားက သတို့သားမသိအောင် ပွဲတင်ပစ်လိုက်သည်။

ကိုဇော်မင်းလွင်က သူ့လက်ကို ဆုပ်ကိုင်ထားသည်။ သူမ ရုန်းထွက်နိုင်ပါ။ ဖေဖေနှင့် မေမေပြုံးနေကြသည်။ မိဘအပြုံးနှင့် ဇာတ်ခွဲခြင်းကို သူမ လဲလှယ်နိုင်ခဲ့သည်။ သည့်ထက်ပို ဂုဏ်ယူစရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com

"စားကြနော်၊ အားမနာနဲ့"

ကိုဇော်မင်းလွင်က ဧည့်ခံတော့ သူမကပါ ပြုံးပြရသည်။ ဟန်ဆောင်ပြုံးနေရခြင်းအတွက် သူမ အနေခက်လှသည်။

သူငယ်ချင်းတွေ ထိုင်ကြသည့် စားပွဲသို့ သူမရောက်လာပြီ၊ ဘယ်လိုနှုတ်ဆက်ရမလဲ သူမ မသိ။ နေသစ်နှင့် ကျော်ထူးလင်းတွဲထိုင်လျက်၊ ရေခဲမုန့်တွေ အရည်ပျော်နေပြီ။ သူတို့ မစားကြသေး။ မစားနိုင်ကြ၊ မစားချင်ဘူးလားမသိ။

နေသစ်က လက်ညှိုးနှင့် လက်မကို ထိပ်ချင်းထိ၍ ဝိုင်းပြသည်၊ O.K ဆိုသည့် သင်္ကေတ။ 'စိတ်အေးအေးထား' ဟူသည့်သဘော။ ကျော်ထူးလင်းကလည်း မျက်ရည်မကျဖို့ မျက်နှာရိပ်မျက်နှာကဲနှင့် ပြောသည်၊ သူတို့နှစ်ယောက်ဘေးမှာ မဆင့်ကလည်း ဝမ်းနည်းစွာထိုင်လျက်။ မြင့်တိုးကိုတော့ မတွေ့သေး။

"မြင့်တိုး . . . မလာသေးဘူးလား"

နွေဦးမေးလိုက်သည်။ နေသစ်ခေါင်းယမ်းရင်း . . .

"ငါတို့သွားခေါ်တော့ မတွေ့ခဲ့ဘူးဟ။ လက်ဖွဲ့အကြီးကြီး သွားဝယ်နေတာနေမှာပေါ့။ ဟား . . . ဟား . . ."

နွေဦး နည်းနည်းဖြစ်ဖြစ် စိတ်ရွှင်စေရန် သူက ရယ်ရယ်မောမော ပြောလိုက်သည်။

ထိုစဉ် မင်္ဂလာခန်းမထဲသို့ ဝရုန်းသုန်းကားနှင့် ဝင်လာသော မြင့်တိုးကို တွေ့လိုက်ရသည်။

"ဘယ်မှာလဲကွ . . . ကြောင်သူတော်ကြီး"

မြင့်တိုး၏ အော်ကြီးဟစ်ကျယ်အသံက မင်္ဂလာခန်းမလေးကို ကိုက်မျိုပစ်သည်။ လက်ထဲတွင်လည်း ဝါးရင်းတုတ်နှင့်။ ဇော်မင်းလွင်ကို ကြည့်သည်။ ဇော်မင်းလွင်ကလည်း မြင့်တိုးကို ပြန်ကြည့်သည်၊ မြင့်တိုးက . . .



"ဟေ့ကောင် . . . ခွေးကြီး"

အခေါ်အဝေါ်က ကြမ်းသည်။ ဇော်မင်းလွင် မျက်နှာပျက်၍ ဒေါသထွက်သွားသည်။

"ဟေ့ကောင် . . . မင်း မိုက်ရိုင်းလှချည်လား။ စရိုက်ကျတဲ့ အမူအရာတွေ လာမလုပ်နဲ့။ ဒါ ဂုဏ်သရေရှိ မင်္ဂလာပွဲ . . ."

"ထွီ . . ."

စကားမဆုံးခင်ပင် တံတွေး ပိတ်ထွေးပစ်လိုက်သည်၊

"ခင်ဗျား . . . ပါးစပ်ပိတ်ထား။ ဒီမှာ ကျုပ်တို့ သူငယ်ချင်းနဲ့ ခင်ဗျားနဲ့ မတန်ဘူး။ ဟိုမှာ ခင်ဗျားကြောင့်ရထားတဲ့ မိုက်တစ်လုံးအရှုပ် အရင်ရှင်း"

"ဘာ . . ."

အဖြစ်အပျက်က မြန်ဆန်လွန်းသည်။

နွေဦး နားမလည်။ ဘယ်သူမှ နားမလည်။ ဧည့်ခံပွဲမှာ ဧည့်သည်များကလည်း လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။

ထိုအချိန်မှာပင် မင်္ဂလာခန်းမထဲသို့ ငိုယို၍ဝင်လာသော အမိနာ ချောစု၏ အစ်မ မဒီချောစု။ သူ့နောက်တွင် သူတို့တစ်မျိုးလုံး တုတ်မားအစုံအလင်နှင့် ဝင်ရောက်လာကြသည်။

"ရှင် . . . ရှင် . . . မယုတ်မာနဲ့။ ကျွန်မကို အတည်ယူမယ်ဆိုပြီး . . . ရှင် . . . ရှင် . . . မမိုက်ရိုင်းနဲ့"

မဒီချောစု၏အသံကြားသည်နှင့် ကိုဇော်မင်းလွင် ထိတ်လန့်သွားသည်။

"မဟုတ်ဘူး။ ငါ ရှင်းပြမယ်။ ဟာ . . . မဟုတ်ဘူး"

နေသစ်ကလည်း ဖြစ်ရပ်မှန်ကို ရိပ်စားမိသွားချေပြီ။ ဧည့်သည်များသည်လည်း ဇာတ်ရည်လည်သွားကြပြီ။။

"ကြာတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကျော်ထူးလင်းက သူ့အားနှင့် ကုလားထိုင်ဆွဲကာ ပြေးရိုက်သည်၊ နေသစ်တားတာ မမီလိုက်။

"တော်တော့ . . . ငါတို့မှာ တရားဥပဒေရှိတယ်။ တော်တော့"

"အမေ . . . "

နွေဦး၏ အော်သံဖြစ်သည်။ နွေဦး၏မိခင်။

ᨀ ᨀ ᨀ



## (၂၁)

နာကျင်စရာဖြစ်ရပ်များနှင့် မင်္ဂလာပွဲလေး ပျက်သုဉ်းသွားသည်၊ ကံကောင်းထောက်မစွာ နွေဦးမိခင် အသက်ရှင်ခဲ့။ အရှက်နှင့်အသက်ကွဲရရန် တစ်လက်မလောက်အလိုမှ လွတ်လာခဲ့၍ ကံကောင်းသည်ဟု ပင် ဆိုနိုင်သေးသည်။

မြို့ကျက်သရေရှင် လူငယ်လေး ဇော်မင်းလွင်၏ ဟန်ဆောင်ကောင်းသော မျက်နှာက မြို့ကလေးတွင် ပုပ်ပွခဲ့သည်။ တရားတဆောင်ရင်ဆိုင်ရပါက တစ်ရက်မှ နှစ်ရက်ဖြစ်မည်ဖြစ်၍ မဒီချောစုအား တရားဝင် တောင်းယူလက်ထပ်ခဲ့ရသည်။ ပြဿနာအရှုပ်အထွေးက ထိုမျှနှင့်ပြီးသွား၍ အများကြီး သက်သာသွားခဲ့သည်။

အားလုံး ယုံကြည်ကြသည့် သဘောကောင်းသည့် လူငယ်လူတော်လေး ဇော်မင်းလွင်၏ ဘီလူးအစွယ်မှာ ယခုတော့ ထင်ရှားညီးဟောက်စွာ တွေ့ကြရပါပြီ။ နွေဦးကို သူ့အစာအဖြစ် အသုံးပြုရန် ကြိုးစားခဲ့သည်။ သို့သော် အမှန်တရားက အချိန်မီ ကယ်တင်ခဲ့ပေသည်။

"နွေဦးရယ် . . . စိတ်မကောင်းမဖြစ်ပါနဲ့တော့"

ဝေဝေက အားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီနေ့က နေသစ်သာ မတားရင် ငါက အသေသတ်တော့မှာ"

ကျော်ထူးလင်းကလည်း ကျိတ်မနိုင်ခဲမရ ကြုံးဝါးသည်။

အားလုံး ရောက်ရှိနေသည်က လိပ်ပြာတောင်ခြေတစ်နေရာတွင်ဖြစ်သည်။

"ကဲ . . . ကဲ . . . စိတ်ညစ်စရာတွေ တွေးမနေနဲ့တော့။ ငါတို့မြို့ထဲ မုန့်သွားစားကြမယ်။ ဒါပြီးရင် ဆရာကြီး ဦးကျော်သက်ဆီ သွားမယ်"

"ဟေး . . . ဟုတ်တယ်"

သူတို့ နွေဦးပျော်လာစေရန် အားပေးကြသည်။

"နွေဦး . . . သွားမယ်မို့လား"

သူငယ်ချင်းတွေကို ကြည့်၍ နွေဦးပျော်လာသည်။ ခေါင်းညိတ်ပြလိုက်သည်။ သူတို့ခြေလှမ်းတွေ မြို့ကလေးထဲ ဦးတည်လိုက်ကြသည်။

ထိုစဉ် သူတို့ ရှေ့သို့ အဖြူရောင်ကားတစ်စီး ထိုးဆိုက်လာသည်။

ကားအတွင်းမှ လူတစ်ယောက် ဆင်းလာသည်။

ထိုလူကို သူတို့အားလုံး သိသည်။ ဘယ်တော့မှလည်း မေ့မည်မဟုတ်။

သူဆင်းလာသည်။ နွေဦးကို ကြည့်လိုက်သည်။ နွေဦးက မျက်နှာလွှဲထားသည်။ သူက မျက်မှန်ကိုချွတ်၍ အင်္ကျီတွင် စတိုင်ပါပါ ချိတ်လိုက်သည်။

"ဟော့လူ . . . ခင်ဗျား ဘာလာလုပ်တာလဲ"

ဇော်မင်းလွင်က မြင့်တိုး၏အမေးကို မဖြေပါ။ နွေဦးကိုသာကြည့်၍ . . .

"ကိုယ် နွေဦးနဲ့ ပြောစရာရှိလို့ပါ"



"ကျွန်မမှာ ရှင်နဲ့ပြောစရာ စကားရှိနေမယ်လို့ ရှင်ထင်နေ[illegible]တာလား"

နွေဦး ငြင်းဆန်တော့ ဇော်မင်းလွင်ရယ်သည်။

"အခုကိုယ်ပြောမဲ့စကားက မိုးနေ့ကိစ္စပါတယ် ဆိုရင်ကော"

"ဟော့လူ . . . ခင်ဗျား ဟိုတစ်နေ့က ကျုပ်ကုလားထိုင်နဲ့ကျွေးတာ မဝသေးဘူးလား"

မို့မို့က ကျော်ထူးလင်းကို တားသည်။ ရှုံ့တွဲတွဲအသံနှင့်ဖြစ်သည်။

"ကျော်ထူးလင်းရယ် . . . နင် ဘာလို့ လူစကားနားမလည်တဲ့ခွေးကို သွားပြောနေရတာလဲ။ အိမ်ပြန်ရင် မြင့်တိုးတို့ မွေးမြူရေးခြံလိုက်သွား"

"ဘာလုပ်ဖို့လဲ"

"နင့်ပါးစပ်ကို နွားနို့နဲ့ ဆေးရမယ်လေဟာ"

ကျော်ထူးလင်း အစက သိပ်သဘောမပေါက်ချေ။ နောက်မှ မို့မို့က ခွပ်လိုက်ခြင်းဖြစ်၍ အားလုံးရယ်ပစ်ကြသည်။ ကြောင်သူတော် ဇော်မင်းလွင်ကတော့ ဂရုမစိုက်သည့် ပုံစံနှင့်။

မြင့်တိုးကလည်း

"အေဘ် . . . တချို့ညတွေမှာ ခင်ဗျား ကျုပ်တို့ခြံတွေနားမယောင်မလည်နဲ့ ရောက်ရောက်နေတာ။ ဘာကြောင့်များလဲလို့ တွေးနေတာ အခုမှပဲ သိတော့တယ်။ မဒီချောစုနဲ့ နှစ်ပါးသွားကြိတ်ပုန်းခုတ်ဖို့ မှဆိုးချောင်း လာချောင်းနေတာကိုး"

ဇော်မင်းလွင်က ထိုစကားကိုလည်း မမှုသလို မျက်နှာထားနှင့် စဉ်းလဲစွာ ပြုံးသည်။ နွေဦးဘက်ပဲ လှည့်ကာ။

"ဒီမှာ နွေဦး။ မင်း ငါနဲ့ဝေးရလို့ သိပ်ပျော်မနေနဲ့။ မင်း မသိသေးတဲ့ လျှို့ဝှက်ချက်တစ်ခုကို ငါပိုင်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ဘာတွေလာပြောနေတာလဲ"

နွေဦးအော်သံကို ဇော်မင်းလွင်က ပခုံးတွန့်ပြသည်။ သူ့ဖိနပ်နှင့် အနီးနားက မြေနီခဲကလေးကို ဖိချေလိုက်ပြီး . . .

"မင်း . . . ငါ့ကို ဒီလိုနင်းပြီး မိုးနေ့ဆိုတဲ့ကောင်နဲ့ ပျော်ဖို့ကြံနေတာ ငါမသိဘူးများ မှတ်နေလား နွေဦး။ ထင်သလောက် မလွယ်ဘူး။ မင်းရည်ရွယ်ချက်တွေ ထင်သလောက်မလွယ်ဘူး။ သူ့မှာ မင်းတို့မသိနိုင်တဲ့ ချို့ယွင်းချက်တွေ ရှိနေတယ်။ အဲဒါကို ဘာလို့ထင်လဲ"

နွေဦး လွဲထားသော မျက်လုံးများနှင့် ဇော်မင်းလွင်ထံ ပစ်ပေါက်ကြည့်သည်။ အစိမ်းရောင်ကြည့်ခြင်းများ

"မိုးနေ့ဟာ ပန်းတစ်ပွင့်ပါ။ ဒါပေမဲ့ အေ အိုင် ဒီ အက်စ် ရောဂါရနေတဲ့ ပန်းလေးတစ်ပွင့်ဖြစ်နေတာတော့ သနားစရာပဲ။ ဟား . . . ဟား . . . ဟား . . ."

"ဘာ . . . "

"ဟင် . . . "

အားလုံး၏ အံ့သြခြင်းများက ကြောင်သူတော်ထံ ရောက်သွားသည်။ နေသစ်က ပြေး၍ ဇော်မင်းလွင်၏အင်္ကျီစကို ဆွဲကိုင်မြှောက်လိုက်သည်။ မျက်နှာချင်းဆိုင် မြှောက်တက်သွားသည်။

"ခင်ဗျား စကားပြန်ပြောစမ်း"

ဇော်မင်းလွင်က နေသစ်၏မျက်နှာကို ပမာမခန့်စွာ လေဖြင့်ခပ်ဖွဖွမှုတ်လိုက်သည်။ ပြီး နေသစ်ကို ပြန်တွန်းကာ ရန်းလိုက်သည်။

"သိပ်လောင်မြိုက်သွားကြတာလား။ အကြောင်းစုံရှင်းပြပါ့မယ်ကွယ်။ သူ့ရဲ့ ဘဝလေးအကြောင်းကို။ မင်းတို့သိပ်ချစ်ကြတဲ့ မိုးနေ့ဆိုတဲ့ ထင်ရှားကျော်ကြားနေတဲ့ ဥယျာဉ်မှူးလေးအကြောင်းကို ကျွန်တော်မျိုးကြီး ရှင်းပြပါ့မယ်။

မိုးနေ့ရဲ့ အဖေနဲ့အမေ ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြတာကိုတော့ အားလုံးသိကြမှာပေါ့။ အဲ . . . ဘာရောဂါနဲ့ သေသလဲဆို



တာကိုတော့ အားလုံး မေ့လျော့ထားကြတယ်။ မိုးနေ့ကိုယ်တိုင်ကလည်း ငါ့ကို လျှို့ဝှက်ပေးပါဆိုလို့ ငါလည်းလျှို့ဝှက်ထားခဲ့တယ်။ ဒါပေမဲ့ အဲဒီ လျှို့ဝှက်ချက်လေးကိုတော့ အခု ငါဖွင့်ပြောဖို့ အချိန်တန်ပြီ"

အားလုံး စိတ်ဝင်စားလျက် ငြိမ်သက်နားထောင်နေကြသည်။ ဇော်မင်းလွင်က ဆက်ပြောသည်။

"ဦးမိုးမြင့်နဲ့ ဒေါ်အေးခင်တို့ နှစ်ယောက်စလုံးက အေအိုင်ဒီအက်စ်ဆိုတဲ့ ရောဂါဆိုးအောက်မှာ သေဆုံးခဲ့တာပဲ။ ဒေါ်အေးခင် ပန်းရောင်းရင်း တစ်နေ့က လမ်းဘေးမှာ မူးလဲသွားဖူးတယ်။ အဲဒီအချိန် ငါကပဲ လမ်းပေါ်က ကားနဲ့ဖြတ်သွားတဲ့ အချိန်ဆိုတော့ သူမူးလဲတာ မြင်လိုက်တယ်။ ဒါနဲ့ . . ."

သူ ဒေါ်အေးခင်ကို ဆေးရုံလိုက်ပို့ခဲ့သည်။ ထိုသို့နှင့် ဒေါ်အေးခင်တွင် မည်သည့်ရောဂါရှိနေကြောင်း သူ သိလာရသည်။ ထို့ပြင် ဒေါ်အေးခင်တွင်သာမက ဦးမိုးမြင့်တွင်ပါ ထိုရောဂါရှိနေမှန်း သူသိလာရပြန်သည်။ ဒေါ်အေးခင်တို့မှာ မပြေလည်မှန်းသိ၍ သူကပင် ဆေးဖိုးဝါးခများ ထုတ်ချေးပေးသည်။

လိုအပ်သလောက် ထောက်ပံ့ချေးပေးသည်။ HIV ပိုးရှိနေခဲ့သည်မှာတော့ မိုးနေ့မမွေးခင်ကပင် ရှိနေကြောင်း ဆရာဝန်များကပြောသည်ဟု ဦးမိုးမြင့်နှင့် ဒေါ်အေးခင်က သူ့ကို ပြောပြခဲ့သည်။ ထိုသို့ပြောပြီး ထိုသို့ သူတို့ရောဂါဆိုးရှိနေကြောင်းကို မိုးနေ့မသိအောင် သူ့ကို လျှို့ဝှက်ခိုင်းခဲ့သည်။

"ငါလည်း လျှို့ဝှက်ပေးခဲ့ပါတယ်။ ပြီးတော့ သူတို့ ဆေးခန်းသွားရတိုင်းလည်း မိုးနေ့မသိအောင် ငါလိုက်ပို့ရင် သူတို့ ဒီလိုရောဂါရှိမှန်း သိမှာစိုးလို့ပေါ့။ ဒီတော့ ငါကပဲ အစစအရာရာ ကူညီပေးခဲ့ရတယ်။ ငါ ဒီကောင်တွေမိသားစုအပေါ်မှာ ဘယ်လောက် ကျေးဇူးပြုခဲ့သလဲဆိုတာမင်းတို့ တွေးကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

နေသစ် အဖြစ်အပျက်တစ်ခုလုံးကို သေချာတွေးကြည့်ပါသည်။ ပြီးမှ . . .

"အဟင်း . . . ခင်ဗျားက ကျေးစူးဆိုတဲ့ကြိုးကို တော်တော်ကျွင်ကျွင်လည်လည် အသုံးချတတ်တာပဲ။ နွေဦးကိုလည်း ကျေးစူးဆိုတဲ့ ကြိုးနဲ့ပဲရအောင် ကြိုးပမ်းခဲ့သလို မိုးနေ့ကိုလည်း ကျေးစူးဆိုတဲ့ ကြိုးနဲ့ပဲ ဆွဲချုပ်ထားခဲ့တာပဲ"

နေသစ်စကားကို အားလုံး ဆင်ခြင်မိကြပြီး အံ့တွေကြိတ်၍ ခေါင်းညိတ်မိကြသည်။ ဇော်မင်းလွင်၏ အကြံအစည်များက ချက်ကျ လက်ကျ စဉ်းလဲလှပေသည်။

"ဟား . . . ဟား . . . ဟုတ်တယ်။ ဟုတ်တယ်။ အဲ့ဒီကျေးစူးတွေက ငါလိုချင်တာတွေကို ဖမ်းဆုပ်ရယူနိုင်ဖို့ အရင်းအနှီးပြုထားတဲ့ အရာတွေပဲ။ ထားပါတော့။ မိုးနေ့အကြောင်းပဲ ဆက်ပြောရရင် နောက်ဆုံး ဦးမိုးမြင့်နဲ့ ဒေါ်အေးခင် ဆုံးသွားတယ်။ သေသွားမှတော့ ဘယ်လိုဖုံးကွယ်တော့မလဲ။ မိသားစုဝင်ဖြစ်တဲ့ မိုးနေ့က သူ့မိဘ ဘာရောဂါနဲ့သေမှန်းသိခဲ့ပြီပေါ့။ ဒီရောဂါပိုးရှိနေတာ သူ့မမွေးခင်ကတည်းကဆိုတော့ သူ့မှာလည်း ဒီရောဂါပိုး ရှိနေမှာပဲလို့ ငါပြောလိုက်တော့ သူ စိတ်ဓာတ်ကျသွားတယ်။

မိဘကို ဆုံးရှုံးရတာက တစ်ဖက်၊ ရောဂါဆိုးကြောင့် ကိုယ့်ကိုယ်ကိုယ် ဆုံးရှုံးရတော့မယ်လို့ သိလိုက်ရတာကတစ်ဖက်နဲ့ သူ စိတ်ဓာတ်တွေ အဖတ်ဆယ်မရအောင် ကျသွားတယ်။ အဲဒီကစပြီး သူမင်းတို့ကို စရှောင်တာပဲ။ အားလုံးရဲ့ အငြိုငြင်ခံရပြီး သူတစ်ယောက်တည်း ခွဲထွက်အထီးကျန်ပစ်ခဲ့တယ်။ အဲဒီတုန်းက ငါလည်း ကရုဏာသက်ခဲ့ပါတယ်။

ဒါပေမဲ့ အခုတော့ ငါ သိပ်ချစ်တဲ့မင်းက ငါ့ကို အရှက်တွေခွဲပြီး အဲ့ဒီရောဂါသည်ကောင်ကို မျှော်နေတယ်။ ဒါ . . . ငါ့အတွက် တရားလား။ ငါ အနှစ်နှစ်အလလ ပိုးမွေးသလိုမွေးပြီး စောင့်ကြည့်နေတဲ့ မင်းက အခုတော့ . . . ဟား . . . ဟား . . . မမီတဲ့ စပျစ်သီးမို့ ချဉ်တယ် ပြောတာမဟုတ်သလို မစားရတဲ့အမဲ သဲနဲ့ပက်တာလည်း မဟုတ်ဘူး။ ဒါပေမဲ့ နွေဦး မင်းနဲ့မိုးနေ့ဟာ ဘယ်လိုမှ ပေါင်းခွင့်ရမှာမဟုတ်ဘူး။ ရောဂါဆိုးကြီး ခြားနေပြီကွ။ ဟား . . . ဟား . . . ဟား . . ."

နွေဦး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ အဖြစ်အပျက်တွေကို မယုံနိုင်။ အားလုံးလည်း အံ့အားသင့်နေကြသည်။ အကြောင်းသားအသက်မဲ့သလို ရပ်နေကြ။ 'ဒါတကယ်ပဲလား'ဟု သူမ ရေရွတ်မိသည်။

ဇော်မင်းလွင်က ရယ်သည်။ ကျော့ကွင်းမှာ မိနေသည့် သားကောင်ကို ကြည့်ရင်းရယ်သည့် အသံမျိုးနှင့် တူလှသည်။

"ဟုတ်တယ်။ အဲ့ဒါ တကယ်ပဲ . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

ဒုတိယရယ်သံတစ်ခု ထွက်လာသည်။ အသံလာရာကို သူတို့ကြည့်လိုက်သည်။ အသံပိုင်ရှင်များမှာ သစ်ခုတ်သမားကြီး ဦးဘတော နှင့် ကျောင်းဆရာ ဦးကျော်သက်တို့ ဖြစ်သည်။ အားရပါးရ ရယ်သံများနှင့်။

"ဓာတ်လမ်းက ဒီလိုမဟုတ်ပါဘူးကွယ်။ ဟား . . . ဟား ဟား . . . ဟား"

သစ်ခုတ်သမားကြီး ဦးဘတောက စကားအဆုံး ရယ်လိုက်သေးသည်။ ကျောင်းဆရာ ဦးကျော်သက်က ဇော်မင်းလွင်အား သနားစရာ သတ္တဝါတစ်ကောင်လို ကြည့်ရင်း . . .

"မိုးနေ့မှာ အဲ့ဒီရောဂါ လုံးဝမရှိပါဘူး"

ဟုပြောလိုက်ရာ ဇော်မင်းလွင် ခေါင်းခါငြင်းသည်။

"ခင်ဗျား ကျောင်းဆရာပညာတတ်ဖြစ်ပြီး ဒါလေးတောင် နားမလည်ဘူးလား။ သူ့မှာ သေချာပေါက်ကို ဒီရောဂါပိုး ရှိနေရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာ ဦးကျော်သက်က ပြုံး၍ ခေါင်းအသာယမ်းသည်။ မျက်လုံးများက ကောင်းကင်ထဲဝေ့ကြည့်လိုက်ပြီး . . .

"ကဲ . . . အားလုံးကို ပုံပြင်လေးတစ်ပုဒ်တော့ ပြောပြရတော့မှာပေါ့"

လေသံလေးလေးနှင့် စကားဆိုသည်။

အားလုံး၏အာရုံက ဆရာဦးကျော်သက်ဆီ ရောက်သွားသည်။ ထိုမှ စကားကိုဆက်သည်။

"တစ်ခါတုန်းက ပန်းပွင့်ကလေးတွေရဲ့သဘာဝကို အရမ်းစိတ်ဝင်စားတဲ့ လူတစ်ယောက်ရှိတယ်။ ပန်းတွေနဲ့ပတ်သက်တဲ့ အရာမှန်သမျှ လေ့လာတယ်။ အဲ့ဒီလို သူဟာ ပြည်တွင်းမှာသာမက ပြည်ပမှာပါရှိတဲ့ ဝါသနာတူရာလူတွေနဲ့ လက်တွဲမိခဲ့တယ်။ အဲ့ဒီကစပြီး သူဟာ ကမ္ဘာ့အစွန်အဖျားတွေထိတိုင်အောင် ပန်းတွေကို ရှာဖွေလေ့လာမှတ်တမ်းပြုခဲ့တယ်။ တောနက်တွေ၊ တောင်တန်းတွေလည်း ရင်ဆိုင်ရင်းပေါ့။

ဒီလိုနဲ့ သူ ဝါသနာပါရာမှာ နစ်မြုပ်ပြီး သူ့ရဲ့ဇနီးနဲ့ မွေးကင်းစ သားငယ်လေးကို မေ့လျော့နေမိတယ်။ တစ်နေ့မှာ သူဟာ ပန်းတွေကို လိုက်လံစမ်းသပ်သုတေသနပြုရင်း တောင်စွန်းတစ်ခုပေါ်ကနေ ပြုတ်ကျခဲ့တယ်။ စိတ်မကောင်းစရာပဲ။ သူ ခြေတစ်ချောင်း ဖြတ်လိုက်ရတယ်"

ဆရာဦးကျော်သက်က ပြောရင်း ဝမ်းနည်းစိတ်ဖြင့် အသံတုန်လာသဖြင့် ခဏနားလိုက်သေးသည်။ ပြီးမှ . . .

"အဲဒီအချိန်မှာပဲ သူ့သတင်း မကြားရတော့သလို အဲဒီကာလပိုင်းမှာပဲ သူ့ရဲ့ဇနီးနေအိမ်ဟာ မီးလောင်တဲ့အထဲပါသွားပြီး သူ့ရဲ့ ဇနီးသည်ပါ မီးထဲမှာ အသက်ဆုံးရှုံးခဲ့ရတယ်။ သူ့ရဲ့သားလေးကိုတော့ အဲဒီအိမ်က အလုပ်သမားတစ်ဦးဖြစ်တဲ့ ကျော်သက်ဆိုတဲ့လူက ကယ်နိုင်ခဲ့တယ်။ ဒါပေမဲ့ ကျော်သက်ဆိုတဲ့လူက သူ့ရဲ့ မရေရာတဲ့ ဘဝအစုတ်အပြတ်ထဲဆွဲသွင်းဖို့ ကလေးငယ်ကို မခေါ်ရက်ခဲ့ပါဘူး"



ခံစားမှုပါသော စကားသံတို့က တဆတ်ဆတ်တုန်နေသည်။ အားလုံး ငြိမ်သက်နားထောင်လျက်။

"အဲဒါနဲ့ မိုးသည်းမည်းအောင်ရွာတဲ့တစ်နေ့မှာ မြင်းလှည်းသမားတစ်ဦးရဲ့လှည်းပေါ်မှာ သူ ကလေးငယ်ကို စွန့်ပစ်ခဲ့တယ်။ အဲဒီနောက် အလုပ်သမားလေး မောင်ကျော်သက်ဟာ ရရာအလုပ်ကို ကြိုးစားလုပ်ရင်း တစ်ဖက်က ပညာရေးလိုင်းကို အားစိုက်ခဲ့တယ်။ အဲဒီလိုနဲ့ သူ ကျောင်းဆရာတစ်ဦး ဖြစ်လာခဲ့တယ်။ သူဟာ ကျောင်းဆရာအဖြစ်နဲ့ ဟိုမြို့ဒီနယ် ရောက်ရာပေါက်ရာ တာဝန်ထမ်းဆောင်ရင်း မြို့ကလေးတစ်မြို့ကို ရောက်ရှိခဲ့တယ်။ ကံပါတယ်ပဲပြောမလား။

အဲဒီမြို့ကလေးမှာပဲ သူကလေးငယ်လေးကို စွန့်ပစ်ခဲ့တဲ့ မြင်းလှည်းသမားကြီးကို ပြန်တွေ့ခဲ့တယ်။ အဲ့ဒီလိုနဲ့ စုံစမ်းကြည့်တော့ သူ စွန့်ပစ်ခဲ့တဲ့ကလေးဟာ သူ တာဝန်ထမ်းဆောင်တဲ့ ကျောင်းမှာ ကျောင်းသားတစ်ယောက်အဖြစ် ရှိနေပါသတဲ့ကွယ်။ အဲဒီကျောင်းသားလေးရဲ့အမည်က 'မိုးနေ'တဲ့"

အားလုံး အံ့ဩသွားကြသည်။ လှည့်ဖျားမှုများသော ရုပ်ရှင်တစ်ပုဒ်၏ အရှိန်အမြင့်ဆုံး အပိုင်းကို မြင်နေရသလို အံ့အားသင့်နေကြသည်။ စိတ်ဝင်စားနေကြသည်။

ဆရာဦးကျော်သက်က ဆက်၍ . . .

"မိုးနေဆိုတဲ့ကောင်လေးဟာ သူ့အဖေရဲ့ ဗီဇတွေ အပြည့်အဝပါလာရှာတယ်။ ပန်းတွေအကြောင်းကိုပဲ အမြဲသိချင်နေခဲ့တယ်။ သူနဲ့ ပန်းတွေနဲ့ကလည်း လိုက်ဖက်ရှာပါတယ်။ သူက ရိုးသားတယ်။ ဖြူစင်ကြိုးစားတယ်။ မာန်မာနမဲ့တယ်။ သူကိုယ်တိုင်ကိုယ်က အသက်ရှိတဲ့ပန်းလေးလို စင်ကြယ်နေတယ်။

ဒါပေမဲ့ ကံဆိုးစွာပဲ သူ့လူငယ်ဘဝရဲ့ အရေးကြီးဆုံး စိတ်အပိုင်းအချိန်မှာ သူ့ရဲ့ မွေးစားမိဘနှစ်ပါးလုံးဟာ ရောဂါဆိုးကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့တယ်။ အဲဒီအချိန်မှာ မိုးနေ့ဟာ မိဘနှစ်ပါးဆုံးရှုံးလို့ စိတ်ထိခိုက်တဲ့အပြင် မသမာသူတစ်ယောက်ရဲ့ မသေချာဘဲပြောတဲ့ စကားတစ်ခွန်းကြောင့် ကိုယ့်ကိုယ်ကိုယ် ရောဂါသည်တစ်ဦးလို့ သတ်မှတ်ပြီး လောကကြီးနဲ့ ခပ်ခွာခွာနေခဲ့တယ်"

ဇော်မင်းလွင်၏ မျက်လုံးများ စူးဝင်းနေသည်။ ဦးကျော်သက်က ဆက်ပြောမြဲ။

"သူ သူ့ငယ်ချင်းတွေရဲ့ ငြိုငြင်ခြင်း၊ နားမလည်ခြင်းတွေကိုလည်း သူခံယူခဲ့တယ်။ အရွယ်နဲ့ မမျှတဲ့ဒုက္ခတွေ သူ ဆက်တိုက်ခံစားခဲ့ရတယ်။ ဒါကြောင့် သူ လောကကြီးကို စိတ်နာမိပြီပေါ့"

နွေဦး မျက်ရည်စိမ့်ဝဲလျက်။ နေသစ်တို့ မိုးမိုးတို့ အာရုံအပြင်းအထန်စိုက်၍ နားထောင်နေကြသည်။ ဦးကျော်သက် ဆက်ပြောဆဲ။

"တစ်နေ့ သူမေတ္တာရှိတဲ့ကောင်မလေးဟာ တခြားမြို့ကို သွားရဖို့ကြုံတယ်။ သူ လိုက်ပို့ချင်တယ်။ ဒါပေမဲ့ သူလိုက်လည်း မပို့ချင်ဘူး။ ကိုယ့်စိတ်နဲ့ကိုယ်လွန်ဆွဲရင်း နောက်ဆုံးမှာ သူ တိတ်တခိုးနဲ့ ရောက်ခဲ့ကြောင်းကို အသိပေးပြီး ကောင်မလေးကိုလည်း ကွယ်ရာကနေ တိတ်တဆိတ်ကြည့်ပြီး သူပြန်ခဲ့တယ်။

တစ်ခါမှ မသောက်ဖူးတဲ့ နာကျင်စရာအရည်ပျော်စေမဲ့ 'အရက်' ဆိုတဲ့ အရာတွေကိုသောက်ပြီး သူ နာမည်ပေးထားတဲ့ လိပ်ပြာတောင်ပေါ်မှာ မှောက်နေပါရောလား။ အဲဒီမှာ သစ်ခုတ်သမားကြီးတစ်ဦးက သူ့ကိုတွေ့ပြီး အဲဒီတောင်ပေါ်မှာပဲ နေထိုင်တဲ့ ခြေတစ်ဖက်ပြတ်နေတဲ့ ဥယျာဉ်မှူးလိုလူကြီးဆီ ပို့ထားခဲ့တယ်။ အဲဒီလိုနဲ့ မိုးနေ့ဟာ နာမကျန်းဖြစ်ရှာပါရော။

ဒါပေမဲ့ ဥယျာဉ်မှူး ခြေပြတ်ကြီးက သူ့ကို ဒီအတိုင်းကြည့်မနေပါဘူး။ ချိုင်းထောက်ကိုအားကိုးပြီး မြို့ထဲ ဆေးသွားဝယ်ရှာတယ်။ ဆေးဝယ်ဖို့ ငွေစက္ကူသပ်သပ်က မရှိရှာတော့ ပစ္စည်းတစ်ခုခုနဲ့ ပေးဝယ်ရတယ်။ ဒါပေမဲ့ ဆေးရောင်းတဲ့ဆိုင်ကလည်း မယူရှာပါဘူး"



ကျော်ထူးလင်းမှတ်မိသွားသည်။ သူ့ထံဥယျာဉ်မှူးကြီး ဆေးလော ဝယ်စဉ် ပုံရိပ်များ၊ နောက် . . . ဆရာကြီး ဦးကျော်သက်နှင့် တွေ့ပုံများကို မြင်ယောင်လာသည်။

ဆက်ပြောသည်။

"အဲဒီလို ဆေးဝယ်ပြီအပြန်မှာပဲ တစ်ချိန်က အလုပ်သမားလေးက အခုကျောင်းဆရာဖြစ်နေတဲ့ မောင်ကျော်သက်နဲ့ ဥယျာဉ်မှူးကြီးနဲ့သွား တွေ့ပါတော့တယ်။ ကံကောင်းသော တွေ့ဆုံမှုပါပဲ။ ဥယျာဉ်မှူးကြီးကိုတွေ့လိုက်ရတဲ့ မောင်ကျော်သက်ဟာ ဒါ သူ့ရဲ့ဆရာ၊ သူ့ရဲ့ကျေးဇူးရှင်မှန်း မြန်မြန်ဆန်ဆန်ပဲ မှတ်မိသွားတယ်။

အဲ့ဒီနောက်မှာတော့ မိုးနေ့'ကို သူ့သားမှန်း သိသွားခဲ့တယ်။ နှစ်ပေါင်းများစွာ မြို့လေးတစ်မြို့မှာ ကြေကွဲစွာ ဇာတ်မြုပ်နေတဲ့ ဥယျာဉ်မှူးခြေပြတ်ကြီးဟာ သူ့မှာ သားတစ်ယောက်ရှိတယ်ဆိုတဲ့အကြောင်းလည်းသိရော သူ ဝမ်းသာသွားတယ်။ ဘဝရဲ့အဓိပ္ပာယ်ကိုလည်း ပြန်ရှာတွေ့သွားတယ်။ ပိုပြီးအားရှိသွားတာကတော့ သူ့သားဟာ သူနဲ့အဝေးကြီးမှာ ရှိနေတဲ့သူမဟုတ်ဘဲ သူ့အနား မကြာခဏရောက်ရောက်လာတတ်ပြီး ပန်းတွေကို စိတ်ဝင်စားနေတဲ့ ကောင်လေးဖြစ်နေတာကြောင့်ပဲ။ သူ ဘယ်လောက်ဝမ်းသာမလဲ စဉ်းစားကြည့်ကြပါဦး"

နားထောင်ရသူအပေါင်းပင် (ဇော်မင်းလွင်တစ်ယောက်မှလွဲ၍) ရင်ထဲ စိမ့်ဝင်၍ ဝမ်းသာကြရသည်။

"အဲ့ဒီမှာပဲ စိတ်ဓာတ်ကျနေတဲ့ သူ့သားကို သူပြုပြင်တော့တယ်။ သူ့ခြေထောက်တစ်ဖက် ဆုံးရှုံးပြီး ဆက်မလျှောက်နိုင်ခဲ့တဲ့ခရီးကို သားဖြစ်သူကို ပေးအပ်တော့တယ်။ တစ်ခါက သူလက်တွဲခဲ့တဲ့ နိုင်ငံတကာက သူ့မိတ်ဆွေတွေနဲ့ သူပြန်လည်ချိတ်ဆက်ပြီး သူ့သားကို ပညာသင်စေလွှတ်တော့တယ်"

ခေတ္တနားပြီးမှ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ဖြစ်စေချင်တဲ့အတိုင်းပဲ သူ့သားဟာ ပန်းမန်တွေအကြောင်း စနစ်တကျ လိုလိုချင်ချင် လေ့လာခဲ့တယ်။ နောက်တော့ သူဟာ နိုင်ငံတကာ ပန်းမန်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ ယှဉ်ပြိုင်ဘက်အားလုံး လေးစားစွဲမက်စေလောက်တဲ့ စံပယ်ပန်းတွေနဲ့အတူ သူ ပထမဆု ရယူနိုင်ခဲ့ရှာပေါ့ကွယ်။ အဲ့ဒီလို ဆုတံဆိပ်တွေပိုက်ပြီး သူ့နိုင်ငံသူ ပြန်လာချိန်မှာတော့ သူမသိသေးတဲ့ သူ့ဖခင်ကြီးဟာ မွန်မြတ်တဲ့ သာသနာ့ဘောင်ထဲကို ယောဂီအဖြစ်နဲ့ ခြေချခဲ့ပြီပေါ့။

သူလည်း သူ့ဘဝအကြောင်းကို သစ်ခုတ်သမားကြီးနဲ့ ကျောင်းဆရာဖြစ်တဲ့ ဦးကျော်သက်တို့က ပြောပြလို့ သိသွားရှာတယ်။ သူလည်း သူ့ရဲ့ အဖေထံသွားပြီး ဆုတံဆိပ်တွေနဲ့ ကန်တော့ခဲ့သတဲ့ကွယ်။

ကဲ . . . ပုံပြင်လေးကတော့ ဒီလောက်ဆို ပြည့်စုံလောက်ပါပြီ။ ကဲ . . . ဘာများသိချင်ကြသေးလဲ”

ပုံပြင်အဆုံးမှာ အပြုံးတွေဝေနေပါတော့သည်။ တစ်ဦးတည်းသော မပြုံးနိုင်သူကတော့ . . .

“မယုံဘူး ဒါ . . . လုပ်ကြံဇာတ်လမ်းပဲနေမှာ။ မဖြစ်နိုင်ဘူး”

သူ သူရူးတစ်ယောက်လို ခေါင်းခါသည်။ ဦးဘတောက တည်ငြိမ်စွာပင်

“ယုံတာမယုံတာက မောင်ရင့်အခွင့်အရေးပါ။ ကျုပ်တို့က မောင်ရင်ယုံအောင်လို့လည်း ကြိုးစားရှင်းပြနေမှာမဟုတ်ဘူး။ ကျုပ်တို့က ဒီမှာရပ်နေတဲ့ လူတွေသိသင့်တယ်ထင်လို့ ဖြစ်ရပ်မှန်တစ်ခုကို ပြောပြနေတာပါ”

“မပြောနဲ့ အဲ့ဒီကောင်က ရောဂါသည်ပဲ”

“ဩော် . . . ခက်လိုက်တာ မောင်ရင်ရယ်။ ဆေးဘက်ဆိုင်ရာ ထုံးတမ်းအရ မိဘတွေမှာ ဒီလိုရောဂါမျိုးရှိနေရင် သားသမီးတွေကိုပါ ဒီရောဂါရှိမရှိ စစ်ဆေးကြရတယ်ကွ။ မိုးနေ့လည်း ပထမတော့ အစစ်



မခံရသေးဘဲ ကိုယ့်ကိုယ်ကိုယ် ရောဂါသည်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ စိတ်ကိုလျှော့လိုက်ပြီး ဆေးစစ်လိုက်တော့ သူ့မှာ ရောဂါပိုးမရှိကြောင်း သူသိရတယ်။

တစ်ဆက်တည်း ရောဂါပိုး မရှိရုံတင်မက သူ့သွေးဟာ ဦးမိုးမြင့်နဲ့ ဒေါ်အေးခင်တို့ရဲ့ သွေးအမျိုးအစားနဲ့ပါ မတူကြောင်း သိခဲ့ရပြန်တယ်။ သူ့ကိုယ်သူ မွေးစားသားမှန်းသိခဲ့ရတာဆိုတဲ့ မိဘမဲ့တစ်ယောက်ရဲ့ အတွေးတွေနဲ့သူ ချာချာလည်ခဲ့ရပြန်တယ်။ နောက်ပိုင်း သူ စိတ်ထိခိုက်ခဲ့တာက ကိုယ့်ကိုယ်ကိုယ် ရောဂါသည်လို့ ထင်တာကြောင့်မဟုတ်ဘူး။ သူ့ဘဝ သူဘယ်ကစလို့ ဘယ်ကိုသွားရမှန်းမသိအောင် လေလွင့်နေတဲ့စိတ်ကြောင့် သူစိတ်ထိခိုက်ရတာပါ”

ဇော်မင်းလွင် ခေါင်းခါသည်။ အဖြစ်အပျက်အမှန်တွေကို အတန်တန် ခေါင်းခါငြင်းသည်။

“ဟင့်အင်း . . . မဖြစ်နိုင်ဘူး။ ဒီကောင် . . . ဒီကောင့်မှာ အဲ့ဒီရောဂါရှိနေတယ်”

ဦးဘတောက သူ့ကို အဖတ်ဆယ်လို့ မရသူတစ်ယောက်လို ကြည့်ကာ

“ကဲ . . . မင်းလက်ခံနိုင်အောင် နောက်ထပ်အရှင်းဆုံးသက်သေတစ်ခုပြမယ်။ မင်းလည်း ပြည်ပတွေမကြာခဏ ထွက်ဖူးတာပဲ။ သိမှာပေါ့။ မိုးနေ့မှာသာ ဒီရောဂါပိုးရှိနေရင် သူ ဘယ်လိုလုပ်နိုင်ငံခြားမှာ ပညာသင်ခွင့်ရမှာလဲ။ မင်း သဘောပေါက်သင့်ပြီထင်တယ်”

ဇော်မင်းလွင် ခေါင်းကျိုးငိုက် ကျသွားသည်။ ကျန်သူများက မျက်ဝန်းများ အရောင်ဝင်း၊ နှုတ်ခမ်းများက ပွင့်ဟလျက် ဝမ်းသာခြင်း၊ အံ့သြခြင်းများ ပြိုင်တူဖြစ်ပေါ်နေကြသည်။

“ဒါ . . . ဒါဆို . . . မိုး . . . မိုးနေ့မှာ ဘာရောဂါမှ မရှိဘူးပေါ့နော်”

www.burmeseclassic.com

"ဟုတ်တာပေါ့ . . . ကလေးရယ်"

နွေဦး၏ အမေးကို သစ်ခုတ်သမားကြီး ဦးဘတောကဖြေခြင်းဖြစ်သည်။ ဆရာဦးကျော်သက်ကလည်း ပြည့်ဝစွာ ပြုံး၍ သူ့တပည့်မလေးကို ကြည့်နေသည်။ သူငယ်ချင်းတွေကိုယ်စီလည်း မျက်ရည်တွေ ရွှန်းလဲ့ပြုံးဝေလျက်။ ဇော်မင်းလွင်ကတော့ ခေါင်းငုံ့ရှုံးနိမ့်လျက်။

"ကဲ . . . ကလေးရေ။ ကောင်လေးကတော့ တောင်ပေါ်က ဝတ်မှုန်ကျေးရွာမှာ မင်းအလာကို ပန်းတွေပျိုးရင်း စောင့်နေလိမ့်မယ် ထင်တယ်"

နွေဦး သူငယ်ချင်းတွေ၏ မျက်နှာကို ကြည့်လိုက်သည်။ နေသစ်၊ မို့မို့၊ မြင့်တိုး၊ ကျော်ထူးလင်း၊ ဝေဝေ။

အားလုံး ပြုံးလျက် ခေါင်းညိတ်ပြသည်။

နေသစ်က လက်ညှိုးနှင့် လက်မကို ထိပ်ချင်းထိ၍ သင်္ကေတပြသည်။

'အဆင်ပြေပါစေ'တဲ့။

နွေဦး ခြေလှမ်းတို့ . . .။

ᨏ ᨏ ᨏ



BURMESE CLASSIC .com

ခြေလှမ်းတို့သည် လေပြည်လေတော်
မညင်သာလည်း ရဲရင့်ရုန်း
မွှေးပျံ့ပျံ့စင် ရှုတ်ထွေးနှင့်သည်
ငယ်တချိမ်းဆီ
ပန်းပြည်ကျေးရွာ
ပြေး . . . အလော။

မျှော်လင့်ရထား အနားရောက်ချိန်
ဘဝတိမ်တော ပြာလွင်နိုးထ
မိုးရွာချ
ဟိုးတလမ်းမှာ
နမ်း ... တဖျာ။

ᨏ ᨏ ᨏ



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

နွေဦးခြေလှမ်းတို့က ရွှေရောင်အနာဂတ်တို့ကြောင့် သွက်လက်မြန်ဆန်နေခဲ့သည်။ သူမ မရောက်တာကြာခဲ့ပြီ။ လိပ်ပြာတောင်ထိပ် ပေါ်။

ဝတ်မှုန်ကျေးရွာ သဘာဝဥယျာဉ်တဲ့။

ထို ဝင်ပေါက် ကလေးထဲကနေ ဝင်ခဲ့သည်။ သစ်လုံးမျှော်စင်လေးက ဘယ်သူဆောက်ထားသလဲ။ အပြာရောင် ခုံတန်းလျားတွေ။ အနီရောင် ကြိုးတံတားလေး။ ဟိုမှာ မြက်ခင်းစိမ်းလေး။ ဟိုးမှာလည်း သူငယ်ချင်း ကျောင်းသားကျောင်းသူအဖွဲ့တွေ။ ဟိုးမှာလည်း အပန်းဖြေနေကြသူတွေ။

သဘာဝဥယျာဉ်ကလေး။ သူ ဘယ်မှာလဲ။ ဟိုးမှာလည်း ခတ္တာရွက်တွေ ဖားစိုစို။ ဇီဇဝါ၊ သော်ကတို့ မပွင့်ကြသေး။ နှင်းဆီတွေ လေပြည်ထဲရနံ့တွေ လွှင့်ထုတ်ထားလား။ ရဲရဲပွင့် ဝင့်ဝင့်ဝေ။

ညမွှေးပန်းတွေ အလွှာလိုက်၊ ဇော်မွှားတွေ ဖူးရုံရှိသေးတယ် ပေါ့လေ။ စံကားပန်းတွေရော နေကောင်းရဲ့လား။ ဒေလီယာတွေ ဘယ်မှာလဲ။ နှင်းပန်းတွေ ဣန္ဒြေရနေကြပုံပဲ။ မိုးမခရွက်တွေ ချွန်းချွန်းမြမြ



လှနေကြတယ်။ စန္ဒကူးနံ့ရတယ်။ ဇလပ်လည်း မတွေ့ရဘူးနော်။ ဝန်းကတ္တီပါကို လိုက်ရှာဦးမယ်။ ငုဝါဆီလည်း အခုလာခဲ့မယ်။

ဝတ်မှုန်တွေ စည်ကားလှချည်လား။

နွေဦး ပန်းတွေနဲ့ စကားပြောနေမိပြီ။ စိတ်ချင်းဆက်ထားသော ဘာသာစကားဖြစ်၍ မည်သူမျှ ကြားမည်မဟုတ်။

အရှေ့ဆီမှ ရေယဉ်တေးတစ်ပုဒ်ကြားရသည်။

"နွေဦး"

ထိုအသံကိုတော့ အနောက်ဆီမှ ကြားရသည်။ ဘယ်လို နေ့တွေ၊ ရက်တွေ၊ ခြားနားပါစေ၊ အသိစိတ်ထဲက ထိုအသံကို အမြဲတောင့်တ ကြားယောင်နေသည်။

"နွေဦး"

ခါတိုင်းလို သုံးခါလောက်ခေါ်မှ လှည့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ နွေဦး စိတ်ကောက်သင့်ပါသည်နော်။

"နွေဦး"

နွေဦး လှည့်ကြည့်ပါသည်။

မိုးနေ့ မျက်ဝန်းက သူမကို မက်မောစွာ ကြည့်နေသည်။

သူမ ပြုံးသည်။ မျက်ရည်တွေ ငွေရောင်လွှမ်းလဲ့လဲ့ ပြိုကျလာသည်။ ဝမ်းသာဝမ်းနည်းစိတ်ဖြင့် ရှိုက်မိသည်။

"နင် ငါ့ကိုပစ်ထားခဲ့တာ အကြာကြီးပဲ"

"အချိန်မတန်သေးလို့လို့ နားလည်ပေးပါနွေဦးရယ်။ လာ . . . ငါ့နောက်လိုက်ခဲ့"

သူမကို လက်ဆွဲ၍ သူ ခေါ်ခဲ့သည်။ ဘယ်ခေါ်သွားမှန်း မသိပေမဲ့ သူမ ရဲဝံ့စွာလိုက်ခဲ့သည်။ ပန်းရုံလေးတစ်ခု၏ အနောက်ဘက်သို့ ရောက် သောအခါမှာတော့

"အိုး . . . "



www.burmeseclassic.com

www.burmeseclassic.com

နွေဦး နှုတ်ခမ်းလေး အံ့ဩရင်ခုန်မှုဖြင့် ပိုင်းစက်သွားသည်။ စံပယ်ပန်းခင်းကြီးပါ။ တိမ်တွေ အုပ်လိုက်ကြွကျထားသလို ဖွေးဖွေးလှုပ်လှုပ်ပွင့်နေကြလို့။

"နင်ကြိုက်တဲ့ စံပယ်ပန်းတွေလေ။ ပြီးတော့ ငါ့အမေနှစ်သက်ခဲ့တဲ့ ပန်းပေါ့။ ငါ မမေ့ဘူး သိလား"

"....."

"ဒီနေ့ သောကြာနေ့လေ။ နင့်ကို စံပယ်ပန်းတွေပေးရတော့မယ်လေ။ ဒီပန်းတစ်ခင်းလုံးက နင့်အတွက်ပေါ့"

နွေဦးခေါင်းငုံ့ကာ ရှက်စိတ်ဝေနေမိပါသည်။ ပြီးမှ တစ်စုံတစ်ရာကို သတိရမိကာ

"ဟာ . . . နင် ငါ့လက်ကို ကိုင်ထားတယ်။ နင်နဲ့ငါ ဘာမှ မဖြစ်သေးဘဲနဲ့ ဒီလိုဖြစ်လို့မရဘူးလေ"

ပျာပျာသလဲပြောသည်။ သူတို့ ရည်းစားလည်း မဟုတ်သေးဘဲနှင့် ထိုသို့ လက်တွဲထားခြင်းကို တစ်မျိုးဖြစ်နေခြင်းဖြစ်သည်။ ဒါကို သဘောပေါက်စွာ မိုးနေ့က ရယ်သည်။ ပြီးမှ . . .

"နွေဦး . . . "

"ဟင် . . ."

"ငါတို့စိတ်ထဲမှာ နှစ်တွေအကြာကြီး အသိစိတ်ထဲမှာကော မသိစိတ်ထဲမှာကော သံယောဇဉ်တွေက ရှိနေခဲ့ပြီသားပဲ။ ရင်ထဲမှာ ဒီလို ခံစားမြတ်နိုးမှုတွေရှိနေရင် ချစ်စကား၊ ကြိုက်စကားတွေက ပြောဖို့ လိုနိုင်သေးလား။ မလိုတော့ဘူးမို့လား"

"အင် . . ."

နွေဦးမျက်မှောင်ကြုတ်ပြီး သူ့စကားကို စဉ်းစားကြည့်လိုက်သေးသည်။ ပြီးမှ . . .

"ပြီးရော"



ဟုပြောလိုက်သည်။ စကားတတ်သည့် ဥယျာဉ်မှူးနှင့် နွေဦး ပြုံးမငြင်းချင်တော့။

စံပယ်ပန်းရုံခင်းထဲမှ ဖြတ်လျှောက်ကြသည်။ လိပ်ပြာတွေ ရှုပ်ဝန်းရှေ့က ဖြတ်ပျံကြသည်။ လေပြည်က အေးမြ၊ ရနံ့က မွှေးမြနေသည်။ ရင်တွေလည်း ခုန်ပါသည်။

"နွေဦး"

ခေါ်ပြန်ပြီ။

"ဟင်"

ထူးရပြန်သည်။

"ချစ်တယ်"

"ဟင်"

"ငါ နင့်ကိုချစ်တယ်"

"ဟင် . . . ပြောဖို့မလိုဘူးဆို ဘယ်လို ဖြစ်ရပြန်တာလဲ"

မိုးနေ့ရယ်သည်။ နွေဦးလည်း ရယ်သည်။ ချစ်သူနှစ်ဦးတို့ ရယ်သည်။ ရောင်စုံပန်းရွက်တို့လည်း ပြုံးကြသည်။ ဒီစံပယ်ခင်းလေး၏အဆုံးတွင် 'ငါလည်း နင့်ကိုချစ်ပါတယ်" ဟူသည့်စကားကို သူ့အား ပြောပြရန် သူမ ရည်ရွယ်လိုက်ပါသည်။

ယခု လမ်းလေးထက်မှာ လျှောက်လျက်။ တစ်ယောက်ရဲ့လက် တစ်ယောက် ထွေးဖက်လျက်။

သူတို့ရင်ထဲတွင် ကျေးရွာလေးတစ်ရွာ တည်ထောင်လိုက်ကြပြီ။ ဝတ်မှုန်ကလေးတွေသာ အလည်လာခွင့်ရှိပါသည်။

သူဝေး

**15-6-2008**

[2012 တွင် ဖြည့်စွက်၊ တည်းဖြတ် အနည်းငယ် ပြုလိုက်သည်။]